www.burmeseclassic.com

(၁၀)အုပ်မြောက်အထိမ်းအမှတ်

# ဆုမြတ်ပွန်ပွန်



ချစ်ဦးနှင့်လှိုင်းဦးသည့်နောက်...(ဖူးစာ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# အမြတ်မွှန်မွှန်

အချစ်ဦးနှင့်
လွဲပြီးသည့်နောက် ...
(ပုံ့စာ)

စီစဉ်သူ
မောင်ကျော်လှိုင်


စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၁)

## အချစ်ဦးနှင့်...

www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁)

အတင်းတိုးဝေ့နေကြသော ကျောင်းသားအုပ်ကြီးကို လှမ်းမြင်နေရလျှင် သူ့ရင်တွေက တဒိတ်ဒိတ်နှင့် ပို၍ အခုန်မြန်လာသည်။ သူနှင့်အတူ ပါလာသော သျှမ်းကို ငဲ့ကြည့်လိုက်လျှင်လည်း သျှမ်း၏မျက်နှာမှာ ဆီးရွက်ခန့်သာ ရှိတော့လေ၏။

"သျှမ်း ... နှင် ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကရော ဘာဖြစ်နေတာလဲ"

နှစ်ယောက်သားဟာ တစ်ယောက်မျက်နှာ တစ်ယောက် ရှုနင့်စွာ စိုက်ကြည့်လိုက်ကြပြီးမှ ဘာရယ်မဟုတ်ဘဲ စိတ်သက်သာလို သက်သာငြား ဟဲခနဲ ရယ်မိကြ၏။ သူက ယောက်ျားလေးပီပီ စိတ်တည်ငြိမ်အောင် အရင်ကြိုးစားယူလိုက်ကာ ...

"ဘာမှ စိုးရိမ်မနေပါနဲ့ သျှမ်းရဲ့။ နင်နဲ့ ငါ ဆေးကျောင်း အတူတူ တက်ရမှာပါ"

သူ့ရဲ့စကားကြောင့် သျှမ်းရဲ့ မျက်နှာလေးက ချက်ချင်းပဲ လန်းဆန်းတက်ကြွလို့ လာလေသည်။ သို့သော် ... အားပေးစကား ပြောလိုက်သော သူ့ရဲ့ရင်ထဲမှာတော့ ထင်သလောက် ပေါ့ပါးမသွားတာကို သူ့ဘာသာပဲ သူသိသည်။ ထိုအခိုက်မှာပဲ လူအုပ်ကြားထဲမှ သူတို့ရဲ့သူငယ်ချင်း ဇင်နိုင်နှင့် နောင်နောင်တို့က အတင်းတိုးထွက်လာလျက် ပါးစပ်မှလည်း ...

"ဟော့ကောင်တွေ ... ငါတို့ အကုန်အောင်တယ်ကွ၊ အကုန် အောင်တယ် ... သိလား"

သူတို့နှစ်ယောက်ရဲ့နောက်မှ ကြောက်ရဲ ကြောက်ရဲနှင့် ကပ်ပါလာသော ရှင်မိသည် ဇင်နိုင်ရဲ့ အသံဗြဲကြီးကြောင့် အားတက်သရော ရှေ့ကို တိုးသွားပြီး ...

"ဟုတ်လား ... အောင်လား၊ အောင်ရဲ့ပဲလားဟင်"





"ဟာ ... ခွေးသိုးရှင် ဘယ်ကပါမလဲဟ၊ ဟိုကောင် ဝိုင်က ဖိုက်ဒီ၊ ဟိုကောင်က အောလ်ဒီ၊ ငါက ဖိုးဒီ၊ နောင်နောင်နဲ့ နင်နဲ့က တူးဒီ"

ဇင်နိုင်က ဝမ်းသာဟန် အပြည့်ဖြင့် အားပါးတရ အကျယ်ကြီး အော်ပြောလျှင် အနီးအနားမှ လူတွေကလည်း သူတို့အုပ်စုကို ဝိုင်းကြည့်လို့ လာကြလေသည်။ သူက မျှော်လင့်အားပြီးသား ဖြစ်နေသော်လည်း မယုံရဲသေးသော စိတ်တို့ဖြင့် ...

"ဟေ့ကောင် ဇင်နိုင် ... သေချာလို့လား။ ငါနဲ့ သျှမ်း ဒီတွေပါတာ သေချာလို့လား"

"မယုံရင် ကိုယ်တိုင်သွားကြည့်ကြကွာ"

ဒီကောင်တွေက အောင်စာရင်း မကပ်ခင်တည်းက စောင့်နေရာဦးထားခဲ့သူတွေ ဖြစ်လေရာ သူတို့ပြောတာကိုတော့ မယုံနိုင်စရာ အကြောင်းမရှိချေ။ သို့သော် ကိုယ့်မျက်စိနှင့်ကိုယ် မြင်ချင်လှသေးသဖြင့် သျှမ်းရဲ့လက်ကိုဆွဲကာ အတင်းတိုးဝင်ကြည့်သည်။

တကယ်ကိုပင် သျှမ်းက ဘာသာစုံ ဂုဏ်ထူးရှင်ဖြစ်လျက် သူက ငါးဘာသာဂုဏ်ထူးရှင် ဖြစ်သည်။

"သျှမ်း ... နင် တွေ့လား။ ဟိုမှာ နင့်ခုံနံပါတ်။ မျဉ်းသားထားတယ် တွေ့လား။ နင့်နာမည်ရော မြင်လား"

သျှမ်းက ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာနေသော အမူအရာဖြင့် ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ် _ တွေ့တယ်။ အယ် .. ငါ ပျော်လိုက်တာ။ ငါ ထကယ်ပဲ အောလ်ဒီ ထွက်တယ်နော်။ ငါ ဝမ်းသာလိုက်တာ ဝိုင်ရယ်"

သူက သျှမ်းရဲ့ ဝမ်းသာကြည်နူးနေဟန်ကို နားလည်သဘောဖြင့် ပြုံးကြည့်ကာ ...

"နင့်အတွက် ငါ ဂုဏ်ယူပါတယ် သျှမ်း"

"နင်လည်း တော်တာပါပဲ၊ ဂုဏ်ထူးမှတ် ကပ်ပြုတ်လို့ ဖိုက်ဒီထွက်တာ နေမှာပါ၊ နင့်နာမည်လည်း ကြည့်ဦးလေ"

သူ့နာမည်ကိုလည်း အလွယ်တကူပဲ ရှာလို့တွေ့ပါသည်။ သူရော သျှမ်းရောသည် ဝမ်းသာတှန်ယင်နေကြသော စိတ်တို့ဖြင့် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းကျပ်ကျပ်ဆုပ်ကာ ထွက်လာခဲ့ကြသည်။

မျက်မှန်လေးနှင့် ခုန်ဆွခုန်ဆွဖြစ်နေသော ရှင်မိက ...

"ဟေ့ ... ဟုတ်လား။ ငါရော တူးဒီပါတာ ဟုတ်ရဲ့လား"

သူနှင့် သျှမ်းက တစ်ယောက်မျက်နှာ တစ်ယောက် ရယ်ဟဟနှင့် ကြည့်မိလျက် သျှမ်းက ...

"သိဘူးလေ။ ငါတို့ နာမည်တွေပဲ ကြည့်ခဲ့တယ်"

ရှင်မိက အသံမထွက်ဘဲ ဆဲပြီးလျှင် သူ့ဟာသူ သွား၍ကြည့်သည်။ ဒီလိုနှင့် အားလုံး တိကျရေရာ ခိုင်မာသွားကြပြီဆိုလျှင် သူတို့ရဲ့ မျက်နှာတွေ၌ အပြုံးတွေက ဖြုတ်မရအောင် ခိုင်မြဲနေကြပြီ ဖြစ်သည်။





"ကဲ ... ကဲ ... ဘယ်တွေ သွားကြမှာလဲ"

အားလျှင် အပြင်သွားဖို့၊ လျှောက်လည်ဖို့လောက်သာ စိတ်ပင်စားတတ်သော နော်နော်က မေးတာဖြစ်သည်။ ရှင်မိက မျက်စောင်းတစ်ချက်ထိုးကာ ...

"ဘယ်သွားရဦးမှာလဲဟဲ့၊ ငါတို့အိမ်တွေကို သွားပြောပြရဦးမှာပေါ့။ နင်တို့ကရော နင်တို့အိမ်တွေကို သွားမပြောပြကြတော့ဘူးလား"

"အေးလေ ... ပြောမယ်လေ၊ အတူတူ သွားပြော်ကြမှာပေါ့။ ပြီးရင် ဘယ်သွားမလဲ မေးနေတာ"

သျှမ်းက နော်နော်ရဲ့အမေးကို ပြုံးပြုံးလေး ဝင်ဘာ ဖြေသည်။

"ဘယ်မှ သွားစရာ မလိုဘူး၊ အိမ်မှာ မေမေက မန္တလေးမြီးရှည် လုပ်ထားတယ်။ အဲဒါစားပြီး အိမ်မှာပဲ ရုပ်ရှင်ကြည့်ကြမယ်"

"ဟာ ... အဲဒီ အိုင်ဒီယာ ဂွတ်ဒ်တယ်၊ အကောင်းဆုံးပဲပေါ့နော်"

"ဘာလဲ ... နင်က အကြိုကျွေးတာပေါ့လေ၊ ဟုတ်လား သျှမ်း"

"ကြိုက်သလိုယူဆ"

"ဝေးဟေးဟေး ... ဒါဆို သျှမ်းတို့အိမ်ကို အရင်လစ်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်က ရှေ့မှ ပြေးသွားတော့မည့်ဟန် ပြင်လျှင် သျှမ်းက တဟဲ့ဟဲ့ဖြင့် ကဘျက် ...

"ငါ့အိမ်ကို အရင်မသွားနဲ့လေ၊ ခင်နိုင် ... နင်က အစား အသောက်ဆို ဏ္ဍခြေကို မဆောင်နိုင်ဘူး၊ ငါ့အိမ်က နောက် ဆုံးမှ သွားမယ် ...

ငါ မေမေ့ကို ဖုန်းနဲ့ လှမ်းပြောလိုက်မယ်၊ ဝိုင့်မေမေ ကို အရင်သွားပြောကြမယ်၊ ပြီးမှ နင်တို့အိမ်တွေပေါ့ မကောင်းဘူးလား"

"ကောင်းတယ် ... ကောင်းတယ်"

သူတို့ ငါးယောက်သားသည် တက်ကြွရင်ခုန်စွာ သော ခြေလှမ်းအစုံဖြင့် ကျောင်းဝင်းအတွင်းမှ ထွက်ခဲ့ကြသည်။ ရည်မှန်းမျှော်လင့်ထားသည့်အတိုင်း တစ်ဖွဲ့လုံး ဂုဏ်ထူး တွေဝေကာ နေလည်းမို့ ခြေလှမ်းတွေတောင် မြေပြင်ပေါ် လှမ်းနေရသည်ဟု မထင်မိချေ။

လူတစ်ကိုယ်လုံးက လေထဲမြောက်ကြွကာ ပေါ့ပါး လို့ နေပါသည်။

"ဟယ်လို ... မေမေ၊ သမီး အောလ်ဒီပါတယ်"

သျှမ်းက သူမ၏ လက်ကိုင်ဖုန်းလေးကို ထုတ် မိခင်ဖြစ်သူထံ ဖုန်းဆက် အကြောင်းကြားနေသည်။ သူက ပြောနေသော သျှမ်းရဲ့ပုံစံလေးကို မြတ်နိုးစွာဖြင့် တစ်ချက်ငဲ့ကြ ကာ သက်ပြင်းကို အသာရှိုက်မိသည်။





အေးမြမိုသျှမ်း ဟုသော သူ့ရဲ့ သူငယ်ချင်းမလေး ဟာ အလွန်ပဲ ချစ်စရာကောင်းသူလေး ဖြစ်သည်။ ပါးပြင်ဖောင်း ဖောင်းလေးတွေနှင့် ဆံပင်နှစ်ဖက် ခွဲစည်းတတ်ပုံလေးဟာ သူ့ မျက်လုံးထဲ၌ ဘယ်သူနှင့်မှကို မတူချေ။

ခေတ်မီလှပ ဆန်းပြားသော ဝတ်စုံလေးတွေကို တစ်နေ့တစ်မျိုး မရိုးရအောင် ဝတ်တတ်သူ သျှမ်းသည် ချစ်သူ တွေ ဝိုင်းဝိုင်းလည်နေတတ်သော ကောင်မလေး တစ်ဦးလည်း ဖြစ်သေးသည်။ အဲဒီလို ဝိုင်းနေတတ်အောင်လည်း သျှမ်းဟာ မျက်လုံးဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းနှင့် ငေးနေရအောင် မလှသော် လည်း အင်မတန် ချစ်ဖို့ကောင်းသည် ဆိုတာကိုတော့ ဘယ်သူက မှ မငြင်းနိုင်ချေ။

သျှမ်းရဲ့ ရုပ်ရည်ဌလေးကလည်း လှပသလို သျှမ်းရဲ့ ဘဝလေးကလည်း တကယ့်ကို အပူအပင်ကင်းစွာ လှပပါသည်။ သျှမ်းရဲ့အဖေက နိုင်ငံခြားသင်္ဘောလိုင်းမှ ကပ္ပတိန်တစ်ဦးဖြစ်ကာ မိခင်ကလည်း ပုံနှိပ်စက်ပိုင်ရှင်မို့ သျှမ်းရဲ့ဘဝက အပူအပင်မဲ့စွာ အေးချမ်းသည်။

တကယ်တော့ သူကလွဲ၍ သူ့သူငယ်ချင်းတွေ အားလုံးသည် ပြည့်စုံကြသော အသိုက်အဝန်းမှ သူတွေပဲ ဖြစ်ကြ သည်။ သူ့ဘဝကသာ ...။

"ဟေ့ကောင် ... ဝိုင်၊ မင်းအိမ်ကို ရောက်ပြီလေ"

"ကြည့် ... အပျော်တွေလွန်ပြီး မေ့နေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်က အိမ်ရှေ့မှာ ကားရပ်ပေးလိုက်တာတောင် သူ့မှာ သတိမထားမိနိုင်ချေ။ သျှမ်းရဲ့အပြောကို သူက ကြည်နူးစွာဖြင့် တစ်ချက်ပြုံးပြကာ ကားပေါ်မှဆင်းရင်း ...

"မေမေရေ ... မေမေ"

"ဟော ... သားတို့ လာပြီ၊ သား ဘယ်လိုလဲ"

"သား ဖိုက်ဒီ ပါတယ် မေမေ၊ သျှမ်းက အောလ်ဒီ၊ ရှင်မိနဲ့ နောင်နောင်နဲ့က တူးဒီ၊ ဇင်နိုင်က သရီးဒီ မေမေ"

မေမေက အင်မတန် ပျော်ရွှင်ကျေနပ်သွားသောမျက်နှာဖြင့် သူ့လက်မောင်းကို အားရပါးရ ဆုပ်ကိုင်ကာ ...

"မေမေ ဝမ်းသာလိုက်တာ သားရယ်၊ တကယ် ... အရမ်းဝမ်းသာတာပဲ၊ သမီး သျှမ်းလေးကလည်း တော်လိုက်တာ...

နောင်နောင်တို့ ဇင်နိုင်တို့ ရှင်မိတို့ရော အန်တီဝမ်းသာတယ်နော်၊ သိလား"

မေမေက အတော့်ကို ကြည်နူးဝမ်းသာ ဖြစ်နေဟန်ဖြင့် မျက်ရည်တွေ လဲ့ဖြာကာ ပြောလျှင် သူတောင် ဝမ်းနည်းဝမ်းသာသလို ခံစား၍ လာရလေသည်။ သူတို့ သားအမိနှစ်ယောက်ရဲ့ ခံစားချက်တွေ နှင့်သီးနေသော မျက်နှာကို ကြည့်ကာ သျှမ်းကလည်း ...

"အမှန်ဆို ဗိုင်လည်း အောလ်ဒီ ထွက်ရမှာပဲ အန်တီရဲ့။ သူက ဂုဏ်ထူးမှတ် ကပ်ပြုတ်တာ နေမှာပါ၊ အမှတ်ထွက်လာရင် သူ့အမှတ်က ပိုများချင်တောင် များနေမှာ"





"အေးပါကွယ်၊ ဘာပဲဖြစ်ဖြစ် အန်တီကတော့ ကျေနပ်ပါတယ်၊ သမီးတို့အတွက်လည်း ဂုဏ်ယူပါတယ် ...

သမီးတို့မေမေကိုရော ပြောပြီးပြီလား သမီး"

"သျှမ်း ဖုန်းနဲ့တော့ လှမ်းပြောပြီးပြီ အန်တီ၊ ဪ ... တစ်ခါတည်း ပြောခဲ့ဦးမယ်၊ သူတို့တွေ အိမ်ကို အားလုံးလိုက်ပြောပြပြီးရင် သျှမ်း အိမ်မှာ မုန့်စားကြမလို့ အန်တီ ...

မေမေက မနေ့တည်းက စီစဉ်ပေးထားတာ ..."

မေမေက ချစ်စဖွယ် ပြောနေသော သျှမ်းရဲ့ မျက်နှာလေးကို အပြုံးဖြင့် ငေးကြည့်ကာ ...

"ဟုတ်ပါပြီကွယ်၊ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး စားကြပါ၊ အပြင်တွေ ဘာတွေတော့ အရမ်းထွက်မလည်ကြနဲ့ဦး၊ ဒီလိုနေ့မျိုးက အရမ်း လူရှုပ်နေမှာ"

"ဟုတ်ကဲ့ပါ အန်တီ၊ စိတ်မပူပါနဲ့။ သျှမ်း ကို့အိမ်မှာပဲ ရှိနေမှာပါ၊ အပြန်လည်း ဇင်နိုင်တို့ ပြန်ပို့ပေးမှာပါ"

"အေးပါကွယ် ... အေးပါ၊ ဖြည်းဖြည်းသွားနော်"

သူတို့တစ်ဖွဲ့လုံးက မေမေ့ကို နှုတ်ဆက်ထွက်လာပြီးကြလျှင် တစ်ယောက်ချင်းစီရဲ့ အိမ်တွေကိုသွားကာ သတင်းကောင်း ပေးကြသည်။ နောက်ဆုံးတော့ သျှမ်းရဲ့အိမ်မှာ ခရီးဆုံးကြပါသည်။

မာန်တစ်မျိုးဖြင့် ထည်ဝါနေတတ်သော သျှမ်းရဲ့ မေမေသည် သူ့သမီးရဲ့ သူငယ်ချင်းများကိုတော့ ဖော်ဖော်ရွေရွေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆက်ဆံဘာအ်သူ ဖြစ်သည်။ သို့သော် သျှမ်းရဲ့မေမေ အန်တီ
အမြဲမိုး၏ ရက်လုံးတွေကို သူ သိပ်မကြိုက်ပါ။ ထိုမျက်လုံးများ
သည် သူ့အပေါ်တွင်တော့ အနည်းငယ် အရောင်ပြောင်းဟတ်
သည်ဟု ခံစားရ၍ပဲ ဖြစ်ပါသည်။

"ကဲ … အားလုံးပဲ ကွန်ဂရက်ကျူးလေးရှင်းနော်၊ နေ့ခင်း
စာ ထမင်းလည်း ဒီမှာပဲ စားရမယ် …
ကြိုက်တဲ့ဟင်းကို ပြော …"

"ငါးခေါင်းဟင်းချို ချက်ပေးပါဗျို့"

သျှမ်းနှင့်အတူတူ မွေးကတည်းက ခြံချင်းကပ်
ကြီးပြင်းခဲ့သော ဇင်နိုင် အတွက်ကတော့ ထိုအိမ်ဟာ သူ့၏စာ
အိမ် သောက်အိမ် ဖြစ်လို့နေပေပြီ။ သူတို့ကတော့ ဇင်နိုဝ်လော
မရဲချေ။

"…န်တဲ့သူတွေရော ဘာဟင်းစားချင်လဲ ပြောနော်"

"ရှင်မကာ ကြက်တောင်ပံချဉ်စပ် အန်တီ"

"အိုခေ … အိုခေ … ဖြစ်တယ်၊ ဝိုင်ရော ဘာစားချင်လဲ"

"ရပါတယ် အန်တီ၊ ကျွန်တော်က သူတို့စားတာ
ကြိုက်ပါတယ်"

"အေး … အေး၊ အားလုံး လွတ်လွတ်လပ်လပ်သာ
အဝသာစား …
သမီးရေ … မေမေ မုန့်ပွဲတိုက် သွားရဦးမယ်၊ ဒီ
မှာပဲ နေနော်"





"စိတ်ချပါ မေမေ … တာ့တာ"

"အေး … အေး၊ အားလုံးပဲ အန်တီ သွားပြီနော်၊ အပြင်
မသွားကြနဲ့၊ အန်တီ ပြန်လာမှ ပြန်ကြ၊ မင်းတို့တစ်တွေ
ဖို့ ဂုဏ်ပြုလက်ဆောင် ဝယ်ခဲ့မလို့"

"ဟာ … မလုပ်မနေနဲ့ အန်တီ"

"ဟဲ့ … ဘာတုံး၊ လုပ်မနေပါနဲ့ပဲ ရှိပါတယ်"

နောင်နောင်ရဲ့ စကားကို သျှမ်း၏မေမေကနောင်
အားမလည်သလိုနှင့် ပြန်မေးရ၏။

"မလုပ်မနေနဲ့ ဆိုတာ မလုပ်ဘဲ မနေပါနဲ့လို့ ပြောတာ
လေ အန်တီ၊ ဟဲ ဟဲ …"

"ဪ … အေး အေး၊ စိတ်ချ"

"ဒီကောင်ကတော့ကွာ"

သျှမ်းရဲ့မေမေ ထွက်ခွာသွားလျှင် သူတို့တစ်တွေ
မှာ ထင်တိုင်းကြဲခွင့်ရသော ပါမစ်ရသွားသူကွေပမာ တပျော်တပါး
ကြီး ကျန်ရစ်ခဲ့ကြသည်။ ထမင်းစားခန်းထဲတွင် မန္တလေးမြီးရှည်
တွေကို ထင်သလို လုပ်စားကြကာ သျှမ်းတို့အိမ်မှ ထမင်းချက်
သော ဒေါ်လေးသောင်းပင် မနိုင်တော့ချေ။

မြီးရှည်တွေကို ဇလုံကြီးတွေဖြင့် အပြတ်
အားပေးပြီးလျှင် ကော်ဖီခွက်တွေ ကိုယ်စီဖြင့် စကား ငြလည်း
ဖြန်သည်။ သူတို့အုပ်စုထဲတွင် လူကြီးအဆန်ဆုံးဖြစ်ေ
ဆရာမကြီးစတိုင်လ်ဖြင့် မျက်မှန်လေးပင့်ကာ … မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ပါဘူး သျှမ်းကလည်း၊ အဲဒီလို ကြောမိ လို့လား"

"မပြောမိလည်း နင် ပြောချင်တာ အဲဒီအဓိပ္ပာယ်မဲ့မဟုတ်လား"

"ကျွတ် ... သျှမ်းကလည်းဟာ။ နင်လည်း ငါ့အခြေအနေကို သိရဲ့သားနဲ့၊ မေမေကတော့ ငါ့ကို ဆရာဝန် သိပ်ဖြစ်စေချင်တာပါ ...

ဖြစ်အောင်လည်း သူ ထားမှာပဲ၊ ဒါပေမဲ့ ငါက မေမေ့ကို သနားတာလေ၊ ငါ ရိုးရိုးအဝေးသင်ပဲ တက်ပြီး အလုပ်တစ်ခုခုလုပ်ရင် မေမေလည်း အသက်ရှူချောင်မှာပေါ့ဟာ၊ အဲဒါပါ"

"နင်မနော်နင် ... စကားကို ဝေ့လည်ကြောင်ပတ် လျှောက်ပြောမနေနဲ့၊ နင် ငါနဲ့အတူတူ ဆေးတက်မှာလား မတက်ဘူးလား ...

အဲဒီတစ်ခုကိုပဲ အတိအကျဖြေ"

ကာ သူ့အစ သျှမ်းရဲ့ မျက်နှာက ငိုမလို ဖြစ်လာလျှင် သူက သည်းက ရေမသိစွာနှင့် ခေါင်းကုတ်မိတော့သည်။

"အောင်မာ၊ မင်းကလည်း တက်မယ့်ဟာကို အလကား နနဲ့ ယော့နေပြန်ပြီ၊ ဟိုက ငိုတော့မယ် ...

မှုပြောနေလိုက်စမ်း၊ သျှမ်းနဲ့အတူ အရိပ်လိုပါပဲလို့ ...





ဖင်နိုင်က အနှောင့်အသွား မလွတ်စွာဖြင့် စလျှင် အားလုံးက ပြုံးစိစိ ဖြစ်ကုန်ကြတော့သည်။ တကယ်လည်း သူဟာ သျှမ်း အပေါ်မှာ သံယောဇဉ်ကြီးစွာ မြတ်နိုးရသလို သျှမ်းဟာ သည်း သူ့ကိုဆို ဖင်နိုင်တို့ နောင်နောင်တို့ထက် ပိုသည်ဆိုတာက အားလုံးအသိပဲ ဖြစ်လေသည်။

ငယ်စွယ်သေးကြသည့် အချိန်မို့ အချစ်ဆိုတာကို ထိတွေ့ကြသော်ငြား ကိုယ်စီရဲ့ ရင်တွေထဲမှာ ခိုင်မာမြဲမြံသည့် သံယောဇဉ်ကြိုးတွေကတော့ အထပ်ထပ် ရစ်ဖွဲ့ပြီးသား ဆိုတာကို ဘယ်လိုမှ ငြင်း၍မရချေ။

သူက သုန်မှုန်နေသော သျှမ်းရဲ့ မျက်နှာလေးကို ချောင့်မရဲ စိုက်ကြည့်ကာ ...

"ငါ နင်နဲ့ အတူတူ ကျောင်းတက်မှာပါ သျှမ်းရယ်"

ဟု ပြောလိုက်လျှင် သူမက ချစ်စဖွယ်ကောင်းသော မျက်တောင်းလေးတစ်ချက် ထိုးကာ ကျေနပ်သွားသလိုဖြင့် နှုတ်ခမ်းစွန်းလေးများက ကော့တက်၍ ပြုံးလို့လာလေသည်။

သူက အဲဒီအပြုံးလေးကိုပဲ တပ်မက်စွာဖြင့် ငေးကြည့်နေလျှင် ...

"ကဲ ... ကဲ ... အပြုံးတွေကို မော်ဖူးလို့ ဝရင်လည်း ရပ်ရင်ကြည့်ကြစို့"

ရှင်မိက သာသာနာဖျက်လျှင် သျှမ်းက မျက်စောင်း ထိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ခိုင ... ရုပ်ရှင် မကြည့်ဘူးတာ ကျနေတာပဲ"

"အေးလေ ... ဒီအပြင်က ရုပ်ရှင်က ပိုကောင်းတဲ့ဟာကို၊ ဟဲ ဟဲ"

ဖင်နိုင်က သူတို့နှစ်ယောက်ကို နောက်လှျင် ဒီတစ်ခါတော့ သျှမ်းက ဖင်နိုင့်ကို လိုက်၍ထုရိုက်တော့သည်။ ရှက်ဒေါသလေးဖြင့် ပန်းသီးလေးလို နီရဲလုံးဝန်းနေသော သျှမ်းရဲ့ပါးပြင်လေးတွေကို ငေးကြည့်ရင်း သူကတော့ အသာရယ်မောကာ ပျော်ရွှင်နေခဲ့ပါသည်။

သျှမ်းသည် သူ့အတွက် အခင်မင်ရဆုံးနှင့် အချစ်ဆုံး သူငယ်ချင်း တစ်ယောက် ဖြစ်သလို မြတ်နိုးရင်ခုန်ရသော ကောင်မလေး တစ်ယောက်လည်း ဖြစ်သည်။ စနစ်တကျ မသင်ကြားဖူးသော်လည်း ရင်ခုန်ခြင်းကိုတော့ သူ ကောင်းစွာတတ်မြောက်လို့ နေချေပြီ။

မျှော်လင့်ချက် အသစ်တွေဖြင့် နုနယ်တောက်ပနေသော နှလုံးသားနုနုလေးတွင် ပထမဆုံး ရင်ခုန်ဖူးသူမှာ သျှမ်းဆိုသော ချစ်သူငယ်ချင်းမလေးပဲ ဖြစ်ပါသည်။ ဒီနေ့ကို သူ့ဘဝမှာ ဘယ်တော့မှ မေ့ရမည် မဟုတ်တော့။

❤ + ❤





## အခန်း(၂)

သူက မေမေ့ကို မသိမသာနှင့် သွေးတိုးစမ်းသလို မေးကြည့်လျှင် မေမေက သူ အဝေးသင်တက်၍ အလုပ်လုပ်မည်ကို အပြင်းအထန်ပဲ ကန့်ကွက်ပါသည်။

"အို ... မလုပ်ရပါဘူး။ သားနော် ... မင်း ဒီလောက်ထော်နေတာ၊ တစ်နေ့မှာ ထူးချွန်တဲ့ ဆရာဝန်ကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်ကိုဖြစ်မှာ မေမေ သိတယ်။ ခုနစ်နှစ် ရှစ်နှစ် ဆိုတဲ့ အချိန်က တကယ်တမ်းကျတော့ ခဏလေးပဲ၊ ပြီးရင် သား တစ်သက်လုံး ကောင်းစားသွားမှာ ...

သားကို ဆရာဝန် ဖြစ်တာပဲ မေမေ မြင်ချင်တယ်"

"မေမေ တစ်ယောက်တည်း ရှန်းကန်နေတာကိုမှ သား မကြည့်ရက်တာ"

သူက မေမေ့ပေါင်ပေါ်ကို ခေါင်းမှီအုံးရင်း ပြောလိုက်လျှင် မေမေက သူ့ခေါင်းလေးကို သနားကြင်နာစွာဖြင့် သပ်ဖွပေးရင်း ...

"သားရယ် ... သား အဲဒီလို သိတတ်တာကိုပဲ မေမေက ကျေနပ်နိုင်ပါပြီ၊ အခုလည်း မေမေ့မှာ ပွင့်ပွင့်ပန်းပန်း ရှာဖွေနေရတာမျိုးလည်း မဟုတ်ပါဘူး ...

မေမေတို့ သားအမိနှစ်ယောက်တည်း ဘာမှကုန်ကျတာမှ မဟုတ်တာ၊ ကျစ်ကျစ်လစ်လစ်နဲ့နေရင် သား ဆရာဝန်ဖြစ်တဲ့အထိ မေမေ ထားနိုင်ပါတယ်ကွယ် ...

သားသာ ဆရာဝန်ဖြစ်အောင် လုပ်ပါ့မယ်လို့ မေမေ့ကို ဂါထာပေးစမ်းပါ"

သူက တက်ကြွမျှော်လွင့်နေသော မေမေ့မျက်နှာကို မော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်ရသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ကားအက်ဆီးဒင့်တစ်ခုဖြင့် ဖေဖေ ဆုံးပါးသွားပြီးသည့်နောက်





ပိုင်းတွင် သူတို့အခြေအနေမှာ ဖေဖေ ရှိစဉ်ကနဲ့တော့ မတူတော့တာ အမှန်ပဲဖြစ်၏။

သို့သော် ဖေဖေ ရှိစဉ်တည်းက အသိမ်းအဆည်းတော်သော မေမေ့ကြောင့် သူတို့သားအမိနှစ်ယောက်ရဲ့ဘဝဟာ အခြေအနေ မပျက်ခဲ့။ မေမေဟာလည်း ရုံးတစ်ရုံးမှ လက်ထောက်မန်နေဂျာတစ်ယောက် ဖြစ်တာမို့ မေမေ့ရဲ့ လစာငွေဟာ ပြည့်စုံပေါလျှံသည် မဟုတ်သော်လည်း သားအမိနှစ်ယောက်အတွက်တော့ တင့်တောင့်တင့်တယ် ရှိသော အနေအထားတစ်ခုပဲ ဖြစ်သည်။

ဒါပေမဲ့ အရွယ်ရောက်လာပြီဖြစ်သော သားတစ်ယောက်အနေနဲ့ သူက မေမေတစ်ယောက်တည်း ဝင်ငွေရှာနေခြင်းကို ကြည့်မနေနိုင်ရက်တာ ဖြစ်လေသည်။

"သားကို ဂိုက်ဒ်လုပ်ဖို့ လာငှားနေတာတွေ ရှိတယ် မေမေ၊ ကျောင်းတက်ရင်းနဲ့ သား အဲဒီအလုပ်တွေကိုတော့ လုပ်ချင်တယ် ...

အဲဒါတော့ မေမေ ခွင့်ပြု၊ အဲဒီပိုက်ဆံတွေနဲ့ ဆိုရင်တော့ သားရဲ့ ကျောင်းစရိတ်ကို ဟော်တော်ကာမိမယ်"

သူက စာအလွန်တော်သော သူတစ်ယောက်မို့ အောင်စာရင်း မထွက်ခင်ကတည်းကပင် ဂိုက်ဒ်ခေါ်သောသူတွေ အများကြီးပဲ ဖြစ်သည်။ မေမေက သူ့ကို ချစ်စနိုးနှင့် ပြုံးကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သား သဘောပေါက်ရွယ်၊ သားရဲ့ ပညာရေးကို တော့ မထိခိုက်စေနဲ့ပေါ့"

"အခုတော့ များများလက်ခံလိုက်ဦးမယ် မေမေ၊ 2nd M.B ရောက်တော့မှပဲ လျှော့လိုက်မယ် ...

သျှမ်းကလည်း သားကို လူတွေစပ်ပေးထားတယ်။ သူ့ကို လာခေါ်တာတွေကို သားနဲ့ ပြန်ချိတ်ပေးတယ်၊ သူ့အမေက သူ့ကို ဂိုက်ဒ်ပေးမလုပ်ဘူးတဲ့"

သျှမ်းရဲ့နာမည်သို့ ရောက်သွားလျှင် မေမေက သူ့ကို တစ်မျိုးသော အကြည့်ဖြင့် ကြည့်လာခဲ့သည်။ အဲဒီ အကြည့်ရဲ့ အဓိပ္ပာယ်ကို သူ သိသလိုလို ရှိသော်လည်း မသိချင်ဟန်ပဲ ဆောင်၍ နေလိုက်သည်။

သို့သော် မေမေက သူ့ကို မေးခွန်းတစ်ခု မေးလာခဲ့ပါသည်။

"သားနဲ့ သျှမ်းနဲ့က တော်တော် သံယောဇဉ်ရှိကြသလား သား"

"ဗျာ ... မေမေ"

သူက မေမေရဲ့မေးခွန်းကို မဖြေတတ်သလို ခေါင်းကုတ်၍နေလျှင် မေမေက ကရုဏာသက်သော် မျက်ဝန်းများဖြင့် ငေးကြည့်၍ နေသည်။ ထိုအကြည့်များသည် သူ့ရဲ့ ရင်တစ်ခုလုံးကို ထိုးဖောက်မြင်နိုင်စွမ်းရှိသော အကြည့်များလည်းဖြစ်သည်။ ထိုအကြည့်များကြောင့် သူက မလုံမလဲဖြစ်လျက် ခေါင်းငုံ့မိလျှင် ...





"သားက သျှမ်း အပေါ်မှာ သံယောဇဉ် နက်ရှိုင်းတယ် ဆိုတာ မေမေ သိပါတယ် သားရယ်၊ သျှမ်းကလည်း သားကို တွယ်တာတယ်၊ စိတ်ရင်းစေတနာ ကောင်းတယ် ဆိုတာလည်း မေမေ သိတယ် ...

ဒါပေမဲ့ ဒီအရွယ်မှာ အချစ်ဆိုတာကို မမြည်းစမ်းစေချင်သေးဘူး သား၊ သားဟာ မိဘအပေါ် တတ်သိလိမ္မာတဲ့ သားမှန်း မေမေ သိပါတယ် ...

ဒီလို သတိပေးရတာက မေမေတို့ သားတို့ဘဝက ကြိုးစားကာမှ တော်ကာကျမယ့် ဘဝတွေမို့ပါ ...

နောက်ပြီး သျှမ်းတို့ အခြေအနေကလည်း မေမေတို့ ထက်စာရင် အများကြီး မြင့်မားတယ်၊ ပြီးတော့ သားတို့ အသက်လေးတွေကလည်း အရမ်းငယ်ကြပါသေးတယ်၊ ပညာကို ကြိုးစားဆက်ရှာကြရမယ့် အချိန်မှာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာမှာ မေမေ မကြုံချင်ဘူး သားရယ် ...

မေမေ ပြောတာကို နားလည်မလား သား"

လေသံအေးအေးလေးတွေနှင့် တစ်လုံးချင်း နားဝင်အောင် ပြောနေသော မေမေ့ရဲ့ စကားတွေကို သူ့မှာ နားမလည်စရာ အကြောင်းမရှိပါ။ သူ့မျက်လုံးထဲတွင် သျှမ်းရဲ့ ချစ်စဖွယ် ပုံရိပ်လေးကို ပြေးမြင်ယောင်လာလျက် တစ်မျိုးတစ်မည်သော သွမ်းဆွတ်ခြင်းကိုတောင် ခံစားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မချိတင်ကဲ ပြုံးလိုက်ကာ ...

"နားလည်ပါတယ် မေမေ၊ စိတ်ချပါ"

"သားအတွက် ပြောတာပါ သားရယ်၊ ရည်မှန်းချက်ကြီးမားသူတစ်ယောက်အတွက် တစ်နေ့မှာတော့ ပြီးပြည့်စုံမှုတွေ ရှိလာမှာပါ"

သူက မေမေ့ကို အားတက်သရော ပြုံးပြလိုက်ကာ စိတ်ထဲမှလည်း တိတ်တိတ်လေး ကျိတ်၍ဆုတောင်းနေမိသည်မှာ သျှမ်းတစ်ယောက် သူ့ကို နားလည်စွာဖြင့် စောင့်နေပါစေဟူ၍သာပဲ ဖြစ်သည်။


ကျောင်းတက်ကျရင် ဒီ့ထက် ပိုးပန်းသူတွေ များလာမှာ ဖြစ်သော်လည်း သူက သျှမ်း အနားမှာ ရှိနေခွင့်ရမည့် အဖြစ်လေးကပဲ ကျေနပ်နှစ်သိမ့်စရာ ဖြစ်တော့လေသည်။

ငါတို့ မဝေးချင်ဘူး သျှမ်းရယ်။

❤ + ❤







"ဝိုင်ရေ ... ဟေး ဝိုင်"

ခေါ်သံလေးနှင့်အတူ အိမ်ပေါ်သို့ အပြေးတက်လာသူက သူ့ရဲ့ သျှမ်းပဲ ဖြစ်သည်။ သူက မေမေနှင့်အတူ မီးဖိုထဲမှာ ဝိုင်းကူနေတာမို့ ခေါ်သံကြားသော်လည်း အိမ်ရှေ့သို့ ထွက်မကြိုနိုင်။ အရင်လည်း သူ့သူငယ်ချင်းတွေဟာ သူ့အိမ်ကိုဆို လွတ်လွတ်လပ်လပ် ဝင်ထွက်နေကျမို့ တမင်ထွက်မကြိုတာလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် _ စားကြမယ်ဟော့ ကောင်းကောင်း လုပ်နေတာ ကိုး ဘာတွေ ချက်နေကြတာလဲ၊ သျှမ်းရော ဝင်စားမယ် နော် အန်တီ"

မေမေက သျှမ်းရဲ့ ချစ်စဖွယ် အပြောလေးကို နှစ်ခြိုက်ဟန်ဖြင့် ...

"စားပါ သမီးရယ် စားပါ၊ အန်ကီတို့အိမ်က ဟင်းက သိပ်တော့မကောင်းဘူးနော်"

"ဟင် ..."အန်တီ့လက်ရာ ဒီလောက် ကောင်းတဲ့ဟာကို၊ အန်တီ သုပ်ကျွေးတဲ့ လက်ဖက်သုပ်ဆို အိမ်မှာ ဘယ်သူမှ မီအောင် မသုပ်နိုင်ဘူး"

"အေး အေး၊ ခုရော လက်ဖက်သုပ် စားမလား သမီး၊ သားရော သျှမ်းကို သုပ်ကျွေးလိုက်ဦးလေ"

"ဟင် ... ဝိုင်က သုပ်တတ်လို့လား အန်တီရဲ့"

စားပွဲပေါ်ကို လက်နှစ်ဖက်ထောက်လျက် မျက်လုံး လေးပြူးကာ မေးပုံလေးက တကယ်ကို ချစ်စဖွယ်မို့ သူကပြုံးကာ ငေးနေမိသည်။ ဆံပင်ပျော့ပျော့လေးတွေကို နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့် စုစည်းထားတတ်ပုံလေးက သျှမ်းကို ပို၍ ငယ်ရွယ်နုပျိုစေ၏။

ဒါပေမဲ့ သျှမ်းဟာ ဆယ်တန်းတက်စနှင့်တောင် မတူတော့။ ရေကူးသဖြင့် အရပ်ထွက်လာကာ လူကလည်း ပို၍ ပြည့်ဖြိုးလာသည်။ ပြောရလျှင် ကိုယ်လုံးလှပလာပါသည်ပေါ့။





ဖွံ့ထွားစိုပြည်နေသော သျှမ်းရဲ့အလှကိုတော့ သူက ကြာလေ စိတ်မချနိုင်လေသာ ဖြစ်၏။

"သားက အန်တီ့ကို ကူညီရင်းနဲ့ ထမင်းဟင်းတွေတောင် ချက်တတ်နေပြီ သမီးရဲ့။ သမီးရဲ့အကြိုက် လက်ဖက်သုပ် လည်း သူ ကောင်းကောင်း သုပ်တတ်နေပြီ ...

တစ်ခါတလေကျတော့လည်း သားအမိနှစ်ယောက် တည်း ဆိုတော့ ဟင်းအမယ်တွေ မချက်စားဖြစ်တော့ပါ ဘူး သမီးရယ်၊ ကြက်ဥကြော်လေး လက်ဖက်သုပ်လေးနဲ့ ပြီးလိုက်ကြတာပေါ့"

မေမေ ပြောပြသမျှကို သျှမ်းက မျက်လုံးအဝိုင်း သားဖြင့် နားစိုက်နေလေသည်။ နဂိုကမှ မျက်လုံးပြူးချင်သလိုလို ဖြစ်နေသော ကောင်မလေးဟာ တစ်ခုခုကို စိတ်ဝင်စားပြီဆိုလျှင် မျက်လုံးလေးတွေဝိုင်းကာ နားထောင်တတ်ပုံကို သူက မြတ်နိုး၍ ဆုံးချေပြီ။

"နင်က ရှုံးရှဲသုပ် သုပ်တတ်တယ်ပေါ့၊ ဟုတ်လား"

"ဝိုင်ချိုမြိန်ပါကွ၊ မလုပ်တတ်တာ ဘာမှမရှိဘူး"

"ညွှန်းလှချည်လား၊ ကဲ ... ဒါဖြင့်လည်း သုပ်"

သျှမ်းက လက်တစ်ဖက်ကို ခါးမှာထောက်လျက် ကျန်လက်တစ်ဖက်က ရှေ့သို့ထုတ်ဖြန့်ကာ ခါးကိုနွဲ့၍ ပြောပုံ လေးကို မေမေက သဘောတကျနှင့် ရယ်ကာနေသလို သူကလည်း ခါမျိုးဆို သိပ်မလုပ်ပေးချင်သူပီပီ ...



www.burmeseclassic.com

www.burmeseclassic.com



"သုံးမိနစ်ပဲစောင့်"

ဟု အိန္ဒြာကျော်ဇင်၏ အိုက်တင်ဖြင့် ပြန်၍ပြေ လိုက်လေသည်။ သျှမ်းက သူ့ပုံစံကို တခစ်ခစ်နှင့် ရယ်၍မနေ တော့။ တကယ်ကိုပဲ သူကား သွက်သွက်လက်လက်ဖြင့် ဂေါ် တွေကို ခပ်ပါးပါးလှီး၊ ငရုတ်သီးတောင့်လေးတွေကို ကတ်ကြေ နှင့် ခပ်မြန်မြန်ကိုက်၊ ခရမ်းချဉ်သီးတွေကို တရိပ်ရိပ်လှီးပြီး ပြ ဆန်စွာ သုပ်လိုက်လျှင် သျှမ်းရဲ့အကြိုက် ရှူးရှဲ လက်ဖက်သု တစ်ပွဲ ဖြစ်လို့သွားလေသည်။

သျှမ်းက တစ်ဖွန်းကော်ယူ မြည်းကြည့်လျက်

"အား ... ကောင်းမှကောင်း"

ဟု ချီးကျူးလိုက်လျှင် ...

သူ့မှာ ဘယ်လိုပျော်မှန်းကို မသိတော့။

"ကဲ ... ကဲ ... အိမ်ရှေ့မှာ သွားထိုင်စားကြရေ။ ခဏ အန်တီ ကော်ဖီဖျော်ပြီး လာပို့ပေးမယ်"

"သင့်ခ်ယူ အန်တီ"

သူနှင့် သျှမ်းက အိမ်ရှေ့ရှိ ဆက်တီတွေမှာ ထိုင် ကာ လက်ဖက်သုပ် စားကြသည်။ အထူးသဖြင့် သူ့လက်ရာ သျှမ်းက အားပါးတရ အားပေးတာဖြစ်၏။ တရှူးရှူး တရှဲရှဲ စပ်နေသော သျှမ်းကို သူက တစ်သျှူးဘူးလေး ထိုးပေးရင်

"အရမ်းစပ်နေလား သျှမ်း"





"စပ်တေး စပ်တာပေါ့၊ ငါက အစပ်ကြိုက်တာပဲဟာ၊ ကောင်းတယ်ဟာ၊ နင်က ဘယ်ဆိုးလို့လဲ၊ အန်တီ့လက်ရာ ကို မီတယ်၊ ငါတောင် ဒီလို မသုပ်တတ်ပါဘူး"

သူက ချွေးလေးတွေစို့လာသော သျှမ်းကို ယပ်တောင် ဖြင့် ယပ်ခတ်ပေးကာ ...

"နင့်ဘဝက ပြည့်စုံနေတာပဲ သျှမ်းရဲ့၊ နင် စားချင်ရင် နင်လုပ်တတ်ဖို့ မလိုပါဘူး၊ နင့်အေးမှာ လုပ်ပေးတဲ့သူ တွေ အများကြီးပဲဟာ"

သျှမ်းက သူ့စကားကို မျက်လုံးထောင့်ကပ်ကြည့် ပြီးလျှင် ...

"အဲဒီထဲမှာ နင်ရော ပါလား"

"ပါတာပေါ့"

သူက မဆိုင်းမတွ ပြန်ဖြေလျှင် သျှမ်းရဲ့မျက်နှာ လေးက ကျေနပ်သလိုဖြင့် ပြုံးသွားသည်။ အဲဒီအပြုံးတွေနဲ့ပဲ သူကလည်း ကျေနပ်နှစ်သိမ့်နေရတာပဲ ဖြစ်လေသည်။

"ငါ နင့်ဆီကို လာတာ ပြောစရာရှိလို့ဟဲ့၊ ငါ ကားမောင်း သင်မလို့လေ၊ အဲဒါ နင်ရော လိုက်သင်ပါလားလို့"

"အာ ... ဖြစ်မယ် မထင်ပါဘူး သျှမ်းရာ၊ နင်က နင့်အိမ် မှာ ကားရှိလို့ အမောင်းသင်ရမှာ၊ ငါက သင်ပြီး ဘယ် ကားကို သွားမောင်းရမှာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်က အဲဒါတွေ ပိန်းတာပဲ၊ ကားရှိရှိ မရှိရှိ ကားမောင်း တတ်တော့ မကောင်းဘူးလားဟဲ့၊ ကားမောင်းလိုင်စင်တစ်ခု ရှိထားတော့ မကောင်းဘူးလား၊ ငါကို့ အကုန်တက်ကြမှာ နင်လည်း တက်ရမှာ မရဘူး"

"ကျွတ် ... သျှမ်းကလည်းဟာ"

အဲဒီအခိုက်မှာပဲ မေမေက ကော်ဖီလင်ပန်းနှင့် ရောက်လာခဲ့သည်။ သူတို့နှစ်ယောက် စကားပြောနေတာကို တစိစွန်းတစ်စ ကြားလိုက်ရပုံဖြင့် ...

"ဘာတွေ ငြင်းနေကြတာလဲ သားတို့ရဲ့"

"သမီး ပြောပြမယ် အန်တီ၊ ဒီခေတ်ကြီးထဲမှာ ဘာပညာ ဖြစ်ဖြစ် တတ်ထားတော့ မကောင်းဘူးလား၊ သမီးတို့ အားလုံး ကားမောင်းသင်တန်း တက်ကြမှာ အန်တီ ဖင်နိုင်တို့ကလည်း လိုင်စင်မရှိသေးတော့ လိုင်စင်ရအောင် လိုက်တက်ကြမှာ ...

အဲဒါ ဝိုင်ကိုပါ တက်ဖို့ ပြောနေတာပါ၊ သူက မတက်ဘူးတဲ့လေ"

မေမေက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လျှင် သူက စိတ်ရှုပ်ရှုပ်နှင့် ပြုံးပြလိုက်ရသည်။ မေမေက သူ့သဘောထားကို နားလည်ဟန်ဖြင့် ...

"ဒီလိုပါ သမီးရယ်၊ အန်တီတို့ အခြေအနေကလည်း သမီး သိတဲ့အတိုင်းပဲလေ၊ သူ ကျောင်းစာတက်ရင်လည်း ကုန်ကျ





စရိတ်က များဦးမှာဆိုတော့ ချွေတာစိစစ်တဲ့ သဘောပါ၊ သမီးတို့အဖို့ လေးငါးသောင်းဆိုတာက ဘာမှမပြောပေမယ့် အန်တီတို့ကျတော့ တစ်လစာ အိမ်စရိတ် ရှိတယ်လေ"

မေမေရဲ့အပြောကို သျှမ်းက ကျေနပ်ဟန်မရှိဘဲ နှုတ်ခမ်းတစူစူနှင့်ပင် ...

"အန်တီကလည်း အဲလောက်ကြီးလည်း မဟုတ်ပါဘူး၊ ဟို ... အန်တီတို့မှာ ငွေရေးကြေးရေးကြောင့် ဆိုရင်လည်း သမီး စိုက်ထားပေးလိုက်ပါ့မယ်"

"ဟာ ... သျှမ်း ... နင် ..."

သူက သျှမ်းရဲ့စကားကြောင့် မေမေ့ကို ဖျန်းခနဲ ရှက်နာပုံ အားနာသွားရသည်။ သျှမ်းဟာ တစ်ခါတလေကျရင် အဲဒီလိုပဲ ကလေးစိတ်က မကုန်ကာ ဘာကိုမှ အားမနာတတ်ချေ စိတ်ထဲရှိရာကို ထုတ်ပြောပစ်လိုက်ဖို့လည်း ဝန်မလေး။

ဘယ်စကားက သင့်တော်၏ မသင့်တော်၏ မစဉ်းစားတော့။ မေမေကတော့ သျှမ်းကို ဖွေမယူတတ်သော အပြုံးလေးဖြင့် ...

"သမီးရဲ့ စေတနာကို အန်တီ နားလည်ပါတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် ယောကျ်ားလေးတစ်ယောက် အနေနဲ့ ဒီခေတ် ဒီအခါထဲမှာ ကားမောင်းတတ်ပြီး ကားလိုင်စင်တစ်ခု ရှိထားတာ မမှားပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သားက တက်ချင်တဲ့စိတ် မရှိဘူးလား"

မေမေက သူ့စိတ်ကိုသိစွာ ငဲ့ညှာပြီး မေးမှန်းသိလျှင် သူက မေမေ့ကို များစွာ အားနာသွားရပါသည်။ ဒါပေမဲ့လည်း မေမေ ပြောသလို အဲဒီပိုက်ဆံဟာ တစ်လစာ အိမ်စရိတ်လည်း ဖြစ်ပြန်သေးသည်။

"သား တက်တော့ တက်ချင်ပါတယ်"

"တက်ချင်ရင်တော့ တက်ပါ၊ ပြီးတော့ သားက ရှေ့လဆို ဂိုက်ဒ်စဝင်မတော့မှာပဲ မဟုတ်လား။ သားမှာ ဝင်ငွေ ရှိနေပြီပဲ"

"အင်းလေ ... ဟုတ်သားပဲ၊ နင်က တစ်လ တစ်လ သိန်းချီရတော့မယ့်ဥစ္စာ၊ အလကား ကပ်စီး"

"ဟာ ... အဲဒီပိုက်ဆံတွေက ကျောင်းတက်ဖို့ စုဆောင်းထားရမယ်ဟ၊ ဒါတွေ နင် နားမလည်ပါဘူး သျှမ်းရယ်"

"ဟုတ်တယ်၊ နားမလည်ဘူး။ ငါ နားလည်တာက နင် ငါတို့နဲ့ အတူတူ သင်တန်းတွေ တက်ဖို့ပဲ ...

နော် အန်တီရယ်၊ သမီးတို့က သူ့ကို အကျိုးမရှိတာတွေ လုပ်ခိုင်းနေတာမှ မဟုတ်တာ၊ ဟုတ်တယ်မှုလား"

သျှမ်းက လူကြီးလေးလို မေမေ့ကိုပါ ထောက်ခံမဲ တောင်းနေလျှင် မေမေက ခေါင်းညိတ်ပြလိုက်ရသေးသည်။





"ကဲ ... ကဲ ... ကော်ဖီသောက် သမီး၊ အန်တီ ဟင်းအိုး သွားကြည့်ဦးမယ်"

မေမေ ထွက်သွားလျှင် သျှမ်းက သူ့ကို နှာခေါင်း ချက် ရှုံ့ပြလျက် ...

"အလကား၊ နင်ကလေ ပြောတော့ ငါ့ကို ခင်တယ် ခင်တယ်နဲ့၊ ငါပြောရင် တစ်ခါတည်းနဲ့ ဘယ်တော့မှ လက်မခံချင်ဘူး ...

နည်းနည်းလောက်ဖြစ်ဖြစ် အတွန့်တက်ရမှ"

"မဟုတ်ရပါဘူး သျှမ်းရယ်၊ ငါ့ဘဝကို နင် နားမလည်ပါဘူး၊ နင်က သိပ်ပြည့်စုံတဲ့သူ ဆိုတော့ မပြည့်စုံတဲ့ အဓိပ္ပာယ်ကို နင် ဘယ်သိနိုင်ပါ့မလဲ"

"သိပါတယ်၊ နင်က နည်းနည်းတော့ ပိုတယ်၊ လုပ်လိုက်၊ ဒါပဲနော် ... နင့် ဂိုက်ဒ်လုပ်လို့ရတဲ့ လခနဲ့ ငါ့ကို မုန့်ဝယ်ကျွေးရမယ်"

"ကျွေးမှာပေါ့၊ မုန့်တင်မကဘူး၊ နင်လိုချင်တာပါ ဝယ်ပေးမှာ"

"အဟိ ... တကယ်လား၊ အလကား ပြောတာပါဟာ၊ နင် လျှာထွက်မှရမယ့် ပိုက်ဆံနဲ့ ငါ မစားရက်ပါဘူး ...

နင်သာ ငါနဲ့အတူတူ သင်တန်းတက်၊ ကျောင်း အတူတူတက်ရင် ငါ ကျေနပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက သျှမ်းရဲ့ မျက်နှာလေးကို ငေးကြည့်နေလျှင် သျှမ်းကသည်း သူ့ကို ပြုံးစိုက်စိုက်လေးဖြင့် တန်ပြန်စိုက်ကြည့်လို့ နေလေသည်။ သူက ရုတ်တရက် ပေါ်လာသော ရင်ထဲက ဆန္ဒဖြင့် ...

"သျှမ်း ... နင် ကျောင်းတက်ရင် ရည်းစားတွေ ဘာတွေ မထားနဲ့နော်"

"ဟမ် ... ဘာလို့လဲ"

သူက ရင်ထဲက စကားတို့ကိုတော့ ထုတ်ဖော်ပြော၍ မဖြစ်နိုင်သေးလေရာ ဘာပြောရမှန်း မသိဘဲ ခေါင်းကုတ်ကာ အကြံအိုက်လျက် ရှိ၏။ ပြီးတော့မှ ပါးစပ်ထဲရှိသော စကားတို့ကို အစီအစဉ် မကျစွာဖြင့် ...

"ဟို ... ဟိုလေ ... ဆေးကျောင်းက စာတွေအရမ်းခက်တာ မဟုတ်လား၊ ရည်းစားတွေ ဘာတွေထားရင် စိတ်လေပြီး စာတွေ မလိုက်နိုင်မှာ စိုးလို့ပါ"

သူ့ရဲ့ အဆီအငေါ်မတည့်သော စကားတို့ကို သျှမ်းက မျက်ဝန်းများ မှေးစင်းပြီး ကြည့်လာလျက် ...

"ဒါဖြင့် နင်ကရော"

"ငါက ! ... ငါက ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်လေ၊ ငါ့ကိုကျတော့ မထားနဲ့ပြောပြီး နင်ကတော့ ထားမှာမို့လို့လား"

"အာ ... ဘာလို့ ထားရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"





"တကယ်နော်"

"တကယ်ပါဟ"

"ပြီးတော့ ပဲလည်း များရဘူးနော်"

"ဟာ ... ဘာပဲလဲ"

"ဘာပဲရမှာလဲ၊ ကျောင်းတက်ရင် နင်က စာတော်တော့ ကောင်မလေးတွေက ကပ်ကြတော့မယ်၊ ပြီးတော့ နင်က ချောတယ် မဟုတ်လား ...

အခုတောင် ငါတို့အိမ်ဘေးက ကောင်မလေးက နင့်အကြောင်းတွေ ငါ့ဆီ လာအစ်နေတာ"

"ဒီတော့ နင်က ပြောပြလိုက်တယ်ပေါ့"

"အိုး ... ဘာလို့ ပြောပြရမှာလဲ၊ အလကား အမှိုက်တွေ၊ နင်နော် ... ကဲဖို့တော့ မစဉ်းစားနဲ့၊ အန်တီနဲ့ တိုင်အပြောပဲမှတ်"

"မကဲပါဘူး သျှမ်းရာ၊ ငါ အဲဒါတွေလည်း စိတ်မဝင်စားပါဘူး၊ နင်သာ ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေးနေ"

"နင်လည်းနေ"

သျှမ်းက ခပ်ဆောင့်ဆောင့်လေး ပြန်အော်လျှင် သူက တစ်ဖက်သို့လှည့်လျက် အသာကျိတ်ပြုံးမိတော့သည်။ တကယ်တော့ သျှမ်းလည်း ချောလှသလို သူဟာလည်း ကောင်မလေးတွေ နှစ်သက်တတ်သော ရုပ်ရည်မိုင်ရှင်မျိုးပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်က အခုကိုပဲ ငါးပေရှစ်လက်မရှိကာ ဖွံ့ထွား သော နေ့တကိုယ်ကိုလည်း ပိုင်ဆိုင်ထားသဖြင့် "ပိုင်ချုံမြိန်" ဆိုသော သူသည် ကျောင်းမှာတော့ အရပ်ရှည်ရှည် ရုပ်ချောချော ကောင် လေးအဖြစ် နာမည်ကြီးလေသည်။

မေမေ့ဆီက အသားအရေကောင်းခြင်းကို အမွေရ ထားသဖြင့် သူ့ပုံစံဟာ လူအများကြားတွင်တောင် ထင်းထွက်နေ လေ့ရှိသည်။

ပြီးတော့ မေမေကလည်း သူ့ကိုဆို အဝတ်အစား ကောင်းကောင်းကန်းကန်းလေးတွေ ဆင်တတ်လေရာ မသိလျှင် ဇင်နိုင်တို့ နောင်နောင်တို့လိုပဲ သူဌေးသားဟု ထင်ကြသူတွေလည်း ရှိလေသည်။

"ကျောင်းတက်ရင် မေမေက ငါ့ကို ကားတစ်စီး ဝယ်ပေးမှာ ဟ၊ အဲဒါကြောင့် နင့်ကိုပါ ငါက သင်ခိုင်းနေရတာ"

"နင့်အရိုင်ဘာ လုပ်ပေးရဦးမယ်ပေါ့"

"ဘာလဲ ... လုပ်မပေးချင်ဘူးလား"

"နင့်အတွက်ဆို ငါ့မှာ No ဆိုတာ မရှိပါဘူး သျှမ်းရာ"

သူက သျှမ်းရဲ့မျက်နှာလေးကို ငေးကြည့်ရင်း အဲဒီလို ပြောလိုက်လျှင် သျှမ်းက အသာပြုံးရင်း ခေါင်းငုံ့ကျနေပ်လေသည်။

တကယ်တော့ သူ့ရင်ထဲမှာ ဘာရှိနေတယ် ဆိုတာ ကို သျှမ်းလည်း သိသလို သျှမ်းရဲ့ ရင်ထဲမှာလည်း ဘာရှိနေတယ် ဆိုတာ သူ သိသည်။





ဒါပေမဲ့ သူဟာ ဒီအခြေအနေလေးကိုပဲ နှစ်သက် ခင်ခုန်ပါသည်။ ဖြူစင်ခြင်း သမ်းကလေး ခြားနေသော သူတို့ရဲ့ လုံးအိမ်လေးများဟာ မနီးကြပေမယ့် ဝေးတော့ ဝေးမနေဘူး ဟုတ်လား။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

သျှမ်းရဲ့ တိုက်တွန်းချက်ကြောင့် သူ့မှာ ကားမောင်း သင်တန်း တက်ဖြစ်ခဲ့လျက် လိုင်စင်တစ်ခု အဖတ်တင်ကျန်ရစ် ခဲ့သည်။ သူက ဉာဏ်ကောင်းသူတစ်ယောက်မို့ရော၊ စိတ်ပါဝင် စားတဲ့သူ တစ်ယောက်မို့ရော ဖြစ်လေရာ အချိန်တိုအတွင်းမှာပဲ ကျင်လည်စွာ မောင်းတတ်နိုင်ခဲ့သည်။





သင်တန်းဆင်းပြီးသွားလျှင်လည်း ဇင်နိုင်တို့ နောင် နောင်တို့နှင့် ဟိုဟိုဒီဒီ သွားလေတိုင်း ဒီကောင်တွေက သူ့ကိုပဲ မောင်းခိုင်းတတ်လေရာ သူက ကိုယ်ပိုင်ကား မရှိသော်ငြားလည်း ကားမောင်းခြင်းကိုတော့ ကျွမ်းကျင်စွာ တတ်မြောက်လို့ သွားခဲ့ လေသည်။

"အဲဒါ နင် ငါ့ကို ကျေးဇူးတင်ရမှာနော် ဝိုင်၊ နင့်အလိုသာ ဆို ဘာမှတတ်မှာ မဟုတ်ဘူး"

"အေးပါဟာ၊ ကျေးဇူးတင်ပါတယ်"

"နောက်ဆို နင် ငါပြောတဲ့စကား မှန်သမျှ နားထောင်ဖို့ စဉ်းစားထား၊ ငါက နင်အကျိုးယုတ်စေမယ့် ကိစ္စကို ဘာမှ မခိုင်းဘူး"

"အေးပါ ... အေးပါ"

သျှမ်း ပြောသမျှ စကားတိုင်းကို ခေါင်းညိတ်ကာ ပုတ်သင်ညို လုပ်မြဲဖြစ်သည့် သူ့ကို ဇင်နိုင်တို့က ပြုံးစိစိဖြစ်ကုန် ကြလျှင် သျှမ်းက ဘာဖြစ်နေကြတာလဲဟု အော်တော့သည်။ တကယ်တော့ သူတို့နှစ်ယောက်ရဲ့ ကြင်နာခြင်းတွေကို သူငယ် ချင်းတွေ အားလုံးက သိရှိနေကြလျက် မသိမသာ တွဲစတတ်သည် မှာ ကြာခဲ့ပြီ။

သျှမ်းကိုဆိုလျှင် အမြဲ အလိုလိုက် သည်းခံကာ ဖြည့်ဆည်းတတ်သော၊ သျှမ်းကလည်း အားလုံးထဲမှာ ပိုကိုပိုသည် ဖြစ်သော သူတို့နှစ်ယောက်ကို တရားဝင်ချစ်သူများဟု မသင်္



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြသေးသော်လည်း တစ်နေ့နေ့မှာတော့ အမှန်ပကယ်ချစ်သူများ ဖြစ်လာလိမ့်မည်ဟု အားလုံးက မျှော်လင့်ထားကြတာ ဖြစ်ပါသည်။

ဇင်နိုင်ကဆိုလျှင် သူ့ကို အမြဲမြောက်ပေးတတ်သားသူ ဖြစ်သည်။

"ဟေ့ကောင် ... ဝိုင်၊ မင်း သျှမ်းကို ကြိုက်နေတာ မဟုတ်လား"

အဲဒီလိုပြောလျှင် သူက မျက်နှာကြီး နီရဲကာ ခေါင်းငုံ့ချလျက် ... "မဟုတ်ပါဘူးကွာ"ဟု ငြင်းစမြဲ။ ဇင်နိုင်ကလည်း အဲဒီမျက်နှာကို အလွတ်မပေးဘဲ အမိအရ လိုက်ဖမ်းလျက် ဆွဲလှည့်ကာ ...

"ဟေ့ကောင် မညာနဲ့၊ ငါ့မျက်လုံးတွေကို တည့်တည့်ကြည့်ပြော"

"မကြိုက်ပါဘူး ဆိုမှပဲကွာ"

ဇင်နိုင်ရဲ့ မျက်လုံးထဲကို သူက တည့်တည့်စိုက်ကြည့်ကာ မပြောနိုင်ပေ။ ဇင်နိုင်က ငါ သိပါတယ် ဟူသော အပြုံးမျိုးဖြင့် ...

"အိုက်တင်လည်း မကောင်းဘဲနဲ့ မင်းသား လုပ်ချင်နေသေးတယ်ကွာ၊ ဟုတ်ပါတယ်၊ မင်းက သျှမ်းကို မကြိုက်ပါဘူး၊ ငါ သိပါတယ်၊ မင်းက ချစ်နေတာလေ၊ ဟုတ်တယ်မှုလား"

"ဘာမှ မချစ်ဘူး"





"တကယ်ပေါ့၊ မင်း ဟကယ် မချစ်ဘူးပေါ့၊ ဒါဆို ငါ သျှမ်းကို သွားပြောလိုက်မယ်နော်၊ နင့်ကို ဝိုင်က မချစ်ဘူးလို့ ပြောနေတယ်လို့"

"အာ ... ဟေ့ကောင်၊ ဘာဆိုင်လဲ၊ မင်းကကွာ တကယ့် အရစ်ပဲ"

"ရစ်နေတာက မင်း၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ ရင်ထဲက ချစ်နေတဲ့ကိစ္စကို ဘာလို့ ဖုံးကွယ်ထားချင်ရတာလဲ ...

မင်း သျှမ်းကို ဖွင့်မပြောချင်သေးဘူးပဲထား၊ ငါတို့ ဘော်ဒါအချင်းချင်းတော့ ပွင့်လင်းသင့်ပါတယ်ကွာ ...

မင်း ကြည့်ရတာ မြိုစိ မြိုစိနဲ့၊ ဘာအဓိပ္ပာယ်မှန်းကို မသိဘူး"

ဇင်နိုင်က မကျေနပ်သလို ပွစိ ပွစိဖြင့် ပြောလျှင် နောင်နောင်ကပါ ဝင်၍ ဆွမ်းကြီးလောင်းဖို့ ပြင်တော့သည်။

"အေးလေ ... မင်းက ငါတို့ကို အကန့်တွေ ထားတာပေါ့၊ ဟုတ်လား"

"ကျွတ် ... မဟုတ်ရပါဘူးကွာ၊ မင်းတို့ကလည်း"

"ဒါဆို မင်း ဘာလို့ ညာချင်နေရတာလဲ၊ မင်း ဖီလင်တွေကို မင်းတစ်ယောက်တည်း မျိုသိပ်ထားတာဟာ ကောင်းတယ်များ ထင်မနေနဲ့ ဟေ့ကောင် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လဲကွာ ယောကျ်ားပဲ၊ ချစ်ရင် ချစ်တယ် ကြိုက်ရင် ကြိုက်တယ်ပဲပေါ့၊ မင်းဘာသာ သျှမ်းကို ဖွင့်ပြောတာ မပြောတာကနောက်၊ ငါတို့ကိုတော့ မင်း ဒိုင်မလျှိုသင့်ဘူး"

နှစ်ယောက်သားက သူ့ကို တစ်ယောက်တစ်ပေါက် ဝိုင်းကျပ်နေကြလျှင် သူ့မှာ ကြာကြာဟန်မဆောင်ထားနိုင်တော့။ ပြီးတော့ ရင်ထဲမှာလည်း မျိုသိပ်မထားချင်တော့ပေ။ သူ့အတွက် လောလောဆယ်မှာ သျှမ်းကိုချစ်သည့် အချစ်တွေကို သျှမ်းသိအောင် ဖွင့်ပြောဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သေးချေ။

လူဆိုတာ တစ်ယောက်ယောက်ကို ချစ်နေမိလျှင် ရင်ထဲမှာ မျိုသိပ်ထားနိုင်ဖို့ဆိုတာ အနည်းငယ် ခက်ခဲကြောင်း သူ သိခဲ့ပြီဖြစ်သည်။

"ငါ ဒိုင်လျှိုတာ မဟုတ်ပါဘူးကွာ"

သူ့အသံက ဖျော့တော့စွာ ထွက်ပေါ်သွားလျှင် သူ့သူငယ်ချင်း နှစ်ယောက်က ခေါင်းချင်းဆိုင်ကာ စိတ်ဝင်စားသည့် မျက်နှာတွေဖြင့် အနားတိုး၍ လာသည်။

"ဒါဖြင့် ဘာလဲ၊ ရည်းစားဖြစ်မှ တစ်ခါတည်း ကြော်ငြာမလို့လား"

အထင်တွေ စွတ်ကြီးနေသည့် နောင်နောင့် စကားကြောင့် သူ့မှာ မအီမလည်နှင့် ပြုံးရသေးသည်။





"မဟုတ်ပါဘူးကွာ၊ ငါ သျှမ်းကို ချစ်နေတယ် ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ ဖွင့်ပြောလို့ မဖြစ်သေးဘူး"

"ဘာလို့လဲ၊ သျှမ်းက စိတ်ဆိုးသွားမှာ ကြောက်လို့လား၊ ဟာ ... ဒီကလေးမက မင်းကို ဒီလောက် နွေးထွေးနေတဲ့ဟာ"

"အေးလေ ... မင်းကို သူ ဒီလောက် သံယောဇဉ်ကြီးနေတာပဲ။ အဆင်ပြေမှာပါကွာ မင်းကလည်း၊ ငါတို့လည်း တွန်းပို့လောက လုပ်ပေးမှာပေါ့"

သူက မျက်လုံးထဲတွင် ဝင်းချင်းလှပ ချစ်စရာကောင်းသော သျှမ်းရဲ့ မျက်နှာလေးကို ပြန်မြင်ယောင်လာလျက် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိသည်။

"မင်းတို့လည်း ငါ့ဘဝ အခြေအနေကို သိပါတယ်ကွာ၊ ငါ့ဘဝက လူတန်းစေ့လေး နေရရုံအပြင် ဘာမှပြည့်စုံတာ မရှိပါဘူး၊ ဒီ ဆေးတက္ကသိုလ်တက်ဖို့တောင်မှ မေမေက အရမ်းရုန်းကန်ပြီး ထားရမှာ ...

သျှမ်းဘဝက ငါ့ထက်စာရင် အများကြီး မြင့်မားပါတယ်၊ သူနဲ့ငါ ချစ်သူတွေ ဖြစ်သွားကြရင် ပျော်စရာတွေထက် စိတ်ညစ်စရာတွေက ပိုရှိလာမယ်လို့ ငါထင်တယ် ...

သူ့အတွက်လည်း မကောင်းဘူး၊ ငါ့အတွက်လည်း မကောင်းဘူး၊ ဒါကြောင့် သူ့ကို ငါ ရင်ထဲကပဲ တိတ်တခိုး မြတ်နိုးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်နိုင်နှင့် နောင်နောင်သည် သူ့ရဲ့စကားအတွ
နားထောင်ပြီးလျှင် ခေတ္တမျှတော့ တိတ်ဆိတ်သွားကြသည်
အကယ်တော့ သူတို့ သူငယ်ချင်းငါးယောက်ထဲတွင် သျှမ်းတ
ယောက်သာ ကလေးစိတ်များ၍ ဗိုလ်ကျတတ် ဆိုးနွံတတ်သေ
သည်း ကျန်လေးယောက်က ကိစ္စတစ်ခု ကြုံလာလျှင် မျှမျှတ
တွေးကာ စဉ်းစားတတ်ကြသူများ ဖြစ်၏။

အထူးသဖြင့် ခင်နိုင်နဲ့ နောင်နောင်သည် မိဘ
က ကြွယ်ဝချမ်းသာကြသော်လည်း ပျော့ပျော့ရမ်းရမ်း သိပ်
လှသဖြင့် သူနှင့် အခုချိန်ထိ အတွဲညီစွာ ချစ်ခင်ရသော သူင
ချင်းများ ဖြစ်လေသည်။ သူ့ဘဝကိုလည်း စာနာနားလည်ပေး
သော ဘော်ဒါတွေမို့ သူကလည်း ဒီနှစ်ယောက်ကိုတော့ ခင်တွ
လွန်းလှပါသည်။

"မင်း ပြောတာ မှန်သင့်သလောက်လည်း မှန်ပါတယ်ကွ
ဒါပေမဲ့ မင်း ဘယ်အချိန်ထိ ထိန်းချုပ်ထားနိုင်မှာ မို့လို့လဲ"

ခင်နိုင့် စကားအတွက် သူ့မှာ ဖြေစရာ အဖြေ
ချေ။

"ဟေ့ကောင် ... သိပ်လည်း အုံးစားမနေနဲ့၊ အချိန်တ
ရင် ဖြစ်သွားလိမ့်မယ်ကွ၊ ဒါပေမဲ့ မင်းစိတ်ထဲမှာ သိ
အားလျော့တဲ့ အတွေးတွေတော့ တွေးထည့်မထားနဲ့ကွ
ယောက်ျားပဲ၊ လိုချင်တာကို ဖြစ်အောင် လုပ်ယူနိုင်
အစွမ်း ရှိရမှာပေါ့ ...





မင်း ဘာမှ စိတ်ဓာတ်မကျနဲ့၊ မင်းဘက်မှာ ငါတို့
ရှိတယ်၊ အဲ ... သျှမ်းလည်း ရှိနေမှာပဲ၊ ဒီကလေးမ မင်း
ကို နားလည်နိုင်မှာပါကွာ"

သူငယ်ချင်းတွေက ဝိုင်းအားပေးလျှင် သူ့ရင်ထဲ၌
ဆက်ကြွစိတ်တွေ နိုးကြားလာသလို သျှမ်းကို ဘယ်လောက်ချစ်
သည် ဆိုတာတွေပါ ပြောပြချင်စိတ် ဖြစ်၍လာလေသည်။

"သျှမ်းကို ငါ အရမ်းချစ်တယ်ကွာ၊ သူ့မျက်နှာလေးမြင်
လိုက်ရရင် ရင်ထဲမှာ ဘယ်လိုအေးသွားမှန်းကို မသိဘူး ...

သူ အနားနား ရောက်လာရင်လည်း ရင်က အလိုလို
ခုန်လာတယ်၊ ဝုန်းဒိုင်းကြဲကြီးလည်း မဟုတ်ဘူး၊ ရိုမန်
တစ်ပေါ့ကွာ၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့လေး ရင်ခုန်တတ်
အောင် သူက စွမ်းသေးတာ ...

သူ စိတ်ကောက်ရင် ငါ့ရင်ထဲ ပျာသွားရော၊ အဲ...
စိတ်ကောက်ပြေအောင် ချော့ရတာလည်း ဖီလင်တစ်မျိုးပဲ
ကွ ...

သျှမ်းက အရမ်းချစ်ဖို့ကောင်းတယ်"

"လဒကြီး၊ ခုနကတော့ အသေခံသွားမယ် ဝန်မခံဘူးဆို
တဲ့ရုပ်နဲ့၊ စမ္ပါးကျတော့လည်း ရိုက်စစ်စရာကို မလိုပါလား
ဟရို့"

"အေးလေ ... သိပ်ချစ်ပြတတ်နေတယ်"

သူက ပြုံးပြုံးလေးနှင့်မင် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မခံစားဖူးသေးလို့ပါကွာ၊ အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် ညီမျှရင် အကောင်းဆုံး ဆိုပေမယ့် အခြေအနေတွေ ပေးမလာလို့ ရင်ထဲက တိတ်တခိုး ချစ်ရတဲ့ အချစ်လေးကလည်း တစ်မျိုး အဓိပ္ပာယ်ရှိတာပါပဲ ...

သျှမ်းက ငါ့ရဲ့ ပထမဆုံး ရင်ခုန်သံ ဆိုတော့ အရူးအမူးပေါ့"

သူက တမ်းတမ်းတတကြီး ပြောလိုက်လျှင် ဇင်နိုင်နှင့် နောင်နောင်က မနိုင်တော့ဘူး ဟူသော ပုံစံတွေဖြင့် ပခုံးတခါခါ လက်တခါခါ ရှိကြလေသည်။

"ငါ အကြံရပြီကွ၊ မင်းအနေနဲ့ သျှမ်းကို ပါးစပ်က တရားဝင် ချစ်တယ်လို့ ဖွင့်မပြောနိုင်ပေမယ့် ပါးစပ်ကမဲ့ ဖွင့်ပြောနိုင်တဲ့ နည်းလမ်းရှိတယ်"

"အသစ်ပါလား"

"မသိသေးရင်တော့ အသစ်ပေါ့ကွာ၊ ဒီလိုကွ၊ ငါနဲ့ ဇင်နိုင်နဲ့ ဂစ်တာတီးသင်မလို့၊ မင်းပါ လိုက်တက်ပါလား၊ ငါ့အိမ်မှာပဲ ခေါ်သင်မှာ ...

မင်းအသံက ကောင်းတာပဲဟာ၊ မင်းနော် ယောက်ျားလေးတို့ တတ်အပ်တဲ့ ပညာတွေထဲမှာ ဂစ်တာတီးခြင်းလည်း ပါတယ်နော်"

"အဲဒါနဲ့ သျှမ်းနဲ့ ဘာဆိုင်လို့လဲ"





"မင်းက သိပ်ဝေးတာပဲ၊ ကိုယ်ချစ်တဲ့ ကောင်မလေးရဲ့ အိမ်ရှေ့မှာ ဂစ်တာသွားတီးရတဲ့ အရသာကို မင်း မသိသေးပါဘူး ...

ကိုယ် ဘယ်လောက်ချစ်ကြောင်း၊ ဘယ်လိုခံစားရကြောင်း အဲဒါတွေ ပြောပြဖို့ရာ ဒီအတိုင်းကြီး လမ်းမှာ လိုက်ပြောတာထက် ဂစ်တာတီးပြီး သီချင်းဆိုပြရတာက ပိုထိရောက်တယ်ကွ၊ နားလည်လား"

"ငယ်ငယ်တုန်းက ခင်တယ် XX နဲ့ ချစ်ရတဲ့ သူငယ်ချင်း ချစ်သူလေးရယ်"

ဇင်နိုင်က သီချင်းလေး တစ်ပိုင်းတစ်စကို ညည်းပြလိုက်လျှင် သူ့ရင်ထဲ၌ ချက်ချင်းပင် Heart ထိလို့ သွားလေသည်။ လူငယ်သဘာဝ ဂစ်တာလေး တီးခတ်ကာ သျှမ်းကို ရည်ညွှန်းသည့် သီချင်းလေးတွေကို သူလည်း ဆိုချင်လာလေသည်။

"အေး ... ဟုတ်တယ်ကွ၊ သျှမ်းတို့အိမ်ရှေ့မှာ တခြားကောင်တွေ သီချင်းလာဆိုတာ ငါ သဘောမကျဘူး"

ဇင်နိုင်က ဒီလိုမှပေါ့ ဟူသော အထာမျိုးဖြင့် လက်မတစ်ချက် ထောင်ပြကာ ...

"ဒါကြောင့် ငါတို့ နွှဲဖို့လိုတယ်၊ ဂစ်တာအတွက်က မင်း ဘာမှမပူနဲ့၊ ငါ့မှာ နှစ်လုံးတောင်ရှိတယ်၊ နောင်နောင်မှာလည်း ရှိပြီးသား ...



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ညနေပိုင်းလောက် မင်း နောင်နောင့်အိမ်

လာခဲ့"

"အိုကေ ! ... ငါ လာသင်မယ်"

"ဒီလိုမှပေါ့၊ မင်းက သျှမ်းရဲ့ စကားတွေပဲ နားထောင်

တာ၊ ငါကို့ပြောလည်း နားထောင်ဦးမှပေါ့"

ဖင်နိုင်က ရိသဲ့သဲ့နှင့်ဆိုလျှင် သူက အသာပြုံး

ပျော်ရွှင်ကျေနပ်နေခဲ့သည်။ သျှမ်းကို အတိအလင်း ချစ်ရေးဆို

ချစ်သူတွေ ဖြစ်ခွင့်မရသေးသော်လည်း သူမှာ သျှမ်းရဲ့အနား

နေခွင့်ရလျက် သူ့ကို နားလည်အားပေးသော သူငယ်ချင်း

လည်း ရှိသည်။

သျှမ်းကို ဘယ်လောက်ချစ်ကြောင်း အသိပေး

ကြားနိုင်မည့် ချစ်ခြင်းတွေ ပါဝင်နေသေ သံစဉ်ချိုချိုများလည်း

ရှိသည်ဆိုလျှင် သူ့ဘဝက နေပျော်စရာ ကောင်းပါသည်

တိမ်းမူးစွာ တွေးမိခဲ့သည်။

တကယ်တော့ ဘဝဆိုတာ ထင်မှတ်မထား

ကံကြမ္မာအလှည့်အပြောင်းတွေလည်း ရှိတတ်ပါလားဟု အဲဒီတု

ကတော့ မတွေးခဲ့ဖူးသေးချေ။

❤ + ❤







## အခန်း(၄)

သိပ်မကြာသော အချိန်မှာ ကျောင်းတွေ ဖွင့်ခဲ့လျှင် သူရယ်၊ ဖင်နိုင်ရယ်၊ သျှမ်းရယ်က ဆေးတက္ကသိုလ် အတူတက်ခွင့် ရခဲ့ပါသည်။ ကျောင်းသွားလျှင် သျှမ်းက သူ့အိမ်သို့ ဝင်ခေါ်ကာ သူက သျှမ်းရဲ့ကားကို မောင်းပေးလျက် ကျောင်းသို့ အတူသွားကြသည်။ အပြန်ကျလျှင်လည်း သူ့အိမ်မှာ ချပေးတာ



www.burmeseclassic.com

www.burmeseclassic.com



သျှမ်းက လမ်းသင့်သော သူမအိမ်သို့ မောင်းပြန်သွားသည် ... ဟာ ဟနုလ်မှ သောကြာအထိ မရိုးသော သူတို့ရဲ့ ဆုံစည်း ... များသာ ဖြစ်သည်။

ဒီနေ့ အပြန်တွင် သျှမ်းရဲ့ မျက်နှာက ထူးထူးခြား ခြား စူပုပ်နေသဖြင့် သူက ကားကို ဖြည်းဖြည်းမောင်းရင်း ... ငဲ့ကြည့်လျက် ...

"သျှမ်း ဘာလို့ ငြိမ်နေတာလဲ"

"မငြိမ်လို့ က,ပြနေရမှာလား"

အဲဒီလို ဘုတောလျှင် သျှမ်း စိတ်ကောက်နေပြီ ... သူက အတပ်သိလိုက်ပြီ၊ သျှမ်းဟာ စိတ်ကောက်နေလျှင်တော ... ပို၍ ချစ်ဖို့ကောင်းသည်ဟု သူ ထင်သည်။ ပါးဖောင်းဖောင်း ... တွေဟာ ဒေါသကြောင့် တင်းပြောင်နေလျက် နှုတ်ခမ်းထူထူ ... တွေ စူနေပုံမှာ ဘယ်လိုအသည်းယားစရာ ကောင်းမှန်းကို ... ပေ။

သူက ချစ်မြတ်နိုးစွာဖြင့် ပြုံးကြည့်ရင်းမှ ...

"ကော်ဖီဝင်သောက်ဦးမလား သျှမ်း"

"မသောက်ပါဘူး၊ ဘာတွေ လာပြောနေတာလဲ"

"ဟား ... ဘာတွေ စိတ်ကြီးနေတာလဲ သျှမ်းရယ် အလကားနေရင်း ဘာတွေ ကွေးနေပြန်ရတာလဲ"

"အလကားနေရင်း မကွေးဘူး၊ အကြောင်းရှိလို့ ကွေး ... တာ"





"ဟုတ်လား ... အဲဒီအကြောင်းကို ကော်ဖီသောက်ရင်း ပြောပြနော်၊ ရှေ့က ဆိုင်ရောက်ရင် ရပ်လိုက်တော့မယ်"

သူက ရှေ့မှာ လှမ်းမြင်နေရသော ကော်ဖီဆိုင်လေး ရှေ့မှာ ကားထိုးရပ်လိုက်လျှင် သျှမ်းက ဘာမှ အတွန့်မတက် သော်လည်း စူစူပုပ်ပုပ်နဲ့ပဲ ဆင်းလာသည်။

ပန်းမှာ ဝဲကျနေသော ဆံပင်ဖြောင့်ဖြောင့်လေးတွေ ကပိုကရိုနှင့် သျှမ်းသည် ကျောင်းတက်နေရတာမို့ အောင်းဘီတွေ၊ စကတ်အတိုတွေ ဝတ်ခွင့်မရဘဲ စကတ်ထဘီဖြင့်သာ ဣန္ဒြေရရ လှပနေ၏။

တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်လာပြီမို့ ဝိပိပြင်ပြင် လှသွေးတွေ ကြွယ်လာပြီဖြစ်သော သျှမ်းရဲ့အနားမှာ နေရသော သူ့အတွက် ဝင်သက် ထွက်သက်တိုင်းဟာ ပင်တော့ ပင်ပန်းလှလေသည်။

"ကော်ဖီအေးပဲနော် သျှမ်း၊ ရေညှိထမင်းလိပ်ရော စားဦး မလား"

"စားဘူး"

သျှမ်း ဘုတိုက်ပုံကို သူက ဟက်ခနဲ တစ်ချက်ရယ် ကာ ဝိတ်တာလေးကို ကော်ဖီအေး နှစ်ခွက်ဟုသာ မှာလိုက်သည်။ ဒီဆိုင်လေးမှာက အေးအေးဆေးဆေး ရှိလှကာ ချစ်သူစုံတွဲတွေ လာလေ့ရှိတတ်သဖြင့် ဒီလိုမြင်ကွင်းမျိုးက မဆန်းတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ တောက်နေတာလဲ သျှမ်းရဲ့"

ဒီလိုမေးပြီးလျှင် သူ့ကိုယ်သူ ပြန်ခံစားမိသွားတာက သူဟာ သျှမ်းရဲ့ချစ်သူလား ဆိုသည့် ခံစားမှုမျိုးပဲ ဖြစ်လေသည်။ တကယ်တော့ သူနဲ့ သျှမ်းဟာ ချစ်သူတွေဟု မပြောရုံ တမယ် တစ်ယောက်ရဲ့ ရင်ထဲကို တစ်ယောက်က လှမ်းမြင်နေသူတွေပဲ ဖြစ်၏။

တစ်ယောက်နှင့် တစ်ယောက် ကြည့်ကြသော အကြည့်တွေမှာ နက်ရှိုင်းမှုတွေ ပါဝင်နေတာကို ကာယကံရှင်တွေ မပြောနှင့် အေးလူတွေတောင် ရိပ်မိလေသည်။ ဖင်နိုင်ကတော့ သူတို့နှစ်ယောက်ကို ဝေဖန်သည်မှာ ...

"မင်းတို့နှစ်ယောက်ကကွာ ရည်းစားလို့ နာမည်တပ်ဖို့ပဲ ကျန်တော့တဲ့ အခြေအနေပါ၊ ပြောပုံဆိုပုံတွေက အရမ်းငြိနေကြတာ သိပ်သိသာတယ် ...

မင်းကလည်း ဖွင့်မပြောရုံတမယ်၊ မင်းအကြည့်တွေက ဖွင့်ပြောတာထက်တောင် လွန်နေသေးတယ်၊ သျှမ်းကလည်း အဖြေပေးမထားတာကလွဲရင် မင်း တောင်မလေး အတိုင်းပါပဲ ...

မင်းစိတ်ကိုအဲဒီလောက်ကြီးလည်း လှည့်စားမနေစမ်းပါနဲ့ကွာ၊ ပင်ပန်းပါတယ်"

ဟူ၍ ဖြစ်လေသည်။ မိန်းကလေးချင်း ဖြစ်သော ရှင်မိကတော့ သူ့ကို ပွင့်ပွင့်လင်းလင်း ဝေဖန်သည်မှာ ...





"နင်က သျှမ်းကို ညှဉ်းဆဲနေတာ"

တဲ့ ...။ သူက အဲဒီစကားတွေကို ပြန်လည်ကြားယောင်ရင်း သျှမ်း မသိအောင် သက်ပြင်းတစ်ရှိုက်ကို ခိုးချမိလေသည်။ လောလောဆယ်မှာတော့ သျှမ်းရဲ့မျက်နှာ ညှိုးနေတာကို သူ မကြည့်ရက်နိုင်ချေ။

"သျှမ်း ... အဲဒီလိုကြီး စကားမပြောဘဲနဲ့ မနေနဲ့ကွာ၊ ဘာဖြစ်နေတာလဲ ... ပြောပြ"

"ဘာဖြစ်ရမှာလဲ၊ နင် မနေ့က ဘယ်သူ့အိမ်ရှေ့ ဂစ်တာသွားတီးလဲ"

"မနေ့က ! ... မနေ့က တီးတော့ တီးတယ်၊ ဘယ်သူ့အိမ်ရှေ့မှန်းတော့ မသိဘူး၊ ဖင်နိုင်တို့ ခေါ်လို့ပါဟ"

"ငါ့ကို လာရှိုးမနေနဲ့နော်၊ ဒီနေ့ ကလပ်စ်ထဲမှာ ယုမာက ကြွားနေတာ၊ နင် မနေ့ညက သူတို့အိမ်ရှေ့ကို ဂစ်တာလာတီးလို့တဲ့၊ ဒါတင် မကသေးဘူး၊ မနေ့ညနေက ငါလာတော့ နင် အိမ်မှာမရှိဘူး၊ ဘယ်သွားနေလဲ ... ပြော ...

ညာဖို့တော့ လုံးဝစိတ်မကူးနဲ့၊ ငါက သိပြီးသား၊ ဒါပေမဲ့ နင့်ပါးစပ်က ဖွင့်ပြောတာကို လိုချင်တာ"

သူက တရားခံစစ် စစ်သလို စစ်နေသော သျှမ်းရဲ့ မျက်နှာလေးကို ငေးကာ ပြုံးစိစိနှင့်ပင် သျှမ်း ဘာကို စိတ်ကောက်နေသလဲ ဆိုတာကို တရေးရေး သိမြင်၍ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အော် ... မနေ့က ငါ ဂိုက်ဒ်လုပ်ပေးတဲ့ ကောင်မလေးက ငါငှားတဲ့ စာအုပ်ဆိုင်မှာ ငှားချင်လို့ ဆိုတာနဲ့ ဆိုင်ရှင်နဲ့ သိသွားအောင် လိုက်မိတ်ဆက်ပေးတာပါဟာ၊ ဘာမှ မဟုတ်ပါဘူး ...

ပြီးတော့ ယုမာကို ဂစ်တာသွားတီးတာလည်း မဟုတ်ရပါဘူး၊ ယုမာတို့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်က ကောင်မလေးကို ဇင်နိုင်က လိုက်နေတာဟ၊ မယုံရင် ဇင်နိုင့်ကို ဖုန်းဆက်မေးကြည့်ပါလား ...

တကယ်ပါဟာ၊ ငါက ဘာကိစ္စ ယုမာကိုများ ဂစ်တာသွားတီးရမှာလဲ၊ နင်ကလည်း ချင့်ယုံစမ်းပါ"

သူက သေချာရှင်းပြလိုက်လျှင် သျှမ်းရဲ့မျက်နှာလေးက နည်းနည်းတော့ ကြည်လင်၍ လာသည်။ သို့သော် အားရ ကျေနပ် မတွေ့သေးဘဲ မဲ့ကာရွဲ့ကာနှင့်ပင် ...

"ထားပါတော့ ယုမာကိစ္စက၊ ဟိုကောင်မလေးနဲ့က ဘာကိစ္စ စာအုပ်ဆိုင်ကို လိုက်ပို့ရလဲ၊ စာအုပ်ငှားတာ ဘယ်သူပဲဖြစ်ဖြစ် ငှားလို့ရတာပဲ ...

ငါ မြင်ပါတယ်၊ နင့်ကို ဆိုင်ထဲမှာလည်း တွန်းတိုးရိုက်ပုတ်ပြီး ရယ်လား မောလားနဲ့၊ အသံကလည်း ဖြာတက်နေတာ၊ လူကလည်း ဆပ်စလူးစိန်၊ အရမ်းကဲတာပဲ၊ နင်က ဒါတွေကို ကျိတ်ကြွေနေတာပေါ့လေ၊ ဟုတ်လား"





"မဟုတ်ရပါဘူးဟာ၊ ငါ ဂိုက်ဒ်လုပ်နေတဲ့ ကောင်မလေးကို ငါက ကြွေစရာလား"

"သိဘူးလေ၊ အချစ်နှင့်သူ၏ကိုကိုများ ဖြစ်နေမလားလို့ပေါ့"

မေးစေ့ကို လက်နှင့်ထောက်ကာ ရွဲ့ပြောနေသော သျှမ်းရဲ့အိုက်တင်လေးကို သူက အသည်းယားစွာနှင့် အဲဒီလက်ကလေးကို အအေးခွက်နှင့် သွား၍ဖိကပ်ပစ်လိုက်လေသည်။

"ဟဲ့ ... ပလုတ်တုတ်၊ အေးလိုက်တာ၊ ကြည့်စမ်း ... အစုတ်ပလုတ် ဗိုင်၊ နင်နော် ... ငါ့ကို အကဲစမ်းနေတာပေါ့လေ၊ ဟုတ်လား"

"မစမ်းရဲပါဘူး ကျောင်းအစ်မရယ်၊ စိတ်မဆိုးပါနဲ့ဟာ၊ အဲဒီကောင်မလေးကို ငါ ဘာစိတ်မှ မရှိပါဘူး၊ တကယ်ပြောတာပါဟာ၊ ငါ့ကို ယုံစမ်းပါ"

"မယုံပါဘူး"

"ယုံပါ သျှမ်းရာ၊ ငါ ... ငါလေ ... နင်ကလွဲပြီး ..."

သူက ဘာဆက်ပြောရမယ်မှန်း မသိစွာနှင့် ထစ်အလျှင် သျှမ်းက ဒိုင်းခနဲ မျက်စောင်းထိုးလျက် ...

"နင်ကလွဲပြီး ဘာဖြစ်လဲ ... ပြော"

"နင်ကလွဲပြီး ဘယ်သူ့ကိုမှ မခင်ပါဘူးလို့။ အဲဒါတွေက အပေါ်ယံတွေပါ သျှမ်းရယ်၊ ကျေးဇူးပြုပြီး တစ်ခုကိုတော့ နင် ယုံထားပေးစမ်းပါ ...



www.burmeseclassic.com

www.burmeseclassic.com



နင်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ ငါ ဂရုမစိုက်ဘူး။ သိလား သျှမ်း"

သူက ခိုင်ခိုင်မာမာနှင့် တိတိကျကျ ပြောလိုက်လျှင် သျှမ်းရဲ့မျက်နှာလေးက ပန်းရောင်လွှမ်းကာ ပြန်လည်ကြည်လင်တောက်ပလာခဲ့သည်။ ဒီတော့မှ သူလည်း အသက်ကို ဝဝလင်လင် ပြန်ရှူရကော့တာ ဖြစ်လေသည်။

သျှမ်းက သူ့ကို အရည်လဲ့ဖြာသော မျက်လုံးတွေဖြင့် စိုက်ကြည့်လာပြီးလျှင် ...

"နင်က နားလည်ရခက်တဲ့ ယောကျ်ားတစ်ယောက်ပဲနော်"

သူက ဟုတ်ပါတယ်၊ မဟုတ်ပါဘူး ပြန်ပြန်ဖြေရမှန်းမသိ ဖြစ်နေတုန်းမှာပဲ သျှမ်းက ကော်ဖီတွေကို ပိုက်တံလေးဖြင့် မွှေနှောက်လှည့်ပတ် ဆော့ကစားရင်း ထပ်၍ ပြောလာသေးသည်။

"ဒါပေမဲ့ အရာတိုင်းမှာ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိတယ် ဝိုင်၊ အချိန်ကျရောက်လာရင် ဘာနဲ့မှ လွှဲဖယ်လို့ မရနိုင်ဘူး ...

အဲဒီ အချိန်တစ်ခုကိုပဲ ..."

သျှမ်းက ထိုစကားကို မဆက်တော့ဘဲ သူ့ကို မျက်လုံးလှန်ကြည့်လိုက်လျှင် သူ့ရင်ထဲ အေးခနဲပင် ဖြစ်သွားရလေသည်။ အဲဒီစကား၏ အဓိပ္ပာယ်ကို သျှမ်းရဲ့မျက်ဝန်းတွေက အဖြေပြောပြနေသလိုပဲ ဖြစ်သည်။ ပြီးတော့ သူ့အပေါ်ထားသည့်





သျှမ်းရဲ့သဘောထားကိုလည်း အတိအလင်း သိခွင့်ရလိုက်ခြင်းလည်း ဖြစ်၏ပါသည်။

အဲဒီနေ့က အပြန်တွင် သျှမ်းက သူ့ကို ကားမမောင်းစေဘဲ သူမဘာသာမောင်းလျက် သီချင်းတစ်ပုဒ်တည်းကိုသာ Repeat လုပ်ထားပြီး ခပ်တိုးတိုး လိုက်ဆို၍ တိတ်တဆိတ် ကားမောင်းနေခဲ့သည်။

"စောင့်မျှော်နေသူငါ... စိတ်ကူးယဉ်နေသူပါ.., မင်းလေးပြောမယ့်

စကားတွေ မင်း သိမ်းမထားနဲ့တော့ ...

အဖြူရောင်အချစ်တွေ ဆိုမှာလား... အချိန်တိုင်း မျှော်နေနိုင်မလား ... "

အသည်းလေးကွဲမယ့်အဖြစ်တွေ ...မပေးသွားပါနဲ့ သူငယ်ချင်းရယ်"

အဲဒီအချိန်မှာ သူဟာ သျှမ်းရဲ့အနားမှာ ဘယ်လိုနေရမှန်းတောင် မသိတဲ့ဘဝ ဖြစ်သည်။ ထိုတစ်ခဏ၌ တွေးမိသည်မှာ မိန်းကလေးတစ်ယောက်ကို မျှော်လင့်ချက်တွေပေး၍ ညှဉ်းဆဲနေရာများ ရောက်နေပြီလား ...။ သူ တရားမှ တရားရဲ့လားဟူ၍ ဖြစ်လေသည်။

သူ့အတွက်ကတော့ သျှမ်းရဲ့ မျက်နှာလေးကို အနီးကပ် မြင်ခွင့်ရလျက် တိတ်တခိုး ချစ်နေရလျှင် ပြီးပြည့်စုံပြီဟု သတ်မှတ်ထားခဲ့သော်လည်း အဲဒီ သတ်မှတ်ချက်ဟာ သျှမ်းအတွက်တော့ တရားပါရဲ့လားဟု စိုးရိမ်စွာ တွေးထားခဲ့ရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာလာလျှင် သူတို့ အခြေအနေတွေဟာ ပိုကောင်းဖို့ ရှိမလာနိုင်ဘဲ ပိုဆိုးဖို့များ ဖြစ်လာလေမလား။ အင်မတန်နုနယ်သော နှလုံးသားတွေကို ဦးနှောက်ကြီးကြီးနှင့် ထိန်းချုပ်ထားရသည်မှာ အတော်တော့ ရင်နာစရာကောင်းသည့် ဖြစ်ရပ်ပဲ ဖြစ်တော့သည်။

❤ + ❤





သျှမ်းက အိမ်ရှေ့သို့ ကားရပ်ပေးအပြီး ခေါင်းညိတ်ဆက်ပြပြီး ထွက်သွားလျှင် သူက လက်ပြပြီး အိမ်ပေါ်သို့ ...တက်လာခဲ့သည်။ ခါတိုင်းဆိုလျှင် မေမေက သူ ပြန်ရောက် ...တိုင်း အိမ်ရှေ့မှာ ထွက်ကြိုနေကြ ဖြစ်သော်လည်း ဒီနေ့တော့ ...နေချေ။

မေမေ အပြင်များ သွားနေသလား။ မေမေဟာ ...မှလဲ သိပ်သွားလေ့သွားထ ရှိတဲ့သူ မဟုတ်ချေ။ သားအမိ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆောက်တည်း ရှိတော့သည့် ဘဝတွင် မေမေက သူ့ကိုမျက်စိအောက်မှ အပျောက်မခံနိုင်အောင် ချစ်လှသလို၊ သူကလည်း အမေမှ မေမေ။

အခုလည်း အပြင်က ပြန်ရောက်လာလာချင်း မေမေ့ကို ချက်ချင်းမတွေ့ရလျှင် သူ့ရင်မှာ တစ်ခုခု လိုသလို ခံစားသွားရသေးသည်။

"မေမေ … သား ပြန်ရောက်လာပြီ"

ထင်သည့်အတိုင်း အသံမြှုရင်း မေမေရဲ့ အခန်းတံခါးဝသို့ သွားရပ်ကြည့်လိုက်လျှင် မေမေ့ကို အိပ်ရာပေါ်မှာ လှဲနေတာကို တွေ့ရလေသည်။ သူက မေမေ့အနားသို့ ချက်ချင်းတိုးကပ်သွားကာ စိုးရိမ်စိတ်ဖြင့် …

"မေမေ နေမကောင်းဘူးလားဟင်"

"သြော် … အင်း၊ သားတောင် ပြန်ရောက်လာပြီ"

မေမေက လှဲနေရာမှထကာ သူ့မျက်နှာလေးကို လှမ်းကိုင်လျက် သူက မေမေ့ရဲ့ လက်လေးကို ဆုပ်ကိုင်ရင်း …

"ဘာဖြစ်လို့လဲ မေမေ၊ နေမကောင်းဘူးလား"

"အင်း … ကိုယ်လက် မအီမသာ ဖြစ်လို့ပါ သားရယ်၊ ရာသီဥတုက မကောင်းတော့ နေလို့ထိုင်လို့ မကောင်းချင်တာပါ"

"အဖျားသွေးရှိလား မေမေ"





သူက ပါးစပ်မှလည်း မေးရင်း နဖူးတွေ၊ ပါးတွေကို စမ်းကြည့်လိုက်လျှင် ကိုယ်ပူတာမျိုးတော့ မတွေ့ရပါ။

"ဖျားတော့ မဖျားပါဘူး၊ အခု ဘယ်လိုနေလို့လဲ မေမေ၊ ဆေးခန်းသွားမလားဟင်"

"သြော် … မသွားပါဘူး သားရယ်၊ မေမေ့သား တစ်ယောက်လုံးရှိနေတာ ဆေးခန်းသွားစရာလား၊ ကဲ… ကဲ… မေမေ နေကောင်းပါပြီ …

သားရော ဒီနေ့ ကျောင်းမှာ အဆင်ပြေရဲ့လား၊ ဘာတွေ ထူးခြားသေးလဲ"

မေမေက မေးရိုးမေးစဉ်မပျက် မေးလိုက်လျှင် သူကသည်း တစ်နေ့တာ ဖြစ်ပျက်သမျှ၊ ကြုံသမျှတို့ကို စီကာပတ်ကုံးပြောပြတော့သည်။ သို့သော် ဒီနေ့အဖို့ သျှမ်းနှင့် ပတ်သက်သမျှသော ခံစားချက်တို့ကိုတော့ ထည့်မပြောပြဖြစ်ချေ။

"သျှမ်းနဲ့ရော အဆင်ပြေရဲ့လား သား"

သူက မပြောသော်ငြားလည်း မေမေက သတိတရနှင့် မေးလာလျှင် သူ့မှာ မဖြေ၍ မရတော့။

"ပြေပါတယ် မေမေ"

"အင်း … တကယ်တော့ မေမေ့အနေနဲ့ သားကို သျှမ်းရဲ့ကားနဲ့လိုက်တာ သိပ်သဘောတူတာယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ သျှမ်းက သူ့ဟာသူသွားလည်း ဒီအိမ်ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားရတာပဲ ဆိုတော့ မထူးပါဘူးဆိုပြီး ဘာမှမပြောတော့တာ ...

သျှမ်းနဲ့ သားရဲ့ အခြေအနေကရော"

"သားတို့က သူငယ်ချင်းပါ မေမေ"

မေမေက သူ့မျက်နှာကို တစ်ခဏမျှ ငေးကြည့်လျက် တစ်ခုခုကို ချီတုံချတုံဟန် ဖြစ်နေလျှင် မေမေ့မှာ ပြောစရာတစ်ခုခု ရှိနေပြီမှန်း သူ ချက်ချင်း သဘောပေါက်လိုက်သည်။

"မေမေ သားကို တစ်ခုခုများ ပြောစရာရှိလို့လားဟင်"

"အင်း ...၊ ပြောစရာရှိတယ်တော့ မဟုတ်ပါဘူး၊ ပြောပြစရာရှိတယ်၊ မနက်က သျှမ်းရဲ့မေမေ အိမ်ကိုလာသွားတယ် သား"

"ဗျာ ! ... သျှမ်းရဲ့မေမေ လာသွားတယ်"

သူက အံ့သြစိတ်ဖြင့် မေမေ့ စကားကိုတောင် သံယောင်လိုက်မိလေသည်။ မေမေက သူ ဖြစ်သွားပုံကို သနားကြင်နာသော မျက်လုံးများဖြင့် ငေးကြည့်လာလျက်မှ ...

"တကူးတက လာတာတော့ မဟုတ်ပါဘူး၊ လမ်းကြုံလို့ မေမေနဲ့လည်း မတွေ့တာကြာလို့ ဝင်နှုတ်ဆက်တာပါလို့တော့ ပြောတာပဲ"

"ဘာ ... ဘာတွေ ပြောသွားလို့လဲ မေမေ"





"စကားအလှတွေ ဘယ်လိုပဲ သုံးပြောပြော လိုရင်းအဓိပ္ပာယ်ကတော့ တစ်ခုတည်းပဲပေါ့ သားရယ်၊ သူ့မှာ သမီးမိန်းကလေး ချောချောလေး မွေးထားတော့ ရတက်မအေးရတဲ့အကြောင်း၊ ခုခေတ်မှာ ဒီလို ဉစ္စာပေါ ရုပ်ချော ပညာတတ် မိန်းကလေးမျိုးကို သိက်တူးချင်တဲ့ လူတွေကလည်း အများကြီးပဲပေါ့ ...

သားက အနီးကပ် စောင့်ရှောက်နိုင်လို့ တော်သေးတယ်ပေါ့ ...

တစ်သက်လုံး မောင်နှမတွေလို စိတ်ထားပြီး စောင့်ရှောက်နိုင်ရင် အကောင်းဆုံးပဲပေါ့တဲ့ ...

သျှမ်းကိုလည်း ပိုးပန်းသူတွေ တအားများတော့ မတော်တာတွေနဲ့ ဖြစ်မှာစိုးလို့ ခုတည်းက သင့်တော်မယ့်သူလည်း ကြည့်ထားပြီပေါ့ ...

စိတ်အေးရအောင် ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမှာပေါ့၊ မေမေ့ကိုတော့ သားလိမ္မာလေး မွေးထားလို့ အားကျတယ်ပေါ့ ...

အဲဒါတွေပါ သားရယ်၊ ဒါပေမဲ့ ဘာကို ဆိုလိုချင်လဲ သား သိမှာပါ"

သူက သွေးကြောထဲမှသွေးတွေ တဖျစ်ဖျစ် မြည်လာအောင်ပင် ခံစားရလျက် အတန်ကြာ နှုတ်ဆိတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်တူရွယ်တူချင်း ဖွဲ့တည်တဲ့ သံယောဇဉ်၊ ဖြိုးတော ကောင်းမွန်တဲ့ အကျင့်စာရိတ္တ၊ ဆရာဝန်တစ်ယောက်ဆိုတဲ့ အရည်အချင်းနဲ့တင် သူတို့က မရောင့်ရဲနိုင်အူးနဲ့ တူပါ တယ် သားရယ် ...

နောက်ခံအသိုက်အဝန်း၊ ငွေကြေးဥစ္စာတွေ ပေါ်လျှ နေမှ ကြည်ဖြူချင်ကြတာ နေမှာပေါ့၊ မေမေ့လို ရိုးရိုးလ စား ဝန်ထမ်းတစ်ယောက်ရဲ့သားကို ဘယ်လက်ခံချင်ပါ မလဲ ...

သူငယ်ချင်းအဖြစ် ကြည်ကြည်ဖြူဖြူ ပေါင်းခွင့် ပေးထားတာကိုပဲ ကျေနပ်စရာ ကောင်းနေပါပြီ သား ရယ်"

"မေမေရယ်"

သူက မေမေ့ကို သနားခြင်းကြီးစွာဖြင့် မွေ့ဖက်မိ လျှင် မေမေက သူ့ကို အားပေးနှစ်သိမ့်လာလေသည်။

"သားအတွက် မေမေ စိတ်မကောင်းပါဘူးကွယ်၊ ငါ့သား လေးရဲ့ ဦးဦးဖျားဖျား သံယောဇဉ်တွေ ဒီလိုမလှမပ ချု သိမ်းရမှာကိုလည်း မေမေ မမြင်ချင်ပါဘူး ...

ဒါပေမဲ့ လူဆိုတာ ဓာနရှိရတယ် သား၊ တစ်နေ့နေ့ မှာ သားကို တန်ဖိုးထား ချီးမြှောက်တဲ့ အသိုက်အဝန်း တစ်ခုလည်း ရှိကို ရှိလာမှာပါ"





သူက မေမေ့ရဲ့ စကားကို မချိတင်ကဲ ပြုံးမိသည်။

ဘာကမှာ ငွေကြေးတွေ၊ ရာထူးအရှိန်အဝါတွေဟာ အဲဒီလောက် ဘောင် အရေးပါသတဲ့လား။

စစ်မှန်တဲ့ မေတ္တာတရားနဲ့ ရိုးသားတဲ့ ကိုယ်ကျင့် တရားကိုကျတော့ ဘယ်သူမှ ကြိုက်ဈေးပေး မဝယ်ကြတော့ဘူး လား မသိပေ။

သို့သော် သူက ဆုံးဖြတ်ချက် တစ်ခုကို ယတိပြတ် ချကာ မေမေ့ကို စိတ်ချမ်းသာစေလိုက်ပါသည်။

"စိတ်ချပါ မေမေ၊ သား မေမေ စိတ်ဆင်းရဲအောင် ဘယ် တော့မှ မလုပ်ပါဘူး"

အဲဒီအတွက် မချစ်ရသေးသော နှလုံးသားတွေလည်း ကွဲချင် ကွဲပါစေတော့။

❤ ✣ ❤



www.burmeseclassic.com



## အခန်း(၅)

အခုတလောတွင် မေမေဟာ အတော်ချူချာသဖြင့် သူက စိတ်ဖြောင့်လက်ဖြောင့်တောင် ကျောင်းမသွားနိုင်ချေ။ တစ်ခါတလေ သူ့ဟာသူ တစ်ယောက်တည်း ကျိတ်နေရင်း နေတာမို့ သူက အားမလို အားမရဖြစ်ကာ မေမေ့ကို Medical check-up လုပ်ကြည့်ဖို့ တိုက်တွန်းသည်။





သို့သော် မေမေက ခေါင်းမာစွာဖြင့်ပင် ...

"အဲဒီလောက် မလိုပါဘူး သားရယ်၊ Medical check-up လုပ်တယ်ဆိုတာက ပိုက်ဆံအရမ်းကုန်တာ၊ မေမေ သက်သာနေပါပြီ သားရဲ့"

"ဪ ... လက်ပူတိုက် ကုလိုက်ရင်တော့ သက်သာတာပေါ့ မေမေရယ်၊ ဘာဖြစ်နေသလဲ ဆိုတာက check-up လုပ်ကြည့်မှ သိရမှာပေါ့"

"အင်းပါ သားရယ်၊ နောက်တော့ လုပ်တာပေါ့၊ အဲဒီလောက် မလိုသေးပါဘူး"

ဒီလိုနှင့် နေ့ရွှေ့ ညရွှေ့ကာ ဘာစစ်ဆေးမှုမှ မလုပ်ခဲ့။ သူကလည်း မေမေ စိတ်မပါသဖြင့် ဇွတ်ကြီးမတိုက်တွန်းခဲ့ချေ။ တစ်နေ့မှာတော့ သူ ကျောင်းက ပြန်အရောက်လာတွင် ထိတ်လန့်ဖွယ် သတင်းတစ်ခုက စောင့်ကြို၍ နေခဲ့သည်။

သူက သျှမ်းရဲ့ကားပေါ်မှ ဆင်းဆင်းချင်းတွင် ဘေးအိမ်မှ အန်တီဝင်းက ချက်ချင်းရောက်လာကာ ...

"ပိုင်ရေ ... မင်းမေမေ ဆေးရုံတင်ထားရတယ် သားရဲ့"

"ဗျာ ... အန်တီဝင်း၊ ဘာပြောလိုက်တယ်၊ မေမေ ဆေးရုံမှာ၊ ဟုတ်လား အန်တီ"

ချက်ချင်းပင် မြွေပေါက်ခံလိုက်ရသလို ခံစားရလျက် သူ့တစ်ကိုယ်လုံး ပြာကာ တုန်တက်သွားလေသည်။ သျှမ်းပင်လျှင် စိုးရိမ်တကြီးနှင့် ကားစက်ရပ်ကာ ကားပေါ်မှ ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း မစိုးရိမ်ပါနဲ့၊ အခြေအနေ ကောင်းပါတယ်"

အခြေအနေ ကောင်းပါတယ်လို့ ဘယ်လိုပဲဆိုဆို ဆေးရုံမှာ ဆိုသော အဖြစ်သည် သူ့ကိုတော့ တုန်လှုပ်ချောက်ချား စေလေသည်။ သူ ထူပူနေတာကို သိသော သျှမ်းက သူ့ကိုယ်စား လိုအပ်တာတွေကို ဝင်မေးပေး၍သာ တော်တော့သည်။

"ဘယ်ဆေးရုံမှာလဲ အန်တီ၊ ဘာဖြစ်လို့လဲ၊ ဆေးရုံကို ဘယ်သူတွေ ပို့ပေးတာလဲ"

"သူ့မိတ်ဆွေတွေလို့ ပြောတာပဲ၊ သင်းသင်းနဲ့လည်း တော်တော်ရင်းနှီးပုံ ပေါက်တယ်၊ အန်တီကတော့ မမြင်ဖူး ဘူး၊ အဲဒီက ပါလာတဲ့ မိန်းကလေးက အန်တီသင်းကို ဆေးရုံတင်ရမယ်၊ SSC မှာ တင်မယ် ...

သူ့သားရောက်လာရင် ပြောပြပေးပါလို့ မှာခဲ့တာ ပဲ"

သူက ခေါင်းပူလာအောင်ပင် မေမေ့ရဲ့ မိတ်ဆွေ ဆိုသူများကို စဉ်းစားမိသည်။ သူ့အာရုံထဲတွင် ဘယ်သူမှ ပေါ်မ လာချေ။ ဘယ်သူတွေကမှုား သူတို့သဘောနှင့် သူတို့ မေမေ့ကို ဆေးရုံတင်လိုက်ကြပါလိမ့်။

"ဝိုင် ... ငါတို့ SSC ကို လိုက်သွားရအောင် ... လာ"

သျှမ်းက ကားမောင်းလျက် သူကတော့ ကျောက်ရုပ် တစ်ရုပ်လို ငြိမ်သက်တောင့်တင်းနေလျှင် ဖွိုင့်အမိဋ္ဌ သျှမ်းက သူ့လက်မောင်းတစ်ဖက်ကို လာရောက်ဆုပ်ကိုင် ဖေးမကာ –





"သိပ်လည်း စိတ်ပူမနေပါနဲ့ ဝိုင်ရယ်၊ နှင့်ဘေးမှာ ငါတစ် ယောက်လုံး ရှိပါသေးတယ်"

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ဟာ အားကိုး စွယ်ဟု ဆိုလျှင် ဒီအချိန်မှာတော့ သျှမ်းဟာ သူ့အတွက် အဖော် တစ်ယောက် ဖြစ်၍နေလေသည်။

"ငါ စိုးရိမ်လိုက်တာ သျှမ်းရာ"

"ဘာမှ မစိုးရိမ်ပါနဲ့၊ ဆေးရုံမှာဆိုတော့ အစစအရာရာ စိတ်ချရမှာပါ"

ဒါလည်း ဟုတ်သား။ စိုးရိမ်စရာ အခြေအနေ ရှိခဲ့ လျှင်တောင် ဒီအချိန်မှာ မေမေ့အတွက် အကောင်းဆုံး ဖြစ်နိုင် သိမ့်မည်။ ရင်တမမနှင့်ပင် SSC သို့ ရောက်လာခဲ့လျှင် ရီဆပ်ရှင် မှာ အခန်းစုံစမ်းခြင်းတို့ကို သျှမ်းက တောက်လျှောက် လုပ်သွား သည်။

ဒီလိုနှင့် မေမေ ရှိနေသော အခန်းသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွားခဲ့ပါသည်။

"မေမေ"

"ဟော ... သား လာပြီ"

အစိုးရိမ်ကြီး စိုးရိမ်ခဲ့ရသော မေမေ့ဟာ ခုတင်ပေါ် မှာ လဲလျောင်းနေလျက် အနည်းငယ် နွမ်းလျနေပုံမှအပ တခြား စိတ်ပူဖွယ်ရာ မတွေ့ရချေ။ သူ့ကိုလည်း အပြုံးနွမ်းနွမ်းနှင့် နှုတ် ဆက်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"[illegible] _ ဘယ်လိုဖြစ်ရတာလဲ မေမေရယ်"

သူက မျက်ရည်အဝဲသားနှင့် စိတ်ပူတုန်လှုပ်စွာ ဆိုမိသည်။ သူ့ဘဝတွင် ဖေဖေ့ကို ဆုံးရှုံးပြီး ဖြစ်သဖြင့် မေမေ့ကို ထပ်အဆုံးရှုံးခံဖို့ ဆိုတာ ဘယ်လိုမှ မတွေးရဲသော ကိစ္စတစ်ခုပဲ ဖြစ်သည်။

မေမေက သူ စိတ်ပူနေတာကို နှစ်သိမ့်ဟန်ဖြင့် ရွှင်ရွှင်လန်းလန်း ပြုံးရယ်ကာ ...

"နှမကျောင်း ဖြစ်တာပါ သားရယ်၊ အခု သက်သာသွားပါပြီ၊ ဗိုက်အရမ်းအောင့်လာတာနဲ့ ဟောဒီက မေမေ့မိတ်ဆွေတွေက ဆေးရုံပို့ပေးလိုက်တာပါ၊ ဒီ အန်တီကိုကြည့်စမ်းသား၊ သား မှတ်မိလား"

မေမေ့ စိတ်တစ်ခုနှင့် ပတ်ဝန်းကျင်ကို ဂရုမထားမိခဲ့သော သူဟာ မေမေ ပြောတော့မှပင် မေမေ့မိတ်ဆွေ ဆိုတာတွေကို သေချာကြည့်မိတော့သည်။ ပထမဆုံး သူ့မျက်လုံးထဲ ဝင်လာတာက ပန်းနုရောင် ပြေးနေသည့် အသားအရေနှင့် ချောမောကျက်သရေရှိသော အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ မေမေနှင့်ရွယ်တူ သို့မဟုတ် အနည်းငယ်သာ ပိုကြီးပုံရမည့် ထိုအန်တီကြီးဟာ သူ့ကို ဖော်ရွေရင်းနှီးစွာ ပြုံးပြနေ၏။

သူက အားနာသဖြင့် အလိုက်သင့် ပြုံးပြလိုက်ရသော်လည်း ဘယ်လိုမှ မမှတ်မိချေ။





"သူ ဘယ်မှတ်မိဦးမလဲ သင်းရဲ့၊ အဲဒီအချိန်တုန်းက သူ ငါးနှစ် ခြောက်နှစ်ပဲ ရှိဦးမှာပေါ့"

"ဟုတ်တယ်၊ အဲဒီတုန်းက သားက သူငယ်တန်းဖြေပြီး ခါစလေ၊ သား ... ဒါ သားဖေဖေရဲ့ ဆရာကတော်၊ မေမေတို့နဲ့ ဆွေမျိုးလို နေခဲ့တဲ့ မမသူဇာပေါ့၊ သားကို မေမေ ပြော,ပြောပြနေတဲ့ အန်တီသူဇာလေ ...

သား ငယ်ငယ်လေးတည်းက အန်တီသူဇာတို့က အင်္ဂလန်ကို အပြီးပြောင်းသွားတာ၊ ဒါက အန်တီသူဇာရဲ့ သမီးလေ။ မမလှဇာတုကြည့်တဲ့ ...

သားထက် ခုနစ်နှစ် ရှစ်နှစ်လောက် ကြီးတယ်"

သူက အန်တီသူဇာရဲ့ နံဘေးမှာ လက်ပိုက် မတ်တက်ရပ်နေသော အမျိုးသမီးထံ စောင်းငဲ့ကြည့်လိုက်လျှင် သူမက သူ့ကို အသိအမှတ်ပြုသလို ခေါင်းတစ်ချက် ဆတ်ပြသည်။ ထောင့်စွန်းလေးတွေတင် ကွေးသလိုရှိသော နှုတ်ခမ်းတို့ဟာ ပြုံးသလိုလို မပြုံးမလိုလိုနှင့် တစ်မျိုးအဓိပ္ပာယ်ရှိသည်။

သူ့ထက် ခုနစ်နှစ် ရှစ်နှစ်မျှ ကြီးသည်ဆိုသော သူမဟာ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါး ပတ်ဝန်းကျင်ပေါ့။ သို့သော် [illegible]လန်မှာ အနေကြာလာသူပီပီ ခေတ်မီကြော့ရှင်းသော ပုံစံကြောင့် [illegible]သက်အရမ်းကွာသည်ဟု မထင်ရချေ။ ဒါပေမဲ့လည်း မျက်နှာက [illegible] အထူးရင့်ကျက် တည်ငြိမ်၍ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်က ဆေးတက္ကသိုလ်တောင် တက်နေရပြီဆိုတော့ ဆော်တာပေါ့၊ ဆက်ကြိုးစား သားရေ၊ နောက်ကျရင် ဟို မှာ ကျောင်းဆက်တက်လို့ရအောင် အန်တီ အများကြီး ကူညီပေးမယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

သူက အလွန်ဖော်ရွေ ရင်းနှီးဟန်ရှိသော အန်တီ သူဇာ ဆိုသည့် အမျိုးသမီးကြီးကို ချက်ချင်းပင် ခင်မင်သွားရ သည်။ မေမေက အခုမှ သျှမ်းကို သတိထားမိဟန်ဖြင့် ...

"ဪ ... သျှမ်းရော ပါလာတာကိုး၊ အားနာစရာ သမီး ရယ်"

"ရပါတယ် အန်တီ၊ သျှမ်းက အန်တီ့အတွက် စိုးရိမ်နေ တာပါ"

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ အန်တီ ထင်တော့ထင် တယ်၊ ကျောင်းက ပြန်လာချိန်ဆိုတော့ သျှမ်းရော ပါလာ မှာပဲလို့ ...

မမသူဇာ ... ဒါက သားရဲ့သူငယ်ချင်းမလေးလေ သူတို့က တစ်ကျောင်းတည်းဆိုတော့ အိမ်လည်းနီးတော့ အတူသွား၊ အတူပြန်ပေါ့ ...

သျှမ်း ... ဒါ အန်တီ့မိတ်ဆွေဟောင်းတွေ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်"





"အေး ... အေး၊ ဝိုင့် သူငယ်ချင်းကလည်း ချစ်စရာလေးပဲ"

"သားရေ ... သားတို့ ပြန်ရင် ပြန်တော့လေ၊ မေမေ့ အခြေအနေက စိုးရိမ်စရာ မရှိပါဘူး၊ တော်ကြာ သျှမ်းရဲ့ မေမေက စိတ်ပူနေဦးမယ်"

"မေမေက ဒီမှာ ဘယ်လောက် ကြာမှာလဲဟင်"

"Medical check-up လုပ်ထားတယ် ကလေး၊ မနက်ဖြန် မှ result ထွက်မယ်၊ အခြေအနေကိုကြည့်ပြီး ဆေးရုံမှာ နေသင့်သလောက် နေရမယ်"

အဲဒီအဖြေကို လှခါတုကြည် ဆိုသော အမျိုးသမီး က ဝင်၍ဖြေတာဖြစ်၏။ ဩ၍ ဝါညက်သော အသံမှာ "အား" တစ်ခု ပါဝင်နေသလို စကားပြောတတ်သော သူမက သူ့ကို ကလေးဟု ခေါ်လိုက်တာကိုတော့ သူ မနှစ်သက်ပါ။ သို့သော် ဘာမှ အတွန့်မတက်အားသေးဘဲ ...

"ဒါဆို သား အိမ်ကနေ တစ်ခေါက် ပြန်လာခဲ့မယ်လေ မေမေ"

"မလာပါနဲ့ သားရယ်၊ ဒီမှာ စပါယ်ရှယ်နာ့စ်တွေလည်း ရှိပါတယ်၊ သား ပင်ပန်းတယ်၊ အိမ်မှာပဲ စာဖတ်နေနော် သား"

"အား ... မေမေကလည်း၊ အိမ်မှာ မေမေ မရှိဘဲ သား ဘယ်လိုလုပ် နေနိုင်မှာလဲ၊ မေမေ တစ်ယောက်တည်း စိတ်မချပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သား ဒီမှာ ညအိပ်စောင့်မယ် မေမေ"

"အိမ်တစ်ခုလုံး ပစ်ထားခဲ့ရမှာ သားရယ်"

မေမေက အိမ်ကို သံယောဇဉ် တွယ်နေသလို ဆိုနေလျှင် သူမက ချက်ချင်းပဲ ဝင်ရောက်စီမံခန့်ခွဲပေးပြန်သည်။

"အန်တီက အိမ်ကို စိတ်ပူ စိတ်မချ ဖြစ်နေရင် ခဲတုရဲ့ မန်နေဂျာတွေ လွှတ်ပေးပြီး စောင့်ခိုင်းလိုက်ပါ့မယ်၊ ဒါပေမဲ့ အန်တီတို့ရပ်ကွက်က သန့်တာပဲဟာ၊ သော့ခတ်ထားရင် စိတ်ချရမှာပါ၊ ကလေးကတော့ အမေနဲ့အတူ နေပေးချင်ရှာမှာပေါ့၊ အန်တီ ဘယ်လိုစီစဉ်ချင်လဲ၊ အားမနာတမ်း ပြောပါ"

တကယ်တမ်း အားနာရမှာက ထိုမိန်းမပဲ ဖြစ်သည်။ သူမနဲ့ ဘာမှမဆိုင်ဘဲနဲ့ ဝင်ရောက် စီမံခန့်ခွဲနေပုံကို သူက အသည်းအယားဆုံးပဲ ဖြစ်သည်။

အန်တီသူဇာကတောင် သူ့သမီး ဆရာလုပ်ပုံကို ခပ်သောသော ရယ်လျက် ...

"သမီးက Business Management နဲ့ ကျောင်းပြီးလာသူ ပီပီ ဘာမဆို သူက manage လုပ်နေတာ သင်းသင်းရေ... အမေကိုတောင် သူက manage ပြန်လုပ်နေတာ"

ဟု ဖုံးဖုံးဖိဖိ ပြောရှာလေသည်။

မေမေက လူအစောင့်တွေ လွှတ်ပေးမှာကို အားနာဟန်ဖြင့် ...





"ရပါတယ် သမီးရယ်၊ အိမ်စောင့်တွေ ဘာတွေ မလိုပါဘူး၊ သားက အခုပြန်ပြီး လိုအပ်တာလေးတွေ ကြည့်လုပ်လိုက်ပေါ့ ...

ဘေးအိမ်တွေကိုလည်း သေချာပြောပြပြီး ဒ ကူအညီတောင်း၊ ဟုတ်ပြီလား သား"

"ဟုတ်ကဲ့ မေမေ။ ဒါဆို သား အခု အိမ်ပြန်လိုက်ဦးမယ်နော်၊ ရေချိုးပြီး လိုအပ်တာလေးတွေ ထည့်ပြီး သားပြန်လာခဲ့မယ်"

"အေး ... အေး"

"အန်တီ ... သျှမ်းတို့ကို ခွင့်ပြုပါဦး"

"အေး ... အေး သမီးလေး၊ ကျေးဇူးတင်တယ်နော် သမီး"

သူက အန်တီသူဇာကိုတော့ နှုတ်ဆက်ခဲ့လျက် ဟိုမိန်းမကိုတော့ မေ့ချင်ဟန်ဆောင်ကာ တမင်ကို နှုတ်မဆက်ခဲ့။ မေမေ ရွှင်ရွှင်လန်းလန်း ရှိနေပုံကြောင့် စိတ်သက်သာရာ ရစွာဖြင့် ပြန်ထွက်လာလျှင် သျှမ်းက သူ့ကို အားပေးပြုံး ပြုံးပြသည်။

"ကျေးဇူးပဲ သျှမ်း"

"ဘာလို့လဲ"

သျှမ်းက ဆေးရုံဝင်းအတွင်းထဲမှ ကားကို မောင်းထွက်ရင်း ငဲ့ကြည့်ကာ ပြန်မေးလျှင် သူက သျှမ်းရဲ့မျက်နှာလေးကို တမေ့မော ငေးကြည့်ရင်း ဖြေသည်။

"ငါ့ဘေးမှာ ရှိနေတဲ့ အတွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သျှမ်းက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်ပြီးနေပြီး
ဘာမှ မဆိုင်သော စကားတစ်ခွန်းကို ပြောလာခဲ့သည်။

"ဟိုအစ်မကြီးက ချောတယ်နော်"

သူက သိသိကြီးနှင့်ပင် ...

"ဘယ်အစ်မကြီးလဲ"

"နင့်အမေရဲ့ မိတ်ဆွေ အန်တီကြီးရဲ့ သမီးပေါ့၊ သူ
နင့်ကို ကလေးတဲ့၊ အဟိ ... တော်သေးတာပေါ့ မောင်လေး
လို့ မခေါ်တာ"

"တော်စမ်းပါဟာ၊ ကြည့်မရချင်ဘူး သိလား၊ အရမ်းဆ
လုပ်သလိုပဲ"

"လုပ်မှာပေါ့ဟဲ့၊ အပျိုကြီးပဲဟာ"

အပျိုကြီး ဆိုသော စကားကြောင့် သူက လှစော
ကြည် ဆိုသော မိန်းမကို မျက်လုံးထဲ ပြန်မြင်ယောင်ကြည့်သည်
မေမေ့စိတ်နှင့်မို့ ဘာဝတ်စားထားသည်ဟု အတိအကျ မမှတ်
သတိမထားမိသော်လည်း သူ့ကို တည့်တည့်စိုက်ကြည့် ပြုံး
သော ခပ်တောက်တောက် မျက်ဝန်းတစ်စုံကို အာရုံထဲမှာ အ
ပြန်ရှုလာ၏။

ဆယ်ကျော်သက်အရွယ် မဟုတ်တော့သော တ
ငြိမ်သည့် မျက်ဝန်းပိုင်ရှင်ကို သူတို့နှင့် တန်းတူထား၍
ပေါင်းရနိုင်မည် မဟုတ်ပေ။





"အပျိုကြီးပေမယ့် မိတော့ အမိစားဟ၊ ဝတ်စားထားတာက
လန်းထွက်နေတာပဲ၊ အရုပ်ကလည်း အမြင့်ကြီးပဲ ...

စွံတော့ အတော်စွံမယ့်ရုပ်ပဲ၊ ဘယ်လိုပြောမလဲ၊
သူ့မှာ ညှို့ဓာတ်ရှိတဲ့ပုံဟ ... သိလား"

သူက မိန်းကလေးတွေရဲ့ အကဲဖြတ်မှု စွမ်းရည်ကို
သြပင်ချမိလေသည်။ ဒီလောက် တစ်ခဏလေး အတွင်းမှာတောင်
မှတ်ချက်မျိုးစုံ ပေးနိုင်သော သျှမ်းကိုလည်း အဟုတ်ပင် လက်ဖျား
ခါသည်။

သူက ထိုမိန်းမအကြောင်း ထပ်မပြောစေချင်တော့
၍ ...

"ကဲ ... တော်ပါပြီ၊ သူ့အကြောင်းကို အဲဒီလောက် စိတ်
ဝင်စားမနေစမ်းပါနဲ့"

"ငါ စိတ်ဝင်စားတာက ဘာမှမဖြစ်ဘူး။ နင် စိတ်ဝင်စား
သွားမှသာ ..."

"အာ ... ငါက ဘာဆိုင်လို့ သူ့ကို စိတ်ဝင်စားရမှာလဲ၊
ဒီလောက် အသက်ကွာတာကြီးကို"

"နင်က အသက်ကြီးရင် မကြိုက်ဘူးလား"

"ကျွတ် ... ဘာတွေ မေးနေတာလဲ သျှမ်းရာ၊ ဒီအချိန်မှာ
ဒါတွေ မေးနေစရာမှ မဟုတ်တာ"

"သြော် ... ဆောရီး ... ဆောရီး၊ ငါ မှားသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သျှမ်းက အားနာသွားသလိုနှင့် အလျှင်အမြန် ဆောင်းဝန်ရှာလေသည်။ ဒါပေမဲ့ စိတ်ဝင်စားမှု အရှိန်ကတော့ မပြတ်သေးချေ။

"အဲဒီ အန်တီကြီးနဲ့ နင့်အမေနဲ့က တော်တော်ခင်တဲ့ပုံပဲ နော်၊ နင့်အမေ ကြည့်ရတာ respect လည်း ရှိပုံပဲ ... သူတို့က အင်္ဂလန်ကနေ ခဏလာလည်ကြတာ လား"

"မသိဘူးလေ သျှမ်းရယ်၊ ငါလည်း နင်နဲ့အတူတူ သူတို့ ကို စတွေ့ဖူးတာပဲ၊ အန်တီသူဇာ ယောက်ျားက ဖေဖေ့ရဲ့ သူငယ်ချင်းလေ ...

အဲဒါတော့ ငါသိတယ်၊ နောက် အဲဒီအန်ကယ် ဆုံးသွားတော့ သူတို့သားအမိနှစ်ယောက် အင်္ဂလန်ကို ပြောင်းသွားကြတာပဲ ...

ကျန်တာတော့ ငါလည်း မသိဘူး"

သူ့အိမ်ရှေ့သို့ ရောက်လာလျှင် သူက ကားပေါ်မှ ဆင်းကာ

"ဘိုင့်ဘိုင် သျှမ်း၊ မနက်ဖြန် ငါ့ကို ဝင်မခေါ်နဲ့တော့နော်"

"ငါ ဆေးရုံကို လာခေါ်ရမလား၊ နင် ကျောင်းတက်မှာ လား"

"အခြေအနေ အရပဲ သျှမ်း၊ တက်ရင်လည်း ငါ့ဘာသာ လာခဲ့ပါ့မယ်၊ စိတ်မပူနဲ့၊ ဖုန်းဆက်လိုက်မယ်"





"အင်း ... အင်း ... ဒါဆို သွားပြီနော် ... ဘိုင့်ဘိုင်"

သျှမ်းရဲ့ ကားနောက်မီးလေး ပျောက်ကွယ်သွားမှ သူက အိမ်ပေါ်တက်လာခဲ့တာ ရုတ်တရက် ဘာဆက်လုပ်ရမှန်း မသိသူလို ငေါင်နေမိသေးသည်။

မေမေ့ အခန်းဘက်သို့ လှမ်းကြည့်မိလျှင် ရင်ထဲ မှာ ဝမ်းနည်းစိတ်က ရုတ်တရက် ပြန့်တက်၍ လာလေသည်။ မေမေ ဘယ်လိုပဲ ရှင်လန်းသည် ဆိုသော်ငြား ဆေးရုံပေါ်မှာဟူ သော အဖြစ်က ဘာရယ်ကြောင့်မှန်းမသိ သူ့ရင်ကို တုန်လှုပ်စေ သည်။

မေမေ မရှိသော အိမ်လေးထဲမှာ ကြာကြာမနေချင် သူမို့ သူက ရေအမြန်ချိုးကာ ကျောင်းစာအုပ်တွေပါသော ကျောပိုးအိတ်ကို လွယ်လျက် သော့ခတ် အိမ်တံခါးပိတ်၍ ချက် ချင်းပဲ ပြန်ထွက်လာခဲ့လိုက်လေသည်။

မေမေ မြန်မြန်နေကောင်းနိုင်ပါစေ။

❤ ✢ ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

စိုးရိမ်စိတ်ဖြင့် တစ်ညလုံး အိပ်မပျော်နိုင်သော သူသည် သန်းခေါင်ကျော်လုလု အချိန်မှာတော့ အနည်းငယ် ငိုက်မျဉ်းသွားခဲ့သည်။ နားထဲမှာ ညည်းသံလိုလို၊ အော်သံလိုလို ကြားရ၍ ဖျတ်ခနဲ နိုးလာလျှင် ဝေဒနာကို မချိမဆန့် ခံစားနေရသော မေမေ့ရဲ့ ရုပ်သွင်ကို မြင်တွေ့ရသည်။





သူက လန့်ဖျပ်တုန်ယင်သွားကာ မေမေ့အနားသို့ အလျင်အမြန် ရောက်ရှိသွားရင်း ...

"မေမေ ... မေမေ ဘာဖြစ်တာလဲဟင်၊ ဘယ်လိုနေလို့လဲ"

"အား ... နာတယ် သားရယ်၊ ဗိုက်ထဲက အရမ်းအောင့်တာပဲ"

သူကလည်း အခုမှ 1st M.B ကျောင်းသားဖြစ်၍ ဘယ်နားက ဘာဖြစ်မှန်းလဲ ဘယ်လိုမှ မခန့်မှန်းတတ်ပေ။ ဆေးနားမှာ အိပ်ပျော်နေသော နာ့စ်ကို အမြန်လှမ်းနှိုးရင်း မေမေ့လက်ကိုလည်း မလွှတ်တမ်း ဆုပ်ကိုင်ထားရသည်။

"မေမေ ... မေမေ ဘာမှ မဖြစ်ဘူးနော်၊ သီလား"

"ခဏလေးနော်၊ ကျွန်မ ဒေါက်တာ့ကို သွားခေါ်မယ်"

နာ့စ်က အလျင်အမြန် ပြေးထွက်သွားသော်လည်း သူ့ရင်ထဲမှ အပူလုံးက မကျချေ။ မေမေ ခံစားနေရပုံမှာ တကယ့်ကို အလူးအလဲမို့ သူ့ရင်ကို မီးဟပ်နေသည့် အတိုင်းပဲဖြစ်၏။

ခဏကြာလျှင် တာဝန်ကျ ဆရာဝန် ရောက်ရှိလာသည်။ မေမေ့ကို စမ်းသပ်ကာ နာ့စ်ကို တစ်ခုလှမ်းပြောလိုက်သော်လည်း သူက မကြားလိုက်ချေ။ ဝေဒနာခံစားနေရသော မေမေ့ကိုသာ မလွှတ်တမ်း ကြည့်လျက် တတွတ်တွတ် အားပေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အထူးကုဆရာဝန်တစ်ယောက် ရောက်လာလျက် ဆေးထိုး ဆေးသွင်း လုပ်တော့မှပင် မေမေ့ ဝေဒနာက အနည်းငယ် သက်သာသွားသလို ရှိသွားခဲ့သည်။ သူသည် အဲဒီတစ်ချိန်လုံး မေမေ့မျက်နှာကိုသာ မလွှတ်တမ်းကြည့်ကာ ရင်ထဲမှာလည်း ထိခိုက်၍ မဆုံးချေ။

မေမေ့ရဲ့ အနားကလည်း မခွာချင်၊ မေမေ့ရှေ့မှာလည်း ဆရာဝန်ကို မမေးချင်၍ အောင့်အီးထားရသော်လည်း မေမေ့ရောဂါဟာ ဘာပါလိမ့်ဟု သူ အလွန်အမင်း သိချင်လာသည်။ ဆရာဝန်ကတော့ မျက်စိမျက်နှာပျက်စွာဖြင့် တစ်ချိန်လုံး ရှိနေသည့် သူ့ကို အားပေးနှစ်သိမ့်စွာ ပြောရှာလေသည်။

"သိပ်လည်း စိတ်မပူပါနဲ့၊ ဘာမှ မဖြစ်ပါဘူး"

ဒါဆို အစောနကတော့ ဖြစ်နိုင်လောက်တဲ့ အခြေအနေပေါ့။ အဲဒီအခိုက်မှာပင် စည်းချက်ညီသော ဒေါက်ဖိနပ်သံနှင့်အတူ လှစာတုကြည်က ခပ်သွက်သွက် ရောက်ရှိလို့လာတာဖြစ်သည်။

ဆရာဝန်က သူမကိုမြင်လျှင် ခေါင်းညိတ်ပြုံးပြနှုတ်ဆက်ပြီး သူမကလည်း ဒရစ်သွင်းထားပြီး အိပ်ပျော်သွားရှာပြီဖြစ်သော မေမေ့ကို တစ်ချက်လှမ်းကြည့်ကာ ဆရာဝန်ရဲ့နောက်သို့ လိုက်ပါသွားလေသည်။

သူမက ဘာလုပ်မှာလဲ။ သားဖြစ်တဲ့သူက မေးမြန်းရမည့် အလုပ်ကို သူမက ဆတ်ဆတ်ခေါ့ခေါ့လုပ်ကာ ဆရာဝန်





နောက်သို့ လိုက်ပါသွားပြန်ပြီ။ ဒီတစ်ခါတော့ သူက သည်းမခံနိုင်တော့သည့်ပုံဖြင့် နောက်မှ လိုက်မည်အပြုတွင် အန်တီသူဇာက ရောက်လာခဲ့သည်။

"သား ... ဘယ်လဲကွယ်"

"ဪ ... အန်တီ၊ ဟို ... ဒေါက်တာ့ဆီ လိုက်သွားမလို့ပါ"

"လိုက်မနေပါနဲ့တော့ သားရယ်၊ သားအစ်မ လိုက်သွားပြီးပဲ၊ သူ ပြန်လာရင် အကြောင်းစုံ သိရမှာပါ"

အန်တီသူဇာက သူ့ကို ကရုဏာသက်သော မျက်လုံးများဖြင့် အားပေးနှစ်သိမ့်လာသည်မို့ သူက ဘာမှပြန်မပြောသာတော့ချေ။ တကယ်တော့ မနေ့တစ်နေ့ကမှ တွေ့ဖူး သိဖူးရသည့်သူတွေက ဆွေမျိုးတွေလိုပင် မားမားမတ်မတ် ရှိနေခြင်းဟာ သူ့အတွက်တော့ ကံကောင်းခြင်း တစ်မျိုးပဲလားဟု မစဉ်းစားတတ်တော့ချေ။

သူက ဝေလီဝေလင်း အချိန်မှာ ရောက်လာသော အန်တီသူဇာတို့ကို အံ့ဩစိတ်ဖြင့် အခုမှ မေးရကောင်းမှန်း သတိရသည်။ ဘယ်သူကများ လှမ်းအကြောင်းကြားလို့ပါလိမ့်။

"အန်တီသူဇာကို ဘယ်သူ အကြောင်းကြားလို့လဲဟင်"

"ဒေါက်တာထွန်းထွန်းအောင်က သမီးရဲ့သူငယ်ချင်းလေ။ အန်တီတို့က သားမေမေကို ကြည့်ရှုဖို့ အပ်ထားတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

သူက ကျေးဇူးတင်စိတ်တွေ ရင်ထဲမှာ များစွာဖြစ်ချွန်းသော်လည်း တကယ်တမ်းမှာ ပါးစပ်က ထွက်ကျမလာတော့ပေ။ သူ့ရင်ထဲမှာ ဗုံသံကို စောင့်နေရသူ တစ်ဦးလို တထိတ်ထိတ်ဖြင့် တုန်လှုပ်ကာ တစ်စုံတစ်ရာကိုလည်း ကြောက်ရွံ့နေသလိုလည်း ရှိသည်။ အဲဒါဟာ ဘာဆိုတာလဲ မသိရ။

ဆရာဝန်၏ သူငယ်ချင်း လှခာတုကြည်။ သူမကို ဆရာဝန်က ဖုန်းရှမ်းဆက်လိုက်ရုံမျှဖြင့် သူမနှင့် အမေဖြစ်သူက ဝေလီဝေလင်း အချိန်မှာ ပေါက်ချလာကြသည်မှာ နည်းနည်းနောနော ပူပင်မှုလား။ သူ့မျက်စိရှေ့မှာတင် စိုးရိမ်ကောင်းစရာကောင်းလောက်အောင်ကို ဝေဒနာကြီးခဲ့သော မေမေ့ရဲ့ ရောဂါဟာ သာမန်နေမကောင်းတာတော့ မဖြစ်နိုင်တော့။

မေမေ သူ့ကို ဘာတွေဖုံးကွယ်ထားခဲ့လေ။

"ကာလေး"

သူက အတွေးနှင့် ငြိမ်သက်တိတ်ဆိတ်နေစဉ်မှာပဲ နောက်ပါးမှ ပတိုးတိုး ကပ်ခေါ်သံကြောင့် ဆတ်ခနဲ ဖြစ်သည် အထိတောင် လန့်သွားရသေးသည်။ လှည့်ကြည့်လိုက်လျှင် သူ့ကို နူးညံ့သော မျက်လုံးများဖြင့် စိုက်ကြည့်နေသော လှခာတုကြည်။

"ဘာပြောလဲ ... ဆရာဝန်က ဘာတဲ့လဲ၊ မေမေ ဘာဖြစ်တာတဲ့လဲ"





"မင်းနဲ့ ကိုယ်နဲ့ အောက်က ကန်တင်းမှာ Breakfast သွားစားရအောင်၊ အဲဒီကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

သူက "ဘာ" ဟူသော အကျယ်ကြီး ဆောင့်၍အော်ချင်စိတ်ကို လုံးဝချုပ်ထိန်းထားလိုက်ရလေသည်။ အရေးမပါတာတွေကို အတော်ဓာချဲ့သော မိန်းမဟူ၍လည်း မြင်ပြင်းကတ်သွားရသေးသည်။

သူ့မှာဖြင့် စိုးရိမ်စိတ်ဖြင့် ထူပြာ၍ နေသည်။ ဒါကို သူမက ကန်တင်းမှာ Breakfast သွားစားဦးမတဲ့။ သူက အလိပ်လိုက် ထွက်ချင်လာနေပြီဖြစ်သော ဒေါသတို့ကို မျိုသိပ်ဆေျာချလျက် ...

"ကျွန်တော် မစားချင်ဘူး၊ ဆရာဝန်က ဘာပြောလဲ၊ အဲဒါကိုသာ ပြောပြပါ"

"ကိုယ် မင်းကို အားလုံး ပြောပြမှာပါ။ ဒါကြောင့် တစ်နေရာရာမှာ အေးအေးဆေးဆေး ထိုင်ပြောရအောင်စို့လို့"

သူက ဒီထက်ပိုပြီး စိတ်မရှည်နိုင်တော့ချေ။ ဒါကြောင့် သူမ စကားမဆုံးသေးခင်ပဲ ဖြတ်ကာ ...

"တော်ဗျာ၊ ခင်ဗျား ဘာသာ မပြောချင်ရင်လည်း နေတော့၊ ကျွန်တော့်ဘာသာ ဆရာဝန်ကိုပဲ သွားမေးမယ်"

သူက ချက်ချင်း ထွက်သွားလျှင် သူမက သူ့လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်သည်။ သူ့ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးများဟာ ရွှေရှုလျက် အလင်းတွေ ဖြာနေသလိုရှိ၏။ ပြောရလျှင်တော့ စိတ်ထဲက စကားကို မျက်လုံးနှင့် ပြောတတ်သော မိန်းမပင်။

"မင်းဟာ စိတ်ကို နည်းနည်းမှ Control (ကွန်ထရိုးလ်) မလုပ်နိုင်တဲ့သူပဲ။ ဘာကြောင့် ဒီလောက်လောပြီး ပျာချင်နေရတာလဲ"

"ခင်ဗျားကရော ... ဒီစကားလေး ပြောမဲ့အရေးကို ဘာကိစ္စ ကာလံဒေသံတွေ ရွေးနေရတာလဲ၊ ဒီမှာပဲ ပြောလိုက်တော့ရော မပြီးဘူးလား ...

ဒီမှာ ပြောလည်း ရတဲ့စကားကို အောက်အထိဆင်းပြီး ခင်ဗျားမုန့်စားတာကို ထိုင်ကြည့်ရင်း နားထောင်ရနေရမယ်၊ ကျွန်တော့် ရင်ထဲမှာ မေမေ့အတွက် ဘယ်လောက်စိုးရိမ်နေရသလဲ ခင်ဗျားမှ နားမလည်နိုင်တာ"

သူက ဒီအချိန်မှာ အန်တီသူဇာ့သမီး ဖြစ်တာတွေ၊ ကိုယ့်ကို လာကူညီနေတာတွေ ဘာတစ်ခုမှ သတိမရတော့ပေ။ ရင်ထဲမှာရှိသည့်အတိုင်း ရှိသလို ပြောချပစ်လိုက်တာ ဖြစ်သည်။

သူမက မျက်လုံးများကို မှေးစင်းကြည့်ကာ ခေါင်းတစ်ချက် ဆတ်လိုက်ရင်း ရုတ်တရက်ပင် ...

"မင်းအမေက သားအိမ်ကင်န်ဆာ ဖြစ်နေတာ"

ထိုစကားကို သူ တိတိကျကျ ပြတ်ပြတ်သားသား ကြားလိုက်ရသော်လည်း နားထဲသို့ အစီအစဉ် ကျနစွာ ဝင်မသွား





ချေ။ နားအပြင်ဘက်သို့ လျှံထွက်သွားခဲ့သည်။ ဒါပေမဲ့ သူ့မျက်လုံးတွေတော့ ရုတ်တရက် ပြာဝေသွားခဲ့ပါသည်။

"ခင် ... ခင်ဗျား ဘာပြောလိုက်တယ်"

သူမက သူ့ကို အေးစက်စက် မျက်လုံးမျိုးဖြင့် ကြည့်ကာ ထပ်ပြောသည်။

"မင်းအမေ ဖြစ်နေတဲ့ ရောဂါက သားအိမ်ကင်န်ဆာ၊ အဲဒါ ဖြစ်နေတယ်လို့ ကိုယ် ပြောပြတာ။ နားလည်ပြီလား"

သူက ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ သို့ပေမဲ့ အဲဒါကြောင့်တော့ သူမ ပခုံးတွေကို ကိုင်ဆုပ်လိုက်ခြင်းတော့ မဟုတ်ချေ။ သူမရဲ့ ပခုံးတွေကို ခပ်ကြမ်းကြမ်း လှုပ်ကိုင်ပစ်လျက် ...

"ခင်ဗျား မဟုတ်တာတွေ မပြောနဲ့၊ ကျွန်တော့်ကို တမင်စွ့ဖြေလိုက်တာ မဟုတ်လား ...

ပြောလေ ... ပြော၊ ကျွန်တော် လုံးဝမယုံဘူး"

သူမက သူ့လက်တွေကို ပုတ်ထုတ်ဖယ်ချပစ်လိုက်ကာ သူ့ကို ရှုံးရှုံ တစ်ချက်ကြည့်ရင်း မျက်နှာလွှဲသွားသည်။ အဲဒီမျက်နှာပေးကို အဲဒီတစ်ခဏမှာပင် သူ အမုန်းကြီး မုန်းသွားခဲ့ခြင်း ဖြစ်သည်။

မင်း ပြောဆိုလို့ ပြောလိုက်တာ၊ ခုတော့ ဘာတတ်နိုင်သေးလဲ ဟူသော မျက်နှာပေးကို သူ့အသည်းထဲ၌ စွဲနေအောင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားသည်။ အရူးတစ်ယောက်လို ဖြစ်နေသော သူ့အနားသို့ အန်တီသုဇာက မျက်နှာမသာမယာနှင့် ရောက်ရှိလာလျက် ...

"စိတ်ကို အေးအေးဆေးဆေး ထားပါ သားရယ်၊ သမီးကလည်း တဖြည်းဖြည်းချင်း နားဝင်အောင် ပြောပြမှပေါ့ ...

ဘာလို့ Shock ရအောင် ပြောလိုက်ရတာလဲ"

သူမက မထုံတက်တေး မျက်နှာနှင့်ပင် ...

"သူက သိပ်သိချင်နေတယ်လေ"

ဟု ပြန်ဖြေတာကို သူ ကြည့်မရဆုံးပဲ ဖြစ်သည်။ ဒီမိန်းမဟာ နည်းနည်းလေးမှ ညှာတာ ထောက်ထားစိတ် မရှိ။ သူ့အပေါ်ကျောလှျင် ဆယ်ခါပြန် ပြန်ကျောမည့် မိန်းမမျိုးဖြစ်သည်။

"အန်တီ ... မေမေ့မှာ တကယ်ပဲ သားအိမ်ကင်န်ဆာ ရှိနေတာလားဟင်၊ မဟုတ်ဘူး မဟုတ်လား ...

ရိုးရိုးရောဂါ မဟုတ်လား၊ ကင်န်ဆာ မဟုတ်ပါဘူး နော်"

သူက အန်တီသုဇာကို အားကိုးတကြီးဖြင့် သွေးပျက်မျှာ မေးမြန်းမိသည်။ ကင်န်ဆာ ဆိုသော စကားလုံးကို သူ့ရင်ထဲမှာ ဘယ်လိုမှ လက်မခံနိုင်ချေ။

မျက်ရည်အဝဲသားဖြင့် တုန်လှုပ်နေသော သူ့ပခုံးပန်ကို အန်တီသုဇာက လက်ဖျားလေးတွေအား လာရောက်ဖျစ်ညှစ်ပေးကာ ...





"သိပ်လည်း စိတ်မပူပါနဲ့ သားရယ်၊ အန်တီသုဇာတို့လည်း ရှိနေတာပဲ၊ အကောင်းဆုံးကို လုပ်ကြမှာပေါ့ ... နော် ...

စိတ်ကို တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးဆေးဆေး ထား သား၊ စိတ်အရမ်းမလှုပ်ရှားနဲ့ ...

ကဲ ... သမီးကလည်း ဒေါက်တာက ဘာပြောလဲ၊ သေချာပြန်ပြောပြလိုက်"

သူမထံမှ ဟင်းခနဲမြည်သော ဆောင့်အောင့်သည့် သက်ပြင်းချသံကြီး ကြားရပြီးလျှင် သူ့နှလုံးသားကို ဖုံ့ခြွေသော စကားသံတွေ စတင်ကြားရပါသည်။

"မင်းအမေ ဒီရောဂါဖြစ်နေတာ ကြာပြီ။ အခုအခြေအနေက စိုးရိမ်ရတယ်လို့ ပြောရမှာပေါ့၊ ခွဲစိတ်မှ ရတော့မယ် ...

ခွဲစိတ်ရမယ် ဝိုင်ချိုမြိန်"

"မဖြစ်နိုင်တာ ... မေမေ့မှာ ဒီရောဂါရှိနေတာ ကြာပြီဆိုရင် ဘာလို့ အခုမှ သိရတာလဲ"

သူမက လက်မခံနိုင် ဖြစ်နေပုံရသော သူ့ကို ကျစ်ခနဲ စုတ်သပ်ကာ ...

"ဝိုင်ချိုမြိန် ... မင်း ဘာလို့ပြဿနာတစ်ခုကို ရှောင်ကွင်းချင်နေရတာလဲ၊ အရှိကို အရှိအတိုင်း လက်ခံပြီး အကောင်းဆုံးကို စဉ်းစားတွက်ချက်သင့်နေတဲ့ အချိန်မှာ ဘာလို့ သွေးရူးသွေးတန်း ဆန်ချင်နေရတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း မယုံရင် ဒေါက်တာထွန်းကို ကိုယ်တိုင်သွားမေး၊ ဆွေးနွေး ... သွား ...

တစ်ခုတော့ ပြောထားမယ်၊ မင်းအမေ နီးလာတဲ့အချိန်ကျရင်သာ ဒီရုပ်နဲ့ မင်းအမေကို နှုတ်မဆက်မိစေနဲ့”

အမေ တစ်ယောက်လုံး ဒီလိုဖြစ်နေတာကိုတောင် ခပ်မာမာစကားတွေ ပြောထွက်ရက်သော သူမကို သူက အံတင်းချက်ကြိတ်ကာ အသာထွက်လာမိသည်။

အန်တီသူဇာက သူ့နောက်မှ အသာကပ်ပါလာရင်း ...

“သမီးကို စိတ်မကွက်ပါနဲ့ သားရယ်၊ သမီးက စိတ်ရင်းကောင်းပေမယ့် စိတ်ဓာတ်က အရမ်းမာကျောလို့ပါ၊ သူက စေတနာပါပေမယ့် ပါးစပ်က သိမ်မပြောတတ်ဘူး_

သားမေမေ အတွက် ဘာမှစိတ်မပူနဲ့ သား၊ အန်တီတစ်ယောက်လုံး ရှိတယ်”

သူက တိတ်ဆိတ်စွာ ဝဲလာသော မျက်ရည်စတို့ကို အသာသိမ်းဆည်းရင်း ရင်ထဲမှာ ဆို့နင့်လာစိတ်ကို အတော်ချုပ်တီးထားရသည်။ မေမေ့မှာ ကင်န်ဆာ ဖြစ်နေသည်ဆိုသောအသိဟာ သူပါ ကင်န်ဆာ ဖြစ်နေသလို ရည်ရွယ်ချက် ပျောက်စေသည်။





ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းကို မသိပေ။ တိုင်ပင်ဖော် တိုင်ပင်ဖက်ရယ်လို့လည်း မရှိ၊ နွေးထွေးစွာ အားပေးမည့်မိသားစုဆိုလို့လည်း ပြေးကြည့်မှ သားအမိနှစ်ယောက်တည်းဘဝမှာ မေမေက ဆေးရုံပေါ်မှာ အရေးပေါ် အခြေအနေနှင့် ဖြစ်သည်။ ပြီးတော့ တစ်လက်စတည်း တွေးမိတာက မေမေရဲ့ ဆေးကုသကုန်ကျစရိတ်တွေ ဖြစ်သည်။

ဒီလို အထူးကုဆေးရုံကြီးရဲ့ အထူးခန်းမှာ တက်နေသော ကုန်ကျစရိတ်တွေအပြင် မကြာခင် ရောက်လာမယ့် ခွဲစိတ်ကုသစရိတ် ဘာစရိတ် ညာစရိတ်တွေကို သူက ဘယ်ကငွေဖြင့်ပေးရမည်နည်း။

ဒီလို အသက်ရှုကျပ်စေသော မေးခွန်းတွေကြားမှာ သူဟာ အသက်ရှုရပ်မတတ် တွေးတော စဉ်းစားနေမိသည်မှာ အချိန်ဘယ်လောက်တောင် ကြာသွားမှန်း မသိပေ။ မေမေတောင် အိပ်နေရာမှ ပြန်၍နိုးလာခဲ့ပြီဖြစ်သည်။

“မေမေ သက်သာလာပြီလားဟင်၊ သက်သာပြီလား၊ အခု ဘယ်လိုနေလဲ”

မေမေက တိုးတိတ်နွမ်းဖျော့သော လေသံဖြင့် ယဲ့ယဲ့မျှသာ စကားပြောနိုင်သည်။

“တစ်မျိုးပဲ သားရယ်၊ ခုနကထက် စာရင်တော့ နေလို့ကောင်းပါတယ်၊ ဩော် ... မမသူဇာတို့ ရောက်နေတာလား”



www.burmeseclassic.com

www.burmeseclassic.com



မေမေက အန်တီသူဇာ့ကို မြင်လျှင် နေမကောင်းသည့် ကြားထဲမှတောင် ရိုကျိုးသော အမူအရာဖြင့် နှုတ်ဆက်ရှာသည်။ ပြီးတော့ အားကိုးရာ ရှိသလို အားတက်တောက်ပသွားသော မျက်လုံးများကိုလည်း သူ တွေ့မြင်လိုက်ရသည်။

"နေ ... နေ ... သင်းသင်း၊ သက်သာတယ် မဟုတ်လား ဘာမှ စိတ်မပူနဲ့၊ မမတို့ ရှိတယ်၊ သားလည်း အနားမှာ ရှိနေတာပဲ၊ သင်းသင်း ဘာစားချင်လဲ၊ တစ်ခုခုစားဦး လေ"

သူက ရှပ်ပျက်စွာ ကြေကွဲနေသလောက် အန်တီသူဇာကတော့ အေးဆေးသွင်ပြင်သည့် ဟန်ပန်အမူအရာဖြင့် နှစ်သိမ့်နိုင်လေသည်။

"ဘာမှ မစားချင်ပါဘူး မမရယ်၊ သားရော ဘာစားပြီးပြီလဲ၊ ညကရော အိပ်ရရဲ့လား၊ သား ကြည့်ရတာ အိပ်ရေးပျက်ပုံပဲ ...

မျက်လုံးတွေကို နီရဲလို့ပါလား"

ဝေဒနာ ခံစားနေရသည့် ကြားထဲမှပင် သူ့အတွက် ပြန်လည်စိုးရိမ်နေသော မေမေ့အတွက် သူက ရှင်မှာများစွာ နာကျင်ကြေကွဲရသည်။ သို့သော် အမူရှပ်ကို ဟန်လုပ်ဖုံးဖိရင်း ...

"ရပါတယ် မေမေရဲ့၊ သား စာဖတ်ရင်း ဆောင့်နေတာပါ၊ မေမေ ဘာစားချင်လဲ၊ တစ်ခုခု စားဦးလေ ...





အစားစားမှ မေမေ အားရှိမှာပေါ့၊ သားလည်း စားမှာပါ"

"အင်း ... အင်း ... မေမေ ကြက်ဥဗာပ်အိုင်လေးနဲ့ ပေါင်မုန့်မီးကင်ပဲ စားမယ် သား"

မေမေက လိုလိုလားလား တောင်းဆိုလာလျှင် သူ ဝမ်းသာအားရဖြင့် အမြန်စီစဉ်ဖို့ ပြင်ရသည်။ သို့သော် တစ်ခါလည်း သူမက ...

"မင်း မသွားနဲ့လေ၊ နာ့စ်ကို ပြောလိုက်၊ သူ စီစဉ်ပေးလိမ့်မယ်၊ မင်းရော ဘာစားမလဲ၊ တစ်ခါတည်း ပြောလိုက်"

အမိန့်သံဆန်သော စကားကြောင့် သူက တင်းခနဲဖြစ်သွားရသော်လည်း အန်တီသူဇာရဲ့ စကားကြောင့် စိတ်ကို ပြန်လျှော့လိုက်ရသည်။

"နောက် သားတို့ ဘာပဲလိုလို နာ့စ်ကိုသာ ပြောပြကွယ့်၊ အစစအရာရာ စီစဉ်ပေးဖို့ သူ့ကို အပ်ထားပြီးသား၊ အစားအသောက် ဆိုရင်လည်း သူကပဲ ကန်တင်းကို မှာပေးလိမ့်မယ်"

သူက ကျေးဇူးတင်စကား ပြောလိုက်ရကာ နံနက်စာ အစီအစဉ်ကို မှာကြားလိုက်ရသည်။ မေမေသည် အန်တီသူဇာနှင့် ဟိုမိန်းမကို ကျေးဇူးတင်စကားတွေ အထပ်ထပ်ဆို၍ မဆုံးချေ။ ဒီလို အချိန်နှင့်ကွက်တိ ပြန်ရောက်လာသည့်အတွက် ကံကောင်းလိုက်တာဟု ပြောရတာလည်း အထပ်ထပ်အခါခါပင်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ မျက်လုံးထဲတွင် အန်တီသူဇာအပေါ် ရို...
ခိုင်၊ အားကိုးရိပ်တွေ အထင်းသား ပေါ်လွင်လျက် ရှိလို့နေ...
သည်။

"ဘာမှ စိတ်အားမငယ်ပါနဲ့ သင်းသင်းရယ်၊ မမတို့ရှိ... တာပဲ၊ သင်းသင်းကလည်း ကျန်းမာရေးကို အရမ်း... လွန်းတယ်၊ ဂရုစိုက်ကွယ့်"

"ကျွန်မက ပေတာတ်တာပါ၊ အခုတော့ အားလုံး ဒုက္ခ... ရတယ်၊ သမီးလေးကိုလည်း အားနာလိုက်တာ"

"မလိုပါဘူး အန်တီ၊ အန်တီသာ ကျန်းမာအောင်နေ...

အားပေးစကား ပြောတာတောင် သူမကတော့ ... ပြတ်ပြတ်ပင်။ အန်တီသူဇာသည် အခုမှပင် ဖြစ်ကြောင်းကုန်... ပြောရသော့ပုံနှင့် မြန်မာပြည်ကို ပြန်ရောက်လာခြင်း အကြောင်း... ပြောပြသည်။

"မမကတော့ အသက်ကြီးလာပြီ ဆိုတော့ ကိုယ့်တိုင်းပြ... မှာပဲ ကိုယ်ပြန်နေချင်တော့တယ် သင်းသင်းရေ၊ ဟို... ရာသီဥတုကြမ်းတဲ့ဒဏ်ကိုလည်း သိပ်ခံနိုင်ရည် မရှိ... ဘူး ...

အဲဒါ သမီးနဲ့ မ,မှာ အရမ်းကို ဆွေးနွေးရ... သူက ဟိုမှာ ဆက်တယ်လ်ဖြစ်နေတော့ ဒီကို လုံး... မလာချင်ဘူး၊ သူ့အလုပ်ကလည်း ဟိုမှာ အောင်မြင်နေ... လေ၊ ဒါပေမဲ့ ဒီက မမ သံယောဇဉ် မပြတ်လို့ မ...





ခဲ့တဲ့ သူ့အဖေကုမ္ပဏီကလည်း သူ့ဦးလေးက မကျန်းမာတော့ ဆက်မလုပ်နိုင်တာတွေရော၊ မ,ကလည်း အရမ်းကို ပြန်လာချင်နေတာတွေကြောင့်ရော သူက မမကို အရွှေးပေးလိုက်ရတာ ... ဟင်း ... ဟင်း ...

အခြေအနေတွေက ဒီဘက်မှာ အလေးသာနေတာတွေပေါ့"

"ကောင်းပါတယ် မမသူဇာရယ်၊ မမသူဇာ ပြန်ရောက်လာတာ ကျွန်မအတွက်တော့ မိုးပေါ်က သိကြားမင်း ရောက်လာတဲ့ အတိုင်းပါပဲ"

"အဲဒီလောက်လည်း မဟုတ်ပါဘူး သင်းသင်းရယ်၊ မမက အရင်ကလို စိတ်မျိုးတော့ သိပ်မရှိတော့ဘူး၊ မမအမွေကို ရထားတာ သမီးလေ ...

အရမ်း Sharp ဖြစ်ပြီး သိပ်ပါးနပ်တာ၊ ဟိုမှာအနေကြာလာတော့ သူက အရာရာကို လက်တွေ့အတိုင်း တွေးတာ၊ ခံစားချက် သိပ်မရှိဘူးလို့တောင် ပြောယူရတယ် ...

သူသိတာ အချိန်နဲ့အလုပ်ပဲ၊ နောက် စကားပြောတာ အရမ်းပွင့်လင်းပြီး မြန်မာသိပ်မဆန်တော့ နည်းနည်း သည်းခံပေး၊ သမီးက စိတ်ရင်းစေတနာတော့ ကောင်းပါတယ်"

"မာမီလည်း မဆိုင်တာတွေ ပြောနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက မကျေနပ်သလိုနှင့် ဝင်မာန့်လျှင် မမေ
အဲဒီမိန်းမကို အသာငေးကာ ပြုံးနေသည်။ ပြီးတော့ အားကျသည်
လေသံဖြင့် ...

"မမကတော့ သမီးတစ်ယောက်ဆို ဆိုသလောက် အား
နေရပြီနော်"

"အားကိုးရတယ်၊ အရမ်း အားကိုးရတယ်၊ အခု သူ
ဟိုကကုမ္ပဏီကိုလည်း ဒီမှာ ပြန်လုပ်ဦးမယ်၊ ဒီက သူ
ဒက်ဒီကုမ္ပဏီကိုလည်း သူပဲ လုပ်လိမ့်မယ် ...

ကိုယ်ကတော့ မလုပ်နိုင်တော့ဘူး သင်းသင်း
ဒီမှာပဲ နားတော့မှာ၊ ဘဝအတွက် ပြင်ဆင်ရတော့မှာ"

"မမတို့ အခု နေတော့ရော"

"သံလွင်လမ်းမှာပဲလေ"

မေမေက ခေါင်းတဆတ်ဆတ်ညိတ်ကာ မှဒီ
ပွားနေဟန် တူသော်လည်း သူ့ရင်ထဲမှာတော့ မအေးမြနိုင်
ချေ။ ခွဲစိတ်ရမယ် ဟူသော စကားသံက ရင်ထဲမှာ ပဲ့တင်
ကျန်ရစ်လျက် မေမေ့ကို ဘယ်လိုတောင်ဖွင့်ပြောပြရမှန်း မသိ

ပြောပြလိုက်လို့ မေမေ စိတ်ဓာတ်ကျကာ စိတ်
လိုက်၍ နေရမည့် သက်တမ်းတွေ ကျုံ့သွားမှာကိုလည်း သူ
လား။ ဘုရား ... ဘုရား ... အဲဒီလို တွေးလိုက်လျှင် သူ့
ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထကာ တစ္ဆေခြောက် ခံ
လိုတောင် ထိတ်လန့်သွားရသည်။





မေမေ့ကို ဆုံးရှုံးဖို့ဆိုတာ သူ ဘယ်တုန်းကမှ
စဉ်းစားခဲ့သော ကိစ္စတစ်ခု ဖြစ်သည်။

"ဝိုင်ချိုမြိန် စားပြီးရင် ကိုယ်နဲ့ ခဏလောက် လိုက်ခဲ့ပါ"

သူမထံမှ ခေါ်သံထွက်ပေါ်လာလျှင် သူက ဆတ်ခနဲ
ဆောင့် တုန်ယင်သွားသည်အထိ ထိတ်လန့်သွားရသည်။ အန်တီ
သူဇာက "လိုက်သွားလိုက်ပါ သား"ဟု ဆိုမှသာ သူက ထမိ
တော့တာပင်။

သူမက အခန်းအပြင် ကော်ရစ်တာထောင့်ချိုးသို့
ရောက်လျှင် ခြေစုံရပ်၍ သူ့ကို တည်ငြိမ်သော မျက်လုံးများဖြင့်
ကြည့်လာကာ ...

"ပထမဆုံး ပြောချင်တာက မင်းစိတ်ကို အတတ်နိုင်ဆုံး
တည်ငြိမ်အောင် ထားဖို့ပဲ ဝိုင်ချိုမြိန်၊ မင်းအနေနဲ့ အမေ
တစ်ယောက်လုံး ဒီလိုဖြစ်ရတဲ့အတွက် ခံစားရမှာပါ၊ ဒါကို
လည်း နားလည်တယ် ...

မင်းကို မစာနာလို့ ပြောတာ မဟုတ်ဘူး။ အခြေ
အနေနဲ့ အချိန်အခါကို နားလည်ပါ၊ ခုချိန်မှာ မင်းက
လူကြီး ဖြစ်နေပြီ၊ ဆုံးဖြတ်ရမယ့် အပိုင်းတွေ ရှိလာပြီ၊
ဒါကြောင့် ခံစားချက်ကို ရှေ့တန်း သိပ်မတင်ဘဲ လက်
တွေ့ကျကျ စဉ်းစားပါ ...

အရှိကို အရှိအတိုင်း လက်ခံပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ စကားတွေက သင့်လျော်မှန်ကန်နေတာမို့ သူက ခေါင်းတစ်ချက်ကို လွယ်လွယ်ပဲ ညိတ်ပြလိုက်သည်။

"ခင်ဗျား ပြောစရာရှိတာသာ ပြောပါ၊ ခေါက်တာက ဘာပြောလဲ၊ မေမေ့ အခြေအနေက ဘယ်လိုရှိသလဲ"

"မင်းအမေကို ခွဲစိတ်ရမယ် ဝိုင်ချိုမြိန်၊ အဲဒါ အရေးအကြီးဆုံးပဲ၊ အရမ်းအရေးကြီးနေတယ်"

ဒီစကားကို ပြောစဉ်မှာတော့ သူမရဲ့ မျက်နှာဟာလည်း အထူးတဲလည် တည်ငြိမ်လေးနက်လို့ နေပါသည်။ သူက မမေးရဲသော်လည်း မေးဖြစ်အောင်ပင် တုန်ယင်စွာ ထပ်မေးမိသည်။

"ကန်(န်)... ကင်(န်)ဆာ ဆိုတော့ ခွဲစိတ်လို့ရော ပျောက်မှာမို့လို့လား"

အမြဲတစေ တည်ငြိမ်တည့်မတ်နေတတ်သည့် မျက်ဝန်းတွေထဲတွင် ကရုဏာရိပ်လေးတချို့ ဖြတ်ဆင်းသွားတာကို တွေ့လိုက်ရပြီးနောက် သူမက သူ့ထံမှ အကြည့်တွေကို ရှောင်လွှဲသွားကာ ခပ်တိုးတိုး ဖြေ၏။

"ပျောက်တယ် မပျောက်ဘူး ဆိုတာထက် မင်းအမေ သက်သာဖို့ကိုပဲ ရှေ့ရှုကြပါစို့လေ"

သူက တက်တစ်ချက် တိုးတိုးခေါက်ကာ မချင့်မရဲ ဟန်ဖြင့် နံရံကို လက်သီးနှင့် အသာကျိတ်ထိုးမိရင်း မျက်ရည်တွေ ရစ်ဝဲလာရပါသည်။ သူမက သူ့နံဘေးမှာ ခဏရပ်နေပြီးလျှင် အသာလှည့်ထွက်လို့ သွားလေသည်။





သူ့မှာ အားခနဲ အော်ပစ်ချင်စိတ်ကိုပင်လျှင် မနည်းထိန်းချုပ်ထားရ၏။ ဖြစ်နိုင်လျှင်တော့ မြစ်ကမ်းဘေး တစ်နေရာကိုသွားကာ ရင်ပွင့်မတတ် အော်ဟစ်ပစ်ချင်လွန်းလေသည်။

ရင်ထဲမှာ ခံစားနေရတာတွေကို မျှဝေခံစားပေးမည့်သူ မရှိ။ ဝမ်းနည်းနာကျင်ရမည့် ဆွေမျိုးမောင်နှံ အဖော်မရှိ။ သူသည် ဘဝကို ပထမဦးဆုံးအကြိမ် စိတ်နာမိကာ မျက်ရည်ကျနေလသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

မေမေ့ကို ခွဲစိတ်သောနေ့က သူ့နှလုံးသား တစ်ခုလုံး တုန်ယင်နေခဲ့လေသည်။ သူငယ်ချင်းတွေနဲ့အတူ သျှမ်းပါရောက်လာ၍ အားပေးသော်လည်း သူ့အတွက် ဘယ်လိုမှ ဖြေသိမ့်လို့မရနိုင်ချေ။





ဘယ်ရနိုင်ပါ့မလဲ။ မေမေ့ရောဂါဟာ ကင်န်ဆာဆိုမှတော့ သူ့အတွက် ဖြေသိမ့်နိုင်သော အရာက ဒီကမ္ဘာမှာ ရှိကိုမရှိတော့ချေ။ အေးစက်နေသော သူ့လက်တွေကို သျှမ်းက တစ်ချိန်လုံး ဆုပ်ကိုင်ထားလျက် အားပေးနေသည်။

"စိတ်အားမငယ်ပါနဲ့ ဝိုင်ရယ်၊ အားတင်းထားပါနော်"

"ဟုတ်သားပဲ ဝိုင်ရာ၊ ငါတို့လည်းရှိနေတာပဲ၊ မင်း ဘာမှ စိတ်ခတ်ကျပြီး တွေးပူမနေနဲ့၊ အခြေအနေတွေက အားလုံး ကောင်းသွားမှာပါ"

"ဘာပဲဖြစ်ဖြစ် ငါတို့ကိုပြော၊ ငါတို့က မင်းရဲ့ညီအစ်ကိုတွေပဲ၊ မင်းကိစ္စဟာ ငါတို့ကိစ္စပဲ၊ ဟုတ်ပြီလား"

ဇင်နိုင်က သူ့ပခုံးကို ဖျစ်ညှစ်ကာ အားပေးစကားကို ရဲရဲကြီး ပြောသည်။ သူငယ်ချင်းတွေရဲ့ မျက်နှာပေါ်မှာလည်း သူ့အတွက် စိတ်မကောင်းရိပ်တွေ အထင်းသားပင်။ သူက ဘာစကားမှ မပြောနိုင်ဘဲ အသံတိတ် ကြေကွဲနာကျင်နေဟန်ကို သျှမ်းကလည်း အဝေးကြီး မျက်စိမျက်နှာ ပျက်ကာနေ၏။

ဒီအဖြစ်အပျက်ကို အန်တီသူဇာကတော့ ဘုရားစာ တိုးတိုးရွတ်ရင်း လမ်းလျှောက်လျက်သားမှ အကဲခတ်လျက် ရှိလေသည်။ ဟိုအမျိုးသမီးကတော့ ဒီအချိန်မှာ ရှိမနေပါ။

ထိုစဉ် ခွဲစိတ်ခန်းတံခါးက ပွင့်လာလျက် ဆရာဝန်ကြီး ထွက်လာလျှင် သူက အထိတ်တလန့်ထကာ အနားသို့ ချက်ချင်းရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ မေမေ့ အခြေအနေ"

"ခွဲစိတ်မှု ပြီးသွားပါပြီ၊ ခုလောလောဆယ်မှာတော့ စိုးရိမ်စရာ ဘာမှမရှိပါဘူး၊ ဒါပေမဲ့ သားနဲ့ အန်ကယ် စကားနည်းနည်း ပြောရအောင် ...

နောက် သားရဲ့အန်တီပါ ခေါ်ပြီး အန်ကယ့်အခန်းထဲ လာခဲ့ပါ"

ဆရာဝန်ကြီးက အန့်တီသူဇာ့ကို ဆိုလိုတာ ဖြစ်မည်။ အန်တီသူဇာကလည်း ချက်ချင်းလိုလိုပင် အနားသို့ ရောက်လာလျက် သူ့လက်ကိုတွဲကာ ဆရာဝန်ကြီး အခန်းသို့ ရောက်လို့လာလေသည်။

သူကတော့ ကြားရမည့် စကားတို့အတွက် ရင်ထိတ်လို့သာ နေလေသည်။ ခွဲစိတ်ခန်းက အထွက်မှာ အနားတောင်မယူနိုင်သေးဘဲ စကားပြောဖို့ ခေါ်သည်ဆိုတော့ အဲဒီစကားတို့ဟာ ကောင်းသော အလားအလာတော့ မရှိနိုင်တော့ချေ။

အဲဒီနောက်မှာတော့ ဆရာဝန်ကြီးက လေသံခပ်အေးအေးနှင့် စကားစတင်ပြောပါသည်။

"ဒေါသင်းသင်းနွယ်မှာ သားအိမ်ကင်န်ဆာ ရှိနေတယ်ဆိုတာ သိပြီးပြီ၊ ဒီအတွက် သူ့အခြေအနေက စိုးရိမ်ရလို့ အမြန်ဆုံးလည်း ခွဲစိတ်ကုသခဲ့တယ် ...

ဒါပေမဲ့ result က ဘာသွားတွေ့ရသလဲ ဆိုတော့ infection (ရောဂါပိုး)တွေက အထဲမှာပျံ့ပွားနေပြီ၊ ဘယ်လို





မှ နှိမ်နင်းလို့ မရတော့ဘူး၊ အန်ကယ်တို့ အသိနောက်ကျသွားတယ်ပဲ ပြောရမှာပေါ့ ...

စောစောစီးစီးကသာ သိခဲ့ရင်တော့ သားအိမ်ကို ထုတ်ပစ်၊ ကုသမှုတွေကို ခပ်မြန်မြန် လုပ်ခဲ့ရင် ဒီလိုဖြစ်စရာ အကြောင်းမရှိဘူးပေါ့ ...

ခုတော့ သိပ်နောက်ကျနေပြီ"

သူက မျက်စိမျက်နှာ ပျက်စွာဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။ သူ့နားထဲမှ လေတွေထွက်ကာ အူသလို ဖြစ်နေလျက် အသိနှင့်ခန္ဓာဟာ ပူးတွဲနေသည်လို့ မရှိခဲ့။

အန်တီသူဇာကပဲ စကားဆက်ပြောတာ ဖြစ်၏။

"ဒီတော့ ကျွန်မတို့က ဘာဆက်လုပ်ရမလဲ ဒေါက်တာ၊ သူ့အခြေအနေက ... ဟို ... ပွင့်ပွင့်လင်းလင်းပဲ ပြောပါ ဒေါက်တာ၊ ကျွန်မတို့ သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးချင်လို့ပါ"

ဆရာဝန်ကြီးက သက်ပြင်းတစ်ချက်ချကာ သူ့ကို အသာငဲ့ကြည့်သည်။ သူက သန်းခေါင်ထက် ညဥ့်မနက်တော့သော နလုံးသားဖြင့်ပင် ...

"ဟုတ်ကဲ့ ... ပြောပါ အန်ကယ်၊ ကြိုတင်ပြင်ဆင်ထားတော့လည်း အားလုံးအတွက် ကောင်းနိုင်မယ် ထင်လို့ပါ"

"အင်း ... အန်ကယ် စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ ဒါဟာ ဘဝမှာ လူတိုင်းကြုံတွေ့ရမယ့် နိယာမတစ်ခုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခိကာ,က ကိုယ့်မိဘကို သက်ရှိထင်ရှား ရှိနေတဲ့အချိန်မှာ စိတ်ချမ်းသာအောင် ထားနိုင်ဖို့ အရေးကြီးပါတယ် ...

သားအမေကို စိတ်ချမ်းသာအောင် ထားပါ၊ ခုချိန်မှာတော့ သူ့ရဲ့ စိတ်ချမ်းသာမှုကပဲ အရေးကြီးနေပါတော့တယ်၊ စိတ်အေးချမ်းစွာနဲ့ နောက်ကြောင်းကို စိတ်ဖြောင့်နိုင်ဖို့ပဲ အရေးကြီးတယ်"

သူက ဝဲတက်လာသော မျက်ရည်စတို့ဖြင့် ခေါင်းကို ဘယ်နှခါမှန်း မသိဘဲ ညိတ်မိကာ ...

"စိတ်ချပါ အန်ကယ်၊ ကျွန်တော် မေမေ့ကို စိတ်ချမ်းသာအောင် ထားမှာပါ၊ မေမေ စိတ်ချမ်းသာဖို့အတွက် ဘာမဆို ဖြည့်ဆည်းပေးမှာပါ ...

မေမေ ... မေမေက ဘယ်လောက်ပဲ နေရတော့မှာလဲဟင်"

ထိုအခိုက်တွင် အခန်းထဲ၌ ဘာသံမှ မကြားရတော့လောက်အောင် တိတ်ဆိတ်လို့ သွားသည်။ အတန်ကြာမှ ဆရာဝန်ကြီးက စိတ်မကောင်းသော မျက်နှာဖြင့် ...

"သုံးလလောက်ပေါ့ကွယ်၊ အန်ကယ့်လ် အတွေ့အကြုံအရတော့ သုံးလလောက်ပါပဲ"

သူဟာ အဲဒီအဖြေကို တကယ်တမ်း ကြားရတော့လည်း ပါးစပ်အဟောင်းသားပွင့်ကာ ကြက်သေ,သေလျက်ရှိသည် ဘာမှ ပြန်မပြောနိုင်တော့ဘဲ မလှုပ်မယှက် ထိုင်နေမိသည်မှာ





အကြာကြီး။ အန့်တီသူဇာက တွဲခေါ်တာလည်း သိတစ်ချက်မသိတစ်ချက်။

အပြင်သို့ ဘယ်လိုပြန်ရောက်လာမှန်းလဲ မသိတော့။ သျှမ်းက သူ့လက်ကို လှုပ်ကာ လှုပ်ကာ မေးတာလည်း သူ မဖြေနိုင်တော့။ သူ့နားထဲတွင် သုံးလ ... သုံးလ ဆိုသော စကားနှစ်လုံးကသာ ကြီးစိုးနေ၏။

သုံးလ ဆိုသော အချိန်အတိုင်းအတာ ကာလလေးပဲ သူနှင့် မေမေ အတူနေခွင့် ရှိတော့မည်။ ပြီးလျှင် မေမေက အခြားကမ္ဘာသစ်တစ်ခုဆီသို့ အပြီးထွက်သွားတော့မည်တဲ့။

ကမ္ဘာကြီးရဲ့ သက်တမ်းကို သုံးလ အနေအထားမှာပဲ ရပ်တန့်ထားခဲ့ချင်ပါသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





မေမေ့ရောဂါဟာ အိမ်မှာနေပြီး ဆရာဝန်ခေါ်
ကုသလို့ရသော်လည်း အန်တီသူဇာက ဆေးရုံမှာပဲ ဆက်နေခဲ့
သည်။ ပြီးတော့ အကောင်းဆုံး ဆိုတာတွေနှင့်ပဲ စီတွေ့
ဝေဒနာခံစားရမှုဒဏ်ကို နည်းနိုင်သမျှ နည်းအောင် ဆောင်ရွ
ပေးတာ ဖြစ်လေသည်။

ဒီအတွက် သူဟာ ကျောင်းတက်လို့လည်း ရသည်
ဘာမှလှည့်ကြည့်စရာ မလိုတော့လောက်အောင် အန်တီသူဇာ
စီစဉ်ပေးထားခြင်းပဲ ဖြစ်ပါသည်။





တစ်နေ့ သူ ကျောင်းက ပြန်အလာ မေမေ့အနား ရောက်လာလျှင်...

"သားကို မေမေ အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

"ပြောလေ မေမေ၊ သား ပန်းသီးနွှာရင်း နားထောင်ပါ့မယ်"

သူက ကျောပိုးအိတ်ကို အသာချကာ မေမေ စားဖို့အတွက် ပန်းသီးတစ်လုံးကို စတင်နွှာသည်။ ခွဲစိတ်ပြီးကတည်းက သူရော မေမေရောဟာ ရောဂါအကြောင်း တစ်ခါမှ မပြောဖြစ်တော့ချေ။

မေမေကလည်း မမေး။ သူကလည်း သက်သာလား၊ လို့ ထိုင်လို့ကောင်းလား၊ ဘာစားချင်သလဲ စသဖြင့် ပြုစုယုယ ကလွဲ၍ တခြားဘာမှမပြောချေ။ ဒီနေ့တော့ မေမေက ထူးထူးခြားခြား စကားစလို့ လာခဲ့ချေပြီ။

"သား"

မေမေက ခေါ်လိုက်လျှင် သူက ခေါင်းမော့ကြည့် မျက်လုံးတွေနဲ့ပဲ ထူးလိုက်သည်။ မေမေက သူ့ကို ကြင်နာ စိုက်ကြည့်လို့ နေလေသည်။ မေမေ့ မျက်လုံးတွေဟာ အရာ အားလုံးကို ကြိုသိလျက် ကြိုတင်ပြင်ဆင်ထားပုံဖြင့် အေးဆေးတည် ငြိမ်လို့ နေသည်။

အဲဒီအတွက် သူ အနည်းငယ် စိတ်ချမ်းသာရ သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ တစ်လျှောက်လုံးမှာ မေမေ မရှိတော့မယ့်
အချိန်ကျရင် အေးအေးချမ်းချမ်း ရှိနေစေဖို့ မေမေ စီစ
ပေးခဲ့ချင်တယ် သား"

"သားအတွက် ယည့်မစဉ်းစားပါနဲ့ မေမေ။ မေမေ စိတ်
ချမ်းသာအောင် ကျန်းမာအောင်ပဲ နေပါ"

မေမေက နူးညံ့စွာဖြင့် အသာပြုံးပါသည်။ ပြီးလျှ
သူ့ဆံပင်လေးတွေကို အသာအယာ သပ်ဖွပေးလျက် ...

"မေမေ စိတ်ချမ်းသာနေပါတယ် သားရယ်၊ ဒီ့ထက်ပို
သားဘဝတစ်ခုလုံးအတွက် မေမေ စိတ်ချရပြီဆိုရင် ပို
စိတ်ချမ်းသာမိမှာပါ"

"မေမေက ဘာဖြစ်စေချင်တာလဲဟင်"

"သား ဓာတုနဲ့ လက်ထပ်ရမယ်"

သူက "ဗျာ" ဟု မအော်မိသော်လည်း ပန်းသီးသ
လက်စ ခါးကတော့ ကြွေပြားအခင်းတွေပေါ် ဒေါက်ခနဲ ပြု
ကျလို့ သွားခဲ့လေသည်။ အံ့ဩလွန်းသဖြင့် မေမေ့ကို တော်တော်
နှင့် စကားမပြောနိုင်ချေ။

သူက ဘာမှမပြောသော်လည်း မေမေက ဆက်
ပြောခဲ့သည်။

"ဒီကိစ္စအတွက် မမသူဇာနဲ့ မေမေ အားလုံး ဆွေးနွေးပြေ
ဆိုပြီးပါပြီ သား။ မေမေ့ရောဂါ အခြေအနေကိုလည်
မေမေ သိနှင့်နေပြီးသားပါ။ ဒါကြောင့် မေမေ မရှိတော့





တဲ့ အချိန်မှာ သားလေးကို ဆက်စောင့်ရှောက်ပေးပါလို့
မမသူဇာဆီမှာ အပ်တော့ မမက ဓာတုနဲ့ လက်ထပ်ပေး
မယ်ဆိုရင်ရော သဘောတူနိုင်မလားတဲ့ ...

မေမေ ဘယ်လောက် ဝမ်းသာပျော်ရွှင်မိမလဲ စဉ်း
စားကြည့်ပါ သားရယ်၊ မေမေ ကျန်းမာနေတုန်းမှာ ဒီ
စကားမျိုး လာပြောခဲ့ရင် ထခုန်မိမတတ် ဝမ်းသာမိမှာပါ။
ဒီလို အခြေအနေမှာ ဘယ်လောက် ဝမ်းသာမလဲ ဆိုတာ ...

မေမေ ပြောတောင် မပြတတ်ဘူး သား ...

သားအတွက် ပြီးပြည့်စုံမှု တစ်ခုကို ရလိုက်သလို
ကို ပျော်မိသွားတယ်၊ တကယ် မေမေ့ တစ်သက်မှာ
ဒီလောက် တစ်ခါမှ မပျော်ဖူးဘူး"

မေမေကား တကယ်ကို ပျော်ရွှင်ကြည်နူးဟန်ဖြင့်
က်ရည်တွေ လည်လာလျှင် သူက တုန်လှုပ်စွာဖြင့် မေမေ့ကို
ာင်းဖျရသည်။ စိတ်လှုပ်ရှားမှုတို့ဖြင့် မေမေ့ပုံစံက မောလာသလို
သာင် ရှိ၏။

"မေမေ မောနေပါ့မယ်၊ ဖြည်းဖြည်းပြောပါ မေမေရယ်၊
စကားတွေ အများကြီး မပြောပါနဲ့"

"မမောပါဘူး သား၊ မေမေ ဝမ်းသာလွန်းလို့ပါ၊ ဒီလောက်
စိတ်ရင်း စေတနာကောင်းတဲ့ သားအမိနှစ်ယောက်နဲ့ အတူ
သားကို တစ်သက်လုံး အတူတကွ ထားပေးရတော့မယ်
ဆိုတော့ မေမေ အသေဖြောင့်ပါပြီ သားလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေရယ်"

မေမေက ဝမ်းသာဝမ်းနည်း အသံတုန်ကြီးဖြ[illegible] နောက်ဆုံးစကားကို ဆိုလိုက်လျှင် သူက စိတ်မထိန်းနိုင်တော[illegible]ဘဲ ငိုချမိတော့သည်။ ငိုရှိုက်ရင်းမှနေ၍ ...

"သားအတွက် စိတ်ချပါ မေမေရယ်၊ ဒါ ... ဒါပေမဲ့လည်[illegible] မိန်းမတစ်ယောက်ကို လက်ထပ်ရမှ သားဘဝက လုံခြုံမ[illegible] မဟုတ်ပါဘူး။ သားဘဝကို သားဘာသာ ရပ်တည်နိုင်[illegible] တယ်"

"မဟုတ်သေးဘူး သား။ မဟုတ်သေးပါဘူး သားလေးရယ်[illegible] သားမှာ ဘာအစွမ်းအစမှ မရှိလို့ သားကို မိန်းမပေး[illegible] ချင်တာ မဟုတ်ဘူး ...

မမသူဇာတို့မှာလည်း အားကိုးစရာ ယောက်ျားသာ[illegible] ရယ်လို့ ရှိတာ မဟုတ်ဘူး။ သူ့သမီးအတွက် အကျ[illegible] စာရိတ္တကောင်းပြီး ရိုးသားတဲ့ လူတစ်ယောက်ကို သူ[illegible] အပ်တယ် ...

သူ့သမီးကို သူ သဘောကျတဲ့လူနဲ့ လက်ထပ်[illegible] ရမှ သူ့မလဲ အသေဖြောင့် အနေဖြောင့်နိုင်မယ် ဆို[illegible] အတွေးမျိုး အမြဲတမ်းရှိတယ်၊ ဒါကြောင့်လည်း သူ[illegible] စတင်ကမ်းလှမ်းတာပေါ့ သား ...

မေမေ့ကို သူချစ်သလို သားကိုလည်း သူချစ်တ[illegible] သဘောကျတယ်၊ ပြီးတော့ မေမေ မရှိတော့တဲ့ အချိန်[illegible]





သား တစ်ယောက်တည်းပဲ လောကကြီးထဲမှာ တစ်ကောင်ကြွက် ကျန်နေရစ်ခဲ့တယ် ဆိုတာမျိုး မေမေ ဘယ်လိုမှ လက်မခံနိုင်ပါဘူး သားရယ် ...

မေမေ စိတ်မချနိုင်ပါဘူး"

မေမေက ပြောရင်းနှင့် အခုမှ ဝမ်းနည်းတုန်လှုပ်[illegible]ဘာသလို မျက်ရည်တွေ စီးကျလာလျှင် သူ အကြီးအကျယ်ပဲ [illegible]တ်ဆင်းရဲလို့ သွားရပါသည်။

သူ့ကိုယ်သူလည်း ခွင့်မလွှတ်နိုင်အောင် ဖြစ်ရသည်။

အစောတုန်းက ပျော်ရွှင်ဟန်ဖြင့် လင်းလဲ့ဖြာနေသော [illegible]ကျက်နှာတစ်ခုကို ချက်ချင်းပဲ ပြန်မြင်လာသည်။ သူ ဘာကြောင့် [illegible]မေ မျက်ရည်ကျအောင် လုပ်မိတာပါလိမ့်။

"မေမေရယ် ... မေမေ မငိုပါနဲ့၊ မငိုပါနဲ့ မေမေ"

"သားကို မေမေ စိတ်ချချင်တယ် သားလေးရယ်၊ သားတစ်ယောက်တည်း လောကကြီးထဲမှာ မျက်နှာငယ်နဲ့ ကျန်ရစ်ခဲ့မှာမျိုး မေမေ လုံးဝမလိုလားဘူး ...

သားအတွက် နွေးထွေးတဲ့ အသိုက်ဝန်းတစ်ခု မေမေ ဖန်တီးပေးခဲ့ချင်တယ် ...

မေမေ့ဆန္ဒကို သား လိုက်လျောပေးပါ၊ မေမေ နောက်ဆုံးအကြိမ် တောင်းဆိုတာပါ သား ...

မေမေရဲ့ နောက်ဆုံးဆန္ဒပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဒီလို ပြောလေလေ သူက သူ့ကိုယ်သူ ရှိုင်းလှတ်နိုင်လေလေပဲ ဖြစ်သည်။ သို့သော် လွယ်လွယ်နှ ေခါင်းညိတ်ရတဲ့ ကိစ္စလည်း မဟုတ်ပြန်လေရာ ကိုယ့်ကိုယ်ကို ရှုးပြီး သေသွားမလားတောင် ထင်မိရလေသည်။

ပြီးတော့ ဖျတ်ခနဲ ပြေးမြင်ယောင်မိတာက သျှမ်း မျက်နှာကို ဖြစ်၏။ သူ အလွန်အမင်း ချစ်ခင်ရသော သျှမ်း စွန့်လွှတ်ရုံတင်သာမက ဘယ်လိုမှ မချစ်နိုင်သော မိန်းမတစ်ယော ကို လက်ထပ်ရမည့် ကိစ္စသည် သူ့ကို တော်တော်သွေးပ ချောက်ချားစေပါသည်။

"လှစာတုကြည်ကရော သားကို ဘယ်လိုလုပ် လက်ခံ မှာလဲ မေမေရယ်"

"သူက သူ့အမေ စီစဉ်သမျှ နာခံတတ်တဲ့ သမီးမျိုး သား။ သူ့အမေ ပေးစားတဲ့ ယောကျ်ားကို ယူပါ့မယ် တဲ့ ကတိကို သူ့အမေကို သူ ပေးထားခဲ့ဖူးတယ်"

သူ့မှာ ပြန်ပြောစရာ စကားမရှိတော့ချေ။ ထွ ပေါက်တွေအားလုံးဟာ အသေပိတ်ထားသလိုကို ခိုင်မာလို့နေ ဖြစ်သည်။ အဲဒီအခိုက်မှာ ဒေါက်တာတစ်ယောက်က ဝ လှည့်လာသဖြင့် မေမေ့ထံမှ စကားစ ပြတ်သွားသည်။ ဝေဒ ခံစားနေရသော မေမေဟာ စိတ်မချမ်းမြေ့မှုနှင့်အတူ အသာငြိ နေလျှင် အဲဒီပုံစံကို သူ့ရင်ထဲ မချိအောင်ပဲ ခံစားရလေသည်





ဒေါက်တာက ပြန်ထွက်ခါနီးမှာတောင် သူ့ကို တစ်ချက်ကြည့်လျက် ...

"လူနာကို စိတ်ချမ်းသာအောင် ထားနော်"

ဟု မှာကြားသွားသေးသည်။ သူက မေမေ့ထံသို့ အသာလှမ်းကြည့်လိုက်လျှင် မေမေက မျက်လုံးများကို အသာ မှေးမှိတ်ထားသည်။

သူသည် ရင်ကွဲပက်လက် လေသံဖြင့် ...

"မေမေ ... သား သူ့ကို လက်ထပ်ပါ့မယ်"

မှေးမှိတ်ထားသော မေမေရဲ့ မျက်လုံးတွေက ပွင့် လာခဲ့သော်လည်း မျက်လုံးထောင့်မှ မျက်ရည်စီးကြောင်း တစ် ကြောင်း ကျလို့လာခဲ့လျှင် အဲဒီ မျက်ရည်မြစ်ထဲမှာ သူလည်း ဒလိမ့်ခေါက်ကွေး မျောပါလို့ သွားခဲ့ပါသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

ကတိတစ်ခုကို လွယ်လွယ်မပေးနဲ့ ဆိုသော စကားကို အခုမှပဲ ခတုက သဘောပေါက်တော့တာ ဖြစ်သည်။ မေမေဟာ ခတု ပေးထားခဲ့ဖူးသော ကတိတစ်လုံးနှင့် ခတုကို အဲဒီလောက်ကြီး အကျပ်ကိုင်လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ဖူးချေ။





မေမေ့စကားကို စကြားခါစကဆိုလျှင် ခတုသည် အံ့သြလွန်းသဖြင့် သောက်လက်စ ကော်ဖီတွေတောင် သီးထွက်သွားရတာ ဖြစ်၏။

"ဘယ် ... ဘယ်လို မာမီ။ ခတုက အဲဒီကောင်လေးကို လက်ထပ်ရမယ် ... ဟုတ်လား"

"ဟုတ်တယ် ခတု၊ သမီးနဲ့ ဝိုင်ချိုမြိန်ကို မာမီ လက်ထပ်ပေးချင်တယ်"

"ဘုရားသခင် ... ဒီလောက် ပိစိကွေးကို ခတုက ယူရမယ်၊ အိုး ... something is wrong! (တစ်ခုခုတော့ လွဲမှားနေပြီ)"

"ဟဲ့ ... ဘာ ပိစိကွေးလဲ၊ ဒီလောက် လူကောင်ထွားကြီးကို"

"အား ... လူကောင်ထွားလည်း ချာတိတ်လေးလေ၊ ကလေးလေးလေ မာမီ၊ ခုမှ သူ့အသက် ဆယ့်ခြောက် ဆယ့်ခုနစ်ပေါ ... အား"

ခတုက လက်တခါခါ ခြေတခါခါဖြင့် ရှုံ့မဲ့နေတာကို မာမီက မျက်စောင်းတစ်ချက် ပိတ်ထိုးကာ ...

"ဆယ့်ရှစ်နှစ်ပါ၊ ဘာ ပိစိကွေးရမှာလဲ၊ ဒါ လူကြီးဖြစ်ပြီပဲ၊ ခတုနော် ... ဘာမှ ကဖျက်ယဖျက်လုပ်ဖို့ မစဉ်းစားနဲ့။ ညည်းကို မာမီ သူနဲ့ပဲ လက်ထပ်ပေးမှာ ... အဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ _ ဘာတွေ လျှောက်လုပ်မှာလဲ၊ ဒီလောက် အသက်ကြာနေတာကြီးကို၊ ခုမှ ကျောင်းသားပဲ ရှိသေးတာ၊ ဘာသွားသုံးရမှာလဲ ...

အာ ... မာမီ၊ လုံးဝအခမ်ပြွာယ်မရှိဘူးနော်၊ မာမ့်ဘာသာ ကြိုက်သလောက်ကူညီ၊ ရှိသမျှ စည်းစိမ်ကုန်သွားအောင်ပဲ ကူညီ ကူညီ ...

နောက်ဆုံး အဲဒီကောင်လေး ကျောင်းပြီးတဲ့အထိ ကျောင်းထားပေးချင်တယ်ဆိုလည်း ပေး၊ မာမ့်ဘာသာ နောက်ဆုံး သားအဖြစ်ပဲ မွေးစားလိုက်ပစေဦး ...

လုံးဝမကန့်ကွက်ဘူး ... အဲဒါ မာမ့် right ...

ခါတု right ကိုတော့ လာမထိနဲ့ မာမီ၊ နိုး ... နိုး"

"ဘာ right လဲ၊ လာမပြောနဲ့၊ အဲဒါတွေ ငါ မကြိုက်တာနော် မီခါတု၊ ညည်းနဲ့ ငါဟာ သားအမိ၊ သူ့ရိုက်တ်တွေ ကိုယ့်ရိုက်တွေ ဘာမှ လာမလုပ်နဲ့ ...

အဲဒီ အကျင့်တွေကိုပဲ မကြိုက်တာ၊ တစ်ခုခုဆို အရမ်း သီးသန့်လုပ်ချင်တယ်၊ သိပ်အားကျတယ်၊ အဲဒီ အနောက်တိုင်း စတိုင်လ်တွေကို"

"ဟာ ... ဘာမှလဲ မဆိုင်ဘူးကွာ၊ မာမီ ... ခါတု ပြောနေတာတွေက အဲဒီဘက်နဲ့ ဘာမှ မပတ်သက်ဘူးနော် ...





ကျွတ် ... ခက်တာပဲကွာ၊ ခါတု တောင်းပန်နေတာပါ မာမီရာ၊ ပလိစ် ... နားလည်ပေးပါ၊ အဲဒီကောင်လေးကို ယူဖို့ဆိုတာ ... အား ... အတွေးထဲမှာတောင် စိတ်ခါတ်တွေ ပျက်ပြားရပါတယ်"

မာမီက အသည်းအသန် ငြင်းဆိုနေသော ခါတုရဲ့ ပုံစံကို စိမ်းရှုရှု တစ်ချက်ကြည့်လျက်ပင် ...

"ဘာလဲ ... ညည်းက ငါသေမှ၊ ငါသေအောင် စောင့်ပြီး စတီဗင့်ကို ပြန်ယူမယ်ပေါ့ ... ဟုတ်လား"

"ဟာ ... မဟုတ်ရပါဘူး မာမီရယ်၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ မာမီက မဆိုင်တာတွေ သိပ်ခွဲ့ခွဲ့ထည့်တတ်တာပဲကွာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ညည်းက စတီဗင့်ကို အရူးအမူး ကြိုက်တဲ့ မိန်းမလေ။ မအေ့အသက်နဲ့တောင် လဲချစ်နိုင်တဲ့မိန်းမ မဟုတ်လား ...

ငါ့ကို စိတ်ဆင်းရဲပြီး မြန်မြန်သေအောင် လုပ်ပြီးရင် ဟိုကိုပြန်ပြီး အဲဒီကောင်ကို ယူမှာပဲ မဟုတ်လား"

"ဟား ... ကျွတ်(စ်)"

ခါတုက စိတ်ပျက်လက်ပျက်နှင့် ခါးနှစ်ဖက်ကို ထောက်ကာ ခေါင်းကို အပေါ်မော့ လှန်ပစ်လျက် ဟားခနဲ အော်ဟစ်ကာ ကျွတ်ခနဲ စုတ်သပ်တဲ့ပုံစံကို ဒေါ်သူဇာသည် အမြင်ကတ်စွာ ကြည့်နေမိသည်။ တစ်စက်လေးမှ မြန်မာမဆန်သော ဒီဟာလေးဟာ ကြိုက်တာတောင် နိုင်ငံခြားသားနှင့်မှတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ တော်တတ်ကာ ချမ်းသာနေပါစေ၊ သမီးဖြစ်သူကို လူမျိုးခြားတစ်ယောက်နှင့် ဘယ်လိုမှ သဘောမတူနိုင်ခဲ့ချေ။

အဲဒီအတွက်ကြောင့်ပဲ မြန်မာပြည်ကို အပြီးပြန်ပြောင်းရွှေ့လာခဲ့သည်အထိ ဒေါ်သူဇာက ပြတ်သားခဲ့ခြင်း ဖြစ်လေသည်။ ဒါလည်း ဒီကောင်မလေးဟာ စိတ်ချရသေးတာ မဟုတ်၊ သူ့ကို မြန်မာအမျိုးသားတစ်ဦးနှင့် အိမ်ထောင်မကျမချင်း သူမ ဘယ်တော့မှ စိတ်အေးရမှာ မဟုတ်ချေ။

“ခတ္တ ... ဘာဆင်ခြေမှ ပေးဖို့မစဉ်းစားနဲ့၊ ညည်းအတွက် ငါ တစ်နေ့မှ ရတက်မအေးနိုင်ဘူး ဆိုတာ ညည်းလည်း သိတယ် ...

ခုချိန်မှာ ရုတ်တရက် ငါ သေသွားခဲ့ရင်တောင် ညည်းစိတ်နဲ့ ငါ ပြိတ္တာဘဝက ကျွတ်နိုင်မှာ မဟုတ်ဘူး”

“အဲဒါ မာမီ့ဘာသာ တွေးပူနေတာပဲ၊ ခတ္တက ဘာလုပ်နေလို့လဲ”

“ဘာလုပ်နေလို့လဲ ... ဟုတ်လား၊ ညည်းက စတီဗင်နဲ့ ဖုန်းပြောတာ၊ Chat ပြောတာ၊ အီးမေးလ် လုပ်နေတာတွေ ငါ မသိဘူးများ ထင်နေလို့လား၊ ညည်းကို မွေးထားတဲ့ မိန်းမပါ ခတ္တမရဲ့”





“အေးလေ ... အဲဒါ မာမီ့ရှေ့တင် လုပ်နေတာပဲ၊ ခတ္တတို့ဘာသာ ရိုးရိုးသားသား စကားပြောတာပဲ၊ မဖြစ်နိုင်တော့လို့ မာမီ သဘောမတူလို့ လမ်းခွဲပြီးခဲ့ပြီပဲ ...

ပြီးတော့ တစ်နေရာဆီမှာပါ၊ ပြေးတွေ့လို့ ရနေတာလည်း မဟုတ်ဘူး၊ ဘာရေးကြီးခွင်ကျယ် ကိစ္စမို့လို့လဲ မာမီရယ်”

ခတ္တက စိတ်ပျက်လက်ပျက်ဖြင့် ငိုချင်စိတ်တောင် ပေါက်လာရလေသည်။ မာမီ့ရဲ့ အဲဒီစိတ္တဇကို ခတ္တ တကယ်ပဲ စိတ်ပျက်ရသည်။

အင်္ဂလန်မှာ ရှိနေစဉ် ကာလအတွင်း လွန်ခဲ့သော သုံးနှစ်ခန့်က ခတ္တဟာ စတီဗင်ဆိုတဲ့သူနဲ့ တွေ့ဆုံချစ်ကြိုက်ခဲ့ကြဖူးတာ ဟုတ်သည်။ ဒေးဗစ်ဘက်ခမ်းလို ရုပ်ရည်မျိုးရှိသူ စတီဗင်ဟာ ခတ္တထက် တစ်နှစ်လောက်ငယ်၍ သူနဲ့ ခတ္တတို့ တစ်ယောက်ကို တစ်ယောက် အင်မတန် ချစ်မြတ်နိုးခဲ့ကြသည်။

မေမေသိလျှင် ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဆိုတာကို သိသဖြင့် အတတ်နိုင်ဆုံး လျှို့ဝှက်ချစ်ခဲ့ကြသော်လည်း နှစ်,နှစ်ကျော် ကြာလာချိန်မှာတော့ မေမေ သိသွားခဲ့ကာ အကြီးအကျယ်ကို ပေါက်ကွဲတော့တာ ဖြစ်သည်။

စတီဗင်နှင့် ချစ်သူဖြစ်တာကို ဘဝပျက်သလောက် နီးနီး စိတ်ထိခိုက်ကာ ခတ္တကို တုရိုက် ငိုယို ဖြတ်ခိုင်း။ ခေတ္တ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့ကို သိပ်ချစ်လွန်းသဖြင့် မဖြတ်ရက် မဖြတ်နိုင်။ မာမီက စိတ်တွေဆင်းရဲ၊ နောက်ဆုံးမှာတော့ မာမီတစ်ယောက် အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သဖြင့် ခါတုဟာ ရင်နာစွာနဲ့ပဲ စတီဗင့်ကို ဖြတ်လိုက်ရတော့သည်။

ဒါပေမယ့်လည်း မိတ်ဆွေကဏ္ဍ ပတ်သက်မှုတော့ ရှိသေးလေရာ မာမီက အဲဒါကိုလည်း လုံးဝမနှစ်မြို့၊ စိတ်မချ။ နောက်ဆုံး သူပေးစားသော ယောကျ်ားကိုသာ ယူပါမည်ဟူသော ကတိကို တောင်းခံလျက်၊ အဲဒါနှင့်လည်း ကျေနပ်စိတ်ချပုံမရကာ မြန်မာပြည်ကို အပြီးပြန်မည်ဆိုသည့် ဆုံးဖြတ်ချက်ကိုပါ ချခဲ့သူ ဖြစ်လေသည်။

"ငါ ညည်းကို စတီဗင်နဲ့ မရစေချင်တာလည်း ပါသလို၊ ဝိုင့်ကို သံယောဇဉ် ရှိတာလည်း ပါတယ် ခါတု ...

နောက်ထပ် စတီဗင်နဲ့ မဟုတ်တော့လည်း ဒီမှာ ဘယ်လိုလူမျိုးနဲ့ တွေ့ဆုံချစ်ကြိုက်မလဲ ဆိုတာလည်း ငါ မသိနိုင်ဘူး၊ မဟုတ်တာရစ်တွေနဲ့ ထပ်တွေ့ရရင် ဒီတစ်ခါ ငါ သေဖို့ပဲ ရှိတော့တယ် မိခါတု ...

ဝိုင်နဲ့ ညည်း အသက်ကွာတာ ပြောပလောက်တဲ့ ကိစ္စ မဟုတ်ပါဘူး၊ အဲဒီလောက်လည်း သိသာနေတာ မဟုတ်ဘူး၊ အသက်ကိစ္စကို ဘာမှ ထည့်မပြောနဲ့၊ သူလည်း အရည်အချင်းရှိတဲ့ ယောကျ်ားပဲ၊ တစ်နေ့ ဆရာဝန်ဖြစ်မှာပဲ ...





အစစအရာရာ ဘာမှပြောစရာ မရှိဘူး။ ငါတို့မှာ မိန်းမသား နှစ်ယောက်တည်းနော် ခါတု၊ ငါလည်း နေ့သေမလား ညသေမလား မပြောတတ်ဘူး ...

ပြီးတော့ သင်းသင်းကို ကြည့်ပြီး ငါ တရားလည်း ကျတယ်၊ သံဝေဂလည်း ရတယ်၊ ညည်းအတွက် စိတ်အေးရပြီဆိုရင် ငါလည်း တရားအလုပ် လုပ်ဖို့ပဲ စိတ်ကူးထားပြီ ...

ငါ ညည်းအတွက် မျက်ရည်ကျပေါင်း များခဲ့ရပါပြီ ခါတုရယ်။ ငါ့ကို စိတ်ချမ်းသာအောင် ထားပါတော့"

မာမီက နဖူးကို လက်နှင့်ထောက်ကာ ညည်းညည်းညူညူဖြင့် ပြောလျှင် ခါတုသည် မာမီ့ကို တွေတွေကြီး ငေးကြည့်လျက် ဘာပြန်ပြောရမှန်းကို မသိတော့ချေ။ ပြောနိုင်အားလည်း မရှိတော့။ ပြောစရာ စကားလည်း မရှိတော့။

စတီဗင်ရေ ... ယူ့ကို ချစ်မိသွားတဲ့ နောက်ဆက်တွဲ အကျိုးရလဒ်တွေဟာ သိပ်ခတော့ မမျှတဘူး ထင်ပါရဲ့။ အချစ်ကြောင့် ခါတုမာမီ မျက်ရည်ကျ စိတ်ဆင်းရဲရတဲ့အပြင် မာမီရဲ့ ဓိတ္ထာန် အစွဲတစ်ခုကြောင့်ပဲ ခါတုဟာ မနှစ်သက်တဲ့ လူတစ်ယောက်ကိုပါ ထပ်ပြီး လက်ထပ်ရတော့မယ်။

ကံကြမ္မာဟာ ခါတုကို အချစ်ဦးတစ်ယောက်နဲ့ လွဲစေရုံသာမကဘဲ နောက်ထပ် စာမျက်နှာသစ်တွေကိုပါ ဘာကြောင့် ဖွင့်ပေးချင်ရတာလဲတော့ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



မာမို့ စိတ်ချမ်းသာမှုကိုပဲ အမြဲရှေ့ရှုပေးခဲ့သော မာတုဟာ ဒီတစ်ခါလည်း မထူးတော့သည့် လွဲလက်စ နှလုံးသားဖြင့် ခေါင်းညိတ်ဖို့ပဲ ရှိတော့တာ ဖြစ်လေသည်။

❤ + ❤





# အပိုင်း(၂)

## ...လွဲပြီးသည့်နောက်

www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၈)

သူနှင့် လှဓာတုကြည် ဟူသော အမျိုးသမီး တစ်ယောက်တို့ရဲ့ လက်ထပ်ခြင်းသည် တရားသူကြီးတစ်ယောက်နှင့် အသိသက်သေတချို့ရှေ့မှာ ပြီးဆုံးသွားခဲ့ကြသည်။ သူဟာ လက်ထပ်စာချုပ်ကို မေမေ့ထံ သွားပြလျှင် ထိုစာချုပ်ကို ကိုင်ကြည့်နေသော မေမေရဲ့ လက်များက ဝမ်းသာစိတ်ကြောင့်လားတော့ မသိ။ တဆတ်ဆတ်တော့ တုန်ယင်၍ နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချမ်းသာသွားပြီလား သင်းသင်း၊ မမလည်း အခုမှပဲ စိတ်ချလက်ချနဲ့ အပြည့်အဝ စိတ်ချမ်းသာသွားပြီကွယ်"

အန်တီသူဇာက မေမေ့ရဲ့ လက်တွေကို အားပေး ဖျစ်ညှစ်ရင်း ဆိုလျှင် မေမေသည် ပီတိလှိုက်ဖြာနေသော အပြုံးတွေဖြင့် ...

"ကျွန်မလည်း စိတ်ချသွားပါပြီ။ ကျေးဇူးအများကြီး တင်ပါတယ် မမရယ်၊ သားကို မမ လက်ထဲ အပ်ခဲ့ပါတယ်"

"အဲဒီအတွက်တော့ ဘာမှ စိတ်မပူနဲ့ သင်းသင်း၊ စိတ်ချမ်းသာအောင်နေ၊ ကျန်းမာအောင်နေ၊ အဲဒါ အဓိကပဲ၊ ကျန်တာ ဘာမှ ထည့်မစဉ်းစားနဲ့ ...

ခုချိန်ကစပြီး ဝိုင်ဟာ မမတို့ရဲ့သား ဖြစ်သွားပြီ အခြေအနေအရ လက်ထပ်ပွဲ မကျင်းပနိုင်ပေမယ့် သူဟာ ဓာတုရဲ့ခင်ပွန်း၊ ဓာတုဟာ ဝိုင့်ရဲ့ဇနီး ဆိုတာ တစ်တိုင်းပြည်လုံးသိအောင် ကြော်ငြာထားတယ် ...

လက်ထပ်ပြီးစီးခြင်း ကြော်ငြာက ဒီနေ့ထုတ် သတင်းစာတိုင်းနဲ့ မနက်ဖြန်ထုတ် သတင်းစာတိုင်းမှာ နှစ်ရက်ဆက် ပါလာလိမ့်မယ်"

"ရပါတယ် မမရယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ကျေနပ်ပါတယ်"

ဒေါ်သူဇာနှင့် မေမေက ဘယ်လောက်ပဲ ကျေနပ် ပီတိတွေ ဖြစ်သော်ငြား သူကတော့ သူ့ဇနီးဆိုသူ၏ မျက်နှာကို





သောင်လို့တောင် မကြည့်ဖြစ်ချေ။ ဒါကြောင့် သူမကရော ဒီ လက်ထပ်ခြင်းကို ကျေနပ်လား၊ မကျေနပ်လားလည်း သူ မသိ တော့၊ စိတ်လည်း မဝင်စားတော့တာ ဖြစ်၏။

အခုချိန်မှာ သူ့မျက်လုံးထဲ၌ ပေါ်၍မြင်သည်မှာ သျှမ်းရဲ့ မျက်နှာကိုပဲ ဖြစ်သည်။ သူ လက်ထပ်တော့မှာကို သျှမ်း ဟာ လုံးဝမသိထား၊ သူကလည်း နည်းနည်းလေးမှတောင် ဖွင့်မ ပြောခဲ့ချေ။

ဖေနိုင်တို့တောင် သူ မျက်စိမျက်နှာ ပျက်လွန်းတာကို အတွက်မေးသဖြင့် ပြောပြခဲ့ခြင်းဖြစ်ရာ သူငယ်ချင်းတွေကတော့ ကြိုသိထားပြီးနှင့်နေပြီ။

လုံးဝမသိတာက သျှမ်းပဲ ဖြစ်၏။ သို့သော် သျှမ်း ဟာလည်း ဘယ်အချိန်ထိ မသိဘဲ နေမှာတဲ့လဲ။ ထင်သည့်အတိုင်း သတင်းစာထဲမှာ ကြော်ငြာပါလာလျှင် သျှမ်းဟာ တုန်လှုပ်ခြင်း ကြီးစွာဖြင့် သူ့ကို ပေါက်ကွဲခဲ့သည်။

သျှမ်းသည် ကြော်ငြာပါသော သတင်းစာကြီးကို လုံးချေကိုင်ကာ မယုံနိုင်သော မျက်လုံးများဖြင့် ...

"ဝိုင် ဒီထဲက လက်ထပ်ကြော်ငြာက နင် မဟုတ်ဘူးမှလား၊ ငါ့ကို ပြောစမ်းပါ"

မိဘနာမည်နှင့်တကွ မောင်ဝိုင်ချိုမြင့်(Iª M.B)ဟု ထိကျသေချာနေသော စာသားတွေကို သျှမ်းဟာ ဘယ်လိုမှ လက်ခံနိုင်ပုံ မရသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အတည်ပြုပေးတော့မှ နာကြည်းတော့မည့် သျှမ်းအတွက် တိကျသည့် အဖြေတစ်ခုကို ထုတ်ဖော်ပြောပြလိုက်လေသည်။

အံ့ဩစရာကောင်းတာ တစ်ခုက သူဟာ အစောကြီးတည်းက ရင်ကွဲပက်လက် ဖြစ်ခဲ့ပြီးပြီးသားမို့လို့လားတော့ မသိချေ။ ခုချိန်မှာ တကယ့်ကိုပဲ ဖျော့သွေးအေးတည်ငြိမ်လို့နေသည်။

"ဟုတ်တယ် သျှမ်း။ ငါ လက်ထပ်ပြီးသွားပါပြီ"

သူက သွေးအေးသလောက် သျှမ်းက ရှော့ခ်ရသူလို ဆောက်တည်ရာမရဖြစ်ကာ သတင်းစာကို လွှင့်ပစ်လိုက်လျက် ...

"ဘာ... နင်ဘာပြောတာယ်၊ နင်ဟိုမိန်းမနဲ့ လက်ထပ်လိုက်ပြီ ဟုတ်လား၊ ဘာသဘောလဲ ... အဲဒါ ဘာသဘောလဲ ဝိုင်"

"ဘာသဘောမှ မဟုတ်ပါဘူး သျှမ်း၊ မေမေ့ဆန္ဒအရ ငါ လက်ထပ်လိုက်တာပါ"

"ဘာ ... ဘယ်လို ... နင် ... နင် ..."

သျှမ်းသည် ရေမွန်းနေသူ တစ်ယောက်လို ဘာစကားမှ မပြောနိုင်ဘဲ ဗလုံးဗထွေးပေါင်း များစွာနှင့် သူ့ကို လက်ညှိုးတထိုးထိုးနဲ့ ရှိသည်။

အချစ်ကို မြည်းစမ်းဖို့ အရွယ်တောင် မရောက်တရောက် ဖြစ်နေချိန်မှာ ကြီးကျယ်သော တစ်စုံတစ်ရာဖြစ်သည့် အိမ်ထောင်ပြုခြင်း ဟူသော ဝေါဟာရသည် သျှမ်းကို ဘာစကားမှ ထွက်မလာနိုင်အောင် အမောဆို့နေစေလေသည်။





ခုချိန်မှာတော့ သူဟာ သျှမ်းကို အားလုံးဖွင့်ချပြောဖို့ ခွန်အားတွေ ရှိခဲ့ပြီဖြစ်သည်။

"မေမေက သားအိမ်ကင်န်ဆာ ဖြစ်နေတယ် သျှမ်း၊ ခွဲစိတ်ခြင်းရဲ့ result ကလည်း မကောင်းဘူး၊ မေမေဟာ လူ့လောကမှာ သုံးလလောက်ပဲ နေခွင့်ရတော့တဲ့ သူတစ်ယောက်ပါ ...

ဒါကြောင့် မေမေ့ဆန္ဒကို ငါ ဖြည့်ဆည်းပေးလိုက်ရတာပါ၊ ဒီအတွက် နင် ငါ့ကို ကြိုက်သလို အပြစ်တင်ပါ၊ မကျေနပ်ရင် ရိုက်ပါ၊ ပြောပါ၊ ဆိုပါ၊ ငါ စိတ်မဆိုးပါဘူး"

သျှမ်းသည် သူ့စကားများကြောင့် ရုတ်တရက် ငြိမ်သက်သွားပြီးနောက် သူ့ကို နင့်နင့်နဲနဲ စိုက်ကြည့်ကာ မျက်ဝန်းတွေထဲ၌ တစ်မုဟုတ်ချင်း မျက်ရည်ကြည်တွေ ပြည့်အိုင်လာလေသည်။

ပြီးလျှင် တစ်ခွန်းတည်းသော စကားက သူ့ရင်ကို အသွားထက်သောဓားနှင့် လှစ်ခနဲ ခွဲချလိုက်သလို ရှိလေသည်။

"ငါတို့ ဘယ်တော့မှ မဆုံနိုင်တော့ဘူးပေါ့နော်"

ပြီးလျှင် သျှမ်းက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ သိမ့်သိမ့် ငိုကြွေးတော့သည်။ သူဟာ ပခုံးတွေလှုပ်ကာ လှုပ်ကာ ငိုကြွေးနေသော သျှမ်းကိုကြည့်ကာ ရင်ထဲ၌ နစ်၍လာလေသည်။ မေးကြောတွေ ထောင်နေအောင် အံကြိတ်ထားလျက် အမဆုံး နာကြည်းမိတာက သူ့ဘဝကို ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အန်တီသူဇာ ...။ သူ့ကိုမှ နှစ်သက်သဘော ကျသွားသော သမက်ရွေးချယ်ချင်သော အန်တီသူဇာကို သူ နာကြည်းသည်။ သူ့ကို လက်ထပ်သော မိန်းမကို သူ မုန်းသည်၊ အထူးသဖြင့် သျှမ်းကို စွန့်လွှတ်လိုက်ရသော သူ့နှလုံးသားကို အလိုမရှိဘဲ လက်ခံသည့် ခေတုကို သူ ပို၍အမုန်းဆုံးပဲ ဖြစ်လေသည်။

လူ့သဘောသဘာဝဟာ မနိုင်,နိုင်ရာကို မဲတတ်လေရာ သျှမ်း ထိခိုက်ခံစားနေရတာကိုမြင်လေ ခေတု ဆိုသော မိန်းမကို ပို၍မုန်းမိလေလေပဲ ဖြစ်လေသည်။ သူက သျှမ်းရဲ့ မျက်ရည်တွေကို သုတ်ပေးချင်လှသော်လည်း ခုချိန်မှာ ပိုလို့တောင် စည်းခြားသွားပြီ ဖြစ်သဖြင့် နှစ်သိမ့်ပေးရုံသာ တတ်နိုင်တော့လေသည်။

"မငိုပါနဲ့ သျှမ်းရယ်။ နင် ငိုတာ ငါ မကြည့်ရက်လို့ပါ"

သျှမ်းဟာ သူ့ကို ဒေါသတကြီး ရိုက်ပုတ်ဆဲ လျှင်တောင် သူက ဒီလောက် ကြေကွဲမိမှာ မဟုတ်ချေ။

"ဝိုင်ရယ် ... နင့်ကို ငါ သနားလိုက်တာ။ နင့်ကို ငါနားလည်တယ် ဝိုင်၊ နင့် အခြေအနေကို ငါ သဘောပေါက်တယ်"

ငါ မုန်းတာ ဟိုသားအမိပဲ။ သူတို့ နင့်ကို အသုံး ချတာပဲ ဝိုင်။ အန်တီ့ကို မလှုပ်နိုင်အောင် လုပ်တာ သူတို့ပဲ။ ကျေးဇူးတွေကို ဇန်းပြပြီး နင့်အမေကို အကျပ်ကိုင်တာ ...





သိပ်တော်တာပဲ။ ဒီအခြေအနေမှာတောင် လက်ထပ်ခြင်းဖြစ်အောင် အကွက်ချ စီစဉ်နိုင်တယ်။ တောက် ... သက်သက် အမြတ်ထုတ်တာ"

သျှမ်းက မျက်ရည်တွေကို လက်ခုံနှင့် ပွတ်သုတ်ရင်း မကျေမချမ်းဆိုလျှင် သူက အဖြစ်အပျက်တွေ အပေါ်မှာ ပိုလို့ နာကြည်းလာရသည်။ ပြီးတော့ သူ့ကို မမုန်းဘဲ နားလည်ပေးနိုင်သည့် သျှမ်းကိုလည်း ပို၍မြတ်နိုးလာရလေ ဖြစ်သည်။

"နင် ... ငါ့ကို နားလည်ပေးတဲ့အတွက် ဝမ်းသာပါတယ် သျှမ်း"

"အို ... ငါ နင့်ကို ပို ... ပိုတောင် သနားမိတယ် ဝိုင်။ နင့်ကို ငါ မမုန်းဘူး၊ ဒါ ... ဒါပေမဲ့ ... ငါ နင့်မိန်းမကို အရမ်းမုန်းတယ် ...

သိပ်မုန်းတယ် ... အဲဒါ နင် သိထား"

သျှမ်းက ပြောရင်းနှင့် ပေါက်ကွဲလာသလို သူ့ရင်ဘတ်ကို ထုရိုက်ရင်း မျက်ရည်ကျလာလျှင် သူက သျှမ်းရဲ့လက်တွေကို ဖမ်းဆွဲထားရင်း ...

"အေးပါ၊ ငါလည်း သူ့ကို မုန်းပါတယ် သျှမ်းရယ်၊ သူ့ကို ငါ မုန်းပါတယ်"

သျှမ်းက သူ့ကို မျက်လုံးရွဲကြီးတွေနှင့် မော်ကြည့်ကာ ...

"နင် သူ့ကို ဘယ်တော့မှ မချစ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ မချစ်ဘူး သျှမ်း"

သျှမ်းဟာ အဲဒီစကားကြောင့် မျက်ရည်တွေကြားမှ ကြည်ကြည်နူးနူး ပြုံးလိုက်လျှင် သူ့အတွက် အဲဒီ အဖြေစကားက ပိုခိုင်မာလို့ သွားခဲ့သည်။

မရင့်ကျက်နိုင်သေးသော သူ့နှလုံးသားလေးဟာ လောကဓံ အထုအထောင်းတွေ ကြားမှာ လောကကြီးကို အရွဲ့တိုက်ချင်စိတ်တွေဖြင့် သွေးဆူ၍ နေခဲ့လေသည်။

❤ + ❤







## အခန်း(၉)

မေမေဟာ သူ့ကို စိတ်ချလက်ချ ရှိသွားတာလား၊ စိတ်လျှော့လိုက်တာလားတော့ မပြောတတ်ချေ။ သုံးလပြည့်ခါနီး အချိန် တစ်နေ့သော တစ်မနက်ခင်းမှာပဲ သူနှင့်တကွ အားလုံးကို နှုတ်ဆက်ထွက်ခွာသွားတော့တာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒီအခြေအနေကို ကြိုတင်မျှော်လင့်ပြီးသား ဖြစ်သော်လည်း ရင်ထဲမှာ ဘယ်လိုမှ ဖြေမဆည်နိုင်ခဲ့ချေ။ မေမေ သူ့ကို အပြီးခွဲသွားခဲ့ပြီဟူသော ဖြစ်ရပ်သည် နှလုံးအိမ်ကို အကြီးအကျယ် ပူဆွေးစေ၏။

လက်ထပ်ထားပြီးသား လူတစ်ယောက် ဖြစ်သော်လည်း ဆေးရုံမှာပဲ မေမေနှင့်အတူ နေခဲ့သူမို့ မေမေ မရှိတော့သည့်အခါ သူသည် ခာတု ဆိုသော မိန်းမနှင့် ထိပ်တိုက်တွေ့ဖို့ ဖြစ်လာခဲ့တော့သည်။ မေမေ ရက်လည်ပြီးတာနှင့် အန်တီသူဇာက ...

"ရွှေ့ပြောင်းစရာရှိတဲ့ သားရဲ့ပစ္စည်းတွေကို တစ်ခါတည်း ပြင်ဆင်တော့ သား၊ ပြီးတော့ ဒီအိမ်ကို သား ဘယ်လို လုပ်ချင်လဲ၊ လူငှားတင်ချင်သလား"

သူက မေမေ့ အရိပ်တွေ လွှမ်းမိုးနေသည့် အိမ်လေးကို သံယောဇဉ် မကုန်သလို တစ်ချက်ဝေ့ဝဲကြည့်မိကာ ရင်နင့်လာရသည်။

"လောလောဆယ်တော့ မငှားချင်သေးပါဘူး အန်တီ။ ဒီအတိုင်းပဲ သော့ခတ်ထားခဲ့ချင်ပါတယ်"

"အင်းလေ ... ဒါကတော့ သားသဘောပဲ။ ကဲ ... ဒီရက်ပိုင်းအတွင်းမှာ သားလည်း အတော်ပင်ပန်းသွားပြီ။ အေးအေးဆေးဆေး နားပါဦး၊ သားပစ္စည်းတွေ စုံပြီလား"





သူ့အဝတ်အစားတွေနှင့် စာအုပ်တွေမှလွဲ၍ သူ့တွင် ယူစရာပစ္စည်း များများစားစား မရှိပေ။ တရားနာ ဆွမ်းသွပ်အစီအစဉ် ပြီးသွားလျှင် သူက တစ်ခါမှ မရောက်ဘူးသေးသောအိမ်သို့ ရောက်ရှိလို့ လာရလေသည်။ သံလွင်လမ်းမှ အန်တီသူဇာတို့ရဲ့ ခြံသည် ကြီးမားကျယ်ဝန်းလျက် တောက်ပြောင်သားနားကာ ဖိတ်ဖိတ်တောက်နေသည်။

နိုင်ငံခြားသွားတုန်း နိုင်ငံခြားသားတွေကို ငှားထားခဲ့သဖြင့် အပြင်အဆင်က ခေတ်မီသားနားလို့ နေသည်။ တစ်မျိုးဖြစ်နေသော သူ့ပုံစံကို အန်တီသူဇာက ရိပ်မိစွာဖြင့် ...

"သား ဘာမှ အားနာတာ မငုံ့မရဲဖြစ်တာ မရှိရဘူးနော်။ ဒါ သားရဲ့အိမ်ပဲ၊ သားက ဒီအိမ်ရဲ့ အရှင်သခင် ဟုတ်ပြီလား။ ခာတုကိုလည်း ရှိန်နေတာ၊ မပြောရဲ မဆိုရဲ ဖြစ်စရာအကြောင်း လုံးဝမရှိဘူးနော် ...

ခာတုက သားရဲ့မိန်းမ"

အဲဒီအပြောကြောင့် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ဖြာ၍သွားသည်။ အခုချိန်ထိ သူ့မိန်းမဆိုသော မိန်းမကို အရိပ်မျှပင် မတွေ့ရသေးချေ။ အင်မတန် အရေးကြီးသော လူကြီးတစ်ယောက်နှင့် အလုပ်ကိစ္စအတွက် သွားတွေ့ရသည်ဟုသာ အန်တီသူဇာက ပြောပြထားသည်။

သူ့အတွက်ကတော့ ခာတု ရှိရှိ မရှိရှိ ဘာမှမထူးခြားခဲ့ပါ။ အန်တီသူဇာက သူ့ပခုံးကို အသာဖေးမရင်း အိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဆေါ်တာသည်၊ အိမ်ရဲ့ ဒက်ကရေးရှင်း ပြင်ဆင်ထားပုံမှာ ခံညား ပြီးထက် fancy အသွင်ကို ပိုဆောင်ပါသည်။

"ဓာတုရဲ့ အိုက်ဒီယာတွေလေ၊ ကဲ ... ထိုင်ဦးသား၊ ဓာတု မရှိတုန်း ဓာတု အကြောင်းကို ပြောပြရဦးမယ်"

သူက ဆိုဖာပေါ်တွင် ထိုင်အပြီးမှာပဲ ကောင်မလေး တစ်ယောက် ပန်းသီးဖျော်ရည်တစ်ခွက် လာချပေးသွားသည်။

"ကဲ ... သောက် သား။ ပထမဆုံး ပြောချင်တာကတော့ အန်တီ့ကို သားအမေလို သဘောထားပေးဖို့ တောင်းဆို ချင်ပါတယ်၊ ဒါဟာ ခုချက်ချင်း လက်ငင်းတော့ ဖြစ်နိုင်မှ ဖြစ်နိုင်မယ်ပေါ့လေ။ ဒါပေမဲ့ သူ့စိမ်း အသိအကျွမ်း ဆို တာမျိုးထက် In Laws ဆိုတဲ့ အသိလေး ရှိထားရင် ခုလောလောဆယ်အတွက် အန်တီ ကျေနပ်ပါပြီ"

"ကျွန်တော် အန်တီ့ကို လေးစားချစ်ခင်ပါတယ်ခင်ဗျာ"

အန်တီသူဇာသည် သူ့အပြောကို မျက်ရည်လည်မ တတ် ဝမ်းသာကြည်နူးလို့ သွားလေသည်။

"အေး ... ဝမ်းသာပါတယ် သားရယ်၊ အန်တီကလည်း မင်းကို သားတစ်ယောက်လိုပဲ သဘောထားပါတယ် ပြီးတော့ ဓာတု အတွက်လည်း စိတ်ချမ်းသာသွားရပါ ပြီ...

ဓာတု ... ဓာတု ဆိုတဲ့ အန်တီ့သမီးက တစ်ဦးတည်း သော သမီးလည်း ဖြစ်တယ်၊ နောက် ... ဟိုကို ကိုးတန်း





သောက်ကတည်းက ရောက် ...ည်း ဆယ်
နှစ်ကျော်ကြာ နေခဲ့တဲ့သူ ...ာ်ဓာတ်နည်း
နည်း မာတယ် သား၊ ကိုယ့်အားကိုယ်
ကိုး နေထိုင်ရင ...သူလည်း အရမ်း
confidence ...ျတယ် ...
စိ ...ငး‌ပါတယ်။ သားနဲ့ သူနဲ့
ကြ ...ာဟာတာမျိုး မရှိဘူး။ ဒါပေမဲ့
...ာ့ နှစ်ယောက်သားရဲ့ ရင်းနှီးချစ်
ပြည့်စုံပြီ၊ သားတို့ဟာ တွေ့ဆုံချိန်
ခင်မှာ လက်ထပ်လိုက်ရတာမို့ အခုမှ အဲဒီ
...တည်ဆောင်ရမှာ။ စ,တည်ဆောင်ပါ"

...သူက "ဟုတ်ကဲ့" ပြန်မပြောမိဘဲ ငြိမ်သက်နေမိ

'အန်တီက သန်ဘက်ခါပဲ ရိုပ်သာကို သွားတော့မှာ သား၊ အန်တီ့ နောင်ရေးအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင် တော့မယ် ...

ဒီတော့ ဒီအိမ်မှာ သားနဲ့ ဓာတုပဲ ကျန်ခဲ့မှာ။ တစ် ယောက်ကို တစ်ယောက် နားလည်မှုနဲ့ သည်းခံပါ။ အမေ နှစ်ယောက်ရဲ့ ဆန္ဒကို အမြဲအမှတ်ရပြီး အဆင်ပြေ ပျော် ရွှင်အောင် နေပါလို့ မှာခဲ့ချင်တယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ သားကို ယုံပါတယ်၊ သားတို့နှစ်ယောက်ရဲ့ ကံကြမ္မာက သားတို့လက်ထဲမှာပဲ ရှိပါတယ်ကွယ်"

အဆုံးသတ် ပြောလိုက်သော အန်တီသူဇာရဲ့ စကားကို သူက ရင်ထဲမှာ အကျယ်ကြီးပဲ အောင်ပြင်းမိလေသည်။ ဘာဖြစ်လို့ သူတို့ ကံကြမ္မာက သူတို့လက်ထဲမှာ ရှိရမှာလဲ။

အဲဒါ အမှားကြီးပဲ ဖြစ်သည်။ ဘယ်လိုမှ ရှောင်လွှဲမရသော ကံကြမ္မာကြောင့် သူဟာ လှဓာတုကြည်ကို လက်ထပ်ခဲ့ရသည်။ သူမလည်း ဒီလိုပဲ ရှိမှာပဲ။ အခုမှပင် သူသည် ကိုယ်ချင်းစာစိတ် (သေးသေးလေး)ဖြင့် သူမဘက်ကရော ဘယ်လိုခံစားချက်တွေ ရှိမလဲဟု သိချင်လာမိခဲ့သည်။

❤ + ❤







တရားစခန်းရိပ်သာသို့ အန်တီ ပြောင်းရွှေ့သွားသော နေ့ဟာ သူမ အားလပ်သော တနင်္ဂနွေနေ့ ဖြစ်သည်။ သူလည်း ကျောင်းပိတ်သည်။ အန်တီ့ကို လိုက်ပို့ပေးအပြီး ပြန်အလာတွင် သူမက ပွင့်ပွင့်လင်းလင်းပဲ သူ့ကို စကားစတင်ပြောလေသည်။

"ကဲ ... ဝိုင်ချို့မြိန်၊ မင်းနဲ့ ကိုယ်နဲ့လည်း တစ်ခါမှ အေးအေးဆေးဆေး စကားမပြောရသေးဘူး၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြစို့"

www.burmeseclassic.com

www.burmeseclassic.com



သူမက အဲဒီလို စတင်ဖိတ်ခေါ်လာတာ ဖြစ်သည်။ သူမဆိုသော ထိုမိန်းမကို သူက တစ်ချက်ငေးကြည့်မိသည်။ သူမဟာ ဂျင်း(န်)ကိုတော့ အတော်ကြိုက်ဟန်တူသည်။ အထူးသဖြင့် ဂျင်းအောင်းဘီ။ အဲဒါကို အတို၊ အရှည်၊ အရောင်အမျိုးမျိုး မထပ်စေရအောင် ဝတ်တတ်သည်။

အခုလည်း အိမ်နေရင်း ဖြစ်နေတာတောင် တီရှပ်အဖြူ အကျပ်တစ်ထည်နှင့် ဂျင်း(န်)ပင်ကို စတိုင်လ်ကျကျ ဝတ်ကာထားသည်။ အဝါရောင်သမ်းနေသည့် အခွေလိပ်လိပ်တွေ ပါဝင်သော ဆံပင်တွေသည် ကျောလယ်လောက်မှာ ဝဲကျနေလျက် မြန်မာဆန်သောဟန်ပန် လုံးဝမရှိသည့် မိန်းမမျိုး ဖြစ်သည်။

"အပေါ်ထပ်မှာ ပြောကြစို့"

သူမက ဦးဆောင်ကာ အိမ်အပေါ်ထပ်သို့ တက်သွားလေသည်။ အပေါ်ထပ်ရဲ့ ဘေးဘက်ခြမ်း တစ်ခုဟာလည်း လသာဆောင်အဖြစ် ထုတ်ထားကာ သစ်ခွစင်တွေထားတာမို့ရော အရိပ်ကျသည့် အခြမ်းကို ရွေးထားတာရောကြောင့်ရော တစ်နေကုန် အေးမြလို့နေသော နေရာဖြစ်သည်။

သူက နောက်မှ တက်လိုက်သွားလျှင် ဝရန်တာလက်ရန်းကို လက်နှစ်ဖက်ထောက်ရပ်ကာ ကျောပေးသော အနေအထားနှင့် ရှိနေသော သူမကို တွေ့ရလေသည်။ သူ ဝင်ထိုင်လိုက်သကြားမှ သူမက သူ့ဘက် လှည့်လို့လာသည်။





သူမက သူ မနှစ်သက်သော အရာတစ်ခုကို လုပ်နေခဲ့တာ ဖြစ်ပါသည်။ အဲဒီအတွက် သူ မျက်မှောင်ကုတ်လိုက်တာကိုလည်း မြင်ဖြစ်အောင် မြင်သောပုံစံမျိုးဖြင့် ...

"မင်း ကြည့်ရတာ စီးကရက် မသောက်တတ်ဘူးနဲ့တူတယ်"

အကြောမာပုံရမည် ထင်ရသော်လည်း ရင်းနှီးသလို စကားဆိုလာလေသည်။ တကယ်တော့ ရင်းနှီးတာရယ်လည်း မဟုတ်။ သူမ စတိုင်က ပွင့်ပွင့်လင်းလင်းရှိတာ ဖြစ်သည်။

"ဟုတ်တယ်၊ ကျွန်တော် ဘယ်တုန်းကမှ တစ်ခါမှ မသောက်ခဲ့ဖူးဘူး"

သူက ပိုပိုသာသာလေးပင် ထည့်ဖြေလိုက်သည်။ ထိုကမှ သူမကို မုန်းချင်သလိုလို ရှိသည့်စိတ်သည် ဒါမျိုးလုပ်တတ်သည်ကို မြင်ရလျှင် အတော်ပဲ မနှစ်မြို့ ဖြစ်သွားရလေသည်။

သူမကတော့ ဘာမှ ထူးခြားဟန် မပြဘဲ ခေါင်းအဆတ်ဆတ်ညိတ်ကာ ...

"ဆေးလိပ်မကောင်းဘူး ဆိုတာတော့ လူတိုင်း သိကြတာပဲ။ ကိုယ်လည်း မကောင်းမှန်းတော့ သိပါတယ်။ ဒါပေမဲ့ ကြိုက်နေတာက ခက်တယ် ..."

သူက သူမကို ဖျတ်ခနဲ လှမ်းကြည့်မိလျှင် သူမက ရှေ့တာကို မှိုလျက်သားမှ သူ့ကို တန်ပြန်ကြည့်၍ နေသည်။ သူနှင့် အကြည့်ချင်းဆုံသော်လည်း ဘယ့်နှယ်မှ နေဟန်မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူမရဲ့ မျက်ဝန်းတွေက သူ့ကို အကဲခတ်နေသော မျက်ဝန်းမျိုး ဖြစ်သည်။

"ပထမဆုံး မေးချင်တာကတော့ မင်းအနေနဲ့ ကိုယ့်ကို ဘယ်လိုသဘောထားလဲ ဆိုတာ သိချင်တယ်"

သူက သူမကို မျက်မှောင်ကြုတ်ကာ မော့ကြည့်မိသည်။

"သေချာတာကတော့ ကိုယ်တို့နှစ်ယောက်ဟာ အကြင်လင်မယားဆိုတဲ့ သဘောထားမျိုး ထားလို့မရကြဘူးလေ။ ဟုတ်တယ် မှုတ်လား ...

မင်းအနေနဲ့ ဒီလိုစကားမျိုး မေးတဲ့အတွက် ကိုယ့်ကို ဘာကြီးလဲလို့ ထင်စရာရှိမယ်၊ တကယ်တော့ ဒီကွက်ရှင်ဟာ လိုအပ်လို့မေးရတဲ့ question (ကွက်ရှင်)ပါ ဝိုင်ချိုမြိန် ...

တစ်ယောက်နဲ့ တစ်ယောက် ထားတဲ့ သဘောထားတွေပေါ်မှာ မူတည်ပြီး ကိုယ်တို့ ဘယ်လို life style နဲ့ နေသွားကြမလဲဆိုတဲ့ အဖြေ ထွက်လာမယ် ...

ဒါမှလည်း ထိုက်သင့်တဲ့ စိတ်ချမ်းမြေ့မှု ရရှိမယ်"

သူက ထိုမိန်းမကို လျှော့တော့ မတွက်သင့်တဲ့သူ ဆိုတာ ချက်ချင်းပဲ သိမြင်လို့ သွားလေသည်။ တကယ်တမ်း စဉ်းစားကြည့်လျှင် သူမ ပြောသော စကားတွေက အဓိပ္ပာယ်ရှိသည်။

သို့သော် သူက သူမကို မကျေနပ်နေသူပီပီ ...





"ဒါဖြင့် ခင်ဗျားကရော ကျွန်တော့်ကို ဘယ်လိုသဘောထားသလဲ"

သူမက သူ့ကိုပြုံးကာ စိုက်ကြည့်လေသည်။ ဘာကြောင့်မှန်းတော့ မသိချေ။ အဲဒီလို အပြုံးပြင်းပြင်း တစ်ခုကို သူ မကြိုက်ချေ။ ပြီးတော့ စိုက်ကြည့်တတ်သည့် မျက်ဝန်းတစ်စုံကိုလည်း သဘောမကျပါ။

"အခု လောလောဆယ်တော့ close friend (အရင်းနှီးဆုံး သူငယ်ချင်း) တစ်ယောက်အဖြစ် သဘောထားပါတယ်၊ ကာလနည်းနည်း ကြာလာရင်တော့ မောင်လေးတစ်ယောက်အဖြစ် သဘောထားမိမယ်နဲ့ တူတယ်"

သူမက ပွင့်ပွင့်လင်းလင်းပဲ ဖြေလေသည်။ သူက မောင်လေး ဆိုသော အပြောကို မနှစ်သက်သဖြင့် ...

"ကျွန်တော်က ဆရာလုပ်တာတွေ၊ အမိန့်ပေးတာမျိုးတွေ လုံးဝ သဘောမကျတတ်ဘူးနော်"

သူမက သူ့ရဲ့ဂျစ်ကန်ကန် အပြောကို ဟက်ခနဲ ရယ်မောကာ ...

"ကိုယ် အခုက ပြောချင်တာတွေကလည်း အဲဒါတွေပါပဲ။ မင်းနဲ့ ကိုယ်နဲ့ ကြားမှာ တစ်ယောက်နဲ့ တစ်ယောက် မကြိုက်တဲ့ အချက်တွေကို အခုတည်းက ပွင့်ပွင့်လင်းလင်း ပြောထားလိုက်ကြရအောင် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ အဆင်ပြေမယ်လို့ ထင်တယ်၊ ကဲ ... မင်း သဘောထားကိုလည်း ပြောပြပါဦး"

သူမက ခေါင်းမော့ကာ သူ့ကို ပြောဟူသောသဘော နှင့် မေးဆတ်ပြလျှင် သူသည် အဲဒီ ပိုစ်တွေကို ကြည့်ကောင်း စတိုင်လ်ကျပါလျက်နှင့်ကို ဘဝင်မကျ မနှစ်မြို့က် ဖြစ်သွားရသည်။

"ကျွန်တော့်ကို ဆရာလုပ်တာ၊ အမိန့်ပေးတာ၊ ချုပ်ချယ် တာတွေ မကြိုက်ဘူး"

"အိုခေ ... အိုခေ ... အဲဒါပဲလား"

"အင်း ... အဲဒါပဲ၊ ပြီးတော့ ကျွန်တော်က ဂိုက်ဒ်လု တယ်၊ အဲဒါကိုလည်း ဆက်လုပ်မယ်၊ ကျွန်တော် ခင်ဗျား ပိုက်ဆံတွေကို မသုံးဘူး ...

အိမ်ထောင်ဦးစီး ဘာညာ ဆိုပြီးတော့လည်း ကျွ တော့်ငွေကို ခင်ဗျားကို မအပ်ဘူး၊ ခင်ဗျားအတွက်လည် အဲဒီငွေဟာ မုန့်ဖိုးလောက်ပဲ ရှိမှာပါ ...

အဲဒါတွေ သဘောတူလား"

သူမက ကလေးတစ်ယောက်ကို ရယ်ချင်သ ပုံစံမျိုးဖြင့် ကြည့်ကာ ...

"သဘောတူပါတယ်၊ ဒါပေမဲ့ မာမီက ဒီအရေးတွေ ကြိုမြင်လို့နဲ့ တူတယ်၊ မင်းနာမည်နဲ့ ဘဏ် (Bank) အကောင့် တစ်ခု ဖွင့်ပေးသွားတယ်၊ မင်းရဲ့ကျောင်းစရိ အတွက် သူ့ပညာဒါနလို့ ပြောတာပဲ ...





မင်း သုံးချင်သုံး မသုံးချင်နေ၊ အဲဒါ ကိုယ့်ပိုက်ဆံ တွေ လုံးဝမဟုတ်ဘူး၊ ကိုယ်နဲ့ မာမီက ကိုယ့်အလုပ်နဲ့ ကိုယ် သီးသန့်ငွေကိုင်ကြတယ်"

သူက စကားပြောနေသော သူမရဲ့ဟန်ပန်ကို ငေး ကြည့်နေရင်းမှ တစ်ခု သိမြင်လာသည်မှာ ထိုမိန်းမသည် သူ ထင်တာထက် ခေတ်မီ၍ ပွင့်လင်းတတ်သောသူ တစ်ယောက် ဖြစ်သည်ဟု ဆိုတာပင်။ သူကသာ လွတ်လပ်ခွင့်တွေ တောင်းဆို နေသော်လည်း ဟိုကဖြင့် သူ့ထက်တောင် freedom နေမည့်သူ ဖြစ်လေသည်။

"ကဲ ... မင်း တောင်းဆိုတာ ဒီလောက်ပဲလား။ ဒါဆို ကိုယ် ပြောစရာရှိတာတွေ ဆက်ပြောမယ်။ ကိုယ်တို့အိပ် ခန်းက မင်း မြင်တဲ့အတိုင်းပဲ ...

အဲဒါဟာ ကိုယ်တို့အတွက် ဘယ်လိုမှ အဆင်မပြေ နိုင်ဘူး။ အခုလက်ရှိ အိပ်ခန်းဟာ ကိုယ့်အခန်း၊ မင်းက ဘုရားခန်းနားက အခန်းကို ပြောင်းရလိမ့်မယ်"

သူတို့ရဲ့ မင်္ဂလာဦးအခန်းအဖြစ် ပြင်ဆင်ထားသော အခန်းကို သူမက တစ်ညမှ ရောက်မလာခဲ့သေးချေ။ အမှန်တိုင်း ပြောရလျှင် သူ့မှာ အိပ်သာ အိပ်ရလျက် ကျော့မလုံပေ။ ဘယ် အချိန်များ သူမ ပေါက်ချလာမလဲ။

အဲဒီအခါကျရင်ကော ဘယ်လိုလုပ်ရပါ့ ဆိုသော အတွေးတွေနှင့် မှန်းကျပ် အိပ်မပျော်ခဲ့ပေ။ ပြီးတော့ မင်္ဂလာဦး



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြင်ဆင်ထားသော ခုတင်ကြီးဟာ သူ့ကို ဘယ်လို [illegible] မသိ ပေးစေ၏။

"ခင်းနေရမယ့် အခန်းမှာ လိုအပ်တာတွေ အားလုံး ပြင်ဆင်ပြီးပါပြီ၊ လိုတာရှိရင်လည်း ပြောပါ၊ ကိုယ့်ကို မပြောချင်ရင်လည်း ဒီခြံနဲ့ ဒီအိမ်ရဲ့ မန်နေဂျာ၊ ဘယ်လိုပြောရမလဲ၊ အိမ်တော်ထိန်း ခေါ်မလား၊ သူ ရှိတယ်၊ သူ့ကို ပြောပါ …

အဓိက, ပြောချင်တာကတော့ မင်း စိတ်ထဲမှာ လွတ်လွတ်လပ်လပ်ပဲ နေပါ၊ နေရိုးနေစဉ် အတိုင်းပဲ နေပါ …

ကိုယ်ကလည်း မင်းကို ဘာမှပြောမှာ မဟုတ်ဘူး၊ ဒါကိုမှ မင်းက အနေကျပ်ရင် မင်းပဲ ပြဿနာရှိမှာပဲ …

ကိုယ် မင်းကို အဆင်ပြေစေချင်ပါတယ် ကလေး"

အဆုံးသတ် ပြောလိုက်သော စကားနှင့် အကြည့်တို့သည် သူ့အပေါ် ကရုဏာရိပ်တွေ လွှမ်းခြုံလို့နေလျှင် သူဟာ အဲဒါကို ဘဝင်မကျ ဖြစ်သွားရသည်။

"ကျွန်တော့်ကို ကလေးလို့ မခေါ်နဲ့ဗျာ၊ အဲဒါကိုလည်း ကျွန်တော် မကြိုက်ဘူး"

သူက ဘုဆတ်ဆတ်ပြောလျှင် သူမက အသည်းယားစေသော အကြည့်တို့ဖြင့် ကြည့်ကာ အနားသို့ လျှောက်လာလေသည်။





နီးကပ်နေစဉ်မှာ သင်းပျံ့နေသော ရနံ့တစ်ခုသည် ပတ်ဝန်းကျင်ကို သာယာနေအောင်လည်း ဆွဲဆောင်ထားနိုင်သေးလေသည်။

"မင်းဟာ ကိုယ့်ထက် ရှစ်နှစ် ငယ်နေတာတော့ ဘယ်လိုမှ ငြင်းမရတဲ့ အချက်ပဲ၊ အိုခေလေ … မင်း မကြိုက်ဘူးဆိုရင် ကိုယ် ဆင်ခြင်ပါ့မယ်"

သူမက ပြောပြောဆိုဆိုနှင့် လှည့်ထွက်လို့သွားလျှင် သူသည် ဒီအတိုင်း အကြောင်သားဖြင့် ကျန်ရစ်ခဲ့သည်။ သူမ နှုတ်ခမ်းနှင့် ထိကပ်ခဲ့သော အရာများကို ဘာရယ်မဟုတ်ဘဲ စိုက်ကြည့်မိရင်း သူဟာ မောစရာ မရှိဘဲ မောနေခဲ့လေသည်။

❤ + ❤



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့ တနင်္လာနေ့တွင် သူကလည်း ကျောင်းသွားဖို့အတွက် ပြင်ဆင်ပြီး Breakfast စားဖို့အတွက် ဆင်းလာခဲ့လျှင် သူမကိုလည်း ထမင်းစားပွဲမှာ အဆင်သင့်တွေ့ ရလေသည်။ သူမက သူ့ကိုမြင်လျှင် စားသောက်နေရင်း "ဂွတ်ဒ်မောနင်း"ဟု လှမ်းနှုတ်ဆက်သည်။

"မောနင်း"

သူက မပွင့်တပွင့် ပြန်နှုတ်ဆက်ပြီး သူမနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လျှင် ပေထရွန်ဝတ်ထားသော





မိန်းမငယ်လေး တစ်ယောက်က ချက်ချင်းမဲ အနားသို့ရောက်လာကာ ကော်ဖီငှဲ၍ ပေးလေသည်။ ပြီးလျှင် သူစားဖို့အတွက် ပေါင်မုန့်မီးကင်ကို ချိစ်သုတ်ပေးခြင်း၊ ကြက်ဥဟပ်ဖရိုက်ဒ် ချပေးခြင်းတို့ကို ရိုရိုကျိုးကျိုး အမူအရာနှင့် လုပ်ပေးလျှင် သူ့မှာ တကယ်ကိုပဲ မနေတတ် မထိုင်တတ် ဖြစ်ရသည်။

သူမကတော့ ဘယ့်နှယ်မှ နေဟန်မတူချေ။ ရှမ်းခေါက်ဆွဲတွေကို တူဖြင့် ကျင်လည်စွာ စားလိုက်၊ ကော်ဖီမော့လိုက်နှင့် ပေါ့ပေါ့ပါးပါးပဲ ဖြစ်သည်။

"နောက်နေ့တွေမှာ မင်း စားချင်တဲ့ ဘရိတ်ဖတ်စ်ကို ကြိုပြောထားလေ၊ လန့်ချ်ပဲဖြစ်ဖြစ်၊ ဒင်နာပဲဖြစ်ဖြစ်၊ မင်းကြိုက်တဲ့ဟင်းကို ပြောပြထား ...

သူတို့ အားလုံး အဆင်ပြေအောင် စီစဉ်ပေးလိမ့်မယ် ...

ဪ ... ဒါထက် မင်းက ကျောင်းတစ်နေကုန် တက်ရတာဆိုတော့ လန့်ချ်ကို ဘယ်လို စီစဉ်သလဲ"

"ကျွန်တော် ထမင်းချိုင့် ကည့်သွားတယ်၊ အဲ ... အခုတော့ မထည့်တော့ပါဘူး၊ အဆင်ပြေသလိုပဲ စားမယ်"

"အေးပေါ့ ... မင်း အဆင်ပြေသလို လုပ်ပါ၊ ဒင်နာတွေဘာတွေလဲ မင်း အဆင်ပြေသလို စားပါ၊ ကိုယ့်ကို စောင့်တာတွေ ဘာတွေ မလုပ်နဲ့၊ အဆင်ပြေသလိုပဲ၊ ကိုယ်လည်း အဲဒီအတိုင်းပဲ ရှိမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အားဖြင့်တော့ ကိုယ်က ခြောက်နာရီမှာ ညစာ စားတယ်"

သူက တိတ်ဆိတ်စွာနှင့် ကော်ဖီသောက်ရင်း ခေါင်းငဲ့ ညိတ်ပြလိုက်သည်။ သူမက သူ့ကို တစ်ချက်အကဲခတ်ကာ ...

"အရင်က မင်း ကျောင်းကို ဘယ်လိုသွားလဲ"

"ကျွန်တော့်သူငယ်ချင်းနဲ့ သွားတယ်၊ သူ လာခေါ်တယ်"

"အခုရော ...၊ ဪ ... အဲဒီလို မေးရတာက မင်းအတွက် ကိုယ် ကားတစ်စီး စီစဉ်ထားလို့ပါ၊ မင်းသုံးဖို့ အတွက်ပေါ့၊ နောက်တစ်ခုက ဒီမှာ ..."

သူမက ပြောလက်စနှင့် သူ့ရှေ့သို့ တစ်စုံတစ်ရာကို တွန်းပို့ပေးလိုက်လျှင် ထိုအရာလေးမှာ လက်ကိုင်ဖုန်းတစ်လုံး ဖြစ်သည်။ သူက မျက်မှောင်တစ်ချက် တွန့်ကြည့်လျက် ...

"ခင်ဗျားရဲ့ ကားရော၊ ဖုန်းရောကို ကျွန်တော် မသုံးချင်ပါဘူး"

"Why ? (ဘာကြောင့်လဲ)"

ထိုအဖြေကိုတော့ သူ အနည်းငယ် ဖြေရကျပ်သွားသည်။ ပြောရလျှင်တော့ သိပ်ချမ်းသာသည့် မိန်းမတစ်ယောက်ကို လက်ထပ်ထားပြီးနောက်, ချက်ချင်းလက်ငင်း ကားနှင့်ဖုန်းကို ကိုင်ပစ်လိုက်သည်ဟူသော ပတ်ဝန်းကျင်ရဲ့ အမြင်တွေရော အပြောတွေရောကိုပါ သူ လက်မခံနိုင်ခြင်း ဖြစ်ပါသည်။





"ဘာအကြောင်းမှတော့ မဟုတ်ပါဘူး၊ ဒီအတိုင်းလည်း အဆင်ပြေနေတာပါပဲ၊ ဒီလိုလည်း ဖြစ်နေတယ်လေ"

"မဟုတ်ပါဘူး၊ မင်း ညာနေတာပါ"

"ဟာ ... ကျွန်တော်က ခင်ဗျားကို ဘာကိစ္စ ညာရမှာလဲ၊ အဓိပ္ပာယ်မရှိ"

သူက ဟုတ်နေတာမို့ ရှူးရှူးရှဲရှဲနှင့် အနားပေါ်တုတ် ကျသွားလျှင် သူမက ထိုအဖြစ်ကိုပဲ ရယ်ချင်သော မျက်နှာပေးဖြင့် ...

"ဒီအတိုင်း အဆင်ပြေတယ် ဆိုတာ ဘာကို အဆင်ပြေတယ် ပြောတာလဲ၊ ကိုယ်လိုရာကို အချိန်မရွေး နေရာမရွေး သွားနိုင်တဲ့ ကားတစ်စီး ရှိနေတာရယ်၊ ဟန်းဒ်ဖုန်းတစ်လုံး ရှိနေတာရယ်နဲ့ ဘာမှ မရှိတာရယ်က ဘယ်ဟာ အဆင်ပြေစေလဲ၊ ကလေးကအစ တွေးတတ်ပါတယ်"

"ဒါပေမဲ့ ကျွန်တော် အဲဒါတွေ မသုံးချင်ဘူး"

သူက ဘုဆတ်ဆတ် ပြန်ပြောလိုက်လျှင် သူမက သူ့ရင်ကို တဆုံးလှမ်းမြင်နေရသော မျက်ဝန်းတွေဖြင့်ကြည့်၍ ဆက်ပြောလေသည်။

"မင်း ဘာကြောင့် မသုံးချင်လဲ ဆိုတာ ကိုယ်သိပါတယ်၊ ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်စရာ မလိုပါဘူး ဝိုင့်ချိုမြိန်"

"ပတ်ဝန်းကျင်ကို ဂရုစိုက်တာ မဟုတ်ဘူး၊ ကျွန်တော် ကိုက မသုံးချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို စေ့စေ့ကြည့်လျက် တစ်လုံးချင်းပြော လိုက်လျှင် သူမက သူ့ကို အတန်ကြာကြည့်နေပြီး နောက်မှ ပခုံး ကို အသာတွန့်လိုက်လေသည်။

"အေးလေ ... မင်း စိတ်မပါတဲ့ ကိစ္စကို အတင်းမတိုက် တွန်းပါဘူး၊ ဒါပေမဲ့ ဖုန်းကိုတော့ ယူထားပါ။ အဲဒါ မာမီ က မင်းအတွက်ဆိုပြီး ဝယ်ပေးသွားတာ၊ ပြီးတော့ သူ မင်းဆီ ဆက်လိမ့်မယ်၊ မင်းကို သူ အဲဒီဖုန်းကိုပဲ ဆက် သွယ်လိမ့်မယ် ...

မင်းအပိုင်ပစ္စည်းလို့ မသတ်မှတ်ချင်ရင်လည်း မာမီ အတွက် ကိုင်ထားပေးတဲ့ဖုန်းလို့ ယူဆပြီး ကိုင်ထားပါ။ ကဲ ... ဒီနေ့ မင်း ဘယ်လိုကျောင်းသွားမလဲ"

"ကျွန်တော် ဘတ်စ်နဲ့ သွားမယ်"

"အိုခေ ... အိုခေ ...၊ အက်စ် ယူ လိုက်စ်"

သူမက ဘာမှ ဆက်မပြောတော့လျှင် သူသည် ရှေ့ကို ချပေးထားသော ဖုန်းကို ဆတ်ခနဲ ကောက်ဆွဲကာ ထွက် လာခဲ့တော့သည်။ ကျောပိုးအိတ်ကိုလွယ်လျက် လျှောက်လာသော သူ့ကိုမြင်လျှင် ခြံစောင့်က ခေါင်းညွှတ်နှုတ်ဆက်ကာ အပြေးအလွှား ပင် တံခါးဖွင့်ပေးလေသည်။

သူက ခပ်အေးအေးပဲ လမ်းလျှောက်လာလိုက်သည်။ ဘတ်(စ်)မှတ်တိုင်အထိ ဆိုလျှင်တော့ နည်းနည်းလှမ်းလေသည်။ မတတ်နိုင်တော့။ မိန်းမရပြီးနောက်မှ ကိုယ်ပိုင်ကားမောင်းလျက်





ကျောင်းသွားတက်ရမည့် အဖြစ်ကို သူက သေလုအောင်ပဲ ရှက် သေသည်။

သိပ်မကြာခင်မှာပဲ သူ့နံဘေးမှ ကားတစ်စီးက ဖြတ်ကျော်မောင်းသွားလျှင် သူက ငေးကြည့်ရင်း မှဲ့ပြုံး ပြုံးမိသွား သည်။ ဘယ်သူ ထင်ကြမှာလဲ၊ လင်ခရူဆာ အနက်ကို မောင်း သွားတဲ့ မိန်းမရဲ့ ယောကျ်ားဟာ ဘတ်စ်မှတ်တိုင်မှာ ကားစောင့် နေရတယ် ဆိုတာကိုလေ။

သို့သော် ... အဲဒါက တကယ်ပဲ ဖြစ်သည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

ဒီနေ့ဟာ သူ့အတွက် ကျောင်းရက်ရှည်ပျက်ပြ ပထမဆုံး ပြန်တက်သောနေ့ဖြစ်၍ သူ့စိတ်ထဲမှာ နည်းနည်းတော ထူးလို့နေလေသည်။ သူကပဲ ထင်နေတာလား၊ လူတွေက အကဲဆတ်နေတာလားတော့ မသိ။ သူ့ကို အကဲခတ်နေသည် မျက်လုံးတွေ ရှိသည်လို့ပဲ သူက ယူဆနေခဲ့မိ၏။





သူ့ထက်အရင် ရောက်နေသော ဇင်နိုင်နှင့် သျှမ်းကို ...လျှင် သူ အားရှိသွားရသည်။ အထူးသဖြင့် တစ်ပတ်လောက် ...ကွာထားခဲ့သော သျှမ်းရဲ့ မျက်နှာလေးကို မြင်လျှင် ရင်မှာ ...တ်ပျံ့ခြင်းနှင့်အတူ ကြည်နူးမှုကိုပါ တစ်ပြိုင်နက် ရလိုက်လေ ...ည်။

သို့သော် ဒီလိုမျိုးက မဖြစ်သင့်တော့ချေ။

"မင်း ဘာနဲ့လာတာလဲ"

"ဘတ်(စ်)နဲ့"

သျှမ်းက သူ့ကို မျက်နှာမသာမယာနှင့် ကြည့် ...ာက် ...

"နင့်အတွက် တစ်ခုခု မစီစဉ်ပေးဘူးလား"

"ကားပေးပါတယ်၊ ငါက မသုံးချင်လို့"

သျှမ်းက သူ့အဖြေကို သဘောကျဟန်ဖြင့် ပြုံးသွား ...ာ်လည်း ဇင်နိုင်က မျက်မှောင်ကြုတ်လျက်နှင့်ပင် ...

"ဘာဖြစ်လဲကွာ၊ သုံးသင့်လို့ သုံးတာပဲဟာ၊ နို့မို့ဆို မင်း ဘတ်(စ်)စီးဖို့ တော်တော်လျှောက်နေရမှာပေါ့"

"လျှောက်ရပစေပေါ့ကွာ၊ ယောကျ်ားပဲဟာ၊ အဲဒီလောက် နုမနေပါဘူး၊ သူပေးတဲ့ ကားကိုတော့ မကိုင်ချင်ဘူး"

"အေးလေ ... ဟုတ်သားပဲ၊ ဇင်နိုင်နော် ... နင်က မြှောက် ပေးမနေနဲ့၊ ဝိုင်က မာနရှိတဲ့ ယောကျ်ား၊ မိန်းမတစ်ယောက် ရဲ့ ပစ္စည်းကို ဘယ်သုံးချင်ပါ့မလဲ၊ မသုံးနဲ့ ဝိုင် ...



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို မနက်ဖြန်ကျရင် ငါ ဝင်ခေါ်မယ်၊ ဒီ
တောင် နင် ကျောင်းတက် မတက် မသေချာလို့၊ လ
လည်း ငါ အတိအကျ မသိလို့၊ ဖုန်းနံပါတ်လည်း
ဘာမှ မသိလို့ပေါ့”

သျှမ်းသည်လည်း ခါတုကို အသားလွတ် မုန်း
သော ဒီဇိုင်းဖြင့် ခပ်ငေါ်ငေါ် ပြောလေသည်။ သျှမ်းဟာ သူ
မုန်းကို မုန်းနေနိုင်သည်။ သျှမ်းမျက်လုံးများသည် သူမအကြော
ပြောလျှင် အရောင်တွေ တလက်လက် လင်းလာကာ အမု
တွေကြောင့် ရူးရှုံ၍ နေဖူးလေသည်။

ထိုစဉ်မှာပဲ သူ့ကျောပိုးအိတ်ထဲက ဖုန်းက တ
နှင့် ခေါ်သံထွက်ပေါ်၍ လာတာဖြစ်သည်။ ပထမတော့ သူ
သူ့ဖုန်းမြည်နေမှန်း မသိ။ သျှမ်းနှင့် ဇင်နိုင်တို့ကလည်း
ဖုန်းရဲ့ တီးလုံးသံတွေ မဟုတ်၍ ကြောင်တောင်တောင်။

ဒီတော့မှ သူဟာ သူ့ဆီက မြည်နေမှန်း အ
တာ ဖြစ်သည်။ ကပျာကယာထုတ်၍ ဖွင့်နားထောင်လိုက်လျှ

“သား ... အန်တီသူဇာပါ”

“သြော် ... ဟုတ်ကဲ့ အန်တီ၊ အန်တီ နေကောင်း
ခင်ဗျာ”

သူဟာ သူမကိုတော့ ဘယ်လိုပဲ မကျေ
အန်တီသူဇာကိုတော့ မေမေ့နေရာမှာထားကာ လေးစား
သည်။





“ကောင်းပါတယ်၊ လူရော စိတ်ရော၊ အရမ်းချမ်းသာနေတယ် သားရေ၊ သား အခု ကျောင်းမှာလား”

“ဟုတ်ကဲ့ အန်တီ”

“သားက ဘာလို့ ကားမယူတာလဲကွယ့်”

“ဗျာ ... သြော် ... ဟို ... ကျွန်တော် မမောင်းတတ်လို့ပါ”

“ဟယ် ... ဒါဆို သင်ရမှာပေါ့၊ သင်ဖို့ စီစဉ်လေသားရဲ့၊ ခါတုကလည်း ကလေးကို တစ်ခုခု မစီစဉ်ပေးဘူးကွယ်၊ သိပ်ဆိုးတဲ့ ကလေးမ ...

တစ်ချက် တစ်ချက်ကျရင် သူကလည်း သိပ်နေစိမ့်တာ၊ ဘတ်(စ်)နဲ့ သွားရတာ ပင်ပန်းမှာပေါ့၊ ဖုန်းကိုတော့ အမြဲယူထားနော်သား၊ အန်တီ့ဖုန်းကိုလည်း မှတ်ထား၊ လိုတာရှိရင် လှမ်းပြော”

“အန်တီသာ အဆင်ပြေအောင်နေပါ၊ ကျွန်တော်က ပြည့်စုံပါတယ်”

“အေး ... အေး ...။ ခါတုက သားကို ဂရုစိုက်ရဲ့လား”

“စိုက်ပါတယ် အန်တီ”

“အင်း ... အဆင်ပြေအောင် နေကြကွယ်၊ အန်တီ စိတ်ချမယ်၊ သားကလည်း ခါတုကို စောင့်ရှောက်ပါ၊ သား မကြိုက်တာ ရှိရင်လည်း ပြော”

သူက သူမပုံစံကို ရုတ်တရက် ပြန်မြင်ယောင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... အဆင်ပြေရင် ပြီးတာပါပဲ၊ ဒါပဲနော် သား"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဟုတ်ကဲ့"

သူက ဖုန်းပိတ်လိုက်ပြီးလျှင် အသင့်စောင့်ကြိုနေသော အမေးမျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။ သျှမ်းသည် သူ့လက်ထဲက ဖုန်းကို အကဲတခတ်ခတ်ဖြင့် ...

"အဲဒါ နင့်ဖုန်းလား"

ဟု မနေနိုင်သလို စ၍မေးလေသည်။ သူက အသေအချာပင် မကြည့်ဖြစ်သေးသော ငွေမင်ရောင် ဟန်းဆက်လေးကို လှည့်ပတ်ကြည့်ရှုနေရင်းမှ ...

"အန်တီသူဇာက ဝယ်ပေးသွားတာပါ"

"ဟာ ... ယောက္ခမကြီးက သဘောကောင်းလှချည်လား ကွ၊ လုပ်ပါဦး၊ မင်းမိန်းမမှာ အစ်မတွေ ညီမတွေများ မရှိတော့ဘူးလား"

ဖင်နိုင်၏ မင်းမိန်းမ ဟူသော အပြောအောက်တွင် သူ့နှလုံးသားတစ်ခုလုံး အင်ခနဲ ဖြစ်သွားရသည်။ ထိုစကားဟာ သူ့အတွက်တော့ အတော်မှားဝင်ဆိုးလေသည်။ ဖင်နိုင်က ပေါ့ပေါ့ ပါးပါး ဖြစ်သော်လည်း သူက အပီခံစားရတာ ဖြစ်သည်။

"တော်စမ်းပါကွာ၊ ဘာတွေ လာပြောနေတာလဲ"

"ဟာ ... ဘာလဲ၊ မင်းကလည်း၊ မင်းယောက္ခမကြီးက ရိပ်သာမှာပဲ နေတော့မှာဆို၊ ဒီတော့ အိမ်မှာ မင်းတို့နှစ်ယောက်တည်းပဲပေါ့"





သူက မှတ်ကို စပ်စုနေသော ဖင်နိုင်ကို မျက်ရိပ်မျက်ကဲ အတင်းပြကာ ပါးစပ်ပိတ်လိုက်ရသည်။ သျှမ်းကတော့ နှုတ်ခမ်းလေးကိုက်ကာ တိတ်ဆိတ်လို့ နေသွားလျှင် သူက အတော်ပဲ စိတ်မကောင်း ဖြစ်သွားရလေသည်။

ဒါကြောင့် ဘာမဆိုင် ညာမဆိုင်ပင် ...

"သျှမ်း ... နင်က ငါ ဒီဖုန်းကိုကိုင်တာ မကြိုက်လို့လား ဟင်"

ဟု မေးမိလေသည်။ သျှမ်းက အဲဒီလို အမေးခံရတာကို ဂုဏ်ယူဝံ့ကြွားသွားသော မျက်နှာဖြင့် ...

"အဲဒီဖုန်းကိုတော့ နင် ကိုင်လိုက်ပေါ့၊ ဒါမှ နင့်ဆီ ဆက်သွယ်ချင်ရင် လွယ်သွားမှာ၊ နင်တို့အိမ်ကို ဖုန်းမဆက်ချင်ပါဘူး ...

မနက်ဖြန်ကျရင် နင့်ကို ငါလာခေါ်မယ်"

"အင်း ... ငါ ခြံစောင့်ကို ပြောထားလိုက်မယ်"

"မင်း အဲဒီမှာနေရတာ အဆင်ပြေလား ဝိုင်၊ ပြီးတော့ ဟို မိန်းမနဲ့ရော အဆင်ပြေလား"

သူက သျှမ်းကို မလုံမလဲနှင့် ကြည့်လိုက်လျှင် သျှမ်းကလည်း အဲဒီမေးခွန်းကို စိတ်ဝင်စားဟန်ဖြင့် နားစွင့်လို့ နေတာ တွေ့ရသည်။

"ပြေပါတယ်"

"ဟုတ်လား၊ အဲဒီမိန်းမက နင့်ကို အလိုလိုက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သျှမ်းရဲ့မေးခွန်းဟာ သီချင်းရဲ့ မကာဘဲ ဝန်တိုခြင်း တွေပါ ပါနေလေသည်။ သူဟာ အဲဒီမေးခွန်းတွေလာလျှင် ထွက်ပြေးချင်စိတ် ပေါက်အောင်ပင် စိတ်ညစ်ရသူ ဖြစ်၏။

"မလိုက်ပါဘူးဟာ၊ ဒီလိုပါပဲ၊ သူလည်း သူ့ဟာသူနေ၊ ငါလည်း ငါ့ဟာငါနေပေါ့၊ သူနဲ့ ငါက ညှိထားကြတယ်"

သူက သူမနှင့် စကားပြောခဲ့တာတွေကို ပြန်ပြောပြလိုက်လျှင် သျှမ်းရဲ့ မျက်လုံးတွေက စိတ်ဝင်စားရိပ်တွေဖြင့် အရောင်တွေ လက်၍လာလေသည်။ သူတို့နှစ်ယောက်ဟာ သီးခြားစီနေကြသည်။ ဘာမှမပတ်သက်ဟူသော အဖြစ်ကို ကျေနပ်နေသော အမူအရာတွေ သျှမ်းရဲ့မျက်နှာပေါ်တွင် အပြည့်အဝကို တွေ့ရသည်။

"ဒီလိုဆိုရင်တော့ ခတုက မဆိုးပါဘူးကွ"

ဖင်နိုင်ရဲ့ မှတ်ချက်ကို သူက ဘာမှပြန်မပြောရသေးခင်မှာပဲ သျှမ်းက ဖင်နိုင့်လက်မောင်းကို ဖျတ်ခနဲ ပိတ်ရိုက်ကာ ...

"ဘာမဆိုးပါဘူးလဲ၊ ဘာအားပေးအားမြှောက် လုပ်နေတာလဲ"

ဟု ရန်တွေ့လေသည်။

"အား ... နာလိုက်တာ၊ လက်ပြတ်ကြီးနဲ့ လာရိုက်နေတယ်၊ ငါပြောတာ ဘာမှားနေလို့လဲ၊ တချို့မိန်းမတွေဆို ဒီလိုဘယ်ရှိလိမ့်မလဲ၊ အရမ်း ပဂျီ ပဂျီ လုပ်တာ ...

ငါတို့ကို တစ်နေ့လောက် မင်းအိမ်ကို အလည်ခေါ်ဦးလေ"





"အာ ... ဘာလုပ်မှာလဲကွာ၊ ငါတောင် အခန်းထဲက ထွက်တာမဟုတ်ဘူး"

"ကျွတ် ... မင်းဟာက မဟုတ်သေးပါဘူးကွာ၊ မင်းကြည့်ရတာ မိန်းမရတာနဲ့လည်း မတူဘူး၊ ဘယ်လိုမှန်းလဲ မသိဘူး၊ တစ်ခုခု လိုနေတဲ့ပုံပဲ"

"ဘာမှ မလိုဘူး၊ ငါလည်း သူ့ကို မိန်းမရသွားတယ်လို့ မထင်ဘူး၊ ငါ့မျက်လုံးထဲမှာလည်း ဝိုင်က အရင်အတိုင်းပဲ၊ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး။ သေချာတယ်"

သျှမ်းက အဲဒီစကားတွေကို ရဲရဲဝံ့ဝံ့ကြီး ဆိုလိုက်လျှင် သူဟာ ဝမ်းသာကျေနပ်သွားရမည့်အစား ရင်ထဲမောသွားသည်။ တကယ်တော့ အရင်ကဘဝနဲ့ ဘာမှမတူဘူးဆိုတာ လိမ်မရတော့ချေ။

ဒါကို သိရက်နှင့် နှလုံးသားကို လှည့်စားထားချင်သည့် သျှမ်းကို သူက အများကြီးပဲ သနားကရုဏာ သက်ရလေသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





မာတုသည် မြို့ထဲကို ချိုးကွေ့ဝင်လာပြီးနောက်
ပေါ်တီကိုအောက်မှာ ကားတစ်စီး ရပ်ထားတာ တွေ့သဖြင့် ကား
ကို ဆက်မောင်းမလာတော့ဘဲ အသာရပ်ထားခဲ့ကာ လမ်းဆက်
လျှောက်လာခဲ့သည်။ ဆလွန်းအဖြူကို မာတု မသိချေ။ မာတု
မိတ်ဆွေတွေရဲ့ ကားလည်း မဖြစ်နိုင်။

ဟိုကောင်လေး သူငယ်ချင်းတွေရဲ့ ကားများလား
ဖြစ်နိုင်တာတွေကို လျှောက်တွေးရင်းနှင့် အိမ်ထဲသို့ ဝင်လာလျှင်





အိမ်ထဲမှ အပြင်သို့ ထွက်လာကြသော ဝိုင်နှင့် ကောင်မလေးတစ်
ယောက်ကို တွေ့လိုက်ရလေသည်။ နှစ်ယောက်သားဟာ ဘာတွေ
သဘောကျနေမှန်း မသိဘဲ ရယ်မောနေကြတာဖြစ်၍ မာတုကို
ဖြုန်းခနဲ တွေ့လိုက်ရလျှင် နှစ်ယောက်သားက အမ်းခနဲ ဖြစ်သွား
ကြသည်။

အထူးသဖြင့် သူဟာ မာတုကို နှုတ်ဆက်ရမှာလိုလို
မိတ်ဆက်ပေးရမှာလိုလို ကြောင်တောင်တောင် ဖြစ်လျက်ရှိသည်။
မာတုသည် ကိုယ်က အကြီးပီပီရော ပွင့်လင်းသည့် စိတ်ဓာတ်
အရရော စတင်၍ နှုတ်ဆက်လိုက်သည်။

"Hi မောနင်း၊ ကျောင်းသွားတော့မယ်လား"

"ဟုတ် ...၊ အင်း ..."

သူက ဘာအဓိပ္ပာယ်မှန်း မသိ မသဲကွဲစွာ ဖြေသည်။
သူ့နံဘေးမှ မိန်းကလေးသည် မာတုကို ခပ်တည်တည်ပဲ (ပေါ
တင်ပင်) အကဲခတ်နေလေသည်။

မာတုသည် အဲဒါကို သိသော်လည်း မသိချင်ဟန်
ဆောင်လျက်နှင့်ပင် ...

"Breakfast ရော စားပြီးပြီလား၊ ဆောရီး ... ဒီတစ်နေ့
တော့ ကိုယ် မင်းနဲ့ ဘရိတ်ဖတ်စ် မစားလိုက်ရဘူးပေါ့၊
Gym သွားနေတာလေ"

"ရပါတယ်၊ ကျွန်တော် စားပြီးပြီ၊ သွားတော့မယ်"

"အိုခေ ... အိုခေ ...၊ ဘိုင့်ဘိုင် ... ဆီးယူ"



www.burmeseclassic.com

www.burmeseclassic.com



ခါတုသည် တမင်ပင် သူ့ကို ရွှန်းရွှန်းဝေအောင် နှုတ်ဆက်လျက် သူတို့သွားသည်အထိ တံခါးကိုမှီကာ ရပ်ကြည့်နေလိုက်သေးသည်။ သူကတော့ ကားမမောင်းတတ်၍ ထင်သည် မောင်းချေ။ ကောင်မလေးကသာ ကားကို တရကြမ်း မောင်းထွက်သွားသည်။

အဲဒီတော့မှ ခါတုဟာ ကိုယ်ကိုလှုပ်၍ တသိမ့်သိမ့် ရယ်မောကာ အိမ်ပေါ်သို့ တက်လာခဲ့တော့တာ ဖြစ်သည်။ တီး(န်)အေ့ချ် (ဆယ်ကျော်သက်)တွေများ ရယ်ချင်စရာ ကောင်းလေစွ။

တကယ်တော့ ခါတုဟာ ကိုယ့်အိမ်ကို ရောက်လာတဲ့ ဧည့်သည်ကို အပြုံးတစ်ချက်နှင့်တောင် နှုတ်ဆက်ဖော် မရသည့်သူ မဟုတ်ပါ။ သို့သော်လည်း ထိုကလေးမရဲ့ မျက်လုံးတွေဟာ ကိုယ့်အပေါ်မှာ တစ်စက်လေးမှ နှစ်လိုမှု မရှိသည်ဆိုတာကို တော့ ဆဋ္ဌမအာရုံနှင့် အလိုလိုကို သိ၍နေသည်။

ဒါတောင် ကလေးမလေးကို မျက်လုံးချင်းဆိုင်၍ မကြည့်ရသေး။ ကြည့်ပြီးလျှင်တော့ သူမလေးရဲ့ ရင်ထဲမှာ ဘာတွေရှိမည် ဆိုတာပါ အကဲခတ်နိုင်မည် ထင်သည်။ လူတစ်ယောက်ရဲ့ မျက်လုံးတွေဟာ စိတ်ရဲ့တံခါးပေါက်ဖြစ်လျက် အဲဒီမျက်လုံးတွေကို စူးစိုက်အကဲခတ်ရုံမျှဖြင့် တစ်ဖက်သားရဲ့စိတ်ကို ခါတုက ဖတ်နိုင်စွမ်း ရှိလေသည်။





မကြာခဏ စိုက်ကြည့်တတ်သဖြင့် အိမ်ကတစ်ယောက်ရဲ့ မျက်ဝန်းတွေကတော့ ခါတု ဖတ်တတ်လို့ နေချေပြီ။ လောကကြီးကို စိတ်ပျက်သလို၊ ပိုက်ဆံရှိသော မိန်းမတစ်ယောက်ကို လက်မထပ်ချင်ဘဲ လက်ထပ်လိုက်ရသော အားငယ်ရိပ်ဆင်သည့် မျက်ဝန်းများ၊ အရွဲ့တိုက်ချင်သလိုရှိသည့် လူငယ်စိတ်၊ ဓာန်ထနေသော မျက်ဝန်းများကို နားလည်စွာဖြင့် သူ့ကို ခါတုက ခွင့်လွှတ်ဖို့ နားလည်ဖို့ ဆုံးဖြတ်ထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





သူဟာ ကားပေါ်ရောက်တာနှင့် တစ်ပြိုင်နက် ဘာမှ လဲ မလုပ်ရပါဘဲနှင့် သျှမ်း၏ စစ်ဆေးမှုကို ခံရတော့တာဖြစ်၏။

"ပြောစမ်း ... ပြောစမ်း ...။ နင်နဲ့ အဲဒီမိန်းမက သိပ်ရင်းနှီးနေကြတယ်ပေါ့ ... ဟုတ်လား"

တကယ်တော့ အဲဒီစကားဟာ သူများကြားလျှင် ရယ်ချင်စရာကြီး ဖြစ်သော်လည်း သူ့မှာတော့ မရယ်ရဲပေ။

"မရင်းနှီးပါဘူး သျှမ်းရာ"





"အံမာ ... မရင်းနှီးရင် သူက ဘာလို့ ဒီနေ့တော့ ဘရိတ်ဖတ်စ် မစားရတော့ဘူးလေး ဘာလေး ပြောသတုန်း။ ဘာလဲ ... နင်တို့က ထမင်းလက်ဆုံစားနေကျပေါ့လေ ဟုတ်လား ..."

"မစားပါဘူးဟာ ... မနက် ဘရိတ်ဖတ်စ်ကတော့ ငါလည်း ကျောင်းသွားချိန် သူလည်း အလုပ်သွားရချိန် ဆိုတော့ ဒီလိုပဲ ဆုံကြတာပေါ့၊ ညစာတော့ မဆုံပါဘူး။ သူက စောစောစားတာ"

သျှမ်းက သူ့ကို မျက်လုံးတစ်ချက် စွေကြည့်ရင်း ...

"နင်က သူ့ကို ကြိုက်နေပြီလား ..."

"အာ ... ဘာဆိုင်လို့ ကြိုက်ရမှာလဲ ... သျှမ်းကလည်း ဟာ ... ဘာတွေ လာမေးနေမှန်းလဲ မသိဘူး"

သျှမ်းက မထီတရီ တစ်ချက်ပြုံးရင်း ပွင့်မိသွားသဖြင့် ကားကို ထိုးရပ်ထားကာ ...

"မေးရတာပေါ့။ နင်က သူ့ကို ပွဲသာ မရှောင်သာမို့ လက်ထပ်လိုက်ရမှာ မဟုတ်လား။ ပြီးတော့ နင်တို့က တကယ့် လင်မယားလည်း မဟုတ်ဘူးလေ ...

အချစ်မပါတဲ့ဘဝကြီးထဲမှာ နင်နေပျော်လို့လား ဝိုင်"

သျှမ်းရဲ့ အမေးဟာ အေးစက်နေသော သူ့နှလုံးသားကို ပူနွေးလို့လာစေသည်။ သူက မဖြေသဖြင့် သျှမ်းက စကားကို ဆက်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အချစ်မပါတဲ့ အိမ်ထောင်ရေးမျိုးကို ဘယ်တော့မှ မတည်ဆောက်ဘူးလို့ ဆုံးဖြတ်ထားတယ် ...

နောက်တစ်ခုက ငါက ငါလိုချင်တဲ့အရာကို မဖြစ်ဖြစ်အောင် လုပ်တတ်တယ်ဆိုတာ နင် သိပြီးသားပဲ။ နင့်ကို ဒီလို အသက်မပါတဲ့ ဘဝမျိုးကြီးထဲမှာ မထားရစ်ခဲ့ချင်ဘူး ဝိုင်ရယ်"

သူက သျှမ်းရဲ့ စကားတွေကို အတွေးထဲမှာတောင် ယောင်၍ မတွေးခဲ့ဖူးသေးချေ။ သူသည် မေမေ့ရဲ့ နောက်ဆုံးဆန္ဒအရ ခေတုကို လက်ထပ်ခဲ့ပြီးပြီ။

အဲဒီနောက်မှာတော့ သူ့ဘဝဟာ ခံစားချက်ကင်းမဲ့သွားသလို ဖြစ်ခဲ့ရတာမှန်သော်လည်း ဒီဘဝကို အဲဆုံးသတ်ပစ်ကာ ဘဝသစ်တစ်ခု ပြန်၍ တည်ဆောက်ဖို့ ဆိုတာတော့ သူတကယ်ကိုပဲ တွေးမကြည့်ဖူးပါ။

သို့သော် သျှမ်းရဲ့ မျက်ဝန်းတွေကတော့ မျှော်လင့်ချက်တွေဖြင့် တရိပ်ရိပ် တောက်ပလာလျက်ရှိသည်။

"ငါက ဖူးစာဆိုတာကို မယုံဘူး ဝိုင်။ ကံဆိုတာလည်းမယုံဘူး။ အရာအားလုံးကို ကိုယ်တိုင်ကဖန်တီးတာပဲ။ အခြေအနေအရ လုပ်ပိုင်ခွင့်ဆိုတာ ညှိုးမှိန်ချင် ညှိုးမှိန်မယ် ... ဒါပေမဲ့ အခွင့်အရေးရလာရင် ဘာမဆို ဖန်တီးလို့ရနိုင်တာပဲ"

"နင်က ဘဝမှာ လိုတရခဲ့တဲ့သူကိုး"





သျှမ်းသည် သူ့စကားကို မဲ့ပြုံးတစ်ချက်ပြုံးကာ "ထင်သလား" ဟု ပြန်မေးသည်။ သူက ပြန်မဖြေမိချေ။ သျှမ်းက သက်ပြင်းကြီးကြီးတစ်ခုကို နံနက်ခင်း စောစောစီးစီးနှင့် မလိုက်ဖက်စွာ ဟင်းခနဲ ချလိုက်ရင်းမှ ...

"လောကကြီးဟာ မတရားဘူးဟာ၊ မလိုချင်တဲ့သူတွေကျတော့ ရောက်ချင်ရောက်နေတတ်ပြီး ရချင်တဲ့သူတွေဆီတော့ ရောက်မလာတတ်ဘူး တော်တော်ကို လွဲတဲ့လောကကြီး။ အလွဲတွေချည်းပဲ။ စိုင်းစိုင်းရဲ့ သီချင်းအတိုင်းပဲ၊ အော်မေးလိုက်ချင်တော့တယ်၊ ရည်းစားဦး အချစ်ဦးတွေ ဘယ်နှယောက်တောင် ညားဖူးသလဲ လို့ ...

ဟား ဟား ... ဒါနဲ့ အဲဒီမိန်းမကရော အချစ်ဦး မရှိဘူးလား"

"ဘယ်သိမလဲ သျှမ်းရာ၊ နင်နဲ့ငါ မိတ်ဆက်ပေးရမလား"

"အိုး ... တော်ပါ ... ငါက ဘာလို့ သူနဲ့ မိတ်ဆက်ရမှာလဲ၊ အရေးမပါတာ"

"နင်က ဘာလို့ သူ့အကြောင်းတွေ လာ၊လာပြီး မေးနေလဲဟ၊ ငါမှ မသိတာ"

"အေး ... မသိတာပဲ ကောင်းတယ်၊ ငါ သူ့ကို ကြည့်မရဘူး၊ မုန်းတယ် ပညာပေးချင်တယ်၊ နင် ဘာမှမကန့်ကွက်ရဘူးနော်။ ပြီးတော့ ငါ့ဘက်က ပါရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမ်းဟာ ဘယ်ဘဝက ရေစက်မှန်းတော့မသိ။ သူ့ကို တကယ်ပဲ မုန်းနေဟန်တူတာကို သူက ရင်မောစွာဖြင့် သိနေရသည်။ ဒါဆို သူကရော ...။

သူကလည်း သူမနဲ့ မျက်နှာချင်းကို မဆိုင်ချင်တာဖြစ်သည်။ အဲဒါကတော့ အမုန်းစိတ်တစ်ခုတည်းကြောင့်တော့ ဟုတ်ဟန်မတူပေ။

❤ + ❤







## အခန်း(၁၁)

ဒီလိုနှင့် သူတို့ရဲ့ 1st MBတစ်နှစ်တာကာလ စာမေးပွဲဖြေဆိုလို့ပြီးသွားခဲ့သည်။ အဲဒီအချိန်အတွင်းမှာ သူနဲ့ သူမရဲ့ ဆက်ဆံရေးက ထူးခြားစွာ ပြောင်းလဲသွားသည်လို့တော့ မရှိခဲ့ချေ။

ဇင်နိုင် ပြောသလိုပဲ သူမဟာ တကယ်နားအေးတတ်သူလားတော့မသိပေ။ သူ့ကို အပိုစကားတစ်ခွန်းမပြောချေ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ဘော အလုပ်များတာ ဖြစ်နိုင်သည်။ မနက် အာရိတ်ဖတ်
ချိန်မှ-ခွဲ၍ သူမနှင့်ဆုံရတယ်လို့ပင်မရှိချေ။ တစ်ခါတလေ Gy
သွားနေတတ်သဖြင့် မနက်တွေမှာတောင် မဆုံတတ်။

ညနေပိုင်းများဆိုလျှင် သူမကို ယောင်၍တော
မတွေ့ရတတ်တော့ပေ။ သူ တစ်ကိုယ်တည်းနေရသော အခန်း
မှာတောင် လိုလေသေးမရှိ ဖန်တီးပေးထားလေရာ သူမကလည်
သူမ အခန်းထဲမှ ဘယ်မှ ထွက်တော့တာမဟုတ်ချေ။ ဒီလို
နောက်တစ်နေ့ညမှာတော့ သူမက ထူးထူးခြားခြားပဲ သူ့
စကားခေါ်ပြောတာ ဖြစ်လေသည်။

ထိုညက လပြာ ရွှန်းရွှန်းမြမြသာနေသည်။ လရော
တာ ကမ္ဘာမြေကို ပက်ဖျန်းထားသဖြင့် လသာဆောင်တစ်ခု
တာ လရောင်ဖြင့် အေးမြငြိမ်းချမ်းလို့နေလေသည်။ တီရှပ်
တစ်ထည်နှင့် သရီးကွာတာ ဘောင်းဘီကို ဝတ်ဆင်ထားသော
သူမဟာ တကယ်တော့လည်း သူ့ထက် ရှစ်နှစ်ကြီးသူရယ်
ထင်ကိုမထင်ရပါ။

သူက ခုံမှာ ဝင်ထိုင်လိုက်လျှင် သူမက သော
လက်စ စီးကရက်ပြာတွေကို ခြွေချရင်း ...

"မင်း 1st MB ပြီးသွားပြီနော်၊ ဖြေနိုင်တယ် မဟုတ်လား"

သူမ ဘာပြောမလို့ ဒါကို နိဒါန်းပျိုးနေတာပါလိ
သို့သော် သူ့မှာ ဒါကို မစဉ်းစားအားသေးချေ။

"ဖြေနိုင်ပါတယ်"





"မင်းကို မနက်တိုင်း လာခေါ်နေတတ်တာ မင်းရဲ့
သူငယ်ချင်းလား"

သျှမ်းကို ဆိုလိုတာမှန်း သိလျှင် သူ့ခေါင်းတို့က
ခတ်ခနဲ ဖြစ်သွားရသည်။ သူမကတော့ ပေါ့ပေါ့ပါးပါးပင် မီးခိုး
ငွေ့တွေကို မှုတ်ထုတ်ရင်း သူ့အဖြေကို စောင့်နေသည်။

"သူငယ်ချင်းပဲပေါ့ ... ခင်ဗျားက ဘာထင်လို့လဲ"

သူက ဘုတ်ဆတ်ဆတ် ပြန်ဖြေလျှင် သူမက နှုတ်
ခမ်းပွန့်ရုံ-ပြုံးကာ ...

"ကိုယ့်မှာ ထင်မြင်ချက် မရှိပါဘူး"

"ဟင် ... ထင်မြင်ချက်မရှိရင် ဘာလို့ သူငယ်ချင်းလား
လို့ မေးရတာလဲ၊ သူငယ်ချင်း မဟုတ်တဲ့ ပတ်သက်မှုမျိုး
ဘာရှိနိုင်ဦးမှာလို့လဲ ...

ခင်ဗျား တစ်ခုခုကို စွပ်စွဲချင်တာလား ..."

သူက ဆတ်ဆတ်ထိမခံသော ပုံစံမျိုးဖြင့် ပြန်နောက်
လိုက်လျှင် သူမက သူ ထင်သလို ဒေါသထွက်မသွားဘဲ အေးအေး
ဆေးပဲ ပြန်၍ ပြောလေသည်။

"ဒီလောက်ကြီးလည်း စိတ်လှုပ်ရှားစရာ မလိုပါဘူးလေ"

"မလိုရအောင် ခင်ဗျား ပြောနေတဲ့ပုံက ... ကျွတ် ... ဘာ
လို့ သူငယ်ချင်းလားလို့ မေးရတာလဲ၊ အဲဒီလို မေးတာကို
က အလုပ်မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မင်း သူ့ကားကို လိုက်စီးနေတာကို ဆင်ခြင်လိုက်ပါ"

"ဘာ ... ဘာရယ် ... ဘယ်လို ..."

ပြောမယ့်ပြောတော့လည်း သူမက ရုတ်တရက်ကြီး ပြောချလိုက်လျှင် သူက နားထဲ၌ လုံးထွေးသွားရကား ချက်ချင်း နားမလည်လိုက်။ သူမက ထိုင်ရာမှ ဆတ်ခနဲထကာ ဝရန်တာအစွန်းမှာ သွားရပ်ရင်း အဝေးမှ တည့်တည့်ပဲ စူးစူးစိုက်စိုက် ကြည့်လို့ လာလေသည်။

လရောင်အကြည့်အောက်တွင် သူမ မျက်နှာသည် သူ စတွေ့ဖူးသောနေ့က ပုံစံလို တည်လျက်ရှိကာ တစ်ခုခုကို အပြတ်သားဆုံး ပြောတော့မည့်ပုံစံဖြစ်သည်။

အိုခေ ... သူကလည်း ဒါမျိုးမှ ...။

"မင်းဟာ အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ပါ ဝိုင်ချိုမြိန်။ မင်းနဲ့ ကိုယ်က နှစ်ယောက်သား နားလည်မှုတွေ ယူထားကြတယ်ဆိုပေမဲ့ တို့တတွေဟာ လူ့ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းထဲမှာ နေ,နေကြတာ ...

ဒီတော့ လူ့ပတ်ဝန်းကျင်က Ethic (လူမှုကျင့်ဝတ်) တွေကို လိုက်နာရလိမ့်မယ် ...

မင်း ဒီလို အဲဒီကောင်မလေးနဲ့ အတူသွား အတူပြန် နေတာ လုံးဝ မသင့်တော်ပါဘူး"





သူက အဲဒီစကားကို နာကြည်းစွာ ဟားတိုက်ရယ်မောလိုက်သည်။ နောက်ဆုံးတော့ ဒါပါပဲ။ အမိန့်ဆန်သော အပြောဆိုတွေဖြင့် သူ့ရဲ့ လွတ်လပ်ခွင့်တွေကို တားဆီးလို့သာ ချည်နှောင်တော့မည်။

"အဓိပ္ပာယ်မရှိတာ။ မသင့်တော်ရအောင် ကျွန်တော်တို့က ငယ်သူငယ်ချင်းတွေပဲ၊ မမြင်ကွယ်ရာမှာ ဖောက်ပြန်နေကြတာလည်း မဟုတ်ဘူး ...

ကားစီးတယ်။ ကျောင်းသွားတယ်၊ ဒါ ဘာဆန်းလဲ။ ခင်ဗျားနဲ့ ဘာမှ မဆိုင်ခင်တည်းကလည်း ဒီလိုပဲ သွားနေခဲ့တာပဲ"

"အဲဒါက မင်းရဲ့ ဆင်ဂယ်လ်ဘဝလေ၊ အဲဒါနဲ့ မင်း ဘာမှ လာနှိုင်းယှဉ်နေစရာ မလိုတော့ဘူး ...

မင်းကို ငါ ကားပေးထားတာပဲ၊ မင်း သုံးပါလား၊ ဘာလို့ သူများကားကို ကပ်စီးချင်နေရတာလဲ"

အဲဒီစကားက သူ့မျက်နှာကို ဖြတ်ရိုက်ခံရသလိုပဲ နာကျင်သွားစေခဲ့တာဖြစ်သည်။ ပြီးတော့ သူ့ကို စော်ကားလိုက်သော စကားလည်း ဖြစ်သေးသည်။ ချက်ချင်းပင် သူမကို သူ တော်တော်မုန်းသွားခဲ့ပါသည်။

"ခင်ဗျား စကားပြောတာ မစော်ကားနဲ့"

"မင်းက ဒီလိုပြောမှ နားလည်တာ မဟုတ်လား။ ပြောမှသိမှနာဆိုတာ မင်း ကြားဖူးတယ်မဟုတ်လား။ မင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သာ စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်စွမ်းရှိရင် ဒါတွေကို မင်း ကြိုတွေးထားသင့်တယ် ...

အခုတော့ ငါ ပြောလိုက်တော့ မင်း နားသွားပြီ ပေါ့"

သူမက မခိုးမခန့်ရယ်လျက် စီးကရက်ဖွာနေလျှင် သူသည် ထိုပုံစံကို မုန်းလွန်းသောကြောင့် အနားရှိ ဆေးလိပ်ပြာခွက်ဖြင့် ထပေါက်ချင်စိတ်ကို အထူးပဲ ထိန်းချုပ်ထားရလေသည်။ သူမက ဆက်၍ ပြောသေးသည်မှာ ...

"ဒီလိုတွေပြောတော့ မင်းက ငါ့ကို သတ်ချင်နေမှာပဲ၊ မတတ်နိုင်ဘူး၊ မဖြစ်သင့်လို့ ပြောနေတာပဲ ကောင်လေး...

မင်းတို့ကို ချေဝင်ပြီး ပြောနေတာလည်း မဟုတ်ဘူး။ ဒါကိုတော့ မြဲမြဲမှတ်ထား၊ မင်းတို့ရဲ့ ဆက်ဆံရေး ဘယ်လိုပဲရှိရှိ ကိုယ် စိတ်မဝင်စားဘူး ...

ဒါပေမဲ့ လုံးဝ မဖြစ်သင့်တဲ့ ကိစ္စမို့ ပြောနေတာ၊ အိမ်မှာ မင်းအတွက် ကားတစ်စီးလုံး ပေးထားတဲ့ကိစ္စမှာ မင်းက အဲဒီကားကိုတော့ မသုံးဘဲ တခြားမိန်းကလေး တစ်ယောက်ရဲ့ ကားနဲ့ သွားလာနေတာ မျက်လုံးထဲမှာ လုံးဝ ခရော့စ်ပဲ၊ မမိုက်လိုက်တာ"

သူမက ခေါင်းကို ငဲ့ကာ ငဲ့ကာဖြင့် ပွစိ ပွစိ ရေရွတ်ပြောဆိုနေလျှင် သူသည် အဲဒီပုံစံကို မုန်းလွန်းလှစွာနှင့် မမှိတ်မသုန်ကို စိုက်ကြည့်နေမိသည်။





"မင်း ကားမမောင်းတတ်ရင် အခု ကျောင်းပိတ်ထားတုန်း သင်ဖို့ စီစဉ်ပါ၊ ပြီးရင် အိမ်ကကားကိုပဲ သုံးပါ...

အိမ်သားတွေရဲ့အမြင်၊ ပတ်ဝန်းကျင်ရဲ့အမြင်မှာ မင်းဟာ အဲဒီမိန်းကလေးရဲ့ကားကို လိုက်စီးနေတာ ဘယ်လိုမှ မသင့်တော်ဘူး ...

မိန်းမတစ်ယောက် မောင်းတဲ့ ကားကို ယောကျ်ား တစ်ယောက်က ဘေးကနေ လိုက်စီးနေတာလောက် အထင်သေးတာ မရှိတော့ဘူး"

သူ့ရဲ့ သွေးက ဖျင်းခနဲ ဆူဝေလို့သွားကြသည်။ သူသည်လည်း ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်လျှင် သူမနှင့် တန်းတန်းဖြစ်လို့သွားသည်။

"ဒီတော့ ခင်ဗျား ပြောချင်တဲ့ စကားတွေကို လိုရင်းချုပ်လိုက်ရင် ကျွန်တော်က သူမ်းရဲ့ကားကို မစီးဖို့၊ ကားမောင်း သင်ဖို့၊ ဒီအိမ်က ကားကိုပဲ သုံးဖို့၊ ဒါတွေပဲ မဟုတ်လား"

"ဟုတ်တယ်"

သူက သူမမျက်နှာကို စေ့စေ့ကြည့်ကာ နာနာကြည်း ကြည်း ပြုံးပြလိုက်ရင်းမှ ...

"တစ်ခုမှ မလုပ်နိုင်ဘူး။ သဘောပေါက်လား"

သူမက သူ ထင်သလို ဒေါကြီးမသွားဘဲ နှုတ်ခမ်းထောင့်စွန်းလေးများကတော့ ကော့သည်ဆိုရုံ ပြုံးသွားကြသည်။ သူက တမင်ပင် ပခုံးနှစ်ဖက်တွန့်ကာ ချာခနဲ လှည့်ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်တုန်းကတော့ အဲဒီအပြုံးဟာ ကြောက်စ[illegible]
ကောင်းသည်ဟု သူ မသိခဲ့သေးပါ။ သူမနှင့် သူ့ကြားမှာ ပဋိပ[illegible]
တစ်ခုကတော့ စတင်ရှင်သန်လာပြီ။ မကျေလည်ခြင်း သဘင်[illegible]
ပြေပြီဟုလောက်သာ တွေးခဲ့တာဖြစ်၏။

အမှန်တကယ်က ဒီထက်မကချေ။

❤ ✢ ❤







သူက ထိုအကြောင်းကို သျှမ်းအား ပြန်ပြောပြလိုက်လျှင် သျှမ်းသည် နှုတ်ခမ်းထောင့်စွန်းများ ကော့တက်နေအောင် ပြုံးလျက် မျက်နှာတွင် ကျေနပ်ခြင်းအရိပ်အယောင်တို့က ထင်း၍နေလေသည်။

"အလကား ... အဲဒါ သက်သက်ပြဿနာရှာတာ။ သူ့ကိုယ်သူ ပိုက်ဆံချမ်းသာတယ်ဆိုပြီး သူ လုပ်ရင် ဖြစ်မယ်ထင်နေတာလေ ...

နင် လုံးဝ အဲဒီကားကို မထိနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သျှမ်းက အဲဒီလိုပင် ရာဇသံပေးလိုက်သေးသည်။ [illegible] ကွယ်ရာရောက်လျှင် ဇင်နိုင်က သူ့ကို အသာလက်ထုတ်ကာ ...

"ဟေ့ကောင် ... မင်းဆာ ဘာလို့ အဲဒါတွေ သျှမ်းကို သွားပြောပြရတာလဲကွ"

"အတူတူပဲလေ၊ မင်းတို့အားလုံးကို ပြောပြတာပဲ"

"ဟာကွာ ဝိုင်။ အရင်က ငါတို့အုပ်စုထဲမှာ ဘာမဆို မင်းက မျက်စိတစ်ဆုံး တွေးတတ်တဲ့ကောင်ပါကွာ၊ ပြဿနာကို ကြီးအောင်မလုပ်ချင်စမ်းပါနဲ့ ...

မင်း မိန်းမပြောတာလည်း ဟုတ်နေတာပဲ၊ မင်းက အိမ်ထောင်သည်နော်၊ အဲဒါ အရမ်းအရေးကြီးတယ်ကွ၊ ဟိုဟာမလေးကလည်း သူများကို ကလိရရင်ပြီးရော စွတ်လုပ်နေတာ၊ တစ်ခုခုဆို သူက မင်းထက် ပိုသိက္ခာကျမှာ ...

မင်း ဒါတွေကိုရော တွေးမိရဲ့လား"

ဇင်နိုင်က အဲဒီလို သတိပေးလိုက်လျှင် သူက ခေါင်းငြိမ်ကျသွားရသည်။ တကယ်တော့ သူဟာ ဒါတွေကို မတွေးတတ်၍မဟုတ်၊ သို့သော် အဲဒီလို တွေးလို့မရနိုင်အောင်ပင် သူ့အသိဉာဏ်တွေက ပိန်းမှောင်၍နေသည်။

"မသိဘူးကွာ၊ ငါ စိတ်တွေ သိပ်ရှုပ်တယ်"

"မင်း စိတ်ထဲမှာ လှမာတုကြည်ရဲ့ ကားကို သုံးဖို့အတွက်တော့ အောက်တယ်၊ သိမ်ငယ်တယ်ထင်နေတယ် မဟုတ်





လား။ အဲဒါက သိပ်ငယ်စရာ မဟုတ်ဘူးကွ။ မင်းမှာ တရားဝင်မိန်းမ ရှိရဲ့သားနဲ့ သျှမ်းရဲ့ကားကို စီးပြီး သွားလာနေတာကမှ အောက်တဲ့အဖြစ် ရောက်နေတာ"

သူက ဇင်နိုင် ပြောတာတွေကို စိတ်မဆိုးပါ။ ဒီကောင့် စကားတွေက အမှန်တရားတွေထံ ရောက်လုနီးနီးဖြစ်သည်။

"ငါ သျှမ်းကို သနားတယ်ကွာ။ ငါတို့နှစ်ယောက် အဖြစ်က သိပ်သနားစရာကောင်းနေသလိုပဲ။ ဒါကြောင့် သျှမ်း စိတ်ချမ်းသာအောင် ငါ ဖြည့်ဆည်းပေးချင်နေတယ်"

ဇင်နိုင်က သူ့ကို မသက်မသာကြည့်လာလျက် ...

"မင်းတို့နှစ်ယောက် စိတ်ချမ်းသာဖို့အတွက် တစ်ဖက်သားက စိတ်ဆင်းရဲပေးနေရမယ်ဆိုလည်း မဟုတ်သေးဘူး"

"အမလေးကွာ ... သူလား စိတ်ဆင်းရဲမယ့်သူ၊ ပြလိုက်ချင်တယ် ဒီဖိုင်းကို၊ ဘာကိုမှ ဂရုမစိုက်တဲ့ မိန်းမ။ သူက သာ ငါ့ကို လိုက်ရစ်နေတာ"

"အဲဒီလိုလည်း ဟုတ်မယ် မထင်ပါဘူး။ မင်း ပြောသလို အရဆိုရင် အေးအေးသမားပါ။ ငါလည်း တွေ့ဖူးတာပဲ၊ သူ့ပုံစံက မိန်းမတောင် သိပ်မဆန်ဘူး ...

အဆင်ပြေအောင် ညှိကြပါကွာ။ သျှမ်းကိုလည်း သိပ်အလိုမလိုက်နဲ့။ မင်းက အိမ်ထောင်သည်နော် ဝိုင် အိမ်ထောင်သည်။ အဲဒါ သိပ်အရေးကြီးတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက လူမာတုကြည် ဆိုတာလည်း မင်းလို မင်းကို သူ့ဆန္ဒမပါဘဲ လက်ထပ်ထားရတယ်ဆိုတာ မေ့မနေနဲ့ဦး”

ဒီကမ္ဘာပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် ချ မြတ်နိုးခြင်းလည်း မရှိကြ၊ ဒါ့အပြင် လက်ထပ်ဖို့ဆန္ဒပင် မရှိကြ သော လူနှစ်ယောက်ဟာ ဘာကြောင့်များ လက်ထပ်ဖြစ်ခဲ့ကြ တာလဲ၊ အဲဒီနှစ်ယောက်ရဲ့ တွဲလက်တွေကရော ဘယ်အချိန်ထိ များ ခိုင်မြဲကြမှာပါလဲ ... ဟု သူ တွေးတော့တွေးမိဖူးလေသည်။

❤ + ❤







သူမရဲ့ စကားကို သူရော သျှမ်းရောဟာ ဥပေက္ခာ ပြုလျက် သျှမ်းကလည်း မနက်ကျောင်းသွားလျှင် ဝင်ခေါ်စမြဲ။ သူကလည်း ဘေးကနေ လိုက်ပါစမြဲဖြစ်သည်။ 2nd MB စတက် ပြီး တစ်လလောက်ရှိသည်အထိဖြစ်သည်။

တစ်နေ့တော့ ကျောင်းကအပြန်တွင် ထူးထူးခြားခြား သျှမ်းက ပြောသည်မှာ ...

“နင် ဒီနေ့ ငါတို့အိမ်ကို လိုက်လည်ရမယ် ဝိုင်၊ မေမေက နင်နဲ့လည်း မတွေ့တာကြာပြီဆိုပြီး ခေါ်ခိုင်းလိုက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



သူက ဟုတ်လားဟု ပြန်ပြောမိသည်မှအပ ထူးထူ ခြားခြား ဘာမှ ပြန်မမေးမိပေ။ သျှမ်းကလည်း ဘာမှ ထူးခြာ ဟန်မပြ။ အခါတိုင်းလည်း သျှမ်းတို့အိမ်ကို ဝင်ထွက်နေကျဖြ သဖြင့် ဘာမှ အထူးတလည် မတွေးမိချေ။

ဒီလိုနှင့် သျှမ်းတို့အိမ်သို့ ရောက်လာခဲ့လျှင် သျှမ်း ရဲ့ မိခင်ကို ညှော်ခန်းထဲမှာ အဆင်သင့်တန်း၍ တွေ့ရလေသည်

"အန်တီ နေကောင်းလားခင်ဗျာ"

"ကောင်းပါတယ် … ထိုင် … ထိုင်။ မတွေ့တာတော ကြာပြီနော်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်လည်း အိမ်ချင်းသိပ်မနီးတော မရောက်ဖြစ်တော့တာပါ"

တကယ်တော့ အိမ်ချင်းနီးတာ ဝေးတာထက် သူဟာ သျှမ်းရဲ့မိခင်နှင့် ဆုံဖို့ကို ဝန်လေးတာဖြစ်သည်။ ထိုအမျိုးသမ ကြီးဟာ သူ့ကိုဆို မနှစ်မြို့တတ်ဟု သူ ထင်သည်။

"စကားပြောကြဦးနော်၊ သျှမ်း အဝတ်အစား သွားလဲလိုက် ဦးမယ်"

သျှမ်းက အပေါ်တက်သွားလျှင် သူ့မှာ အားငယ် သလိုလိုဖြစ်ကာ ကျန်ရစ်ခဲ့သည်။ ထိုအန်တီက အတန်ကြာ စကားမပြောဘဲ တိတ်ဆိတ်နေသဖြင့် သူက စတင်ကာ …

"အန်တီ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တာ ပြောစရာရှိ များလား"





"အင်း … ဟုတ်တယ်ကွယ်။ အန်တီ မင်းနဲ့ စကားပြော ဖို့အတွက် အလုပ်တိုက်တောင် မသွားဘဲ စောင့်နေတာ"

"ခင်ဗျာ … ဘာများ အရေးကြီးလို့လဲ အန်တီ"

အန်တီသည် သူ့မျက်နှာကို စေ့စေ့စပ်စပ် အကဲ ခတ်လျက် …

"အန်တီ မင်းကို ပြောရမှာ အားတော့နာတယ် ဝိုင်။ ဒါပေမဲ့လည်း မပြောရင်မဖြစ်တဲ့ ကိစ္စမို့လို့ပါ။ အန်တို့ စိတ်ထဲမှာ ထင်နေတာက မင်းဟာ အိမ်ထောင်ကျသွားပြီး ကတည်းက သမီးနဲ့ ကျောင်းအတူတူ မသွားတော့ဘူးပဲ ထင်ခဲ့တာ"

သူက ခင်ဗျာဟူသော အာမေဍိတ် မ,တနိုင်ဘဲ သျှမ်း အမေရဲ့ မျက်နှာကို အလန့်တကြား မော်ကြည့်မိသည်။ အန်တီ၏ မျက်နှာမှာ အနည်းငယ် အေးစက်ကာ မာကျောသည့် ဘက်သို့တောင် ရောက်လုလုဟု ထင်လေသည်။

"မင်းဟာ အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီ ဝိုင်ရဲ့။ ဟိုးအရင်က သမီးဟာ မင်းကို ဝင်ခေါ်တယ်၊ ကျောင်း အတူသွားကြတယ် ဆိုတာက မင်းတို့ဟာ သူငယ်ချင်း အချင်းချင်းမို့၊ ပြီးတော့ မင်းအနေနဲ့လည်း သွားရေးလာ ရေး အခက်အခဲရှိလို့ အန်တီက နားလည်ကြည်ဖြူပေးထား တာ …



www.burmeseclassic.com

www.burmeseclassic.com



"အခု မင်းက ပြည့်စုံတဲ့ အနေအထားတစ်ခုကိုလည်း ရောက်နေပြီ၊ ပြီးတော့ အိမ်ထောင်သည် တစ်ယောက်လည်း ဖြစ်နေပြီဆိုတော့ ... ဆင်ခြင်ရမယ့် အပိုင်းတွေ ရှိလာပြီ၊ ကိုယ့်စိတ်က ရိုးသားရင် ပြီးတာပဲဆိုပြီး ထင်သလိုနေလို့ မရတော့ဘူး"

*အန်တီ့ စကားတွေက* ပြောရင်းမှ တဖြည်းဖြည်း တင်းမာသည့် အနေအထားဘက်သို့ ရောက်လာသည်။ ထို့အတူပင် သူ့နှလုံးသားဟာလည်း အဖိအထောင်း ခံရဖန်များလာလွန်းသဖြင့် မာကျောလာခဲ့ပြီဖြစ်သည်။

သူက မျက်နှာကို ကြမ်းပြင်ပေါ် စိုက်ချထားသော်လည်း ရင်ထဲမှာ နာကျင်စိတ်တွေနှင့် ဖြောင်းဆန်လို့နေသည်။

"တကယ်ဆိုလည်း ဝိုင်က သိတတ်ဖို့ကောင်းတယ်ကွယ်၊ မင်း နားလည်သင့်တယ်။ အန်တီ ဒီစကားတွေကို မပြောချင်ပါဘူး၊ ဒါပေမဲ့ မပြောရင်သိမှာမဟုတ်ဘူး ..."

သူသည် အဲဒီတစ်ခဏတွင် ဖျတ်ခနဲ သတိသွား၍ ရသည်မှာ ပြောမှသိ ထိမှနာဟူသော စကားကိုရော၊ ပြောခဲ့သည့် မိန်းမကိုရော ဖြစ်သည်။ သူ့ရဲ့ ကံဇာတာဟာ ဘယ်လောက်တောင်များ ဆိုးနေလို့ နိမ်ချစော်ကားတတ်သည့် စကားတွေကို မိန်းမတွေထံကချည်း ကြားနေရတာပါလိမ့် ...။





ဒါ့အပြင် သူ ထပ်တွေးမိသည်မှာ ဒီကိစ္စကို အန်တီဟာ ဘယ်လိုများ သိသွားပါလိမ့် ဆိုတာဖြစ်သည်။ သို့သော် အဲဒါကတော့ သိပ်ထူးဆန်းသည့်ကိစ္စတော့ မဟုတ်ပါ။

"မင်းက ဘာဖြစ်လို့ မင်းအမျိုးသမီးရဲ့ကားကို မသုံးတာလဲ ဝိုင်"

အဲဒီစကားကို သူက နာကျင်စွာ ဖြေးလိုက်မိသေးသည်။ တကယ်တော့ မေးခွန်းထဲမှာကို အဖြေက ပါနေပြီးသားပဲ ဖြစ်သည်။

"ကျွန်တော် မသုံးချင်လို့ပါ၊ အန်တီ ပြောချင်တာက ကျွန်တော် သျှမ်းနဲ့အတူတူ ကျောင်းမသွားဖို့ အဲဒါပဲ မဟုတ်လား ...။

ကျွန်တော် ကတိပေးပါတယ် အန်တီ။ ဒီနေ့ကစပြီး သျှမ်းနဲ့ ဘယ်တော့မှ အတူမသွားတော့ပါဘူး"

"ဝိုင်"

မာနသံအပြည့်နှင့်အတူ လှုပ်လှုပ်ခတ်ခတ် ကတိပေးပြီးချိန်ဝယ် ဆို့နင့်သော ခေါ်သံတစ်ခုက သူ့နားထဲသို့ တိုးဝင်စီးဆင်းလို့လာသည်။ သို့သော် သူဟာ လှည့်မကြည့်တော့စတမ်း ထွက်လာခဲ့တော့သည်။

သူ့နောက်မှ ပြေးလိုက်လာသော ခြေသံကို ကြား၍ပြီးနောက် သျှမ်းက သူ့လက်တွေကို ဖမ်းဆွဲထားလျက်

www.burmeseclassic.com

www.burmeseclassic.com



"ဝိုင် ... စိတ်မဆိုးပါနဲ့ ဝိုင်ရယ်။ ငါ တောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့နော်"

သူက တောင်းပန်နေသော သျှမ်းရဲ့ လက်တွေထဲမှ သူ့လက်ကို ရုန်းထွက်လိုက်ကာ ...

"စိတ်မဆိုးပါဘူး သျှမ်း၊ ငါ့လို မျက်နှာမွဲ တစ်ကောင်ကြွက် တစ်ယောက်အဖို့ ဒီလို အပြောအဆို ခံရဟာတွေဟာ မဆန်းတော့ပါဘူး၊ ရိုးနေပါပြီ။ နင် နေခဲ့တော့၊ ငါ ပြန်တော့မယ်"

သျှမ်းသည် မျက်ရည်တွေလည်လျက် ဝမ်းနည်းပက်လက်ဖြစ်နေပုံဖြင့် ...

"ဟင့်အင်း ... ဟင့်အင်း ... ငါ လိုက်ပို့မယ်။ ငါ နင့်ကို ဒီလို ပြောလိမ့်မယ်လို့ လုံးဝ မသိခဲ့ရပါဘူး ဝိုင်ရယ်၊ စိတ်မဆိုးပါနဲ့၊ နင် ... နင် ... ငါ့ကို မုန်းမသွားပါနဲ့နော်"

"နင့်ကို ငါ စိတ်မဆိုးပါဘူး သျှမ်း။ ငါ့အတွက် စိတ်မပူပါနဲ့၊ ငါ ပြန်တော့မယ်နော်"

ဒီတော့မှ သျှမ်းက စိတ်ချသွားသော မျက်ဝန်းလေးများဖြင့် အားငယ်စွာ ခေါင်းညိတ်ပြရှာလေသည်။ သူသည် ဆုံးရှုံးသွားဖူးသော မျက်နှာလေးကို မချိစွာဖြင့် ကြည့်ကာ ချာခနဲပင် လှည့်ထွက်လာခဲ့လိုက်သည်။





ဖြစ်နိုင်လျှင် သူ လှမ်းနေသော ကတ္တရာလမ်းသည် ဘက်တက်ကွဲသွားကာ အဝီစိအထိ သူ ကျဆုံးနစ်မြုပ်သွားချင်လှသည်။ အဲဒီလောက်ထိ သူ့စိတ်တွေ ပျက်ပြားရလေသည်။

ဘဝဟာ ဘာအဓိပ္ပာယ်မှမရှိချေ။ ဘဝကို မပျော်ပိုက် မနှစ်မြို့။ ဖြစ်နိုင်လျှင် လက်တွေ့ဘဝထဲမှ သူ ခဏသော်ပဲဖြစ်ဖြစ် ထွက်ပြေးလွတ်မြောက်ချင်လှသည်။ ခဏလေးပဲဖြစ်ဖြစ်ပါ ။ သူ့ကို လွတ်မြောက်ခွင့်ပေးကြပါ။

အရာအားလုံးကို သူ မေ့ပစ်ချင်လှ၍ဖြစ်သည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





တစ်နေ့တာ အလုပ်တွေ ပြီးဆုံးသွား၍ အနားယူ
မည့်အချိန်သို့ ရောက်လာလျှင် ခေတုသည် သီချင်း ခပ်တိုးတိုး
ဖွင့်လျက် စာဖတ်တတ်သည်မှာ နေ့တိုင်းလုပ်တတ်သော အလု
တစ်ခု ဖြစ်လေသည်။

အဲဒီအချိန်မှာ ခေတု ဘာမှမတွေး၊ ဘာမှ မစဉ်းစား
တတ်။ ဘာဖုန်းမှလဲ မပြော။ သိပ်ကြိုက်သော စာအုပ်တစ်အုပ်
နှင့် ငြိမ်သက်စွာ အနားရခွင့်ကို ဘာနဲ့မှ မတူအောင် မက်မောလ





သည်။ ထိုအချိန်တွေဟာလည်း ညဆယ်နာရီဝန်းကျင်လောက်
ဖြစ်တတ်သည်။

တံခါးခေါက်သံ သဲ့သဲ့ကြားရလျှင် အာရုံပျက်သွား
သော်လည်း ...

"ဝင်ခဲ့လေ"

ဝင်လာသူမှာ ခေတုတို့ အိမ်ရဲ့ အိမ်တော်ထိန်း
ဒေါ်ဖြူဖြစ်သည်။

"ပြော ဒေါ်ဖြူ"

ကိစ္စမရှိလျှင် အနှောင့်အယှက်မပေးတတ်သူမို့ ခေတု
အဲ စ၍ မေးလိုက်တာဖြစ်သည်။

"ကောင်လေး ပြန်မရောက်သေးဘူး မခေတု"

"ဟမ် ... ဘယ်လို ..."

ခေတုဟာ သူ့စကားကို မရှင်းသဖြင့် ထပ်မေးရတာ
ဖြစ်သည်။ ဟိုးအရင်တည်းက မာမီရဲ့ လက်စွဲတော် ဖြစ်သော
ဒေါ်ခင်နီးမကြီးသည် အိမ်တစ်အိမ်ကို ဘယ်လို စီမံခန့်ခွဲရမည်
ဆိုတာကို သိလျက် အိမ်ရှင်မက ဘယ်နေရာမှ ပြန်ကြည့်စရာမလို
အောင် မျက်နှာလွှဲရသောသူဖြစ်သည်။

အိမ်သားတွေရဲ့ လူမှုရေး၊ ကျန်းမာရေးကအစ
စိုးရိမ်ရလုပ်မရှိစေရ။

"ဆယ်နာရီ ထိုးပြီးနေပြီ၊ ကောင်လေး အခုထိ အပြင်က
ပြန်မရောက်လာသေးဘူးလို့ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဓာတုက ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"ဩော် ... ကိစ္စတွေ ဘာတွေ ရှိလို့နေမှာပေါ့၊ ယောကျ်ား လေးပဲ ဒေါ်ဖြူရယ်"

"မဟုတ်ဘူး မဓာတု။ ကောင်လေးက တစ်ခါမှ အဲဒီလို နောက်မကျတတ်ဘူး။ ပြီးတော့ အိမ်ရောက်ပြီးမှ အပြင် ပြန်ထွက်သွားဟာမျိုး မဟုတ်ဘူး ...

ညနေ ကျောင်းကကို ပြန်ရောက်မလာသေးတာ အရင် ဟိုကောင်မလေး ပြန်လိုက်ပို့နေကျလေ၊ အခု ပြန် လိုက်မပို့ဘူး။ သူလည်း အခုထိ အိမ်ပြန်ရောက်မလာသေး ဘူး"

"ဟုတ်လား"

ဒီတစ်ခါတော့ ဓာတု နည်းနည်း စဉ်းစားရပြီဖြစ် သည်။ အမေ့ရဲ့ ရင်အုပ်မကွာ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာ ခဲ့သော ဟိုကောင်လေးဟာ မာမီ သဘောကျစရာ ကောင်းလောက် အောင်ကို ရိုးသားအေးဆေးတာတော့ ဘယ်လိုမှ ငြင်းမရပေ။

ယောကျ်ားလေးရယ်လို့ အလည်အပတ်လည်းမ... သူ့အသက်ဟာ နှစ်ဆယ်တောင် မပြည့်သေး၍ အခုခေတ်လူငယ် တွေလို ဟော့ဟော့ရမ်းရမ်းပုံစံလည်း လုံးဝ မရှိတတ်။ သူ ဂိုက် လုပ်ချိန်ဟာ ညရှစ်နာရီ နောက်ဆုံးဖြစ်လျက် အဲဒီက ပြန်လာလျှင် ဘယ်မှ မသွားတတ်တော့တာကို ဓာတုလည်း သိပြီးနေပြီဖြစ် သည်။





အင်း ... ဆန်းတော့လည်း အဆန်းသား။ အခုချိန် ထိကို ကျောင်းက ပြန်ရောက်မလာသေးဘူးဆိုတော့ ...။

"ဟိုကောင်မလေးဆီ ဖုန်းဆက်မေးရမလား မဓာတု"

"အင်း ... ကျွန်မ သူ့ဖုန်းနံပါတ် မသိဘူး"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ မဓာတု"

ဓာတုလည်း မစဉ်းစားတတ်ချေ။ မျက်မှောင်ကုတ် လျက် အကြံထုတ်နေဆဲမှာပင် ဓာတုရဲ့ လက်ကိုင်ဖုန်းက မြည်လာခဲ့ သည်။ ဓာတုသည် ထိတ်ခနဲ ခုန်သွားသောရင်ဖြင့် ဖုန်းကို အမြန်ဖွင့်ကာ နားထောင်လိုက်သည်။

"မဓာတု ဆိုတာလား ခင်ဗျာ"

"ဟုတ်ကဲ့ ... ပြောနေပါတယ်"

"ဩော် ... မဓာတုနဲ့ ဘယ်လို ပတ်သက်သလဲတော့ မသိပါဘူး။ ကျွန်တော်တို့ဆိုင်မှာ ဝိုင်ချိုမြိန်ဆိုတဲ့ ကောင် လေးတစ်ယောက် အရက်မူးနေပြီး မထနိုင်တော့လို့ပါ၊ အဲဒါ ကျွန်တော်တို့လည်း သူ့ကျောပိုးအိတ်ကို ဖွင့်ကြည့် တော့ ကျောင်းသားကတ်နဲ့ ဟန်းဒ်ဖုန်းကို တွေ့ပါတယ် ...

ဟန်းဒ်ဖုန်းထဲက မန်မိုရီမှာ မဓာတုရဲ့ ဖုန်းနံပါတ် သွင်းထားတာတွေ့လို့ လှမ်းခေါ်ကြည့်လိုက်တာပါ၊ ဘယ် လိုများ ပတ်သက်လဲ မသိဘူး ...

မိတ်ဆွေဆိုရင်လည်း သူ့အိမ်ကို တစ်ဆိတ် လောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သူ့အိမ်ပါပဲ၊ အဲ ... သူ့အခန်းမပါ၊ ကျွန်မ လာခေါ်ပါ့မယ်၊ ဘယ်ဆိုင်မှာလဲ မသိဘူး။ ကျေးဇူးပြုပြီး လိပ်စာပြောပါဦး"

"ဟုတ်ကဲ့ (......)ပါ"

"ဪ ... သင့်ခ်ယူနော်၊ ကျွန်မတို့လည်း သူ့ကို စိတ်ပူနေကြတာ၊ ကြည့်ထားပေးပါဦးနော်။ ကျွန်မ အခုပဲ လာခေါ်ပါ့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ခေတ္တုဟာ ဖုန်းကို ပိတ်ပြီးတာနှင့် အနားမှာ စောင့်ကြည့်နေသော ဒေါ်ဖြူကို ပခုံး တစ်ချက်တွန့်ပြလိုက်ကာ ...

"ကိုယ်တော်ချောက မူးနေတယ်တဲ့ ဒေါ်ဖြူရေ၊ အမူးပြေအောင် ဘယ်လိုလုပ်ပေးရမလဲ၊ စီစဉ်ထားဦး ...

ကိုဝင်းမောင်ကို သွားပြောထား၊ ကျွန်မနဲ့အတူ အပြင်လိုက်ခဲ့ဖို့၊ ကျွန်မကတော့ သူ့ကို တွဲမခေါ်နိုင်ဘူး"

ဒေါ်ဖြူက ခေါင်းတစ်ချက်ညိတ်ကာ ထွက်ခွာသွားလျှင် ခေတ္တုဟာ သက်ပြင်းတစ်ခုကို ဟင်းခနဲမြည်အောင် ချမိလေသည်။ သူ ဘာကြောင့် အရက်သောက်သလဲဆိုတာ ခေတ္တု သိသည်။ သူ စိတ်ညစ်တာကို သိသော်လည်း ဘယ်လိုမှ မဖြစ်သင့်သည့်ကိစ္စမို့ သျှမ်းရဲ့အမေ သိသွားအောင် တစ်နည်းတစ်ဖုံ စီစဉ်လိုက်တာ ဖြစ်လေသည်။





ဆောရီးပါ ကောင်လေး ...။ ဒီအတွက် မင်းကို စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးမှာပါ။

ခေတ္တုသည် သူ မကြားနိုင်သော်လည်း ခပ်တိုးတိုး ဘတိပေးပြီးနောက် ကားသော့ကို ကောက်ကိုင်ကာ အဝတ်အစား င် မလဲတော့ဘဲ ထွက်လာခဲ့တော့လေသည်။ စားသောက်ဆိုင် ှာ ကားရပ်ပေးလိုက်လျှင် ခြံစောင့်က ဆင်းသွားကာ သူ့ကို သွားတွဲခေါ်လာသည်။

ခေတ္တုဟာ ကားပေါ်ကနေ၍ ဒယီးဒယိုင် ခြေလှမ်း ဆွဖြင့် လျှောက်လာသော သူ့ကို ကြည့်ကာ စိတ်ပျက်စွာဖြင့် ဘက်တစ်ချက်ကို တိုးတိုးခေါက်မိလေသည်။

ဒီပုံစံကိုသာ သေသွားသော သူ့အမေ မြင်သွားခဲ့ လျှင် နောက်တစ်ကြိမ်တောင် နှစ်ခါပြန်လဲ၍ သေလောက်သည်။ ခဲဒီလို လူမှန်း သူမှန်း မသိအောင် မူးတတ်သော ယောကျ်ားများ ကို ခေတ္တု ကြည့်၍မရဆုံး။ အမုန်းဆုံးပဲ ဖြစ်လေသည်။

နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရသော မြင်ကွင်း ကို ကြည့်၍ ကားမောင်းလာရင်းမှ ခေတ္တု တွေးမိသည်မှာ အချစ် ပါသော ဤအိမ်ထောင်ရေးဟာ အဓိပ္ပာယ်မှ ရှိရဲ့လားဟူ၍ ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် မလိုအပ်ကြသော လူနှစ် ယောက်ရဲ့ ပေါင်းစည်းမှုဟာ ဘာအဓိပ္ပာယ်ကို ဆောင်သလဲ၊ ဘာအနှစ်သာရ ရှိလို့လဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အမေတွေရဲ့ ဆန္ဒကိုယ်စီကို ဖြည့်ပေးပြီးတာနှင့် အဆင်ပြေသွားပြီဟုတ်လား။ ပြီးတော့ မာမီသည် ဓာတုကို ဒီကောင်လေးနှင့် တစ်သက်လုံး လက်တွဲဖို့ အဆင်ပြေမယ်လို့ တကယ်ပဲ ထင်နေခဲ့တာလား။ ဘာကို ကြည့်ပြီး ထင်နေခဲ့တာလဲ။ ဒီပုံစံ အတိုင်းအရဆိုလျှင်တော့ ဓာတုသည် တစ်ခုခုကို အသေအချာ စဉ်းစားဆုံးဖြတ်မှ ရတော့မည်။

ထိုအခိုက်မှာ ဖုန်းဝင်လာသဖြင့် ဓာတုဟာ Displayကို ကြည့်လိုက်လျှင် အိုဗာဆီးကောလ်ဖြစ်ကာ စတီဗင့်ထံမှဖြစ်သည်။ သို့သော် ဒီအချိန်မှာ ဓာတုရဲ့ စိတ်တွေ သိပ်မွန်းကျပ်နေသဖြင့် ဘယ်သူနဲ့မှ ဖုန်းမပြောလိုတော့။

ဆောရီး စတီဗင် ...။ ယူ့လည်း တို့ကို မကယ်နိုင်တော့ပါဘူး။

ဓာတုက ဖုန်းကို အပြီးပိတ်ထားလိုက်တော့လေသည်။

❤ + ❤







## အခန်း(၁၂)

အိပ်ရာမှ သူ နိုးချိန်တွင် နာရီကို ကြည့်လိုက်လျှင် နေ့ခင်း ဆယ်တစ်နာရီ ထိုးနေပြီဖြစ်သည်။ ပြီးတော့ သူ့ခေါင်း တစ်ခုလုံးလည်း နောက်ကျိကျိကြီးလို့နေသည်မှာ ဘာကြောင့်ပါလိမ့်။ သူက ညက အဖြစ်အပျက်တွေကို ပြန်စဉ်းစားလိုက်သည်။ စားသောက်ဆိုင်တစ်ဆိုင်မှာ သူ အရက်သောက်နေခဲ့တာအထိပဲ



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသည်။ နောက် သူ ဘာမှ မသိတော့။ အိမ်ကို ဘယ်လို ပြန်ရောက်လာခဲ့သလဲဆိုတာလည်း ဘာမှ သတိမရတော့ချေ။

အဲဒီအချိန်မှာပဲ ဒီအိမ်ရဲ့ အိမ်တော်ထိန်း ဒေါ်ဖြူက တံခါးခေါက်ပြီး ရောက်လာခဲ့တာဖြစ်သည်။

"နိုးလာပြီလား ကောင်လေး၊ ရေချိုးလိုက်ပါလား"

အသားဖြူဖြူမှာ သနပ်ခါးဖွေးဖွေးတွေနှင့် အမြဲ အေးချမ်းသည့် ရုပ်သွင်ရှိသော ဤမိန်းမကြီးကိုတော့ သူ ခင်မင်ပါသည်။ တစ်အိမ်လုံးမှာ သူက စကားကောင်းကောင်းပြောသူမှာ ဒေါ်ဖြူသာရှိသည်။

"ညက ကျွန်တော် ဘယ်လို ပြန်ရောက်လာတာပဲ ဒေါ်ဖြူ"

"ညက ကောင်လေး တော်တော်မူးနေတာကွယ့်။ ကောင်လေး သွားတဲ့ စားသောက်ဆိုင်က မတုရဲ့ ဖုန်းကို လှမ်းဆက်ခေါ်တာ ...

အဲဒါ မတုကိုယ်တိုင် ကားမောင်းပြီး ကောင်လေးကို သွားခေါ်လာတာ၊ အန်လိုက်တာဆိုတာလည်း တအားပဲ။ ဘာဖြစ်လို့ အရက်တွေကို အဲဒီလောက် သောက်ရတာလဲ ကောင်လေးရယ်"

သူက ဒေါ်ဖြူရဲ့ စကားကို ပြန်မဖြေအားသေးဘဲ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရလေသည်။ သူ ဆိုင်မှာ မှောက်နေလို့ သူမက ကိုယ်တိုင် လာခေါ်သတဲ့။ ဘုရားရေ ...။ နဂိုကမှ ဒီအိမ်မှာ နေရတာ စိတ်ညစ်လှသည့်အထဲ အခုဆိုရင်





သူမနှင့်တကွ အိမ်သားများဟာ သူ့ကို ဘယ်လိုများ မြင်ကြလိမ့်မလဲ။

ရှက်လွန်းသဖြင့် လဲတောင်သေလိုက်ချင်လေသည်။ အထူးသဖြင့် မထိတရီ ကြည့်တတ်သော မျက်ဝန်းပိုင်ရှင်က သူ့ကို ဘာများပြောဦးမှာပါလိမ့်။

"ဟို ... မတုက ကျွန်တော့်ကို သွားခေါ်ရတယ် ဟုတ်လား"

"ဟုတ်တယ်ကွယ့်၊ မတုက စိတ်ကောင်းရှိပါတယ် ကောင်လေးရယ်။ အဆင်ပြေအောင် နေကြပါ။ နောက်ဆုံး မတုကို ကိုယ့်အစ်မလို သဘောထားပြီး ချစ်ချစ်ခင်ခင် နေကြပါ"

သူက သက်ပြင်းတစ်ချက်ကို အသာရှိုက်ကာ ဘာလုပ်ရမယ် မသိဘဲ ငြိမ်သက်နေမိသည်။ ဒီအချိန်မှတော့ ကျောင်းလည်း မသွားချင်တော့။

"ကဲ ... ရေချိုးလိုက် ကောင်လေး၊ ပြီးရင် ထမင်းစားရအောင်၊ ဒီနေ့တော့ ကျောင်းသွားမနေနဲ့တော့"

သူက ခေါင်းညိတ်ပြလိုက်ပြီးနောက် လန်းဆန်းသွားအောင် ရေချိုး ခေါင်းလျှော်ပစ်လိုက်လေသည်။ ပြီးလျှင် အဝတ်အစားလဲလျက် အောက်ထပ်သို့ ထမင်းသွားစားဖို့ပြင်သည်။ အဲဒီမှာပဲ သူ့နားထဲတွင် ဖုန်းမြည်သံက တိုးဝင်လာတာဖြစ်သည်။ ပထမတော့ ဖုန်းကို ဘယ်နေရာမှာမှန်း မသိသေး။ တိုးတိုးမြည်



www.burmeseclassic.com

www.burmeseclassic.com



နေသောဖုန်းကို အလှုးအလဲ လိုက်ရှာရင်း နောက်ဆုံးမှ ကျောပိုး အိတ်ထဲက တွေ့သည်။

သျှမ်းဆီက ဖုန်းကို အောက်ထပ်သို့ ဆင်းလာရင်းပဲ ဖွင့်နားထောင်လာခဲ့သည်။

"ဟယ်လို ... ပြော ... သျှမ်း"

"ဗိုင် ... နင် ဘယ်ရောက်နေတာလဲ ဗိုင်ရယ်။ ငါ စိတ် ပူလိုက်ရတာ။ ညက ဆက်တော့လည်း ဖုန်းမကိုင်ဘူး။ တစ်မနက်ခင်းလုံးလည်း ခေါ်နေတာ တစ်ချက်မှ မကိုင် ဘူး ...

ကျောင်းလည်း မလာဘူး ...

နင် ဘယ်မှာလဲ။ ဘာတွေ ဖြစ်နေတာလဲ"

ဖုန်း ဖွင့်လိုက်တာနှင့် သျှမ်းရဲ့ အသံက အမော တကော ပြေးဝင်လို့လာလေသည်။ ဒီအချိန်မှာ သူဟာ ဘယ်သူနဲ့ မှကို စကားမပြောချင်တော့ပေ။

ဖြစ်နိုင်လျှင် သူတစ်ယောက်တည်းသာ အေးအေး ဆေးဆေး နေချင်လှသည်။

"ငါ အိမ်မှာပါပဲ။ ဘာမှ မဖြစ်ပါဘူး"

သူ့လေသံက အေးအေးဆေးဆေးပဲမို့ သျှမ်းက နည်းနည်းငြိမ်သက်သွားသည်။

"ဒါဆို နင် ဘာလို့ ကျောင်းမတက်တာလဲ ...။ ဘာလို့ ဖုန်း မကိုင်တာလဲ ..."





"မနေ့ညက ငါ အိပ်ရေးပျက်လို့ အခုနကမှ နိုးတာလေ။ ဖုန်းလာနေမှန်းလည်း မသိဘူး။ ခေါင်းမကြည်တာနဲ့ ကျောင်းလည်း မလာတော့ဘူး"

"နင် နေကောင်းရဲ့လားဟင်"

သျှမ်းရဲ့ အသံက ကရုဏာရိပ်တွေဖြင့် တုန်ခတ်လို့ နေသည်။ သူက ဒီအသံတွေ၊ အဲဒီ မျက်ဝန်းတွေကို မကြားလို့ မမြင်လိုတော့ချေ။ အဲဒါတွေနှင့် ဆက်စပ်နေသော ခံခဲ့ရသည့် အပြောအဆိုတွေက သူ့နှလုံးသားကို နာကြည်းစေလေသည်။

"နေကောင်းပါတယ်။ ငါ့အတွက် စိတ်မပူနဲ့ သျှမ်း။ ဩော် ... တစ်ခါတည်း ပြောရဦးမယ်။ နင် ငါ့ကို ဝင် မခေါ်နဲ့တော့နော်"

"နင်က ဘယ်လို သွားမှာလဲ"

"ဘတ်စ်ကားတွေ ဒီလောက်ပေါနေတာပဲဟာ၊ ငါ ကျောင်း လာတဲ့အချိန် ကားမကျပ်ပါဘူး၊ သောကြာနေ့ ကျူတိုရီ ယယ် ရှိတယ်နော်၊ စာရပြီလား"

"သိပ်တော့ မပိုင်သေးဘူး။ ကျူတိုရီယယ်ပြီးရင် ကျောင်း က တစ်ပတ်လောက် ပိတ်တယ် ဗိုင်"

သျှမ်းက ဘာကို ဆိုလိုချင်မှန်း သူ သိသည်။ အရင်က ကျောင်းရက်ရှည်ပိတ်လျှင် သူနဲ့ သျှမ်းဟာ တစ်နေရာရာ မှာ မုန့်သွားစားတတ်နေကြ။ ဒါမှမဟုတ် သျှမ်း ဈေးဝယ်ရာသို့ သူက အဖော်လိုက်ပေးနေကြ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒီလို အဖြစ်မျိုး မရှိသင့်တော့ပြီ။

"အင်း ..."

သူ့အသံက စိတ်မပါ လက်မပါ ဖြစ်ဝ်နေလျှင် တ စက်မှ သျှမ်းရဲ့ အသံက ပို၍ ကုန်ယင်ဆို့နင့်လာသည်။ အဲ အတွက် သူလည်း ကြေကွဲနာကျင်ရပါသည်။

"ဝိုင် ... နင် ငါ့ကို စိမ်းကားသွားပြီးလားဟင်၊ ငါ့ မုန်းသွားပြီလား"

"နင့်ကို ငါ ဘယ်တော့မှ မုန်းမှာ မဟုတ်ဘူး သျှမ်း ဒါပေမဲ့လည်း အခြေအနေတွေကို နင် နားလည်ပါ သျှမ် ရယ် ...

ငါ့ထက် နင်က ပိုအရေးကြီးပါတယ်။ ငါ့ကြော နင့်ဘဝမှာ အမည်းစက်စွန်းသွားမှာမျိုး ငါ မလိုလားဘူ နင့်အမေ ပြောတဲ့ စကားတွေက အမှန်တွေချည်းပါပဲ ဒါကြောင့် ငါ စိတ်မဆိုးဘူး ...

ငါတို့ကိုက အထူးသဖြင့် ငါပေါ့ဟာ။ ငါ မတွေ တတ်ခဲ့တာပါ။ အခြေအနေတွေက အရင်ကနဲ့ ဘာ မတူတော့ဘူး သျှမ်း။ အထူးသဖြင့် ငါဟာ အိမ်ထော သည့် ယောက်ျားတစ်ယောက်ဆိုတဲ့ အသိကို နင့် ဦးနှော ထဲမှာ မြဲမြဲထည့်ထားလိုက်ပါ ...

ဒါပဲဟာ ..."





သူက ဖုန်းကို ပိတ်ချလိုက်ရင်း ရပ်စကားပြောနေရာ အခန်းထောင့်ကျိုးမှ လှည့်ထွက်လိုက်လျှင် နံရံကိုမှီကာ လက်ပိုက် ရပ်နေသော သူမနှင့် ဖြန်းခနဲ သွားဆုံသည်။ ဘယ်အချိန်က ရောက်နေမှန်းမသိသော သူမသည် သေချာတာတော့ သူ့စကား တွေကို ကြားသွားမည်ဟုထင်သည်။

သူက မလုံမလဲဟန်ဖြင့် (အပြစ်ရှိသူပီပီ) ...

"ဘာပြောစရာရှိလို့လဲ"

"ပြောစရာကတော့ ရှိတာပေါ့၊ မင်း နေကောင်းရဲ့လား လို့ လာကြည့်တာပါ။ ဖုန်းပြောသံကြားတာနဲ့ ရပ်နားထောင် နေတာ"

သူမက ပွင့်ပွင့်လင်းလင်းပဲ ပြန်၍ ပြောလေသည်။ အရက်မူးနေသော သူ့ကို သူမကိုယ်တိုင် ကားမောင်း၍ လာခေါ် သည်ဆိုသော ဖြစ်ရပ်ဟာ သူ့ကိုယ်သူတော့ အပြစ်မကင်းသလို ခံစားရလျက် သူမအပေါ်မှာတော့ သဘောထားတချို့ ပြောင်းလဲ သွားသည်ဆိုတာကို သူ့ဘာသာပဲ သိလေသည်။

"သူများပြောတာတွေကို အဲဒီလို ရပ်နားထောင်နေတာတော့ မကောင်းဘူးနဲ့တူတယ်"

သူက နားထင်ကို ကုတ်သလိုလို ဟန်းဒ်ဖုန်းကို ကစ်နေရာရာ ထည့်တော့မလိုလုပ်ရင်းမှ တိုးတိုးသာသာ ပြော လိုက်တာဖြစ်သည်။ အဲဒီအပြောကြောင့်လည်း သူမက ဘယ့်နှယ် ဖြစ်သွားဟန်မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်လျက်သား သူ့ကို ခပ်ရူးရူးကြည့်လျက်သားမှနေ၍ပင် ...

"မကောင်းတာကော့ မကောင်းဘူး။ ဒါပေမဲ့ ... မင်းကို ဘယ်လိုဆောင်ရွက်ပေးရမလဲဆိုတဲ့ စေတနာနဲ့ နားထောင်တာပါ"

"ဘယ်လို ..."

"ကဲ ... မင်း အခုမှ အိပ်ရာက နိုးတာ မဟုတ်လား။ တစ်ခုခု သွားစားလိုက်ပါဦး။ ပြီးမှ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

သူက အခုထိ တစ်မျိုးသော အဓိပ္ပာယ်တွေပါသော အကြည့်တွေနှင့် စိုက်ကြည့်နေဆဲဖြစ်သော သူမကို နားမလည်စွာပဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ထမင်းစားခန်းထဲတွင် ဟီးထနေသော ထမင်းပွဲကြီးက သူ့ကို ဆီးကြိုနေပြီး ဒေါ်လေးဖြူက ကြီးကြပ်ကွပ်ကဲလျက် မိန်းကလေးနှစ်ယောက်က သူ့ကို ရိုကျိုးသော အမူအရာဖြင့် လုပ်ကိုင်ပေးကြသည်မှာ သူ့မျက်နှာကို မော်တောင်မကြည့်ပေ။ အရှင်သခင်တစ်ပါးနယ် အပြုတ်ရိုကျိုးနေလျှင် သူသည် ဘယ်သူကမှ ဘာမှမပြောကြပါဘဲနှင့် အဖြစ်အပျက်ကို အလိုအလျောက် ရှက်ရွံ့၍လာလေသည်။

ဒကာယ်တော့ ဒီအိမ်မှာ သူ့ကို သူမနှင့် တန်းတူ ရှိသေကြတာတွေဟာ သူမကြောင့်မှလွဲ၍ တခြားရှိမည် မဟုတ်





ဘ။ သူမဟာ သူ့ကိုချိုးနှိမ်မထားဘူး၊ လွတ်လပ်သော အခွင့်အရေးတွေ ပေးထားတယ်ဆိုတာကို တရေးရေးနှင့် နားလည်သိမြင်လာရပြီဖြစ်သည်။

"စားကောင်းရဲ့လား ဝိုင်၊ ရော့ ... ပြီးရင် သဘော်သီး စားလိုက်ဦး"

သူ ထမင်းစားပြီးသွားလျှင် ကောင်မလေးတစ်ယောက်က ပန်းကန်ကို သိမ်းဆည်းသွားကာ သူ့အရှေ့သို့ ရေတစ်ဖန်ခွက်နှင့် အေးမြနေသော သဘော်သီးစိတ်ပန်းကန်လေးက ရောက်ရှိလာလို့ လာပြန်သည်။

သူက သဘော်သီးအတုံးလေးတစ်တုံးကို ခက်ရင်းဖြင့် ထိုးကော်စားရင်းမှ နားထဲတွင် မေမေ့ရဲ့ စကားကို ပြန်လည်ကြားယောင်လာမိခဲ့သည်။

[သျှမ်းတို့ အသိုင်းအဝန်းက သားကို လက်မခံချင်ဘာ စိတ်မပျက်ပါနဲ့ သားရယ်။ တစ်နေ့နေ့မှာ သားကို လိုလိုလားလားနဲ့ တန်ဖိုးထားချီးမြှောက်တဲ့ အသိုင်းအဝန်းတစ်ခုလည်း ရှိကိုရှိလာဦးမှာပါ ...

လူဆိုတာ မာနနဲ့ပဲ သားရဲ့ ...။ ကိုယ့်ကို မလိုလားတဲ့နေရာကို ဘာလို့သွားမလဲ]

အခု သူ ရောက်နေသော နေရာဟာ သူ့ကို အကယ်ပဲ တန်ဖိုးထားနေရာပေးသော အသိုင်းအဝန်းလား။ ညက ဒီ သူ အရက်မူးနေသော နေရာသို့ သျှမ်းဟာ လိုက်ခေါ်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



မလား။ တကယ်လို့ ခေါ်ခဲ့သည်ဆိုလျှင်တောင် သျှမ်းရဲ့ အမေဟာ ထိုအဖြစ်မျိုးကို ဘယ်လောက်များ ရှုတ်ချလိုက်မလဲ ...

သူက ခေါင်းကို ခါယမ်းလိုက်ရင်းမှနေ၍ အနားမှာ ရှိနေသော ဒေါ်လေးဖြူကို မေးခွန်းတစ်ခု စမေးလိုက်သည်။

"ဒေါ်လေးဖြူ ညက ကျွန်တော့်ကို မဓာတုက စိတ်ဆိုးနေသေးလား"

"မဆိုးပါဘူးကွယ်၊ ဆယ်နာရီထိုးတဲ့အထိ ကောင်လေး ပြန်မလာတော့ ဒေါ်လေးက စိတ်ပူပြီး မဓာတုကို သွားပြောတာ ...

သူကတော့ ကိစ္စရှိလို့နေမှာပေါ့တဲ့။ ဒါပေမဲ့ ကောင်လေးက ဒီအချိန်ထိ အပြင်မှာ မနေတတ်ဘူး ဆိုတာကို သိတယ်လေ ...

အဲဒီအချိန်မှာ ဖုန်းလာတာ၊ ဓာတုက အနားယူနေတဲ့ အချိန်လေ၊ ဒါပေမဲ့ သူ သွားခေါ်တယ်ကွယ့်"

"သူ စိတ်ဆိုးရင် ဆိုးနေမှာပေါ့"

ပြောသာ ပြောနေသော်လည်း သူမက သူ့ကို စိတ်ဆိုးသော အရိပ်အယောင်တွေ ရှိမနေဘူး ဆိုတာ သူ သိနေလေသည်။

"မဆိုးဘူး။ ဒေါ်လေး သိတာပေါ့။ ဓာတုက ကောင်လေးကို သံယောဇဉ် ရှိပါတယ်ကွယ်"

"အာ ... ဒေါ်လေးဖြူကလည်းဗျာ"



အဲဒီစကားကို သူက ရှက်စွဲ့ မျက်နှာပူသွားရသော်လည်း ဒေါ်လေးဖြူကတော့ ပြုံးလို့သာ ရှိသော်လည်း ဒီအချိန်မှာတော့ ခံစားချက်က တစ်မျိုးပြောင်းကာ ရင်ထဲမှာ နည်းနည်းတော့ ပေါ့လာသည်။

သူ့ကိုနှိမ်ချင်သည့်လူတွေ ရှိသလို အိမ်ပြန်ရောက်မလာတာကိုလည်း စောင့်မျှော်စိတ်ပူသူတွေ၊ ချွေးထွေးဖေးမသူတွေ၊ ရိုသေရိုကျိုးသူတွေ ရှိနေသည့်အဖြစ်ကို သူ့အတွက်တော့ ကျေနပ်ဖြေသိမ့်စရာကောင်းပါသည်။

"ကောင်လေးကို မမသူဓာကလည်း သားလေးအရင်းလို သိပ်ချစ်ရှာတာပါ။ ဒီအိမ်ကို ရောက်မလာခင်တည်းက ကောင်လေးအကြောင်းတွေ ခဏခဏ ကြားရတယ် ...

ဓာတုကလည်း သူ့ဟာသူ အေးအေးဆေးဆေး နေတတ်ပေမယ့် ကောင်လေးကို ဂရုစိုက်ရှာပါတယ်။ အားလုံးကိုလည်း မှာထားတယ် ...

ဒီအိမ်က လူတွေ အကုန်လုံးက ကောင်လေးကို သံယောဇဉ်ရှိကြပါတယ်ကွယ်။ ကောင်လေးတစ်ယောက်တည်း အဖော်ကွဲနေသလို မနေပါနဲ့လား"

ဒေါ်လေးဖြူက သူ့ရဲ့ခံစားချက်တွေကို သိနေသလိုဖြင့် အဲဒီစကားကို ပြောလာတာဖြစ်သည်။ သူသည် ညက အဖြစ်ကိုပဲ အတွေးထဲမှ မထုတ်နိုင်ဘွာဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ညက ကျွန်တော့်လုပ်ရပ်က သိမ်ရှက်ဖို့ကောင်းတာပဲနေ
အန်တီသူဇာသာ ရှိရင်တော့ ကျွန်တော့်ကို တော်တော်
အထင်သေးမှာပဲ၊ မဇာတုလည်း အထင်သေးနေမှာပါ"

"မသေးပါဘူး။ သူက ပြောကယ်၊ ကောင်လေးမှာ စိတ်
ညစ်စရာတွေ ရှိနေလို့တဲ့ ...
သူလည်း စိတ်မချမ်းသာဘူးတဲ့လေ"

ဒေါ်လေးဖြူသည် အဆုံးသတ်စကားကို ပြောပြီး
နောက် သူ့အနားမှ ထွက်ခွာသွားလေသည်။ သူသည် အဲဒီစကား
ကို ကြားလိုက်သလိုလို ရှိသော်လည်း နားထဲမှာ မယုံချင်သေး

သူ့ စိတ်ညစ်စရာတွေ ရှိနေတာကို သူမကလည်း
စိတ်မချမ်းသာဘူးဆိုပါလား။ အဲဒီစကားရဲ့ အဓိပ္ပာယ်ဟာ ဘာ
ဆောင်သလဲဆိုတာ သူ တကယ်ပဲ နားမလည်ခဲ့ချေ။

❤ + ❤







မဇာတုသည် ကောင်းကင်မှာ ရှိနေသော လရိပ်ကွေး
ကွေးလေးကို ငေးမောကာ စီးကရက်မီးခိုးငွေ့တွေကို အသာမှုတ်
ထုတ်မိလေသည်။ စားပွဲပေါ်ရှိ ပြာခွက်ထဲမှာလည်း စီးကရက်
တိုသုံးလေးခုခန့် ရှိနေသည်။ အခုတလောမှာ မဇာတုဟာ စီးကရက်
တွေ သိပ်သောက်ဖြစ်လို့နေသည်။

အဲဒါဟာ တစ်ခုခုကို အလေးအနက်ထား တွေးနေ
တတ်၍ဖြစ်သည်။ မဇာတု တွေးနေသည်မှာ ဝိုင်ဆိုသော ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဖြစ်သည်။ သူဟာ သူ့အချစ်ဦးကို ဘယ်တော့မှ မေ့နိုင်မည့်သူ မဟုတ်ဘူးလား။ သူ့မှာ ခံစားချက်တွေ သိပ်ကိုများနေလျက် ရှုပ်ထွေးနေတာကို ခါတု ရိပ်မိလေသည်။

သူဟာ ခါတုကို လက်မထပ်ချင်ဘဲ လက်ထပ်ခဲ့ရသည်။ ပြီးတော့ သိပ်ချမ်းသာသော မိန်းမတစ်ယောက်ကို လက်ထပ်ထားရသည့်အတွက် သူ့မှာ (ဘယ်သူကမှ မပေးလည်း) Pressure (ဖိအား)တွေ ရှိလို့နေသေးသည်။ ဒါ့အပြင် လွဲခဲ့သော ကြား အချစ်ဦးနှင့် အမြဲလိုလို ဆုံတွေ့နေရသဖြင့် သူ့ဝေဒနာက မပျောက်ချေ။ ခံစားချက်တွေ မျိုးစုံဖြင့် ရင်ထဲမှာ အတော့်ကို ဖြောင်းဆန်နေရှာမည့် သူငယ်လေးပဲ ဖြစ်ပါမည်။

သူလိုပဲ ခါတုသည်လည်း အချစ်ဦးနှင့် လွဲခဲ့ရသော သူဖြစ်သည်။ ဒါပေမဲ့ ခါတုဟာ သူ့လောက်တော့ ခံစားမနေရပါ။ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုအတွက် ခါတုမှာ ဆွေးနေဘတ်သောအကျင့် လုံးပမရှိပေ။ သူကတော့ ခံစားချက်တို့က အနည်ကို ထိုင်နိုင်ပုံ မရ။ သို့သော်လည်း ခါတုဟာ နှစ်ဆယ့်ငါးနှစ်ဖြစ်၍ သူက ဆယ့်ရှစ်နှစ်ဖြစ်သည်။

အင်း ... သူ နှစ်ဆယ့်ငါးနှစ် ရောက်သည်အထိ ခါတုက စောင့်၍ နားလည်ပေးရမည်လား။ အဲဒီလောက်ကြီးတော့ ခါတု မစောင့်ချင်ပေ။ ခါတုရဲ့ နေပုံထိုင်ပုံတွေဟာ ဘယ်လောက်ပဲ ဘိုဆန်သည်ဆိုဆို ခါတုဟာ တစ်လင်တစ်မယား စနစ်ကိုသာ အလိုရှိသူဖြစ်သည်။





ပြီးတော့ တည်ထောင်ထားသည့် အိမ်ထောင်ရေးကိုလည်း သာယာချမ်းမြေ့ချင်လေသည်။ အခိုပွာယ်မရှိသော အိမ်ထောင်ရေးမျိုးနဲ့တော့ အသက်မဆက်လို။

ဒီအတွက် သူ့ကို စကားတွေ အများကြီးပြောဖို့ စဉ်းစားထားလေသည်။

"မခါတု"

နောက်ပါးမှ ခေါ်သံကြားလိုက်ရလျှင် ခါတုရဲ့ အတွေးစတို့က လွင့်ပျောက်သွားသည်။ သူ့မျက်နှာကို ငေးကြည့်ရင်းမှ ခါတု ရင်ထဲတွင် လှုပ်ရှားလို့လာသည်။

"ကျွန်တော့်ကို စကားပြောစရာရှိတယ်ဆို"

"အင်း ... ဟုတ်တယ်၊ ထိုင်လေ"

သူကမထိုင်ဘဲ ခါတု ရပ်နေသော ဝရန်တာအနားထိ လျှောက်လာလေသည်။ ပြီးလျှင် ခါတုနှင့် ခပ်ခွာခွာရပ်ကာ ကောင်းကင်ကို မော့်ကြည့်နေသည်။ သူက ဝရန်တာကို လက်ထောက်နေတာဖြစ်ပြီး ခါတုက ဝရန်တာကို ကျောပေးနေတာမို့ သူ့မျက်နှာကို အတည့်လှမ်းမြင်နေရသည်။

"ညက ကျွန်တော့်ဘဝလိုပဲ မှောင်နေတယ်နော်"

သူက ခါတုကို အသာငဲ့ကြည့်သည်။ ခါတု မျက်နှာပေါ်တွင် သူ့အတွက် စာနာမှုအလိုခြင်းတွေ ရှိနေတော့မှ ခေါင်းတစ်ချက် ညိတ်ပြလေသည်။

"ကျွန်တော် ခင်ဗျားကို တောင်းပန်စရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ့ကကိစ္စလား၊ အဲဒါ တောင်းပန်စရာ မဟုတ်ပါဘူ"

"တောင်းပန်စရာ မဟုတ်ဘူး !...။ အဲဒီအတွက် ခင်ဗျ စိတ်မဆိုးဘူးလား၊ ကျွန်တော့်ကို အထင်မသေးဘူးလား"

"အဲဒါဟာ မင်းဘဝမှာ ပထမဆုံးအကြိမ် အရက်သော ဖူးခြင်းလို့ ကိုယ် သိနေတယ်၊ ဘယ်လိုလဲ ကောင်းလား"

သူက ရယ်ဟဟ မေးနေသော ဓာတုကို အံ့ဩသ ကြည့်နေသေးသည်။ သူ အပီအပြင် စာဖွဲ့နေသော ကိစ္စ ဓာတုက ခပ်ပါးပါးလုပ်ပြထားသဖြင့် ပထမတော့ အံ့ဩသလို ကာ နောက်တော့ သူပါ ပေါ့ပါးသလိုဖြစ်လာသည်။

ဓာတုသည် ကိုယ့်ရဲ့ ချဉ်းကပ်နည်းကား ပထ အဆင့်ဖြင့် အောင်မြင်လို့သွားပြီဆိုတာကို အလိုလို သိလိုက်ေ သည်။

"ခင်ဗျား ဘယ်လိုသိတာလဲ။ ဟုတ်တယ် ... အဲ ကျွန်တော် ပထမဆုံးသောက်ဖူးတာပဲ။ ဘယ်က ကောင်း ရမှာလဲ၊ မီးတောက်ကြီးကို မျိုချလိုက်ရတဲ့အတိုင်းပဲ၊ တချို့ လူတွေ အရက်ကို ဘာလို့ ကြိုက်ကြလဲ ...

ကျွန်တော် နားမလည်ဘူး"

"မင်းကရော ဘာလို့ သောက်တာလဲ"

"ကျွန်တော် စိတ်ညစ်လို့"

"ဟုတ်လား ... စိတ်ညစ်ရင် အရက်သောက်ရတယ်လား"





"မသိဘူးဗျာ၊ ကျွန်တော်က အရာအားလုံးကို မေ့ပစ်ချင် တယ်။ ခဏလေးပဲဖြစ်ဖြစ်ကို မေ့ပစ်ချင်တယ်။ အဲဒါ ကြောင့် ..."

"အဲဒီတော့ မေ့သွားရောတဲ့လား"

"မေ့တာမှ ကိုယ့်ကိုယ်ကိုယ်တောင် မေ့တာလေ"

သူ့စကားကို ဓာတုက သဘောကျလွန်းသဖြင့် ဟက်ဟက်ပက်ပက်ကြီး ရယ်မိလေသည်။

ခဏကြာလျှင် သူကပါ ခပ်တိုးတိုး လိုက်ရယ်လို့ နေတော့သည်။ အဲဒီခဏမှာ ဓာတုတို့ နှစ်ယောက်ကြား၌ ရင်းနှီးမှု တစ်ခု တည်ရှိသွားပြီမှန်း နှစ်ဦးသား အလိုလိုကို နားလည်မိသွား ကြသည်။

"မင်း အရက်ကြိုက်ရင် အိမ်မှာပဲ သောက်ပါကွာ၊ စိခ္ခဦ နိုင်းလို့ ရပါတယ်"

ဓာတုက သူ့ကို သွေးတိုးစမ်းသလို မေးကြည့်လိုက် လျှင် သူက ခါးခါးသီးသီးကို ငြင်းဆန်လေသည်။

"ဟာ ... မကြိုက်ပါဘူး၊ တော်ပါပြီ။ ခင်ဗျားက မဟုတ် တာကို လာမြှောက်ပေးနေတယ်"

"မဟုတ်တာကို မြှောက်ပေးတာ မဟုတ်ပါဘူး။ မင်းကို စိတ်ချမ်းသာစေချေလို့ပါ။ မင်းကို စိတ်မညစ်စေချင်ဘူ ကောင်လေး ...

အဲဒါ ကိုယ့်ရင်ထဲက တကယ့်စကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာတုက အဲဒီစကားတွေကို ပြောလိုက်လျှင် သူက မာတုကို မယုံနိုင်သလို လှည့်ကြည့်လေသည်။ သူ့မျက်လုံးတွေထဲကို ငေးမောကြည့်နေသော မာတု အကြည့်တွေကို ကြာကြာရင်မဆိုင်နိုင်သည့်အလား ရှောင်လွှဲလို့သွားလေသည်။

မာတုက လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ပါသည်။

❤ + ❤







"ခင်ဗျား ကျွန်တော့်ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဒါ နောက်စရာကိစ္စမှ မဟုတ်တာ ဝိုင်ချိုမြိန်။ မင်းနဲ့ကိုယ်ဟာ ဘဝတူတွေပဲ။ ကိုယ်တို့ အမေတွေရဲ့ ဆန္ဒကို မလွန်ဆန်နိုင်လို့ လက်ထပ်လိုက်သူအချင်းချင်း တစ်ယောက်ရဲ့ ခံစားချက်ကို တစ်ယောက်က နားလည်ပေးဖို့လိုတယ်လို့ ကိုယ် ထင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့က မိတ်ဆွေတွေပဲ ဝိုင်။ မင်းကို ကိုယ်စာနာပါတယ်၊ စိတ်ချမ်းသာစေချင်တယ်"

သူက ခတ္တရဲ့ စကားတွေအောက်၌ ငြိမ်သက်နှုတ်ဆိတ်လို့နေသည်။

"မင်း ကောင်မလေးက မင်းရဲ့ အချစ်ဦးလား ..."

"အာ ... ခင်ဗျား ဘာတွေ လာမေးနေတာလဲ"

ရှက်သွားသော ကောင်လေးတစ်ယောက်ရဲ့ ပုံစံကို ခတ္တက သဘောတကျနှင့် စိုက်ကြည့်လို့နေမိလေသည်။ သေချာစကားပြောကြည့်တော့လည်း သူလေးဟာ စိတ်ဝင်စားစရာတစ်ခုပါပဲဆိုတာ အခု ခတ္တ သိရလေပြီ။

"မင်း ကိုယ့်ကို မင်းရဲ့ သူငယ်ချင်းလို သဘောထားလေ၊ ဒါမှ မင်း ရင်ပေါ့သွားမှာပေါ့။ ကိုယ်က မင်းကို နားလည်မှု ပေးထားတာပဲ"

ဒီတော့မှ သူက လှုပ်လှုပ်ခတ်ခတ် ဖြစ်လာသည်။

"မင်း သူ့ကို တော်တော်ချစ်တယ်နဲ့ တူတယ်နော်"

"အင်း ... သူက ဘဝမှာ ပထမဆုံးပဲ။ နောက်ဆုံးလည်း နောက်ဆုံးပေါ့"

"ဘာဖြစ်လို့ နောက်ဆုံး ဖြစ်သွားရတာလဲ"

"နောက်ဆုံးပေါ့၊ သူနဲ့ ကျွန်တော်နဲ့က ဘယ်လိုမှ ဆုံစည်းနိုင်ဖို့ အခွင့်အလမ်းမှ မရှိတော့တာ"

"အဲဒီလို မင်း ထင်နေလို့လား"





"ဗျာ ..."

သူက ခတ္တကို အံ့ဩသလို လှည့်ကြည့်လေသည်။ ဒီတစ်ခါတော့ ခတ္တဟာ သူ့ကို ကြည့်မနေပါ။

"မင်းနဲ့ သူနဲ့ ဆုံစည်းဖို့ မဖြစ်နိုင်တော့ဘူးဆိုတာက မင်းက ဘာကိုကြည့်ပြီး ပြောတာလဲ ဝိုင်ချိုမြိန်။ မင်းတို့နှစ်ယောက်ဟာ တစ်ယောက်ယောက် မသေသေးသရွေ့ ဆုံနိုင်ခွင့်တွေ ရှိပါသေးတယ်"

"ဟာ ... ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ"

"မင်း စိတ်ချမ်းသာမယ့် စကားတွေ ပြောနေတာလေ။ ဘာလဲ မင်းက အနှစ်သာရ မရှိတဲ့ ဒီလို အိမ်ထောင်ရေးမျိုးနဲ့ သေတဲ့အထိ နေသွားချင်လို့လား ...

မင်းရော ကိုယ်ရော တစ်ယောက်နဲ့တစ်ယောက် မလိုအပ်ကြပါဘဲနဲ့ ဒီလိုဘဝမျိုးထဲမှာ ဘယ်လောက်ကြာကြာ နေနိုင်မှာလဲ ...

ကြာရင် မင်း ရူးသွားနိုင်တယ် ဝိုင်ချိုမြိန်။ အခု မင်း ခံစားနေရတာ အဲဒီ ဒီပရက်ရှင်တွေလည်း ပါတယ်"

သူက ခတ္တကို အံ့ဩသလို ... ပြီးတော့ ခတ္တစကားတွေကို အထင်ကြီးသလို မျက်လုံးများဖြင့် ကြည့်လာခဲ့လေသည်။

"ဒါကြောင့် မင်းကို ကိုယ်က စေတနာနဲ့ ပြောနေတာပါ။ မင်းရဲ့ အသည်းကွဲဝေဒနာက ဒီတစ်သက် ပျောက်မှာမဟုတ်ဘူးလေ၊ အဲဒီတော့ ကြာရင် မင်း လောင်ကျွမ်းသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ ..."

"မင်း ချစ်သူကို မင်း အမြဲ မြင်တွေ့နေရမှတော့ အဲဒီ ဒဏ်ရာဟာ ပျောက်နိုင်ပါဦးမလားကွယ်။ မင်းပဲ စဉ်းစား စမ်းပါဦး"

သူက မျက်မှောင်တစ်ချက်ကုတ်လျက် ...

"ကျွန်တော် သူနဲ့ ကင်းကင်းနေဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"အဲဒီလို ဆုံးဖြတ်လိုက်လို့ မနေ့က မင်း ကွဲသွားရတာ မဟုတ်လား၊ လူဆိုတာ ကိုယ်နဲ့ နိုင်တဲ့ ဆုံးဖြတ်ချက်ကိုပဲ ချရတယ်ကွ၊ မဟုတ်ရင် အဲဒီ ဆုံးဖြတ်ချက်တွေက ကိုယ့်ကို ပြန်ဒုက္ခပေးတတ်တယ်"

သူက ခါတ့ကို ဘုကြည့် ကြည့်လာကာ ...

"ခင်ဗျားက ကိုယ်ချင်းမှ မစာတတ်တာ"

"စာတတ်တာပေါ့။ ကိုယ်လည်း မင်းနဲ့ ဘဝတူတွေပါဆို"

"ဘာလဲ ... ခင်ဗျားကလည်း ခင်ဗျား ရည်းစားနဲ့ လွဲခဲ့ ရတာလား ..."

"ဒါပေါ့"

"ဟာ ... ဒါဆို ခင်ဗျား ဘယ်လိုမှ မခံစားရဘူးလား။ ခင်ဗျား ကြည့်ရတာ ဘာမှ မဖြစ်တဲ့ အထာမျိုးနဲ့။ ခင်ဗျားက အချစ်ဦးရော ဟုတ်ရဲ့လားဗျာ"

"အချစ်ဦးပါ"

"ဒါဆို ခင်ဗျား ဘာလို့ အေးဆေးနေနေတာလဲ"





"အေးဆေးမနေလို့ ငိုနေရမှာလား၊ ကဲ ... အဲဒါတွေ ထား ပါကွယ်။ မင်း သိထားဖို့က မင်း စိတ်ချမ်းသာဖို့အတွက် ဘာမဆို ကိုယ် ဖန်တီးပေးမယ်ဆိုတာပါပဲ။ ခုတော့ မင်းလိုပဲ ကိုယ်လည်း စိတ်ရှုပ်နေတယ် ...

ခရီးတစ်ခု ထွက်မယ်၊ မင်း လိုက်မလား ..."

သူ့ကို ငြင်းမည်ထင်သော်လည်း သူက မငြင်းချေ။ သူဟာ ခါတ့အပေါ်၌ ယုံကြည်မှု၊ ခင်မင်မှု ရှိသွားခဲ့ပြီဖြစ်သည်။ သူနဲ့ ဘဝတူဟူသော အဖြစ်အပျက်ပေါ်၌ သူ ကျေနပ်သွားရှာပေ လိမ့်မည်။

"ဘယ်သွားမှာလဲ ... ကျွန်တော်က ဒီတစ်ပတ်ပြီးမှ ကျောင်း ပိတ်မှာ"

"ရတယ်၊ မင်း လိုက်မယ်ဆိုရင် ကိုယ် စောင့်မှာပေါ့၊ ကိုယ်က ပေလီကို သွားမှာ"

ကျွန်တော်လိုက်မယ် ဟူသော သူ့အပြောအောက် တွင် ခါတ့ရဲ့ အပြုံးပန်းတစ်ခု ပွင့်လို့သွားခဲ့လေသည်။ သူနဲ့ သွားရမည့် ခရီးတစ်ခုအတွက် ခါတ့က စိတ်ကူးဖြင့် အရာရာကို ကြိုတင်ပြင်ဆင်လို့နေခဲ့သည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

သူနဲ့ ခါတုသည် ပေလီကို လေယာဉ်နဲ့ သွား

ကြသည်။ သူကလည်း ကားမမောင်းတတ်၊ ခါတုကလည်း ကား

မောင်းချင်စိတ် မရှိသဖြင့် သက်သောင့်သက်သာပဲ သွားဖို့ စီစဉ်

လိုက်တာဖြစ်သည်။ ပြာလဲ့နေသော ဘင်္ဂလားပင်လယ်အော်ကြီး

ရဲ့ တစ်စိတ်တစ်ပိုင်း ပင်လယ်ပြင်ကြီးကို လေယာဉ်ပေါ်မှ လှမ်း





မြင်နေရကတည်းက သူ့မျက်လုံးများက စိတ်လှုပ်ရှားရိပ်ဖြင့် တောက်ပလို့လာသည်။

ဆည်းဆာချိန်ရောက်နေပြီမို့ အပူရှိန်လျော့ကျလျက် ပင်လယ်ဟာ အစွမ်းကုန် ပြာကြည်လှပလို့နေသည်။

"မင်း Beach (ကမ်းခြေ)ကို အခုမှ ရောက်ဖူးတာလား"

မေးပြီးမှ သူ စိတ်ဆိုးသွားမှာလည်း ကြောက်သွားပြန်သော ခါတုဟာ ကိုယ့်မေးခွန်းကိုယ် နှောင်တရချင်သလိုလို ဖြစ်သွားသည်။ သို့သော် သူက အဲဒါကို သတိတောင်ထားမိပုံ မပေါ်။

"ဟုတ်တယ်၊ ကျွန်တော် ချောင်းသာတောင် တစ်ခါမှ မရောက်ဖူးဘူး၊ ပေလီက ပိုလှတယ်လို့ ပြောကြတယ်နော်"

"အမှန်ပဲလေ။ ကိုယ်က ချောင်းသာကို သိပ်မကြိုက်ဘူး။ ကိုယ့်စိတ်ထဲမှာ ပင်လယ်အတုလိုမျိုး ခံစားရတယ်"

"ကြိကြိဖန်ဖန်ဗျာ၊ ပင်လယ်အတုရယ်လို့ပဲ"

"ဟုတ်တယ်၊ မင်း နှစ်ခုလုံးကို ရောက်ဖူးရင် သိလာပါ လိမ့်မယ်။ ကဲ ... ခါးပတ်ပတ်ထားတော့၊ လေယာဉ် ဆင်းတော့မယ်"

ခါတုက သူ့ကို သတိပေးလိုက်လျှင် သူက ပြုံးပြီး ခေါင်းညိတ်ပြသည်။ လေယာဉ်ဆိုက်လျှင် ခါတုတို့ တည်းမည့် Amazing Napali Hotelမှကားက အဆင့်သင့်လာကြိုလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက လမ်းဘေးဝဲယာ ရှုခင်းများကို ငေးလာ... တစ်ဖက်မှလည်း ပင်လယ်ကြီးကို လှမ်းမြင်နေရသဖြင့် ...

"ပင်လယ်ကို လှမ်းမြင်နေရတယ်နော်၊ နီးနီးလေးပဲလား"

"အင်း ... နီးနီးလေးပဲ။ ရှေ့ဆိုရင် ရောက်ပြီ။ Ama... Hotel က လေယာဉ်ကွင်းနဲ့ နီးတယ်။ ဟိုတယ်တွေ... ဒီကမ်းခြေကြီးတစ်လျှောက် ဆောက်ထားတာလေ"

သူက ဓာတု ပြောသမျှကို ကလေးတစ်ယော... နှယ် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လေသည်။ ဒီလိုဆို... လည်း သူဟာ တကယ့်ကို အပြစ်ကင်းသော ကောင်လေး... ယောက်ပဲဖြစ်သည်။

ဟိုတယ်သို့ ရောက်လျှင် ဓာတုတို့ နှစ်ယောက်... က ပင်လယ်ဘက်သို့ မျက်နှာမူထားသော ဘေးချင်းကပ်... အခန်းနှစ်ခန်းကိုရသည်။ သူက သိပ်ကို ပျော်ရွှင်တက်ကြွ... သော ပုံစံဖြင့် အဝတ်အိတ်တွေ သိမ်းပြီးလျှင် ချက်ချင်း ... ထွက်လာကာ ...

"ခင်ဗျား ရေထဲ မဆင်းဘူးလား။ ကျွန်တော်တော့ ဆင်း... ပြီ"

"ဆင်းလေ ... ကိုယ်တို့က လေယာဉ်နဲ့လာတာပဲ၊ အ... မှာ မရိုးရိမ်ရပါဘူး"

"ခင်ဗျား မဆင်းဘူးလားလို့ မေးနေတာ"





"မဆင်းတော့ပါဘူး။ ကိုယ်က အဲဒီလို ဆော့တာတွေထက် ပင်လယ်ကို ငေးနေရတာကိုပဲ ပိုဝါသနာပါတာ ...

သွား ... သွား ... မင်းဟာမင်း လွတ်လွတ်လပ်လပ် ဆော့၊ ရေကူးတတ်ရဲ့လား"

သူ့ကို ကလေးတစ်ယောက်နှယ် စိတ်မချပုံမျိုးနှင့် ...သေးစိတ်လိုက်မေးနေသော ဓာတုကို သူက မျက်လုံးထောင့်ကပ် ...ကြည့်ကာ ...

"မကူးတတ်ဘူး၊ နစ်ရင်တော့ ခင်ဗျား ဆင်းလာပြီး ဆယ်နော်"

ဓာတုသည် သူ့စကားကို တဟားဟားနှင့် သဘော ...ကျရယ်ပြီး ကျန်ရစ်ခဲ့သည်။ သူကတော့ စွပ်ကျယ်အဖြူတစ် ...ည်၊ ရှော့ပင်အတိုဖြင့် ဘောကွင်းတစ်ကွင်းပိုက်ကာ ပင်လယ်ထဲ ...သို့ ဆင်းသွားချေပြီ။

ဓာတုက အရယ်ရပ်သွားရင်းမှ နှုတ်ခမ်းများက ...ဖြည်းဖြည်း ပြုံးလိုက်ကာ ခေါင်းကို အသာယမ်းကာနေမိသည်။ ...ဒီလိုလေး အဆင်ပြေနေရင်တော့ မဆိုးပါဘူးဟု တွေးမိသေးလေ ...သည်။ အဲဒီနောက် ဓာတုက အခန်းထဲဝင်၍ ရေချိုးလိုက်သေး ...သည်။ ပြီးလျှင် ကမ်းခြေနှင့် လိုက်ဖက်သော ဂါဝန် ပြောက်တိ ...ပြောက်ကျားတစ်ထည်ကို ဆွဲဝတ်ပြီး ထွက်လာခဲ့သည်အထိ သူက ရေထဲမှ တက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



ဓာတုက ကမ်းစပ်နားအထိ ဆင်းကာ သူ့ကို စော
ရသေးသည်။

"ဟေး ... တက်လာခဲ့တော့၊ မှောင်တော့မယ်။ ထမင်း
သွားစားရအောင်"

ဒီတော့မှ ကိုယ်တော်ချောလေးက ဘောကွင်းကို
ပိုက်ကာ တက်တော်မူလာလေသည်။ ဆံပင် တလွင့်လွင့်၊ ဂါဝန်
တလွင့်လွင့်နှင့် ဟာဝိုင်ရီကျွန်းသူမစတိုင်လ် ပေါက်နေသော
ဓာတုကို ခပ်မြုံးမြုံး ကြည့်လျက် ...

"ခင်ဗျားက ရေတောင်ချိုးပြီးပြီပေါ့။ ဆောရီး ... ကျွန်
တော် မြန်မြန်လုပ်လိုက်မယ်"

"ရပါတယ်၊ ဖြည်းဖြည်းပဲလုပ်ပါ"

ငါးမိနစ်ခန့်အကြာတွင် သူက အဝတ်အစားလဲပြီး
ထွက်လာသည်။ ရက်စတော့ရင့်သို့ ရောက်လျှင် ဓာတုက သူ့
အရှေ့သို့ မီနူးကို ထိုးပေးလျက် ကြိုက်တာကို မှာစေသည်။
သူက ဓာတုဆီသို့ ပြန်တွန်းပေးကာ ...

"ခင်ဗျား ကြိုက်တာပဲ မှာပါ။ ကျွန်တော်က အကုန်စား
တယ်"

"ကိုယ်လည်း အကုန်စားတာပဲ၊ လုပ်လိုက်ပါ။ မင်း
မှာတာပဲ ကိုယ်စားပါမယ်"

သူက ဓာတုကို မျက်လုံးတစ်ချက် လှန်ကြည့်ပြီး
လျှင် ဘာမှ ထပ်မပြောတော့ချေ။ ဝိတ်တာကို သူ ထင်ရာမှ



မေးကာ မှာနေသည်။ ဓာတုသည် အဲဒါကို အငေးသားကြည့်လျက်
ပင့်သက်ကို ရှိုက်မိလေသည်။

တဖြည်းဖြည်းနှင့် သိမြင်လာရသည့်မှာ ဒီကောင်
လေးကို မေတ္တာကရုဏာတော့ အတော်လေးရှိနေပြီဆိုတာပဲဖြစ်
သည်။ ဒါဟာ အချစ်တော့ မဟုတ်ပေ။ အချစ်ထက် အများကြီး
လေးနက်လေသည်။

စတီဗင်နဲ့တုန်းကလို ရင်ခုန်တိမ်းမူးရသော ဖိလင်
မျိုးလည်း မဟုတ်။ ဂျစ်တိဂျစ်ကန် ပြန်ပြောတတ်သော အပြော
တွေ၊ မျက်နှာပေးတွေကို အလျှော့ပေးတတ်သော အပြုံးတစ်ခု
ဆင်မြန်းထားရခြင်းကိုလည်း ကိုယ့်ဟာကိုယ် ကျေနပ်၍နေလေ
သည်။

"ဘယ်လိုလဲ ... ဒီကို ရောက်လာတာ ပျော်ရဲ့လား ..."

"အင်း ... စိတ်ပြေလက်ပျောက် ရှိတာတော့ အမှန်ပဲ။
ခရီးထွက်ခြင်းဟာ လူတစ်ယောက်ကို အသစ်ပြန်ဖြစ်စေ
တယ်ဆိုတာ မှန်တာပဲနော်"

"ခရီးထွက်ရတာကို ကြိုက်ရင် ကိုယ်တို့ မကြာခဏ ခရီး
ထွက်ကြတာပေါ့။ မင်းဘာသာ သွားချင်တဲ့ခရီးရှိရင်လည်း
သွားလေ ..."

သူက အသာပြုံးလျက် ဘာမှ ပြန်မပြောပေ။
အဲဒီအချိန်မှာ ဘောဝိုင်းက ဆူဆူညံညံ အသံတွေ ကြားလျှင်
ဓာတုက ပထမတော့ မကြည့်မိသေး။ နောက်တော့ တစ်ဖက်ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



က အသံတွေက ဒီဘက်ကို ရိသဲ့သဲ့ပြောသလို ဖြစ်နေတာရော၊ သူ့မျက်နှာကလည်း ပုပ်သိုးသိုး ဖြစ်လာတာရောကြောင့် ခါတု က ငှဲ့လို့ အသာကြည့်မိသည်။

ခေတ်ပေါ် ချာတိတ်မလေးက သူ့ကို ပေါ်တင်ကြီး ကြည့်ကာ တမင်စောင်းပြောနေကြတာ ဖြစ်လေသည်။

သူက စိတ်တိုနေဟန်ရှိသော်လည်း ခါတုက ခပ်ပြုံးပြုံး လုပ်နေသဖြင့် သူက မနိုင် နိုင်ရာဖိမဲလို့လာသည်။

"ခင်ဗျားက ဘာပြုံးနေတာလဲ ..."

ခါတုက ထမင်းကို စတင်စားနေရင်းမှ ...

"သဘောကျလို့ပေါ့၊ မင်းက ဇွတ်တော့အစွဲသားပဲနော်"

"အလကားပါ၊ ရေထဲမှာတည်းက ကျွန်တော့်ကို ပေါ်တင်ကြီး လိုက်ရောနေတာ၊ အဲဒီလိုမိန်းကလေးတွေကို ကြည့်မရတတ်ပါဘူး"

"မင်းက ဘယ်လို မိန်းမမျိုးကိုမှ သဘောကျတာလဲ"

"ခင်ဗျားကလည်းဗျာ"

သူက ခါတုကို မျက်စောင်းကြီး ရွယ်ထိုးလျှင် ခါတုမှာ ဟက်ဟက်ပက်ပက် ရယ်ရသေးသည်။ ကြာလေ ကြာလေ ဒီကောင်လေးဟာ ချစ်ဖို့ကောင်းသော ကောင်လေးဖြစ်သည်ဆိုတာကို သိလာရလေပဲဖြစ်သည်။

"ပြောလေ ... ကိုယ် တကယ်သိချင်လို့ပါ"

"ကျွန်တော် အဲဒါမျိုး တစ်ခါမှ မတွေးဖူးဘူးဗျ"





"ဟုတ်လို့လား ... မင်း ကောင်မလေးကို တစ်ခုခုသဘောကျပြီး ချစ်ခဲ့တာ မဟုတ်ဘူးလား ..."

"မဟုတ်ဘူး၊ အဲဒီလို သဘောကျပြီး ချစ်ခဲ့တာတော့ မဟုတ်ဘူး၊ ချစ်လို့ပဲ သူ့ကို သဘောကျခဲ့တာ"

"ဩော် ... ဩော် ... ဩော်"

"နေပါဦး ခင်ဗျားက ကျွန်တော့်အကြောင်းကို အရမ်းစပ်စုတာပဲ၊ ဘာလို့ အဲဒီလောက် သိချင်နေရတာလဲ"

"မင်းအကြောင်းကိုမှ မသိချင်ရင် တခြား ဘယ်သူ့အကြောင်းတို သိချင်ရမှာတုံး။ ကိုယ့်မှာက မင်းပဲ ရှိတာလေ"

သူက အဲဒီစကားကို အတော်လှုပ်ရှားသွားဟန်ဖြင့် စားလက်စ ထမင်းဟင်းတွေတောင် ရပ်တန့်သွားကုန်လေသည်။ ခါတုသည် အဲဒါကို မမှိတ်မသုန် အကဲခတ်ရင်း ရင်ထဲ၌ တစ်ခုခုက အလိုလို ဝင်ရောက်လို့လာပါသည်။

သူက အနည်းငယ် နီရဲနေသော မျက်နှာဖြင့် ...

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ ..."

"ဩော် ... ကိုယ် ပြောတာ ဘာမှားနေလို့လဲ။ ကိုယ့်ဘဝက သိပ်ရိုးစင်းနေတယ်လေကွာ။ ကိုယ်က ကုမ္ပဏီနှစ်ခုကို အုပ်ချုပ်ရတယ်။ အလုပ်တွေ လုပ်ရတယ်။ နောက် မာမီ ပေးစားတဲ့ ယောက်ျားကို ယူထားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



လုံးဝကို မရင်းနှီးတဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ထားရပြီး သူ့အကြောင်း သိချင်တာ၊ စိတ်ဝင်စားတာ ဘာလွဲနေလို့လဲ …

မင်းအကြောင်းကလည်း စိတ်ဝင်စားဖို့ကောင်းတာပဲ ဥစ္စာ”

“ခင်ဗျားအကြောင်းလည်း စိတ်ဝင်စားဖို့ ကောင်းမှာပါ။ ခင်ဗျားအကြောင်းလည်း ပြောပြလေ”

“ကိုယ့်အကြောင်းက ဘာမှ စိတ်ဝင်စားဖို့ မကောင်းပါဘူး။ ကိုယ့်ချစ်သူကို ကိုယ်ကစပြီး လမ်းခွဲခဲ့တာ”

“ဟုတ်လား … ဘာလို့လဲ …”

သူက စိတ်ဝင်စားရိပ်တွေဖြင့် ခန္ဓာကိုယ်တောင် မတ်မတ်ဖြစ်လို့သွားလေသည်။

ခါတုက အသာပြုံးလိုက်ရင်းမှ …

“အစိက,ကတော့ ကိုယ်တို့ ဖူးစာမပါလို့ပဲလို့ ပြောရမှာပေါ့။ မင်းတော့ မသိဘူး၊ ကိုယ်ကတော့ ဖူးစာဆိုတာကို ယုံတယ်”

“ခင်ဗျားက ! … ခင်ဗျားလို လူက ဖူးစာကို ယုံတယ် ဟုတ်လား”

“အင်း … မင်းမဲ့ စဉ်းစားကြည့်လေ။ ဒီကမ္ဘာပေါ်မှာ သိပ် ချစ်ပေမယ့်လည်း လွဲခဲ့ရတဲ့ ချစ်သူစုံတွဲတွေ ရှိသလို မချစ်ဘဲနဲ့လည်း ပေါင်းဖက်ရတဲ့သူတွေလည်း အများကြီး





ကို ရှိနေတာပဲ မဟုတ်လား။ ဒါဟာ ဖူးစာကြောင့်ပဲ ပေါ့”

သူက ခါတုရဲ့ မျက်နှာကို အတန်ကြာငေးကြည့်လျက် တိတ်တဆိတ် ငြိမ်သက်သွားခဲ့လေသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





ပေလီသို့ ရောက်ပြီး သုံးရက်လောက်အကြာမှာတင် သူ့ရင်ထဲ၌ အတော်ပေါ့ပါးလန်းဆန်းလို့ သွားခဲ့သည်ဆိုတာကို ဝန်ခံရပါမည်။ သူသည် အဲဒီအချိန်မှာ အရာအားလုံးကို မေ့ထားကာ စိတ်ကို ဟင်းလင်းဖွင့်လို့ထားလိုက်လေသည်။

ဘာကိုမှ မတွေး၊ ဘာကိုမှ မစဉ်းစား။ တစ်ခါမှ မမြင်ဖူး မရောက်ဖူးသေးသော ဝန်းကျင်သစ်ကလည်း သူ့ကို အကြီးအကျယ်ပဲ ဖမ်းစားလို့နေသည်။ အဆုံးမရှိသော ပြာလဲ့သည့် ပင်လယ်ပြင်၊ တစ်ခါမှ မရှူရှိုက်ဖူးသော သန့်ရှင်းလွန်းသည့်





လေထုနှင့်အတူ သဲပြင်မွမွပေါ်၌ လမ်းလျှောက်ရသည့်အရသာ တို့ကို သူ အထူးပဲ နှစ်ခြိုက်နေရပြီဖြစ်သည်။

အထူးသဖြင့် ခတ္တုဆိုသော အမျိုးသမီးသည် သူ့ကို အံ့ဩစရာကောင်းလောက်အောင်ကို နားလည်ပေးနိုင်သူဖြစ်သည်။ သူနေချင်သလိုနေ၊ သွားချင်သလိုသွား၊ ဘာဆို ဘာမှမပြော။ အပြုံးတစ်ခုနဲ့ အမြဲကို အေးဆေးဆိုသော ဒီဇိုင်းထဲကဖြစ်သည်။

သဘောကျစရာ တစ်ခုခုတွေ့လျှင် ခါးထောက်လျက် တဟားဟား ရယ်မောတတ်သော သူမသည် သူ့ကိုဆိုလျှင် သူငယ်ချင်းတစ်ယောက်လို ပျော်ဝင်းတာဖြစ်သည်။ တစ်ခါတလေ မထိတထိ ပြောတတ်သော စကားတွေဟာလည်း သူ့စိတ်ကို အပြောင်းအလဲများစွာတောင် ပေးစေလေသည်။

သူမ ဘယ်လိုမိန်းမပါလိမ့်။ သေချာတာကတော့ သူမဟာ သူ့ရဲ့ စိတ်ဒဏ်ရာတွေကို ပေးသူမဟုတ်တော့ဘဲ မျှဝေယူသူ ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်ဆိုတာကို လက်ခံလာရချေပြီ။ အတွေးထဲမှာ နစ်နေသော သူသည် ၁းထဲသို့ ဂစ်တာကြိုးညှိသံ တစ်ခု ခပ်သဲ့သဲ့ ၁င်လာလျှင် အသာငြိမ်သက် နားထောင်မိနေသည်။

နောက်တော့ ဂစ်တာတီးခတ်သံက စတင် ထွက်ပေါ်လို့လာလေသည်။ ပြီးလျှင် သံစဉ်နှင့် လိုက်ဖက်ညီသော သီချင်းသံက ခပ်ရှရှ ပျံ့ထွက်လာသည်။ သူသည် ဒီအသံကို ကြားဖူးသလိုလိုရှိလျက် အပြင်းအထန် နားစွင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာလက်သံကလည်း တကယ့်ဝါသနာရှင်တစ်ယောက် ပီသစွာ ကောင်းမွန်းလှသလို ဆိုနေသံကလည်း ခပ်ရွဲရွဲပုံစံ တမင်ဆိုနေမှန်း သိသာစွာ ညှနှင့် လိုက်ဖက်လွန်းလှလေသည်။

သူ နှစ်သက်ရသော ဟန်ထူးလွှင်၏ "နားလည်ပါ" သီချင်းဖြစ်သည်။ ဂစ်တာသံနှင့်အတူ သီချင်းကပါ အကြီးအကျယ် ဖမ်းစားသဖြင့် သူက အိပ်ရာမှ ထကာ အခန်းထဲကနေ၍တောင် အပြင်သို့ ထွက်လာခဲ့သည်အထိပင်။

အဲဒီအခါမှာတော့ အေးမြနေသည့် လရောင်အောက်မှာ ဂစ်တာတီးခတ်နေသော သူမကို လှမ်းတွေ့လိုက်ရတာ ဖြစ်လေသည်။

ဟိုအရင်လို မျော်ရှင်ချိန်များ ... ရာဇဝင်ချို တိမ်တွေရဲ့ကြား ...
မျောလွင့်ခဲ့ ခရီးရှည်များနဲ့ ... နာရီတွေ ဖြတ်သန်းခဲ့ကြ ...
မေ့မရနိုင် တို့ရဲ့ဇာတ်လမ်း ... ခုတော့လည်း အဝေးမှတ်တမ်း ...
လမ်းခွဲရင် ကိုယ့်ဘဝကိုယ်လှမ်း ... အချိန်တွေဖြတ်ရင်း ...
နားထဲမှာ အရင်လို အသံများ အမြဲကြားယောင်ဆဲပါ
နားထဲမှာ ... နားထဲမှာ ... ပြန်ကြားနေ
နားလည်ပါ ... ချစ်သူရာ ဘဝထဲမှာ ... နားလည်ပါ
ဘယ်လို ကံတရား နှိပ်စက်တာလဲကွာ ... နားလည်ပါ

သူဟာ သီချင်းထဲမှာ မျောနေသဖြင့် ပြီးလို့ပြီးသွားမှန်းတောင် မသိလိုက်ပေ။ အသံငြိမ်သက်သွားမှ သတိဝင်လာကာ သူကိုယ်တိုင်ကလည်း သူမနံဘေးမှာ ရပ်လို့နေပြီးသားဖြစ်နေသည်။





"ဆောရီး ... ကျွန်တော် ရောက်လာတာ အနှောင့်အယှက် ဖြစ်သွားလား ..."

"မဖြစ်ပါဘူး၊ ဘာလဲ မင်းက ဂစ်တာသံကြားလို့ အိပ်မပျော်တော့ဘူးနဲ့တူတယ်"

"ခင်ဗျား သီချင်းဆိုတာ တော်တော်ကောင်းတယ်နော်"

"စိတ်ပျက်ဖို့လား"

"ခင်ဗျားက စကားအကောင်းပြောနေရင် အကောင်းမထင်ဘူး၊ ကျွန်တော်က ခင်ဗျားတီးနေတယ်လို့တောင် မထင်ဘူး ...

တော်တော်တီးတတ်တာပဲနော်၊ ဘယ်တုန်းက တတ်တာလဲ ..."

သူမက ဂစ်တာကို ဘေးမှာ ထောင်ထားလိုက်တော့ရင်းမှ ...

"ကြာပါပြီ။ ဝါသနာပါတော့ တီးဖြစ်နေတာပဲ၊ မင်းရော မတီးတတ်ဘူးလား ..."

သူသည် သျှမ်းကို သွားမိုးဖို့အတွက် ဂစ်တာတီးသင်ခဲ့ရပုံကို မျက်လုံးထဲတွင် ပြန်၍ မြင်ယောင်လာသည်။ အာ ... သွားစမ်းပါ။

"သင်တော့ သင်ဖူးတယ်၊ ခုတော့ မေ့သလောက်ရှိနေပါပြီ"

"မင်း ကောင်မလေးကို သွားတီးဖို့ သင်တာ မဟုတ်လား"

"ခင်ဗျားက အကြားအမြင်တွေ ရနေတယ်နဲ့တူတယ်နော် ပြောလိုက်ရင်လည်း သျှမ်း အကြောင်းက မပါရင်မပြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သျှမ်း ! ..."

သူမက ထိုနာမည်ကို ခပ်တိုးတိုးရေရွတ်လျှင် သူက ...

"သူ့နာမည်က သျှမ်းလေ၊ နောက်ကို သူ့အကြောင်းတွေ မမေးပါနဲ့တော့ဗျာ၊ ကျွန်တော် အဲဒါတွေကို မေ့ထားလို့ပါ"

"ဟုတ်လား ... ဆောရီး ... မင်းကဘာလို့ မေ့ချင်ရတာလဲ ..."

"မခံစားချင်တော့လို့ပေါ့။ တကယ်တော့ သူနဲ့ ကျွန်တော်က ဘယ်တုန်းကမှ ရည်းစား မဖြစ်ခဲ့ဖူးဘူးဗျ"

သူမ မျက်ခုံးများက အံ့ဩသလိုလိုနှင့် အပေါ်တက်သွားကြသည်။ သူက ပြုံးကာ ခေါင်းတစ်ချက်ဆတ်ရင်းမှ ...

"သူနဲ့ ကျွန်တော်က သူငယ်ချင်းလေ။ ကျွန်တော် သူ့ကို ချစ်နေမှန်းသိတော့ မေမေက တားတယ်ဗျ။ ဒါပေမဲ့ အဲဒါဟာ အခိုက်အတန့်ပဲလို့ တွေးပြီး ဖြေသိမ့်နိုင်ခဲ့တယ်။ သူ့အမေကလည်း ကျွန်တော်နဲ့ သဘောမတူတဲ့ အရိပ်အယောင်ပြထားတော့ ရှေ့ဆက်မတိုးခဲ့ပါဘူး ...

နောက်တော့ ကံကြမ္မာက တစ်မျိုး ထပ်ပြောင်းလာခဲ့တယ်၊ ခင်ဗျားနဲ့ လက်ထပ်လိုက်ရတယ်လေ။ ခင်ဗျား သိအောင် ပြောပြရရင်တော့ သူ့ကို ကျွန်တော် ချစ်တယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး။ ဒါပေမဲ့ တစ်ယောက်ရင်ထဲမှာ ဘာရှိတယ်ဆိုတာကို တစ်ယောက်က နားလည်တယ်"

"မင်း ကိုယ့်ကို လက်ထပ်ရတော့ တော်တော်စိတ်ဆင်းရဲမှာပဲနော်"





သူက ဒီမေးခွန်းကို မဖြေသေးဘဲ အသာပြုံးနေမိသေးသည်။ အရင်ကတော့ အဲဒီလို သူ ထင်ခဲ့တာပင်။ တကယ်လည်း စိတ်ဆင်းရဲခဲ့ရသည်။ ရူးသွပ်ယောက်ယက်ခတ်ခဲ့ရဖူးသည်။ ဘဝကို အဓိပ္ပာယ်မရှိဟု ထင်ခဲ့ဖူးသည်။

သို့သော် အခုချိန်မှာတော့ သူ့အဖြေကို အနည်းငယ် ပြင်ဆင်ရပါမည်။ ဒါပေမဲ့ ထိုအဖြေကို သူ မဖြေချင်သေးပေ။

"ခင်ဗျားရော ..."

"ကိုယ်ကတော့ မင်းကို လက်မထပ်ချင်တာ အမှန်ပဲ။ မာမီ့ကို ဘယ်လိုမှ ငြင်းလို့မရလို့။ မင်းကိုမှ မယူရင် အသက်ထွက်တော့မလို ဖြစ်ပြနေတာလေ ...

ဒါပေမဲ့ မင်းလိုကြီးတော့ ကိုယ် ရွံ့ပြီမနေပါဘူးနော်"

သူက သူမရဲ့ အပြောကို ဟက်ခနဲ ရယ်မောမိလေသည်။ အခုတော့လည်း သူ ရယ်နိုင်ခဲ့ပြီဖြစ်သည်။ လူတစ်ယောက်ထံက နားလည်မှုနှင့် လွတ်လပ်မှုတို့ကို လက်ဆောင်ရခြင်းဟာ အဲဒီလောက် ပေါ့သွားစေမှန်း သူ တကယ်ပဲ မသိခဲ့ပါ။

ဒါဆိုရင် အချစ်ဆိုတာ လွတ်လပ်မှုမပါဝင်လို့လား။ သူ မတွေးတတ်တော့ပေ။ အခုချိန်မှာ သူ တွေးချင်တာ တစ်ခုကတော့ သူမရဲ့ ဂစ်တာသံကို ထပ်မံ နားဆင်ဖို့အတွက်ပဲ ဖြစ်သည်။

လက်သည်းရှည်မထားတတ်သော ကြည်လင်ဝင်းမွတ်နေသည့် လက်ချောင်းများဟာ သံစဉ်တွေကို ဖန်တီးသတ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုတာ သူ့အတွက်တော့ အံ့ဩကျေနပ်စရာပဲဖြစ်သည်။ သူဟော ထင်မှတ်မထားတာတွေကို သိမ်လုပ်တတ်သေးသူပေပဲ။

"ကျွန်တော့်ကို သီချင်းတစ်ပုဒ်လောက် တီးပြပါလား"

"မင်းဘာသာတီးလေ"

"ကျွန်တော် မေ့ကုန်ပြီ",


"ကိုယ် ပြန်သင်ပေးမယ်၊ ရော့ ... ဂစ်တာကိုင်လိုက်"

သူမက သူ့လက်ထဲသို့ ဂစ်တာထည့်ပေးပြီးလျှင် ကြိုးတွေပေါ်၌ သူ့လက်တွေကို စည်းချက်ကျကျ တင်ပေးလိုက်သည်။ ဒါလည်း သူက မရသေး။ ဂျိုးဂျောင်ထွက်လာသော အသံတွေကို သူမက ဟက်ဟက်ပက်ပက် ရယ်မောကာ ...

ဖျတ်ခနဲပင် သူ့အနောက်မှ ဝင်ကပ်လိုက်လျက် ကိုယ်တိုင် လက်ထပ်တီးပေးနေတော့တာဖြစ်လျှင် သူသည် သင်းသောဖျော့သော ကိုယ်သင်းရနံ့တစ်ခုရဲ့ လွှမ်းခြုံမှုအောက်မှာ အသက်ရှူရပ်မတတ် ရင်ခွေ့လှုံခဲ့ရလေသည်။

❤ + ❤





# အခန်း(၁၄)

ပေလီမှာ တစ်ပတ်ကြာခဲ့ကြပြီးနောက် ရန်ကုန်ပြန်ရောက်လာခဲ့ချိန်ဝယ် သူက လူသစ် စိတ်သစ်ဖြင့် တက်ကြွလန်းဆန်းလို့သွားခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ဘဝရဲ့ နေထိုင်နည်းတချို့နှင့် ဘဝဆိုတာရဲ့ အဓိပ္ပာယ်ကို ရိပ်မိသလိုလို ရှိသွားခဲ့သော သူ့အတွက် ဘဝဆိုတာ အရမ်းခက်ခဲသော ပုစ္ဆာတစ်ပုဒ် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



— သူသည် ကြည်လင်သော အပြုံးတစ်ခုနှင့် သူမကို ပိုင်းတင်စကား ပြောနိုင်ခဲ့ပြီဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ဒေါ်ခတ္တ"

"ဘာဖြစ်လို့လဲ"

"အစစအရာရာ အတွက်ပါ။ အားလုံးအတွက်ပေါ့"

"အင်း ... နဲဗားမိုင်း။ မင်းလည်း အဆင်ပြေပါစေကွာ။ ကားသော့ကိုလည်း မင်း ယူထားပါ။ စိတ်ဆန္ဒရှိတဲ့ တစ်နေ့မှာ အမောင်းသင်ပြီး သုံးပေါ့"

သူမက သူ့လက်ဖဝါးထဲသို့ ကားသော့ထည့်ပေးလျက် နွေးထွေးစွာ ဖျစ်ညှစ်ကိုင်ဆုပ်လာလျှင် သူ့ မျက်နှာတစ်ခုလုံး ရှိန်းခနဲ ဖြစ်သွားရသည်။ သူမကတော့ ဘယ်လိုမှ ရှိဟန်မတူပေ။ အင်း ... ဆယ့်သုံးနှစ်သမီးတည်းက အင်္ဂလန်ရောက်နေသော မိန်းမဆိုတာ သူ အမြန်သတိသွင်းရသည်။ သူမကတော့ ခပ်ပြုံးပြုံးနှင့် သူ့ပခုံးကိုတောင် တစ်ချက် နှစ်ချက် နှုတ်ဆက်သလို ပုတ်သွားသေးသည်။ သူဟာ အသစ်စက်စက် ကားသော့လေးကို ဆုပ်ကိုင်ထားသော်လည်း သုံးဖို့စိတ်ကူး မရှိခဲ့ပါ။ ကျောင်းကို ဘတ်စ်နဲ့ပဲ သွားခဲ့ပါသည်။

ကျောင်းရောက်လျှင် သျှမ်းကို တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်မိအောင် နေသည်။ သို့သော် သျှမ်းက သူ့ကို အခွင့်မပေးချေ။ ခနဲ့တဲ့တဲ့ မျက်ဝန်းတွေဖြင့် စကားနာထိုးဖို့ စတင်၍ ကြိုးပမ်းလာလေသည်။





"ဘယ်လိုလဲ ဝိုင်။ ဟန်နီးမွန်းမှာ ပျော်ခဲ့ရဲ့လား။ ဓာတ်ပုံလေး ဘာလေးလဲ ပြပါဦးလားလေ"

"ဓာတ်ပုံ မရိုက်ခဲ့ပါဘူးဟာ"

သူက သျှမ်းကို မကြည့်ဘဲ ရှောင်လွဲသွားလျှင် သျှမ်းက သူ့အရှေ့သို့ တည့်တည့်ဝင်ရပ်ကာ ...

"ငါ့မှာတော့ နင့်အတွက် နာကျင်ကြေကွဲနေလိုက်ရတာ၊ နင်ကတော့ ငပလီတောင် သွားပြီး ပျော်နေတယ်ပေါ့လေ ဟုတ်လား"

တုန်ခတ်နေသော သျှမ်းရဲ့ ခပ်စူးစူး အသံကို သူက အမျှားကြားမှာစိုးသည့်အလား ဘေးဘီကို ဝေ့ဝဲကြည့်မိကာ သျှမ်းကို ဟန့်သည့်အကြည့်ဖြင့် ကြည့်ရသည်။ သျှမ်းရဲ့ မျက်ဝန်းတွေထဲ၌ ကြေကွဲရိပ်တွေက အပြင်ဘက်သို့ ထွက်ကျနေသယောင်ယောင် ရှိလေသည်။

"သျှမ်း ... နင် အဲဒီလို မပြောပါနဲ့တော့ဟာ။ ငါတို့နှစ်ယောက် ကြားထဲမှာ အဲဒီ ခံစားမှုတွေ မလိုတော့ပါဘူး ...

နင် ငါ့ကို ဥပက္ခာပြုထားစမ်းပါ၊ မေ့ထားလိုက်စမ်းပါ"

သျှမ်းသည် သူ့ကို နှုတ်ခမ်းကိုက်လျက် အံကြိတ်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နင်က ဒီစကားမျိုးတောင် ပြောထွက်နေပြီပေါ့ လေ ဟုတ်လား ... နင်က ငါ့ မျက်နှာကိုတောင် ဖယ် ထားချင်ပြီပေါ့"

"မဟုတ်ဘူး သျှမ်း၊ ကျွတ် ... နင် ဘာလို့ အဲဒီလောက် အသိဉာဏ်တွေ မသုံးချင်ရတာလဲ သျှမ်းရာ။ ငါ ပြော နေတာတွေဟာ နင့်အတွက်ပါ။ နင် သီကွာကျမှာစိုးလို့ ငါ ပြောနေတာပါ"

"မလိုဘူး။ အဲဒါတွေ ငါ ဂရုမစိုက်ဘူး။ နင် အဲဒီ မိန်းမ ထံမှာ ကျဆုံးနေပြီ မဟုတ်လား" ...

နင် ... နင်သာ မဝေးချင်တဲ့ဆန္ဒရှိရင် ..."

"တော်ပါတော့ သျှမ်းရာ"

သူက နာကျင်ဝမ်းနည်းစွာဖြင့် တားဆီးလိုက်လျှ[illegible] သျှမ်းသည် သူ့ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးမျိုးဖြင့် အတန်ကြာ စိုက်ကြည့်ကာ ချာခနဲ လှည့်ထွက်လို့သွားလေသည်။ အဲဒီအတွက် သူများစွာ ခံစားရပါသည်။

သို့သော် သူ ဘာမှ မတတ်နိုင်ချေ။ သျှမ်း အဲဒီ[illegible] ခံစားပြနေတာတွေဟာ သူ့နှလုံးသားကို ချက်ချင်းလက်င[illegible] ပြန်ညှိုးသွားစေသည်။ အဲဒီအချိန်မှာပဲ သူ့ပခုံးကို လက်တစ်ဖ[illegible] က လာရောက်ဆုပ်ကိုင်တာကို ခံလိုက်ရသည်။

"စိတ်ညစ်သွားလား၊ Heart ထိသွားလား ဝိုင်"





ဇင်နိုင်ကတော့ သူတို့အဖြစ်အပျက်တွေကို အစအဆုံး သိနေသူပီပီ သူ့ကို နားလည်စွာ မေးမလာတာ ဖြစ်ပါသည်။

"သျှမ်းကကွာ ... သူ ကလေးလည်း မဟုတ်တော့ဘဲနဲ့ အခြေအနေတွေကို နားလည်ဖို့ကောင်းတယ်"

"နဂိုတည်းက သျှမ်းက အလိုလိုက်ခံထားရတော့ ဖွတ် တရွတ်ဆိုးတတ်တာ မင်း သိသားပဲ။ သူ သိပ်ခံစားနေ ရတယ်ကွ၊ ဒါပေမဲ့ မင်း သွားပြီး မသနားနဲ့၊ မင်းတို့ အတွက် ရှေ့ရှိတယ်"

"ငါနားလည်ပါတယ်ကွာ။ ဒါပေမဲ့ သူက မဖြစ်နိုင်တဲ့ အရာတစ်ခုကို မျှော်လင့်ချင်နေတဲ့ ဆန္ဒရှိတယ်"

"အဲဒါကိုက မင်းကို ဘယ်လောက်ချစ်ကြောင်း ဖော်ပြ နေတာပဲကွ၊ လူတွေဟာ ပထမဦးဆုံး အချစ်ကိုတော့ ရူးရူးမူးမူး ချစ်တတ်ကြပြီး ဆုံးရှုံးဖို့ သေမလောက်ကြောက် ကြတယ်ကွ ...

ဆုံးရှုံးခဲ့ရင်တောင် တစ်နေ့နေ့တော့ ပြန်ဆုံချင် ဆုံမှာပါပဲဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ အသက်ရှင်နေကြ သေးတာ ...

ဒါပေမဲ့ မင်းတို့နှစ်ယောက်ရဲ့ ဆုံနိုင်ခွင့်က အရမ်း ကိုနည်းသွားပါပြီ၊ ဒါကို သျှမ်းက မင်းကို မျှော်လင့်တုန်း ဆိုတာ မင်းမှာ အပြစ်ရှိတယ် ဝိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ သူ့ကို ဘာမျှော်လင့်ချက်မှ မပေးရပါဘူးကွာ၊ ငါ တတ်နိုင်သမျှ ကင်းအောင် နေနေခဲ့တာ မင်းလည်း အသိပဲ ...

အခုဆို သူ့ကားကိုလည်း ငါ မစီးတော့ဘူး။ ဒေါ်ခတ္တ ကားကိုလည်း သုံးတာမဟုတ်ဘူး၊ ငါ နှစ်ဖက်လွတ်အောင် နေ,နေတာပါကွ"

သူ့ရဲ့ ရှုံးရှုံးရှဲရှဲ ပုံစံကို ဇင်နိုင်က ပြုံးမဲ့မဲ့ စိုက်ကြည့်ကာ ...

"အဲဒါကိုက မင်း လွဲနေတာပဲ ဝိုင်။ တစ်ဖက်ကိုတော့ လွတ်ချင်လွတ်ပစ်လိုက်၊ ဒါပေမဲ့ တစ်ဖက်ကိုတော့ မင်း မိမိရရ တွယ်နေသင့်ပြီ"

သူက ဇင်နိုင့် စကားကို မျက်မှောင်ကုတ်ကြည့်မိလေသည်။

"မင်းက ဒေါ်ခတ္တကို မချစ်ဘူး၊ အရေးမစိုက်ဘူး၊ မင်းတို့ ဆက်ဆံရေးဟာလည်း အေးစက်နေတယ်ဆိုတဲ့ အဖြစ်တွေက သျှမ်းကို မျှော်လင့်ချက်တွေ ပေးနေတာပဲကွ၊ အဲဒါကို မင်း မတွေးတတ်လို့ ...

စဉ်းစားကြည့်ရင် မင်းက သျှမ်းကို ငရဲတွေပေးနေတာပဲ။ တို့ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းစဉ်လာအရ အိမ်ထောင်ရှိတဲ့ ယောကျာ်းတစ်ယောက်ကို ပိုးလမ်း ငြိတွယ်နေတာ မျှော်လင့်နေသေးတာတွေဟာ ဒါ ပြစ်မှားနေတဲ့ ကိစ္စပဲ –





ဒီစကားဟာ သျှမ်းအပေါ် ရက်စက်ကောင်းရက်စက်မယ်၊ သျှမ်းဟာ မင်းကို ဖောက်ပြန်ချင်တဲ့စိတ်နဲ့ အဲဒီလို ပြစ်မှားနေတာ၊ မင်းတို့ အိမ်ထောင်ရေးကို ဖျက်လိုဖျက်ဆီး လုပ်နေတာတော့ မဟုတ်ဘူး ...

ဒါပေမဲ့ အဲဒီအမှိုက်ပွာယ် ရောက်နေတယ် ဝိုင်။ အဲဒီအမှိုက်ပွာယ်ရောက်နေတယ်၊ မင်း သေချာစဉ်းစားကြည့်ပါ"

သူက ငြိမ်သက်စွာ နှုတ်ပိတ်နေမိသော်လည်း ဇင်နိုင်ပြောတာတွေကို ဘယ်လိုမှ ငြင်းအားမရှိပေ။ မငြင်းနိုင်ခဲ့။ အဖြစ်အပျက်ဟာ အဲဒီလိုပုံစံမျိုးပဲ ထွက်နေတာဖြစ်သည်။

"ငါ ဘာလုပ်ရမလဲကွာ၊ အခုတောင် သျှမ်းက အရမ်းသနားစရာကောင်းနေပြီ။ ငါ ဒီ့ထက် ဘာလုပ်ရဦးမှာလဲ"

"အကောင်းဆုံးကတော့ မင်း ဒေါ်ခတ္တကို ချစ်နိုင်အောင် ကြိုးစားပါ"

"ဘာပြောတယ်။ ငါက ဒေါ်ခတ္တကို ချစ်ရမယ် ဟုတ်လား"

"အေး ... မင်း ယူထားတဲ့ မိန်းမကို မင်း ချစ်ရမှာပေါ့၊ ဒါမှ သျှမ်းအတွက် ကောင်းမယ်၊ မင်းအတွက်လည်း ကောင်းမယ် ...

ချားလ်နဲ့ ကမီလာကို အားကျဖို့စိတ်မကူးနေပါနဲ့ ဝိုင်ရာ၊ အဲဒီဇာတ်လမ်းမျိုးကို အင်္ဂလန်မှာနေခဲ့တဲ့ ဒေါ်ခတ္တ



www.burmeseclassic.com

www.burmeseclassic.com



တောင် အားကျမယ်မထင်ပါဘူး၊ မင်း ဒေါ်မာတုကို ဒိုင်ယာနာလိုဘ၀မျိုး ရောက်စေချင်သေးလို့လား"

သူသည် စိတ်ရှုပ်ရသည့်ကြားမှပင် ဖင်နိုင်ရဲ့ စကားတို့ကို ပြုံးရသေးသည်။ ဖင်နိုင်ကလည်း ရယ်မောဟန်ဖြင့် ...

"ဒေါ်မာတုလို မိန်းမမျိုးကို ချစ်ဖို့ကြိုးစားရတာ သိပ်ခဲယဉ်းမယ် မထင်ပါဘူးကွာ၊ မင်းတို့ ဟန်နီးမွန်းတောင် ပြန်လာခဲ့ပြီးပြီပဲ၊ သိပ်တုံးပြမနေစမ်းပါနဲ့"

သူက ဖင်နိုင် ဘာကို ဆိုလိုချင်မှန်း သိသဖြင့် နှာခေါင်း ရှုံ့ပြမိလေသည်။ လှိုင်းပုတ်သံတွေနှင့် ရောထွေးနေသည့် လေပြည်ညတစ်ညမှာ ရင်ခွင်တစ်ခုလုံး မှီးပေးထားရင်း သူ့ကို ဂစ်တာတီးပြန်ကျင့်ပေးခဲ့ပုံကို ဖျတ်ခနဲ သတိရမိလျှင် သူ့ရင်မှာ ဘာမှန်းမသိရဘဲ ငြိမ့်ခနဲ ဖြစ်သွားသေးလေသည်။

"ဟန်နီးမွန်း မဟုတ်ပါဘူးကွာ၊ သူ ခရီးထွက်တာကို ငါကလည်း စိတ်ရှုပ်လို့ လိုက်သွားတာပါ။ အခန်းချင်း ကပ်ရပ်တည်းကြတာပါ ...

သူက ငါ့ရဲ့ မိတ်ဆွေကောင်းကြီးပါ"

ဖင်နိုင်သည် သူ့စကားကို တဟားဟားနှင့် အော်၍ ရယ်လေသည်။ သူကလည်း မသက်မသာနှင့် လိုက်ရယ်ရင်းမှ မျက်လုံးထဲတွင် အဝါရောင်ဆံပင်ခွေခွေ လိပ်လိပ်တွေနှင့် နှုတ်ခမ်းထူထူများကို စွဲမက်စဖွယ်ကောင်းအောင် ပြုံးတတ်သူ၊ တစ်ဖက်သားရဲ့ မျက်ဆန်လေးကိုမှ စိုက်ကြည့်မိပြီး စကားပြောတတ်သူ





အရှမ်းမိုက်သော ခါးပတ်များနှင့် ဂျင်းပင်န်များကို ခုံမင်စွာ ဝတ်တတ်သောသူတစ်ယောက်ကို မြင်ယောင်လာမိလေသည်။

မိတ်ဆွေကောင်းကြီးကို သူက ချစ်ရမယ်တဲ့။ သေချာတော့တော့ သျှမ်းဟာလည်း သူ့နှလုံးသားထဲမှ ထွက်မသွားသေးဘူးဆိုတာပဲဖြစ်သည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





2nd MB ၏ ဆေးပညာရပ်များမှာ ပိုမိုခက်ခဲ နက်နဲလာပြီမို့ သူက Study Guide အလုပ်ကို လုံးဝ ဖြုတ်လိုက်ပြီဖြစ်သည်။ ဒီတော့ ကျောင်းကပြန်ရောက်ချိန်တွေဟာ စောလာသည်။ အရင်လို ကျောင်းကအပြန် ဂိုက်ဒ်သွားစရာ မလိုတော့။

တစ်ခါတလေ သူ ပြန်ရောက်သည့်အချိန်တွင် သူမကို ခြံထဲမှာ ခွေးတွေနှင့် ဆော့နေတာကို တွေ့ရတတ်လေ့ရှိသလို ဝရန်တာမှာ စီးကရက်သောက်နေတာမျိုးလည်း တွေ့





ရတတ်လေသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ ပြန်လာတာကို မြင်လျှင် *သူမက လက်ဝေ့ယမ်းကာ နှုတ်ဆက်တတ်စမြဲ။*

သူတို့နှစ်ယောက်ရဲ့ ဆုံတွေ့မှုဟာ ရယ်ချင်စရာကောင်းလောက်အောင်ကိုပင် မနက် Breakfast စားချိန်နှင့် အဲဒီလို အိမ်ပြန်ချိန် ညနေခင်းများပဲ ရှိလေသည်။ ဒါတောင် တစ်ခါတစ်ရံမှာ သူမက Gym သွားတတ်သဖြင့် တစ်နေကုန်လုံးဝ မတွေ့တာမျိုးလည်း ရှိတတ်ကြသည်။

တစ်ခါတလေတော့လည်း အိမ်မှာ ရှိနေတာတောင် လုံးဝကို မတွေ့ဖြစ်ကြသည့်နေ့များ ...။ သူတို့အဖြစ်မှာ အဲဒီလိုပဲ အနည်းငယ် ကမောက်ကမ နိုင်လေသည်။ တစ်နေ့တော့ သူက ကျောင်းသွားခါနီး Breakfast စားနေတုန်းမှပဲ သူမက Gym မှ ပြန်ရောက်လာသည်။

"Hi မောနင်း ဝိုင်ချိုမြိန်"

"အင်း မောနင်း ... Gym က ပြန်လာတာလား"

"ဟုတ်တယ်၊ မင်းရော စာတွေ လိုက်နိုင်ရဲ့လား။ ကျူရှင်တွေ ဘာတွေရော မတက်ဘူးလား ...

မင်း သင်ချင်ရင် အိမ်မှာ ခေါ်သင်ပါလား"

သူက ကော်ဖီသောက်နေရင်းမှ သူမကို မျက်လုံးမှန်ကြည့်လျှင် သူမက ဘာကြည့်တာလဲ ဟူသော သဘောဖြင့် မေးဆတ်ပြလေသည်။ သူက သောက်လက်စ ကော်ဖီခွက်ကို အားချထားရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို အကြံပေးစရာတစ်ခုရှိလို့"

"ပြောလေ"

"ခင်ဗျား စီးကရက် မသောက်ရင် ကောင်းမယ်၊ တစ်နေ့ကို ဘယ်နှလိပ်သောက်နေလဲတော့ မသိဘူး။ ဒါပေမဲ့ စီးကရက်သောက်တာ ... အဲ ... ဆေးလိပ်အကုန်လုံးပေါ့၊ အဲဒါဟာ လုံးဝ မကောင်းဘူး ..."

ခင်ဗျားဟာ Gym သွားဖို့ အသိတော့ ရှိရဲ့သားနဲ့ ဒီဆေးလိပ်ကျမှ ကြိုက်နေရတာ ကျွန်တော် ဘယ်လိုမှ စဉ်းစားလို့မရဘူး"

"ကိုယ့်အကြောင်းကို သိပ်မစဉ်းစားပါနဲ့"

"အမလေး ... ခင်ဗျားကပဲ ပြောရတယ် ရှိသေးတယ်၊ ဒီမှာ ခင်ဗျားကို သိပ်နိုးရိမ်လို့များ ပြောနေတယ် ထင်မနေနဲ့ ဒေါ်ခာတု ...

ကျွန်တော်က ဆေးလိပ်ဆန့်ကျင်ရေးသမားဗျ၊ လုံးဝ မကြိုက်ဘူး။ တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ မသောက်ဖူးဘူး"

"ဒါကြောင့် မင်း နှုတ်ခမ်းတွေက ပန်းနုရောင်သမ်းနေတာပေါ့"

သူမက ညှိုးရီစွာ ပြုံးရင်း ပြောလိုက်လျှင် သူက ရုတ်တရက် စားလက်စ ထမင်းကြော်ဖောင် သီးထွက်သွားမလို ဖြစ်ရသည်။ အားကစားလုပ်လာသဖြင့် ချွေးစို့ကာ သွေးပူနေသော





နီရဲနုဖပ်နေသည့် မျက်နှာတစ်ခုသည် သူ့ကို မမှတ်မသုန် အကဲခတ်နေသည်မှာ နေရထိုင်ရတော့ တကယ်ခက်လှသည်။

သူသည် ယောက်ျားဗီပီ ဒါမျိုးကို အရှုံးလည်း မခံချင်သဖြင့် ...

"ခင်ဗျား အဲဒီလို ပုံစံတွေ မလုပ်နဲ့၊ လုံးဝ ကြည့်မကောင်းဘူး"

"ကိုယ်က မင်းအတွက် ဘယ်တုန်းကမှ ကြည့်ကောင်းတဲ့ မိန်းမတစ်ယောက် မဟုတ်မှန်း အစောကြီးတည်းက သိပြီးသားပဲ"

"တော်ပြီဗျာ၊ ခင်ဗျားက စကားအကောင်းပြောလို့ကို မရဘူး၊ မပြောတော့ဘူး"

"စိတ်မကောက်ပါနဲ့ကွာ"

ကြည့်ပါလား။ အဲဒီမိန်းမကို သူ သိပ်မကြိုက်ချင်တော့။ ပြောလိုက်တဲ့ စကားတွေက ဘယ်တော့မှ အဖြောင့်ထွက်မလာချေ။ အထူးသဖြင့် သူ့ကို ကလေးတစ်ယောက်လို ချစ်စနိုးပြုံးကြည့်တတ်ပုံ၊ အလိုလိုက်ပါသည်ဆိုသော အပြုံးမျိုး ပြုံးထားတတ်ပုံတွေကို သူ မခံချင်အဖြစ်ဆုံးပဲဖြစ်၏။

"မင်း စေတနာကို ကိုယ် နားလည်ပါတယ်၊ ဆေးလိပ်ဟာ ကျန်းမာရေးအတွက် လုံးဝ မကောင်းတဲ့ အရာတစ်ခုဆိုတာလည်း ကိုယ် သိပါတယ် ...

ဒါပေမဲ့ ကိုယ့်ဘဝက အထီးကျန်ဆန်တယ်လေ _



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုယ့်အတွက် အဖော်ဖြစ်နေလို့ပါ”

ဒီတစ်ခါတော့ သူမက သူ့ထံမှ ဘာတုံ့ပြန်စကားမှ မစောင့်တော့ဘဲ ထထွက်သွားတော့တာဖြစ်သည်။ သူကသာ Breakfast ကို ဆက်မစားနိုင်တော့ဘဲ အတွေးထဲမှာ ကျွန်ရစ်ခဲ့သည်။ သူမက အတွေးစတွေ ပေးသွားခဲ့သည်။

ကျောင်းရောက်သည်အထိလည်း သူဟာ အဲဒီအတွေးစကို မပြတ်နိုင်ချေ။ ဒီလောက်ပြည့်စုံကြွယ်ဝလှတဲ့ သူမဟာ အထီးကျန်ဆန်နေတယ်တဲ့လား။ ဒီလို ဖြစ်လိမ့်မယ်လို့ သူ ဘယ်တုန်းကမှ မတွေးခဲ့ဖူးချေ။ တကယ်လည်း သူမဟာ သူ့လိုပဲ ဖြစ်နေလိမ့်မယ်ဆိုတာကို သူ ဘာကြောင့် မတွေးမိခဲ့တာပါလိမ့်။

သူမကလည်း အချစ်ဦးဆိုတဲ့ တစ်ယောက်ကို တမ်းတနေတုန်းပဲလားဆိုတာတော့ သူ မပြောတတ်ပေ။ သူမဆိုတဲ့ ဒေါ်ဓာတုလေးဟာ တကယ်ကိုပဲ နားလည်ရခက်သူကြီးဖြစ်သည်။ ထိုညက စာကျက်ရင်းနဲ့ ညဥ့်နက်သည်အထိ သူ တော်တော်နဲ့ အိပ်မပျော်ခဲ့။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားစဉ်အတွင်း နားထဲမှ အခန်းတံခါးကို လှည့်ဖွင့်လိုက်သံကြောင့် ဆတ်ခနဲ နိုးလာလျှင် သူ့အခန်းထဲသို့ သူမက ခြေသံဖွဖွဖြင့် လျှောက်ဝင် လာနေတာကို အံ့သြစရာ တွေ့လိုက်ရလေသည်။

သို့သော် သူ့မှာ တုတ်တုတ်တောင် မလှုပ်ရဲဘဲ သူမ ဘာများလုပ်မလဲ ဆိုတာကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့် နေမိသည်မှာ အသက်တောင် ရဲရဲမရှူနိုင်ချေ။ အဲဒီမှာပဲ သူမက





သူ့နံဘေးသို့ ရောက်ရှိလို့လာသည်။ ပြီးတော့ သူ့ကိုယ်ပေါ်သို့ စောင်တစ်ထည်ကို လွှမ်းခြုံလို့ပေးသွားတာ ဖြစ်လေသည်။

နောက်တော့ အိပ်ခန်းမီးတွေကို ပိတ်လျက် ညအိပ်မီးလေးသာ ဖွင့်ပေးသွားကာ အခန်းထဲမှ အသာအယာ ပြန်လည်ထွက်သွားတော့သည်။

သူသည် အဲဒီအဖြစ်အပျက်ကို နားမလည်ခြင်းများစွာနှင့်အတူ ပင့်သက်ခြင်းများစွာနှင့်အတူ နေ့သစ်ကို မျက်လုံးအကြောင်သားဖြင့် ကြိုဆိုဖူးခဲ့လေသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





သျှမ်းနဲ့ သူရဲ့ ဆက်ဆံရေးမှာ အနည်းငယ်အေး
ခဲ့သော်လည်း သူတို့ကြားထဲမှာ အဲဒီအချက်က သိပ်မသိသာခဲ့
အဘယ်ကြောင့်ဆိုသော် 2ndMB ၏ များပြားရှုပ်ထွေးသော စာ
သို့ သူက စိတ်ရော ကိုယ်ရော နှစ်ထားလိုက်၍ဖြစ်သ
ဂုဏ်ထူးများစွာထွက်ဖို့အရေးသာ ကြိုးစားလျက် သူ့
ဖာကလွဲ၍ ဘာမှ ဗွယ်တာစရာ အချိန်ပေးစရာ မရှိ၍
သူဟာ စာအလွန်တော်သူတစ်ယောက်အဖြစ် ကျောင်းမှာ
ကျော်ကြားလေသည်။





ထိုနေ့က စာမေးပွဲတစ်ခု ပြီးသွားသောနေ့ဖြစ်သည်။ စာမေးပွဲပြီးသွားသော်လည်း သူက အိမ်သို့ စောစောပြန်မရောက်ဘဲ ဆရာတစ်ယောက်ထံ သွားနေခဲ့သည်။ သူ အိမ်ပြန်ရောက်ချိန်မှာ ညခုနစ်နာရီခန့် ရှိနေခဲ့ပြီ။ အခါတိုင်း လင်းချင်းနေတတ်သော ခြံကြီးသည် ဒီနေ့မှ အမှောင်အတိကျနေသဖြင့် သူ့စိတ်မှာ နည်းနည်းတော့ ထူးဆန်းနေရပေသည်။

သူက ဇဝေဇဝါနှင့် ခြံထဲမှ ဖြတ်ကာ အိမ်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ တစ်အိမ်လုံးလည်း အမှောင်ကျလျက်သားမဲဖြစ်သည်။ မီးပျက်တယ်ဆိုရအောင်လည်း တခြားခြံတွေ လင်းနေတာပဲ။

သူက အတွေးများစွာနှင့်အတူ တံခါးကြီးကို တွန်းဝင်လာလိုက်လျှင် ဖြောင်းခနဲ မြည်သံကြီးနှင့်အတူ တစ်အိမ်လုံး မီးတွေက ထိန်ထိန်လင်းလို့သွားသည်မှာ အမှောင်ထဲကလာသူအတွက် မျက်လုံးတွေ ကျိန်းသွားသဖြင့် လက်ကာလျက် မျက်လုံးတောင် မှိတ်ထားလိုက်ရသည်။

"ဟက်ပီဘတ်ဒေး ဝိုင်ချီမြိန်"

ထိုအသံကြီးက လူအများကြီးထံမှ လာကာ တစ်အိမ်လုံးကို ညံစီ၍သွားလေသည်။ မျက်လုံးဖွင့်ကြည့်လျှင် သူ့ကို ပျော်ရွှင်စွာ ဝိုင်းအုံကြည့်နေကြသော သူငယ်ချင်းများကို တစ်ပြိုင်နက်တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပတ်လည်မှာလည်း ရောင်စုံဘောလုံးတွေက ကဲပြန့်ကာ စက္ကူပန်းတွေကလည်း ဝေဆာလျက်ရှိ၏။ သူက အံ့သြမှုများစွာနှင့်အတူ ...

"မင်းတို့ ... မင်းတို့က ဘယ်လိုလုပ် ရောက်နေကြတာလဲ"

"မင်း မွေးနေ့မို့လို့ပေါ့ကွ။ ဒီနေ့ မွေးနေ့ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါ ... ဒါပေမဲ့ မင်းတို့ ဘယ်လိုလုပ်စုမိသွားတာလဲ၊ ငါတောင် မသိရပါလား"

သူငယ်ချင်းတွေက ပြုံးစိစိ မျက်နှာတွေဖြင့် သူ့ကို ကြည့်နေကြလေသည်။ သူငယ်ချင်းတွေထဲတွင် ဆယ်တန်းနှစ်က တစ်ဝိုင်းတည်းတက်ခဲ့သော ငယ်ပေါင်းများဖြစ်သည့် ဇင်နိုင်နှင့် ရှင်မိတို့အပြင် လက်ရှိ ဆေးကျောင်းမှာ သူနှင့် ခင်မင်သော တစ်တန်းတည်းသား သူငယ်ချင်းတွေအကုန်ပါသည်။

သို့သော် သျှမ်းတစ်ယောက် မပါဝင်တာကိုတော့ သူ သေချာပဲ သတိပြုမိပါသည်။ ဒါပေမဲ့လည်း သူဟာ အံ့သြစိတ်က မပြေသေးဘဲ ...

"မင်းတို့က ဘယ်လို စုမိသွားတာလဲကွ၊ ငါ့ကို ဆပ်ပရိုက်စ် လုပ်တာပေါ့လေ၊ ကြည့်ဦး ...

မင်းတို့ကို ငါက ဘာကျွေးရမှာလဲ ... ဟား ဟား တကယ့်ဟာတွေပဲ"





သူက အခုချိန်ထိ တစ်စုံတစ်ရာကို သံသယမဝင်သေးချေ။ သူငယ်ချင်းတွေက သူ့မွေးနေ့ကို သတိတရနှင့် ဆပ်ပရိုက်စ် လာလုပ်တာကိုပဲ ပျော်ရွှင်ကျေနပ်နေခဲ့တာဖြစ်သည်။ သူတောင် သူ့မွေးနေ့ကို အမှတ်မရချေ။

သူ စိုးရိမ်တာတစ်ခုက ဆူဆူညံညံ အသံတွေကြောင့် ဒေါ်ခာတုတစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်မှာ ပြဿနာဖြစ်မှာကို စိုးတာပဲဖြစ်ပါသည်။ အခုချိန်ထိတော့ ဒေါ်မာတုရော အိမ်သားတွေရဲ့ အရိပ်အယောင်ကိုပါ မမြင်ရသေးပေ။

"ကဲ ... ပြောကြပါဦး။ မင်းတို့က ဘယ်လိုကနေ ဘယ်လို ..."

"နေဦး ... နေဦး ... သီချင်တာတွေ နောက်မှမေး၊ မင်း ဘတ်ဒေးကိတ်လှီးပြီးမှ အကျွေးအမွေးက စမှာ၊ အဲဒီတော့ ဘတ်ဒေးကိတ်လှီးကြစို့"

"ဟား ... သစ်လှချည်လား ဇင်နိုင်ရ။ ငါ့မွေးနေ့ကို မင်းက စပွန်ဆာပေးတာတော့ မဟုတ်ပါဘူးနော်"

အဲဒီအချိန်မှာပဲ အိမ်အလုပ်သမားလည်း မဟုတ်သော ဝိတ်တာလို ကောင်လေးတစ်ယောက်က ဘတ်ဒေးကိတ်ကြီးကို တင်ဆောင်ထားသည့် လက်တွန်းလှည်းလေးကို ယူဆောင်လာခဲ့တာဖြစ်သည်။ ထိုအချိန်မှာပဲ ဘယ်နားက ဖွင့်ထားမှန်းမသိသော ဘတ်ဒေးသီချင်းသံကလည်း ခပ်တိုးတိုး လွင့်ပျံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဒေါ်လေးဖြူက ဝတ်ကြောင်းစားလှ တွေနှင့် သူ့အနားသို့ ပြုံးပြုံးရွှင်ရွှင် ရောက်လာကာ ...

"ဒီနေ့ ကောင်လေး မွေးနေ့လေ၊ အဲဒါ ပျော်စရာ အထိမ်းအမှတ်လေးဖြစ်သွားအောင် သူငယ်ချင်းတွေကို ဖိတ်ထားတာကွယ့် ...

အစားအသောက်အတွက် (...... )ဟိုတယ်ကပဲ လာစီစဥ်ပေးထားတယ်၊ တစ်အိမ်လုံးလည်း ဒါမျိုး တစ်ခါမှ မကြုံဖူးကြတော့ သိပ်ပျော်နေကြတယ်"

"ဒေါ်လေးဖြူက ဒီကောင်တွေကို ဖိတ်တာလား"

"မဟုတ်ဘူးကွ၊ ငါ့ကို တစ်ယောက်က ဒီလို ဒီလို လုပ်ချင်တယ်လို့ပြောတာ၊ ငါကပဲ သူငယ်ချင်းတွေကို ဖိတ်ပေးတာပေါ့"

"ခွေးကောင် ... ဒါနဲ့များတောင် ငါ့ကို နည်းနည်းလေးမှပြော မပြထားဘူး၊ နေပါဦး တစ်ယောက်ယောက်ဆိုတာက ..."

"ဟိုမှာ ဆင်းလာနေပါပြီ"

သူက ဖင်နိုင် မေးညွှန်ပြရာသို့ လှည့်ပြန်လှည့်ကြည့် လိုက်လျှင် လှေကားထစ်တွေမှ ခပ်ပြုံးပြုံး ဆင်းလာသော သူမကို မယုံနိုင်စရာ တွေ့မြင်လိုက်ရသည်။ ဒဏ္ဍာရီဆန်စွာ ထည်ဝါနေသော သူမသည် အများတကာ ငေးမောရလောက်သော အဝတ်အစားမျိုး ဝတ်မထားပါဘဲနှင့်ကို လူတိုင်းက သူမကို မငေးဘဲ မနေနိုင်ချေ။





အိမ်ကြီးရှင် မိန်းမသားလေးသည် ဝတ်နေကျဖြစ်သော အရမ်း အရမ်းကို မိုက်သည့် Super Low ဂျင်းဘောင်းဘီတစ်ထည်ကို အပြတ်မိုက်သည့် ခါးပတ်တစ်ခုပတ်ကာထား၏။ ဆံပင်တွေကို ဒီနေ့မှ ထူးခြားစွာ စုစည်းသိမ်းနှောင်ထားပြီး ခပ်မြောက်မြောက် စည်းထားပုံသည် မျက်နှာအလှကို ရှင်းလင်းစေရုံမျှမက နီးနွယ်နေသော လည်တိုင်၊ ပခုံးသားတို့၏ အလှကိုပါ ပေါ်လွင်လို့ နေစေသည့် အနီရဲရဲ လက်ပြတ်အင်္ကျီလေး တစ်ထည်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားရုံမျှ သူမအလှက ဝံ့ကြွားပေါ်လွင်လို့နေသည်။

"ကဲ ... စလိုက်ကြရအောင်၊ ပျော်ရွှင်သောမွေးနေ့ ဖြစ်ပါစေ ဝိုင်"

သူမက အဲဒီလိုလေးပဲ ပြောလိုက်တာ ဖြစ်သော်လည်း ကျန်တဲ့ကောင်တွေက ဟေးခနဲ ဝိုင်းအော်ကြလျှင် သူ့မှာ ဘယ်နားကို မျက်နှာဖွက်ထားရမှန်း မသိချေ။

သူငယ်ချင်းတွေက ဘတ်ဒေးသီချင်းကို ဝိုင်းဆိုပြီးလျှင် သူက ဖယောင်းတိုင်တွေကို မီးမှုတ်ရ၏။

ပြီးလျှင် ဘတ်ဒေးကိတ် လှီးသည်။ တစ်သက်လုံးမှာ တစ်ခါမှ မလုပ်ဘူးသော ကိစ္စတွေဖြစ်သလို သူ့ဘေးနားမှာ သူမကပါ ရှိနေသဖြင့် သူသည် မြီးကောင်ပေါက်စလို ရှက်ကာရွံ့ရွံ့ ရှိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မပျော်ဘူးလား ဆိုတော့လည်း သူပျော်သည်။ အားလုံးရဲ့ မွေးနေ့ဆုတောင်းတွေအောက်မှာ သူ့နှလုံးသားတစ်ခုလုံး ကြည်မွေ့ငြိမ်းချမ်းရသော အရသာကို ဒီတစ်ခါပဲ ခံစားဖူးတာ ဖြစ်လေသည်။

ဘတ်ဒေးကိတ် လှီးပြီးလျှင် သူက ဘယ်သူ့ကို အရင်စကျွေးရမှန်း မသိ။ အလိုက်သိသော သူငယ်ချင်းတွေက မြှောက်ပေးကြလျှင် သူက သူမကို တစ်ဖွန်းခွံ့လိုက်သည်။ အဲဒီမှာ လက်ခုပ်သံတွေ ဝေစည်လို့ သွားပြန်လေသည်။

နောက်တော့ ဘယ်အချိန်က ခင်းကျင်းလိုက်မှန်း မသိရသော စားပွဲဝိုင်းများက ခြံထဲတွင် အသင့်ရောက်နေကာ သူမက မွေးနေ့ဒင်နာကို ခြံထဲမှာပဲ ဆက်၍ကျင်းပစေသည်။ မြူးကြွနေသော DJ တီးလုံးသံ၊ အလျှံအပယ် ချထားသော ဝိုင်တွေနှင့် ဘူဖေးအစားအစာတွေ ကြားထဲတွင် သူတို့တစ်တန်းလုံး ခေါင်းမဖော်နိုင်ကြချေ။

အားလုံးဟာ ဒီနေ့မှ စာမေးပွဲလည်း ပြီးထားကြကာ ဒီလို ဒင်နာမျိုးလည်း သူငယ်ချင်းတွေစု၍ တစ်ခါမှမလုပ်ဖူးကြသဖြင့်ရော ခြံပွဲ ဖြစ်တာရောကြောင့် လွတ်လပ်ပျော်ရွှင်ထားနေကြသည်။

အလိုက်သိတတ်သော သူမဟာ သူ့တို့တွေနားသို့ မလာပါ။ ခပ်လှမ်းလှမ်းမှာပဲ သူမရဲ့ သူငယ်ချင်းတစ်ယောက်နှင့် စားသောက်ရင်း စကားပြောနေလျက်ရှိသည်။ သူမရဲ့ မိတ်ဆွေ





အပေါင်းအသင်း ဆိုတာကို ထိုတစ်ယောက်မှလွဲ၍ မတွေ့ရခြင်းမှာ သူ့အတွက် ပွဲသပ်သပ် လုပ်ပေးစေတယ် ဆိုတာကို သိသာစေလေသည်။

"ခွေးကောင်လေး ဇင်နိုင်၊ မင်းက တော်တော် အလုပ်ဖြစ်နေတယ်ပေါ့လေ၊ ဟုတ်လား"

သူက ကြိုမသိရကောင်းလား ဟူသော စိတ်ဖြင့် ဇင်နိုင့်ကို ကျိတ်မာန်လိုက်သေးသည်။ ဝိုင်အကောင်းစားတွေနှင့် ကောင်းစားနေသော ဇင်နိုင်က သူ့ကို ပဲများထားသော မျက်လုံးများဖြင့် မေးစင်းကြည့်ကာ ...

"ကြိုသိထားရင် မင်းအတွက် ဆပ်ပရိုက်စ် ဖြစ်ပါ့မလား ငခူရဲ့။ ဪ ... သူများ သားသမီးတွေများ ကံကောင်းလိုက်ကြတာ"

"သျှမ်း မလာဘူးလား"

သူက ဒီလိုညမျိုးမှာ သတိတရ ရှိချင်စိတ် သက်သက်ဖြင့်သာ မေးလိုက်တာဖြစ်၏။

"မလာဘူး၊ ငါ ပြောတော့ ပြောလိုက်ပါတယ်၊ သူက ငါ့ကိုတောင် ရန်လုပ်သွားသေးတယ်၊ နင်ကိုပဲ မျက်နှာပြောင်နဲ့ သွားဝေါ်ကြတဲ့လေ"

ဇင်နိုင်က အောင့်သီးအောက်သက် လေသံဖြင့် သူ့ကို ပြန်ပြောပြလေသည်။ သျှမ်းဟာ စိတ်မထင်လျှင် မထင်သလို စကားပြောတွေက ရင့်တတ်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဓာတုက တော်တော်ပြည့်ပါတယ်ကွာ၊ မင်းကိုလည်း သူ ချစ်ပုံပါ၊ မင်းကရော ..."

"သူကလည်း ချစ်ပြီပေါ့ဟဲ့၊ ဒီလောက် လှတဲ့ဟာကို လှတာလည်း မဟုတ်ဘူးဟ၊ သူ့ပုံစံက အဆင့်မြင့်တဲ့ပုံ ပေါက်နေတာ ...

စတိုင်လ်ကလည်း မိလိုက်တာ၊ ဒါကိုမှ ဝိုင်တို့က မကြိုက်ဘူး ဆိုရင်တော့ ငေါက်နေပြီပဲ"

တစ်ဝိုင်းထဲမှာ စားနေသူ ရှင်မိကပါ ဝင်၍ ထင်မြင်ချက်ပေးတာ ဖြစ်သည်။

"မဖြစ်နိုင်ပါဘူးကွာ၊ သူ ငါ့ကို ချစ်နေတယ် ဆိုတာ မဖြစ်နိုင်ပါဘူး"

"ဘာလဲ ... မင်းကပဲ ချစ်နေတာလား"

"ကျွတ် ... မင်းကလည်းကွာ၊ သူနဲ့ငါက မိတ်ဆွေလို သူငယ်ချင်းလို ပေါင်းကြတာပါ၊ ခုလိုပုံမျိုးကတော့ သူက ငါ့အစ်မလိုပါပဲ ...

ဘာပဲပြောပြော သူ့ကို ငါ ကျေးဇူးတင်ပါတယ်"

"အစ်မတဲ့လား ... ကျွတ် ... ကျွတ်။ ငါ့သားလေး တော်တော် အ,သေးတာပဲ ...

ဒီမိန်းမက မင်းကို နိမ်မယ့် မိန်းမမျိုးတော့ မဟုတ်ဘာ သေချာတယ် ..."





ငါ့ကို ပြောတာကိုက သူ့အပေါင်းအသင်း မှန်သရွေ့ ဖိတ်ပေးပါတဲ့၊ မင်းပွဲပဲ ဟော့ကောင်၊ သူတောင် အားထွက် နေတာ၊ သူ့ဘော်ဒါတစ်ယောက်လားပဲ ရှိတယ် တွေ့ လား ...

ဒါ မင်းကို လူရာသွင်းတာ ချီးမြှောက်တာကွ"

သူက သူမရှိရာသို့ လှမ်းကြည့်လိုက်လျှင် စားပွဲမှာ သူမ တစ်ယောက်တည်းပဲ တွေ့ရတော့သည်။ သူ့ခြေထောက်က သူမရှိရာသို့ ဘယ်လိုရောက်သွားမှန်းကို မသိချေ။ သူရောက်လာ တာကိုမြင်လျှင် သူမက ထိုင်ရာမှထကာ စားပွဲနှင့် ခပ်လှမ်းလှမ်း သို့ လျှောက်ကာသွားသည်။

သူမ လျှောက်သွားသော နေရာက သီချင်းသံတွေ နှင့် လှမ်းရာဖြစ်သည်။

"အဆင်ပြေရဲ့လား ဝိုင်ချိုမြိန်"

"အင်း ... ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးလေ၊ မင်းကို ဘတ်ဒေးပရဲဆင့် ပေးရဦး မယ်"

"ဟာ ... မလုပ်ပါနဲ့တော့၊ အားနာစရာကြီး"

"အားနာတယ် ဆိုတာ ကိုယ်တို့ နှစ်ယောက်ကြားမှာ မရှိ သင့်ပါဘူး၊ ကိုယ့်လက်ဆောင်ကို လက်ခံပါ ဝိုင်၊ သိပ် အဖိုးတန်ကြီး မဟုတ်ပါဘူး၊ မင်းအတွက် လိုအပ်တဲ့ အသုံးဝင်တဲ့ အရာတစ်ခုပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် သူမက အင်္ကျီမှာ ချိတ်ထားသော အရာတစ်ခုကို ဆတ်ခနဲ ဆွဲဖြုတ်ကာ သူ့မျက်နှာမှာ တပ်ဆင်ပေးလိုက်တာ ဖြစ်သည်။

ပြီးတော့ ပြောသေးသည်မှာ ...

"စာတွေ အရမ်းဖတ်ရလို့ မျက်ရိုးတွေ ကိုက်တယ် ပြောတယ်၊ စာကြည့်တဲ့အခါ ဒါလေးကို အမြဲသုံးပါ ....

အင်း ... မင်း ဆရာဝန်နဲ့ ပိုတူသွားပြီ"

သူမက သူ့မျက်နှာကို စေ့စေ့ကြည့်လျက် ပြောလျှင် သူ့ရင်ထဲ၌ အမည်မဖော်နိုင်သော လှိုင်းတစ်မျိုး ဖြတ်စီးသွားရ၏။ သူ့မွေးနေ့ကို သိနေသူ၊ သူ မျက်ရိုးကိုက်တာကို သိနေသူ၊ သူမဟာ သူ့အပေါ်၌ ဘယ်လိုခံစားချက်တွေ ရှိနိုင်ပါသလဲ။

"ခင်ဗျား ကျွန်တော့်မွေးနေ့ကို ဘယ်လိုလုပ် သိတာလဲ"

"ဒီ့ထက် စိတ်ဝင်စားဖို့ကောင်းတဲ့ မေးခွန်းမျိုး မေးပါလား"

ဒီမိန်းမတော့ ...၊ သူက လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်ကာ ခေါင်းကို ညိတ်လိုက်ရင်း ...

"ခင်ဗျား ကျွန်တော့်ကို ဘာလို့ ဂရုစိုက်နေရတာလဲ"

သူမက ရုတ်တရက်တော့ ပြန်မဖြေသေးချေ သို့သော် ဖြေဖို့ရန်အတွက် ပါးစပ်အပြင်မှာပဲ သူ့ရဲ့ ဟန်းဒ်ဖုန်းက ထမြည်လာခဲ့တာ ဖြစ်သည်။ သူ့ပါးစပ်က ဘာကြောင့်များ ကျွတ်ခနဲ စုတ်သပ်မိသွားလဲတော့ မပြောတတ်ချေ။





သေချာတာကတော့ သူမဆီက အဖြေစကားသံကို သူ ကြားချင်ခဲ့တာတော့ အမှန်ပဲ ဖြစ်သည်။ သူမက ဖုန်းဖွင့်နားမထောင်သေးသော သူ့ကို သရော်တော်တော် အပြုံးလေးဖြင့် ...

"ဖုန်းနားထောင်လေ"

ဟု ညွှန်ကြားသေးသည်။ သူသည် အိတ်ကပ်ထဲမှ ဖုန်းကို စိတ်မပါစွာဖြင့်ထုတ်ကာ Display ပေါ်သို့ တစ်ချက်ကြည့်လိုက်လျှင် သူမဆီက အသံက ထပ်၍ ထွက်ပေါ်လာသည်။

"မင်း ကောင်မလေးဆီက မဟုတ်လား"

သူက သိနိုင်လွန်းသော ထိုအမျိုးသမီးကို အံ့ဩစွာနှင့် မော့်ကြည့်မိလျှင် သူမက နားလည်ရက်သော အပြုံးတစ်မျိုးဖြင့် လက်တစ်ဖက်ထောင်ပြကာ သူ့အနားမှ ထွက်ခွာသွားပေးသည်။

သူသည် တတူတူ မြည်နေသော ဖုန်းလေးကို ငေးကြောင်ကြည့်နေကာ တော်တော်နှင့် မဖွင့်မိသေး။ သူ့ရင်ထဲ ကြိုးသေးသေးလေး တစ်ချောင်းက ဟိုဘက် ဒီဘက် လူးလွန့်ပြေးသွားကာ နှလုံးသားကို တရိရိနှင့် ပြတ်ကျသွားအောင် ကြိုးပမ်းနေလေသည်။

❤ ✝ ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

နွေဦးရာသီ၏ သရုပ်ကို ရှေ့ပြေးဖော်ဆောင်သော

လေနွေးနွေးတို့သည် တောင်ဘက်အရပ်ဆီမှ အပြေးနှင်လာ

ရွက်ကြွေတချို့ကို ကျီစယ်သလို အသာနေရာရွှေ့ပေးသွားကြသည်။

သူရော သျှမ်းရောဟာ အဲဒီမြင်ကွင်းကို အတူ

မောနေမိလျက် ဘာစကားမှ မဆိုမိကြ။ နှစ်ယောက်စလုံးရဲ့





ထဲမှာ အထူးခွန်းကျပ်လို့ နေသည်မှာတော့ ဘယ်သူ့ ဘယ်သူက မှ ဖွင့်မပြောဘဲ အလိုလို သိနေကြသည်။ အထူးသဖြင့် သျှမ်းရဲ့ နှုတ်ခမ်းများမှာ စိတ်လှုပ်ရှားရိပ်ဖြင့် ဘာဆတ်ဆတ် တုန်ယင်နေ ကြသည်။

သူက အကြာကြီး တိတ်ဆိတ်မနေချင်၍ ...

"တစ်ခုခု ပြောလေ သျှမ်း၊ နင် ပြောစရာ ရှိနေတယ် မဟုတ်လား"

"2nd M.B ဖြေပြီးသွားရင် နွေရာသီမှာ တိုဗယ်ဖြစ်ဖို့ ကြိုးစားပြီး ငါ ဖေဖေ့ဆီကို လိုက်သွားတော့မယ် ဝိုင် ... ဟိုမှာပဲ ဆေးကို ဆက်ကက်လို့ ဖြစ်အောင် ငါ ကြိုးစားမယ်"

"ဘာ ... ဘာရယ်၊ နင် ဘာပြောလိုက်တယ် သျှမ်း"

"ဟုတ်တယ်၊ ငါ သေချာဆုံးဖြတ်ပြီးသွားပြီ"

"ဟာ ... ဘာဖြစ်တာလဲ၊ ဘာလို့ ဟိုမှာ နင်က သွားတက် စရာ လိုလို့လဲ၊ အခွင့်အလမ်းမရှိတာ သျှမ်းရာ"

သူက ဝမ်းနည်းရတာထက် ဒီနေရာကနေ သျှမ်းကို အရှုံးပေး ထွက်ပြေးသွားသူလိုမျိုး မဖြစ်စေချင်တာ ဖြစ်လေသည်။ တစ်နေရာကို သျှမ်း တိမ်းရှောင်သွားတာမျိုး သူ လုံးဝ မလိုလားပေ။

"အခွင့်အလမ်းရှိတယ် ဝိုင်၊ မေမေကလည်း အဲဒီလိုပဲ ဖြစ်စေချင် တယ်၊ ငါကလည်း အဲဒီလို လုပ်သင့်တယ်လို့ ထင်ပါတယ်"



www.burmeseclassic.com

"အာ _ သျှမ်းရာ၊ နင် မဟုတ်တာကွာ"

"နင့်မှာ ငါ့ကို ဒီလိုတားနေစရာ ဘာအကြောင်းမှ မရှိပါဘူး ဝိုင်ရဲ့၊ ငါမှ ဒီမှာ မနေချင်တော့ပဲ"

"အဲဒါဟာ ဘာအကြောင်းလဲ၊ နင် မနေချင်စရာ ဘာအကြောင်း ရှိလို့လဲ၊ သျှမ်း ... နင် ဒီလို ထွက်သွားဖို့ မလိုဘူးနော် ...

အဲဒါဟာ အလုပ်မဟုတ်ဘူး သျှမ်း၊ နင့်ကို ငါ အဲဒီပုံမျိုးနဲ့ မမြင်ချင်ဘူးကွာ၊ အရင်က ပုံစံနဲ့ပဲ နေပါ သျှမ်းရယ် ... နော်"

သူက ဖျောင်းဖျချင် သျှမ်းက သူ့ကို စူးရဲသော မျက်ဝန်းများဖြင့် ဖျတ်ခနဲ စိုက်ကြည့်လာခဲ့သည်။ အဲဒီမျက်ဝန်းများသည် လောကကြီးကို ကောင်းကောင်းကြီး နာကျင်သော စိတ်ကုန်သော မျက်ဝန်းများ ဖြစ်သည်ကို သူ သတိထားမိလျှင် တော်တော်ပဲ တုန်လှုပ်သွားခဲ့ရပါသည်။

နုနယ်ပျိုမျစ်သော၊ ငွေကြေးပြည့်စုံ ကြွယ်ဝသော ပညာတတ်သော၊ ဆယ်ကျော်သက်အရွယ်ပဲ ရှိသေးသည့် သူ့ရဲ့ သူငယ်ချင်းမလေးဟာ ဒီအရွယ်မှာ ဒီလိုမျက်လုံးမျိုးတွေ ရှိနေတာသည် အလားအလာ မကောင်းသော ဖြစ်ရပ်ပဲ ဖြစ်သည်၊

"နင်က နင့်ဘဝကို သိပ်ကျေနပ်နေပြီပေါ့ ဝိုင်။ ဟုတ်လား။ လှတော့တုကြည် ဆိုတဲ့ မိန်းမကို နင် ကိုးကွယ်တာ နေပြီပေါ့ ...

"နင့်မိန်းမဟာလေ အကျင့်ကို မကောင်းတဲ့ မိန်းမ သိလား"

"ဟာ ... သျှမ်းကလည်းကွာ၊ မဆိုင်တဲ့သူတွေကို ဘာလို့ ထည့်ပြောနေရတာလဲ၊ နင့်ကို ငါ သံယောဇဉ်ရှိခဲ့တာမှန် တယ် သျှမ်း ...

ဒါပေမဲ့ တို့ဘဝတွေက မဖြစ်နိုင်တော့တဲ့နောက်မှာ နင့်ကို ငါ ညီမအရင်းတစ်ယောက်လို ဆက်ပြီး ချစ်ဆဲပါ၊ နင်ဟာ ငါ့ညီမလိုပါပဲ သျှမ်း ...

နင့်အတွက် ငါ အစ်ကိုတစ်ယောက်လိုပဲ စိုးရိမ်တယ်၊ ပူပန်တယ်၊ နင် ဘယ်မှထွက်သွားစရာလဲ မလိုဘူး၊ ဒီမှာပဲ ဆက်သင်လည်း နင် ဆရာဝန် ဖြစ်မှာပဲ၊ ဘာလို့ ကိုယ့်စိတ်ကိုယ် ပင်ပန်းခံချင်နေရတာလဲ ...

လျှော့ထားလိုက်ပါ သျှမ်းရာ၊ ကံစီမံရာတွေပါ၊ နားလည်ပါ"

"နားလည်ပါ၊ သြော် ... အေး ... အေး၊ နင်လည်း နင့်မိန်းမလုပ်တာတွေကို နားလည်ပေးလိုက်ပါဦး"

"နင် ဘာကို ပြောချင်တာလဲ သျှမ်း၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

"ငါ့အမေ နင့်ကို အိမ်ခေါ်ပြီး ပြောတာ နင် မှတ်မိမှာပေါ့၊ အဲဒါ ဘယ်သူ့ကြောင့်လို့ ထင်လဲ၊ နင့်မိန်းမ၊ နင့်ဟာမ၊ အဲဒီမိန်းမက မေမေ့ကို ဖုန်းဆက်ပြောတာ၊ နားလည်လား_

www.burmeseclassic.com



ဘယ်လောက်ရှက်ဖို့ ကောင်းလဲ၊ ပြောချင်ရင် ငါ့ကို ပြောပါလား၊ သိပ်တော်တဲ့ နိုင်ငံခြားပြန်မ၊ တစ်ချက်ချတ် သုံးချက်ပြတ်အောင် လုပ်ပစ်လိုက်တာ၊ ဟာဟာ ... ငါ့အမေကလည်း နင့်ကို ပိုတင်း၊ ငါနဲ့ ငါ့အမေလည်း ကွိုင်တွေပူ၊ နင်ကတော့ သူ့ကို အထင်တွေကြီး၊ အားကိုးပေါ့ ...

အေးပေါ့လေ၊ သူက ဆရာမကြီးပဲ"

သူသည် ကြားလိုက်ရသော စကားတွေအတွက် မယုံနိုင်ခြင်း များစွာဖြင့် ...

"နင်ပြောတာ တကယ်လား သျှမ်း၊ ဒါ နင့်ကို ဘယ်သူပြောပြတာလဲ၊ နင် ဘာလို့ အစက မပြောခဲ့တာလဲ"

"အခုသိလို့ အခု ပြောတာပေါ့၊ နင် မယုံရင် ငါ့အမေကို မေးကြည့်၊ အို ... နင့်မိန်းမ နင်မေးလည်း ရတာပဲ၊ ငါ့အမေက နင့်ကို အဲဒီစကား ထည့်မပြောတာဟာ၊ နင်တို့ချင်း ပြဿနာတက်ပြီး ငါနဲ့ ပိုပူးပေါင်းသွားမှာ စိုးလို့ပဲ ...

အခုတောင် ငါ နိုင်ငံခြားထွက်တော့မယ် ဆိုမှ မေမေက ငါ့ကို သိအောင်ပြောပြတာ၊ ငါ့ကို ဆုံးမတာ ...

ဟား ... သိပ်မုန်းဖို့ကောင်းတဲ့ မိန်းမကြီး၊ သူ့ယောက်ျား သူ့မနိုင်တိုင်း သူများကိုများ လာပြောရတယ်လို့ ...





အပေါစား ခါတ်လမ်းတွေထဲက အိုက်ဒီယာတွေ လာသုံးနေတာ"

"တော်ပြီ သျှမ်း"

သူက နာကျင်စွာနှင့် တားမြစ်လိုက်လျှင် သျှမ်းက သူ့ကို မျှော်လင့်ချက်ဖြင့်ကြည့်သော မျက်ဝန်းမျိုးဖြင့် ကြည့်လာခဲ့သည်။ သို့သော် သူ့အာရုံထဲတွင် အဲဒီမျက်ဝန်းများကိုလည်း မမြင်တော့။ တခြား ဘာမှလဲ မမြင်တော့။

အဆိပ်တွေနှင့် ပြည့်နေသည့် နှုတ်ခမ်းတစ်စုံကိုသာ မြင်သည်။

တည်ဆောက်ထားတဲ့ ယုံကြည်ချက်တွေကို ခင်ဗျားပဲ ဖြိုဖျက်ခဲ့တာ ဒေါ်ခါတ့။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





တုန်ဟိုက်သော ရင်အစုံဖြင့် အိမ်ပေါ်သို့ ပြေးတက်လာခဲ့သော သူ့ခြေသံကြမ်းကြမ်းကြောင့် ဧည့်ခန်းထဲမှာရှိသော ဒေါ်လေးဖြူက သူ့ကို အံ့သြတကြီးပင် မော့ကြည့်ကာ ကျန်ခဲ့လေသည်။ သို့သော် သူဟာ ဒီအချိန်မှာ ဘာကိုမှ ဂရုမစိုက်နိုင်အားတော့ချေ။

ဒီအချိန်မှာ သူမ ဘယ်နေရာမှာ ရှိလိမ့်မလဲ ဆိုတာကို အတပ်သိနေသော သူ့ရဲ့ မှတ်ဉာဏ်တွေကို နောက်ဆုံးအကြိမ် အဖြစ်မဲ့ ကျေးဇူးတင်လိုက်မိတာ ဖြစ်သည်။ သူမနှင့် ပတ်သက်၍





ရင်တွင်းတစ်နေရာကို တရွေ့ရွေ့ ဝင်ရောက်လာမှုများဟာ ဒီနေ့မှာပဲ အဆုံးသတ်တော့မည်။

"ဒေါ်ခတ္တ"

မြည်ဟည်းသွားသော သူ့အသံကြောင့် သူမက သစ်ခွပန်းအိုးတွေထဲကို ဆေးဖျန်းနေရာမှ ငဲ့တောင် မကြည့်ချေ။ သူ့အသံကသာ Green House ထဲတွင် ဟိန်းထွက်သည်။

"ဘာလို့ အဲဒီလောက် အော်နေရတာလဲ၊ ကိုယ့်နားတွေ ကောင်းပါတယ်"

သူမပုံစံသည် သူ ဘာဖြစ်လာသလဲ ဆိုတာကို သိသိကြီးနှင့် ဂရုမစိုက်သောပုံစံ ဖြစ်သည်။ သူမရဲ့ သစ်ခွတစ်ပွင့်လောက်တောင် သူ့ကို အရေးမလုပ်ချေ။

အဲဒီပုံစံကပင် သူ့ကို ပို၍သွေးဆူစေတာဖြစ်သည်။

"ခင်ဗျား ... ခင်ဗျား ... ရှုးချင်ယောင် ဆောင်မနေနဲ့ ဒေါ်ခတ္တ၊ ခင်ဗျား သိပ်လည်တဲ့ မိန်းမ ...

ကျုပ်အရက်ကို ခွဲတဲ့မိန်းမ၊ ခင်ဗျား"

သူက ကြီးလွန်းလှသော ဒေါသတွေကြောင့် ဘာစကားပြောလို့ ပြောရမှန်းမသိ ဆို့နင့်နေစဉ်မှာပဲ သူမက ဆေးဘူးကိုချလျက် tap မှာ လက်သွားဆေးနေသည်။ လုံးဝတုန်လှုပ်ခြင်း မရှိ။

အေးစက်စက် မျက်နှာထားနှင့် မိန်းမတစ်ယောက်ကို တတ်နိုင်လျှင် သူ ပြေး၍ ပြေး၍ ကိုင်လှုပ်ပစ်လိုက်ချင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စာတု၊ ခင်ဗျား ဘာကို မသိသလို လုပ်နေတာလဲ၊ ခင်ဗျားနဲ့ ကျုပ် စာရင်းရှင်းစရာရှိတယ်၊ နားလည်လား ...

အဲဒါကို ခင်ဗျားရှင်း ... အခုရှင်း"

သူမက လက်သုတ်ရင် သူ့ထံသို့ အေးဆေးဆေး ဆေးပဲ လျှောက်လာနေသည်။

"ကိုယ်က ဘာကို ရှင်းရမှာလဲ"

"ခင်ဗျား သျှမ်းရဲ့အမေကို ဘာတွေပြောလဲ၊ လက်စသတ်တော့ ကျုပ်ကို စိတ်ဆင်းရဲအောင်လုပ်တဲ့ တရားခံက ခင်ဗျားကိုး၊ ဟာ ဟ ... သိပ်ရယ်ရတဲ့မိန်းမ၊ ခင်ဗျားကတော့ ကျုပ်ကို ကွယ်ရာမှာ ကောင်းကောင်းကြီး ဟားနေမှာပေါ့၊ သူငယ်နှပ်စားကောင် ငါနှပ်သမျှ ခံရတယ်ဆိုပြီး ...

ခင်ဗျားကို အထင်ကြီးထားသမျှ အလကားပဲ"

"မင်းကို ကိုယ် အဲဒါမျိုး တစ်ခါမှ မပြောဖူးဘူး"

"နေစမ်းပါဦး၊ ခင်ဗျားက ဘာရည်ရွယ်ချက်နဲ့ သျှမ်းရဲ့အမေကို ပြောရတာလဲ၊ အဲဒါ ကျုပ်ကိုရော သျှမ်းကိုရော ခင်ဗျား သိက္ခာချတာ၊ စော်ကားတာပဲဗျ"

"မင်းကို ကိုယ် အစတည်းက ပြောသားပဲ၊ မင်း ဘာလို့ မဆင်ခြင်လဲ"

"ဟား ... မဆင်ခြင်တိုင်း ခင်ဗျား အဲဒီလို လုပ်စရာလား၊ ခင်ဗျား ဒီလောက် စိတ်ပုပ်တတ်မှန်း ကျုပ် အစက မသိခဲ့ဘူး"





သူမက အဲဒီစကားအတွက် မဲ့ပြုံးတစ်ချက်သာ ပြုံးပါသည်။

"အခု သိရောပေါ့၊ စကားကို အေးအေးဆေးဆေးနဲ့ ကောင်းကောင်းမွန်မွန် ပြောစမ်းပါ ဝိုင်ချိုမြိန်၊ ရန်ဖြစ်ရတဲ့ အလုပ်ကို ကိုယ် အမုန်းဆုံးပဲ ...

မင်းနဲ့ ကိုယ်ဟာ ရန်ဖြစ်ရမယ့်သူမျိုး မဟုတ်ဘူး"

"ဒါဆို ဘာလဲ၊ ကျုပ်က ခင်ဗျား ဘာလုပ်လုပ် ငြိမ်ခံနေရမယ့် ကောင်လား၊ ခင်ဗျား လုပ်ချင်ရာလုပ်၊ ဘာမှ မပြောနဲ့ဆိုတဲ့ ပုံစံလား ...

ခင်ဗျား သိပ်အတ္တကြီးတဲ့ မိန်းမပါ ဒေါ်စာတု၊ တစ်ဖက်သားကို မစာနာတတ်ဘူး ...

ဒီလိုလုပ်လိုက်လို့ သျှမ်းရဲ့အမေက ကျုပ်ကို ထိုးနှက်တာ၊ ကျုပ်နဲ့ သျှမ်း အဆင်မပြေ ဖြစ်ရတာ၊ ခင်ဗျား ကျေနပ်တယ် မဟုတ်လား ...

ခင်ဗျားက တစ်သက်လုံး အဲဒီလိုပဲ နေသွားချင်တာ မဟုတ်လား"

"ကိုယ် အဲဒီလို မနေချင်ပါဘူး"

သူမရဲ့အသံက တိတ်ဆိတ်စွာ သို့မဟုတ် ကြောက်ကပ်အေးစက်စွာ ထွက်ပေါ်လို့ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုနေချင်တာလဲ၊ ကျုပ်နဲ့အဆင်ပြေဖို့ မျှော်လင့်ချင်တာလား၊ ကျုပ်ကို လှည့်စားထားပြီးမှ ခင်ဗျား ပျော်ရွှင်နေချင်တာ မဟုတ်လား"

ဓာတုသည် လက်နှစ်ဖက်ပိုက်လျက် အောက်ခြေသို့ စူးစူးစိုက်စိုက် ကြည့်နေရာမှ သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ပုံသည် သူ့အသည်းကို အေးခနဲ ဖြစ်သွားစေသည်။

သူမရဲ့မျက်ဝန်းတွေက အေးစက်မှုန်မှိုင်းနေကြသည်။

"ကိုယ်တို့ လက်ထပ်ခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီးပြီ ဝိုင်ချိုမြိန်၊ မင်းရော ကိုယ်ရောဟာ အဲဒီတစ်နှစ်အတွင်းမှာ ဘာတွေဆုံးရှုံးပြီး ဘာတွေ ရလိုက်လဲ၊ မင်း ဆန်းစစ်ကြည့်ဖူးလား"

"ခင်ဗျားတော့ မသိဘူး၊ ကျုပ် ဆုံးရှုံးခဲ့ရတာတွေကတော့ အများကြီးပဲ၊ ကျုပ်ရဲ့ချစ်သူ၊ ကျုပ်ရဲ့လွတ်လပ်ခွင့်၊ မာနတရား၊ အဲဒါတွေ … အဲဒါတွေပဲ"

"ကောင်းပြီလေ၊ အဲဒီ့အတွက် မင်းကို ကိုယ် ဘာလုပ်ပေးရမလဲ"

သူက သိပ်သွေးအေးပြနေသော ထိုမိန်းမကို အတော်ကြည့်မရဖြစ်ကာ အမြင်ကတ်သထက် ကတ်၍လာသည်။ မြွေတစ်ကောင်လို သွေးအေးတတ်သော သူမကို သူ ကြောက်လည်းကြောက်သည်။

"အကောင်းဆုံးကတော့ ခင်ဗျား ကွာရှင်းပေးမယ် ဆိုရင်ပေါ့"





တစ်ချိန်လုံး သွေးအေးငြိမ်သက်ကာ အဓေါင်းမှု ရှိနေခဲ့သော မျက်နှာတစ်ခုသည် ဒီတစ်ခါတော့ အံ့သြဖွယ်ကောင်းလောက်အောင်ကို သွေးဆုတ်ဖြူရော်၍ သွားသည်။

သူသည် နောင်ခါလာ နောင်ခါချေး သဘောထားကာ လောလောဆယ်မှာတော့ အဲဒီမျက်နှာကို ဝမ်းသာအားရ ကြည့်ရှုလျက် အနိုင်နဲ့ပိုင်း၍ လှည့်ထွက်လာခဲ့လေသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





ခါတုသည် သူ မနှစ်သက်သော အရာကို လုပ်နေလျက်သားမှ မျက်နှာကြက်ကို ရူးရူးစိုက်စိုက် မော့်ကြည့်နေမိလေသည်။ တစ်ချိန်တည်းမှာပင် "ခင်ဗျား စီးကရက်တွေ မသောက်နဲ့"ဟူသော မသထာရေစာ စေတနာလေး ပါဝင်နေသည့် စကားသံတို့ကို ပြန်ကြားမိလျှင် မချိပြုံး ပြုံးမိသည်။

အခုတလောမှာ ခါတုဟာ စီးကရက်နဲ့ ကော်ဖီကို သိပ်သောက်ဖြစ်လို့နေသည်။ ဒေါ်လေးဖြူက မျက်နှာမသာမယာနှင့် တားလည်း ခါတုဟာ ပြန်မပြော နားမထောင် ဖြစ်သည်။





အိမ်ကြီးတစ်ခုလုံးသည် မကြာမီ ထပေါက်တော့မည့် ဗုံးကြီးတစ်လုံးလို ဘယ်နေရာက ဘာဖြစ်မှန်း မသိဘဲ စိုးထိတ်စရာ ကောင်းလွန်းလှလေသည်။

ခါတုဟာ ဒီလိုအခြေအနေမျိုးကို လုံးဝကြိုက်ချင်သောသူတစ်ယောက် မဟုတ်ချေ။ ဘယ်လောက်ပဲ လက်မခံချင်ပါဘူးဟုပြောပြော တည်ထောင်ခဲ့ပြီးသား အိမ်ထောင်တစ်ခုကို သာယာချမ်းမြေ့စေချင်သည့်စိတ်ပဲ ရှိခဲ့ပါသည်။ ဒါကြောင့်လည်း တတ်နိုင်သလောက် ဖြည့်ဆည်းခဲ့သည်၊ ကြိုးစားခဲ့သည်။

သို့သော် ခါတုအတွက် အရေးကြီးဆုံးတစ်ချက်က တစ်ဖက်သားရဲ့ စိတ်ခံစားမှု ဆိုတာ ဒီနေရာမှာ တော်တော်ကို အရေးပါခဲ့ပြီဖြစ်သည်။ သူဟာ သူ့ကောင်မလေးအတွက် တစ်ခါမှ မဖြစ်စဖူး ဒေါသတွေ ကြီးပြကာ နောက်ဆုံး ကွာရှင်းခွင့်ကို တောင်းခံလာခဲ့ပြီ။

တစ်နေ့ကလည်း ခါတုဟာ မိတ်ဆွေကြီး တစ်ယောက်၏သမီး မင်္ဂလာဆောင်ကို သွားခဲ့ရာ သူနှင့် ကောင်မလေးကို အဲဒီမင်္ဂလာဆောင်မှာ တွေ့ခဲ့ရသေးသည်။ ဒီတော့မှ သတို့သမီးလေးဟာ ဆေးကျောင်းကမှန်း သိရတော့တာ ဖြစ်သည်။ သူကတော့ မလုံတာလား ဘာလား မျက်နှာကို ခပ်ငုံ့ငုံ့ရှိပေမယ့် ဟိုမိန်းကလေးကတော့ ခါတုကို စိန်ခေါ်သလို မျက်လုံးတွေနဲ့ စိုက်ကြည့်နေတာကို ခါတုက အသာပဲ မသိကျိုးကျွန် ပြုနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက မာတုရဲ့ စိတ်တွေဟာ အခုတော့ ဘယ်လိုနေရာမျိုးကို လွင့်ပါးပျောက်ပျက်ကုန်ပြီလဲ ဆိုတာ မာတု စဥ်းစားမရတော့ချေ။ သေချာတာကတော့ မာတုဟာ ကိုယ့်ထံမှာ စိတ်မရှိသည့် ယောက်ျားတစ်ယောက်ကို ဘာနဲ့မှ မချည်နှောင်ထားချင်တော့တာ ဖြစ်သည်။

လောလောဆယ်မှာတော့ မာမိဟာ ဆရာတော်ကြီးနှင့်အတူ နိုင်ငံခြားသာသနာပြုခရီးစဥ်အတွက် လိုက်ပါသွားလေရာ မြန်မာပြည်မှာ မရှိတာ သုံးလခန့်ရှိပြီဖြစ်၍ ဒီပြဿနာတွေကို ဘာမှမသိ။ သိအောင်လည်း မာတုက မပြောချင်တော့။ သူ့ဘဝသူ အေးချမ်းအောင် တည်ဆောက်နေသည့် အချိန်တွင် မာတုက ဒုက္ခမပေးချင်တော့ပြီ။

ဒါကြောင့် ဒီရက်ပိုင်းတွေမှာ မာတုဟာ အဖြေတစ်ခုကို အသည်းအသန် ရှာဖွေနေခဲ့တာ ဖြစ်လေသည်။ တစ်ခါတလေ ညလုံးပေါက်မအိပ်၊ အစားအသောက် မမှန်သော မာတုအတွက် အဖြေတစ်ခုကို သိပ်မကြာခင်ကာလမှာတော့ မာတု ရရှိခဲ့သည်။

သူ့အတွက် မာတုသည် ဘယ်လောက်တောင်မှ နာကြည်းချင်စရာကောင်းသော မိန်းမတစ်ယောက်ဖြစ်ကာ မာတု ဘာကို ဆုံးဖြတ်သင့်သည် ဆိုတာကိုလည်း အသေအချာ သိမြင်ခွင့်ရခဲ့သော အချိန်တစ်ခုပဲ ဖြစ်ပါသည်။

❤ + ❤







သူဟာ တစ်နေ့က ကိစ္စကို ဘယ်သူ့ကို သွားရှင်းပြရမှန်း မသိဘဲ ရင်ထဲမှာတော့ တင်းကျပ်ကာ မလုံမလဲ ဖြစ်လျက်ရှိသည်။ အဲဒီနေ့က သူရယ်၊ ဇင်နိုင်ရယ်၊ သျှမ်းရယ်က သုံးယောက်စု၍ မင်္ဂလာဆောင်သို့ သွားခဲ့ကြတာ ဖြစ်သည်။ အဲဒီမှာပဲ ဇင်နိုင့် ညီဝမ်းကွဲတစ်ယောက် အက်ဆီးဒင့် ဖြစ်သည်ဟု ဖုန်းဝင်လာသဖြင့် ဇင်နိုင်က အရေးပေါ် ထပြန်သွားရလေရာ သူနဲ့ သျှမ်းပဲ ကျန်ရစ်ခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သူမကို သူက မမြင်ပါ။ သူမ ထိုင်သောနေရာက လုပ်ငန်းရှင်တွေဝိုင်းဘက်ဖြစ်၍ သူတို့က သူငယ်ချင်း သတို့သမီး၏ မိတ်ဆွေအုပ်စုဘက် ဖြစ်သည်။ ဒါပေမဲ့ သျှမ်းကမြင်ကာ သူ့ကိုလှမ်းပြသည်။

"ဟိုမှာ နှင့်ဘွားတော် ရောက်နေတယ် ဝိုင်"

သူက လှမ်းကြည့်လိုက်လျှင် ထုံးစံအတိုင်း မပြောင်းလဲသော ခေတ်မီဖက်ရှင်တွေ ဝတ်ထားသော သူမကို တွေ့လိုက်ရသည်။ သူမကလည်း သူတို့ကို မြင်သည်။ ဒါပေမဲ့ ဘယ်လို အမူအရာမှ မပြချေ။

သျှမ်းကသာ မော်ကြွားသော အပြုံးများဖြင့် သူမကို မထီတထီ လှမ်းလှမ်းကြည့်နေတတ်တာ ဖြစ်လေသည်။ သတို့သမီးဖြစ်သူ သီရိကတောင် သူမကို သတိထားမိသွားဟန်ဖြင့် ...

"နှင့်အမျိုးသမီး ရောက်နေတယ် ဝိုင်၊ အဲဒီဘက် ပြောင်းထိုင်မလား"

ဟု သဘောရိုးနှင့် မေးတာ ဖြစ်သော်လည်း သူက မလုံမလဲ ဖြစ်နေသူပီပီ ...

"နေ ... နေ ...၊ ရပါတယ်၊ သူနဲ့ ငါနဲ့က တိစ်နေရာဆီက လာကြတာဆိုတော့ အဆင်ပြေသလို လာလိုက်တာ"

အဲဒီစကားကို သျှမ်းက ခနဲ့တဲ့တဲ့ဖြင့် ပြုံးကြည့်လေသည်။ သူသည် ဘာရယ်ကြောင့် မသိဘဲ အေးစိမ့်နေသော ခန်းမ





ထဲတွင် ချွေးပြန်ချင်လာလေသည်။ အပြစ်ရှိတာက သူမ ဖြစ်သော်လည်း လက်ရှိအခြေအနေမှာတော့ သူက အပြစ်ရှိတဲ့လူလို ခံစားနေရတာက အတော်ဆိုးသော ဖီလင်ပဲ ဖြစ်သည်။

ကွာရှင်းချင်တယ်ဟု ပြောထားပြီး ငယ်ချစ်ဦးတစ်ယောက်နှင့် ရယ်ရယ်မောမော ရှိနေသော သူ့ကို သူမက ဘာသာမဲ့သော မျက်ဝန်းတွေဖြင့်သာ ကြည့်တာကို သူ အခံရခက်ဆုံးပဲ ဖြစ်၏။ သူဟာ အဲဒီအဖြစ်ကို ဘယ်သူ့ကို ပြန်ရှင်းပြရမှန်းလည်း မသိ။ ဇင်နိုင့်ကို ပြောရင်လည်း သူ့ကိုပဲ အပြစ်ပြောဦးမှာ ဖြစ်တာမို့ သူ့မှာ သူခိုးသေလို့ မငိုဝံ့ဟူသော အစားမျိုးထဲက ဖြစ်၍နေလေသည်။

အဲဒီ အတွေးတွေနှင့် စာတောင် ကောင်းကောင်း မကျက်နိုင်အားစဉ်မှာပဲ တစ်အိမ်လုံး ဆူညံသွားသော အသံတွေကို ကြားလိုက်ရတာ ဖြစ်သည်။ သိပ်မကြာမီမှာပဲ သူ့အခန်းဆီသို့ တဒိုင်းဒိုင်း ပြေးလာသော ခြေသံတစ်ခုကို ကြားရပြီးလျှင် အခန်းဝမှာ အိမ်အကူကောင်မလေး သင်းလှိုင်၏ ရုပ်ပုံကပေါ်လာသည်မှာ အမောတကော ...

"ကိုကိုလေး ... ကိုကိုလေး ... ဟို ... မမခါတု မူးလဲလို့"

"ဘာ ... ဘာရယ်၊ ဘာဖြစ်တယ်"

"မသိဘူး ... ကျွန်မတို့ မသိဘူး၊ နှုတ်ခမ်းတွေလည်း ပြာနေတယ်၊ ခေါ်လို့လည်း မရတော့ဘူး၊ လာကြည့်ပါဦး ကိုကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အဲဒီအချိန်မှာ ကျောက်ရုပ်ကြီးလို ဘာကြောင့် ဖြစ်သွားမှန်း မသိချေ။ ကောင်မလေးက သူ့ကို ပြောပြီးလျှင် အောက်ထပ်သို့ အပြေးအလွှား ပြန်ဆင်းသွားသည်။ သူသည် တစ်ခဏတော့ ကြောင်နေပြီးမှ အောက်ထပ်သို့ ဆင်း၍လာခဲ့လေသည်။

ဧည့်ခန်းထဲတွင် သူမအနား၌ လူတွေအုံကာ ပျာယာခတ်နေကြသည်။ ဒေါ်လေးဖြူက စိုးရိမ်တကြီး မျက်နှာဖြင့် ...

"ကောင်လေး ... လုပ်ပါဦး၊ မခေတ္တ ဘာဖြစ်သွားတာလဲ မသိဘူး"

သူမဟာ ဒေါ်ဖြူရဲ့ လက်ထဲမှာ မေ့မြောကာနေသည်။ သတိလုံးဝမရ။ အခြေအနေဟာ ဘာဖြစ်မှန်း မသိရပေမယ့် ဆေးရုံတင်ရမည့် လက္ခဏာတော့ ဖြစ်သည်။

"ဆေးရုံသွားရမယ် ဒေါ်လေးဖြူ"

"ဟင် ... ဟုတ်လား၊ လုပ်ပါဦး၊ ကားအမြန်ထုတ်ပါဟဲ့ ဝင်းမောင်ရေ ကားထုတ်စမ်း၊ ခေတ္တ ... ခေတ္တရေ ... ကလေးမလေး"

ဒေါ်ဖြူသည် တုန်လှုပ်တကြီးဖြင့် တစ်အိမ်လုံးကို လည်း အော်ဟစ်ညွှန်ကြားကာ သူမကိုလည်း ဆို့နင့်နေသော အသံကြီးဖြင့် လှုပ်ကာ လှုပ်ကာ ခေါ်လျက်ရှိသည်။ သို့သော် သူမက တုတ်တုတ်မျှ မလှုပ်ပါ။





သူဟာ အဲဒီမြင်ကွင်းကို အကြောင်သား ရပ်ကြည့်နေလျက်၊ ကောင်မလေးများက သူမကို ပွေ့ချီကာ ကားနောက်ခန်းထဲသို့ တင်သွားပုံကို သူက အကြောင်သား ရပ်ကြည့်နေမိသည်။

"ကောင်လေး မောင်းပို့မှာလား"

"ဟို ... ကျွန်တော် ..."

သူက ဘာမှဆက်မပြောရသေးခင်မှာပဲ ကိုဝင်းမောင်က ...

"ကောင်လေးမှ ကားမမောင်းတတ်ဘဲ၊ လာ ... လာ ... ကျွန်တော်ပဲ မောင်းမယ်၊ ဒေါ်လေးဖြူ ရှေ့ကတက်"

ကိုဝင်းမောင်က ကားမောင်းလျက်၊ ဒေါ်ဖြူက ဘေးကနေ စိုးရိမ်တကြီး လိုက်ပါသွားတာကို သူက မျက်စိတစ်ဆုံးငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။ တစ်အိမ်လုံးမှာ ဘယ်သူမှ မရှိကြတော့။ ခြံတံခါးကြီးကလည်း ဟင်းလင်းပွင့်ကာ ကျန်ရစ်ခဲ့လျှင် သူက သက်ပြင်းကို အသာရှိုက်လျက် ခြံတံခါးကို ဆင်းပိတ်ရသည်။

အဲဒီနောက် တိတ်ဆိတ်နေသော အိမ်ကြီးထဲ တစ်ယောက်တည်း ပြန်လျှောက်လာကာ ခြံထဲက ဒန်းပေါ်မှာပင် ခြေပစ်လက်ပစ် ထိုင်ချမိလေသည်။ သူမ ဘာဖြစ်သွားတာပါလိမ့်။

သူ့ပယောဂရော ကင်းပါရဲ့လား။ ဒီလိုတွေးမိလျှင် သူက ချက်ချင်းထိတ်လန့်လို့ သွားသည်။ သူနှင့် ပြဿနာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောရက်က တစ်လကျော်တောင် ကြာခဲ့ပြီဖြစ်သည်။ သို့သော် အဲဒီနေ့က သွေးဆုတ်သွားသော သူမမျက်နှာကို သူ အခုထိ မမေ့သေးချေ။

ထိုနေ့က မျက်နှာနှင့် ယခု သတိလစ်နေသော မျက်နှာဟာ တစ်ပုံစံတည်းပဲ ဆိုတာကို သတိထားမိသွားလျှင် သူ့ရင်မှာ နည်းနည်းတော့ တုန်လှုပ်သွားရသည်။ ပြီးတော့ ချက်ချင်းပဲ ထူပူ၍ လာသည်မှာ သူ့လုပ်ရပ် မှန်ကန်ပါရဲ့လား ဆိုတာပဲ ဖြစ်သည်။ အခု ဆေးရုံသို့ လိုက်ပါသွားသူတွေဟာ ပြောရလျှင် အလုပ်သမား သူစိမ်းတွေချည်းပဲ ဖြစ်သည်။

သူမရဲ့ တရားဝင်ခင်ပွန်းက အိမ်မှာကျန်နေရစ်ခဲ့သည်ကို အန်တီသူဇာသာ သိခဲ့လျှင် သူ့ကို ဘာပြောမလဲ။ တစ လွန်က မေမေကလည်း စောင့်ကြည့်နေခဲ့သည်ဆိုလျှင် ဘာပြောမလဲ။

ထိုအတွေးတွေကို တွေးမိလျှင် သူ့ရင်ထဲ၌ ကတုန်ကယင်ကြီး ဖြစ်လို့လာခဲ့လေသည်။

❤ + ❤







ထိုနေ့က တစ်ညလုံး ဘယ်သူမှ ပြန်ရောက်မလာခဲ့ကြဘဲ သူလည်းပဲ ညှော်နန်းထဲမှာပဲ ငုတ်တုတ်မိုးလင်းခဲ့ရသည်။ သူဟာ ဖုန်းများလာမလား ဆိုပြီး စောင့်သော်လည်း ဘယ်သူကမှ ဖုန်းမဆက်ခဲ့ချေ။ သွားကာနီး ဒေါ်လေးဖြူ ကြည့်သွားသာ အကြည့်တစ်ခုက သူ့ကို တစ်ညလုံး အိပ်မပျော်စေခဲ့ခြင်းပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မှာတော့ ကိုဝင်းမောင်နှင့် ကောင်မလေး နှစ်ယောက်က ပြန်ရောက်လာသည်။ အဲဒီမှာပဲ သူက သူမ ဘယ် ဆေးရုံမှာ ဆိုတာကို မေးရသည်။

ဆေးရုံရောက်မှ ဒေါ်လေးဖြူ ထံက ထိတ်လန့်စရာ ကောင်းသော သတင်းတစ်ခုကို ကြားသိခဲ့ရပါသည်။

"မဓာတုက မွေးရာပါ နှလုံးအားနည်းတဲ့ရောဂါ ရှိတာတဲ့၊ ဒါကို သူလည်း သိပုံမပေါ်ဘူး၊ နောက်ပိုင်း ဒီလိုဖြစ်သွား ရတာတော့ စီးကရက်သောက်တဲ့ဒဏ်ရယ်၊ ကော်ဖီတွေ အလွန်အကျွံသောက်တဲ့ ဟာတွေရယ်ကြောင့်ပဲ ...

နောက်တစ်ခုက စိတ်ပေါ့၊ ခက်တာက မဓာတုက သိပ်ခေါင်းမာတယ်၊ စီးကရက်ကို သူ ဖြတ်မှရတော့မယ် နို့မို့ဆို သူ့အတွက် ဘယ်လိုမှ မကောင်းနိုင်ဘူး၊ ဒီအတိုင်း ဆို သူ့ကျန်းမာရေးက စိုးရိမ်ရတယ် ...

မမသူဇာကလည်း ဒါတွေကို ဘာမှမသိဘဲ စိတ်ချ လက်ချ ထားပစ်ခဲ့တော့တာပဲ။ ဒီမှာ ဘာတွေဖြစ်နေတယ် ဆိုတာ သူ မသိဘူး၊ သူကတော့ အေးချမ်းလို့၊ သူ့သမီး က မအေးချမ်းဘူး ဆိုတာ သူ မသိရှာပါလား"

ဒေါ်လေးဖြူက အဲဒီလိုကြီး ပြောလိုက်လျှင် သူက မျက်နှာမထားတတ်အောင် ဖြစ်သွားရလေသည်။ ဒေါ်လေးဖြူက သူ့ကို တစ်ချက် အကဲခတ်လျက် ...

"မင်း ကျောင်းသွားစရာရှိတယ် မဟုတ်လား"





"ကျွန်တော် သူ သတိရလာတဲ့အထိ စောင့်ချင်လို့ပါ"

"မဓာတုကို စိတ်ထိခိုက်စေမယ့် စကားတွေတော့ မင်း စေချင်ပါဘူးကွယ်၊ အခုချိန်မှာ သူက နှလုံးရောဂါရှင်ပါ ...

မနေ့က ဖြစ်တာလည်း ဟတ်အတက် ရတာလို့ ပြောတယ်၊ အဲဒါဟာ မကောင်းဘူးတဲ့၊ ဒေါ်လေးထက် မင်းက ပိုနားလည်မှာပါ၊ ဒေါ်လေးကတော့ သူ စိတ်မချမ်း သာတာတွေ မဖြစ်စေချင်ဘူး"

သူက သက်ပြင်းတစ်ချက်ကို အသာချကာ အိပ် ပျော်နေတာနှင့် ဘာမှမခြားသော သူမရဲ့မျက်နှာကို ငေးကာကြည့် နေမိသည်။ အင်မတန် ထက်မြက်ကာ သွေးအေးလွန်းသော မိန်းမတစ်ယောက်ထံမှာ ဒီလိုရောဂါမျိုး ရှိနေတာ သူမ သိလျှင် ဘယ်လောက်များ ရယ်ချင်နေမလဲ။

ဆောရီးပါ ဒေါ်ဓာတု။ ခင်ဗျားကို ကျွန်တော် တောင်းပန်ချင်ပါတယ်။

သိပ်မကြာခင်မှာပဲ သူမက သတိရလာခဲ့ပါသည်။ သူဟာ ဘာကြောင့် စိတ်သက်သာရာ ရသွားလဲ ဆိုတာတော့ တွေးအားသေးချေ။

"ဒေါ်ဓာတု ... သတိရပြီလားဟင်၊ သက်သာလား"

သူ့အမေးကို သူမက မျက်လွှာတစ်ချက် ချပြလျက် သာ တုံ့ပြန်သည်။ ခြောက်သွေ့သော နှုတ်ခမ်းများက ပွင့်လာ သော်လည်း သူ့ကို ပြောခြင်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးဖြူ၊ ကျွန်မ ရေဆာတယ်"

နှစ်ဖ "အို ... ဟုတ်သားပဲ၊ တိုက်မယ် တိုက်မယ်၊ ဒေါ်လေး က မဓာတု သတိရလာလို့ ဝမ်းသာသွားတာ၊ ခဏလေး နော်"

ဒေါ်လေးဖြူက ဝမ်းသာအားရနှင့်ပင် သူမကို ဇွန်း သေးသေးလေးနှင့် ရေတိုက်နေတာကို သူက အသာရပ်ကြည့်နေ ရသည်။ ခဏကြာလျှင် ဆရာဝန်တွေနှင့် နာ့စ်တွေ ရောက်လာ ကာ သူမကို စစ်ဆေးကုသသည်။ ထို့နောက် လူတွေရှင်းသွား လျှင် သူမက သူ့ကို လှမ်းကြည့်ကာ ...

"မင်း ကျောင်းသွားစရာရှိရင် သွားပါ"

"ဟုတ်တယ် ကောင်လေး၊ ဒီမှာ ဒေါ်လေးလည်း ရှိပါ တယ်၊ စာတွေ နောက်ကျနေပါ့မယ်၊ သွားလိုက်ပါ"

ဒေါ်လေးဖြူက သူ့ကို မရှိစေချင်တာလား၊ တကယ် သဘောရိုးနှင့် ပြောတာလားတော့ မသိချေ။ သူမကတော့ ဘာမှ ထပ်မပြောတော့ဘဲ မျက်လုံးကိုသာ အသာမှိတ်၍ မှေးနေတော့ လျှင် သူက အခန်းထဲမှ တိတ်တဆိတ်ပဲ အသာထွက်လာခဲ့တော့ သည်။

ထိုနေ့က သူဟာ ကျောင်းရောက်တော့လည်း စာထဲ မှာ စိတ်မပါ စိတ်မဝင်စား၊ သျှမ်းကလည်း သူ့ကို စကားပြော တာ အဆင်မပြေသဖြင့် စိတ်ကောက်သွားသေးသည်။ သူ့ကိုဆို လျှင် အမြဲဗိုလ်ကျလျက် တစ်ခုခုဆိုလျှင် စိတ်ကောက်တတ်သော





သျှမ်းနှင့် သူ ပြောသမျှ အပြုံးတစ်ချက်မပျက်သော သူမကို နှိုင်း ယှဉ်ကြည့်မိလျှင် သူ တော်တော်စိတ်ဆင်းရဲသွားခဲ့ရပါသည်။

ဒီလိုကိစ္စမျိုးတွေက ဖြစ်သင့်လား ဒေါ်ဓာတုရယ်။

"ဟော့ကောင် ... မင်း ဘာဖြစ်နေတာလဲ၊ ပုံစံက ရွဲနေလိုက် တာ၊ သျှမ်းကလည်း ကွေးသွားပြန်ပြီ"

သူဟာ ဒီတစ်ခါတော့ မြိုထားမနေတော့ဘဲ ဇင်နိုင် ကို ဖွင့်အန်မိသည်။ ဒီအချိန်မှာ တစ်ယောက်ယောက်နှင့် သူမ အကြောင်းကို အရမ်းပြောချင်နေခဲ့ပါသည်။

"ဒေါ်ဓာတု ဆေးရုံ တင်ထားရတယ်"

ဇင်နိုင်သည် ပါးစပ်အဟောင်းသားပွင့်သွားရင်း ခဏ ကြာမှ ...

"ဘာ ... ဘာဖြစ်တာလဲ ... အက်စီးဒင့်တစ်ခုခုများ ..."

သူမကို ဘယ်သူကမှ နှလုံးရောဂါ ဖြစ်နေမယ့်သူဟု ထင်ကြမှာလဲ။ ဒီလို မာရေကျောရော မိန်းမတစ်ယောက်ဟာ နှလုံးထိခိုက်ခံစားနေရသူတဲ့။ သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ကာ ...

"သူ့မှာ နဂိုတည်းက နှလုံးအားနည်းတဲ့ ရောဂါရှိတယ်။ ဒါကို သူလည်း မသိဘူး။ ဒါပေမဲ့ သူက ဆေးလိပ်အရမ်း သောက်တယ်။ ကော်ဖီပြင်းပြင်းတွေ အရမ်းသောက်တယ်—

အဲဒါတွေဟာ သူ့ရောဂါကို ပြင်းထန်စေတဲ့ အကြောင်းတွေပဲ၊ ... နေ့ည ဆယ့်တစ်နာရီလောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



ဟက်အတက်ရတာ၊ အခု (......) ဆေးရုံမှာ တင်ထားရတယ်"

"အန်တီ တက်သွားခဲ့တဲ့ ဆေးရုံပေါ့"

ဖင်နိုင်က အဲဒီလို ဖြည့်စွက်လျှင် သူ့ရင်မှာ ကျဉ်ခနဲ ဖြစ်သွားရလေသည်။ ဘယ်လောက်များ တိုက်ဆိုင်သလဲဆိုလျှင် ယခု သူမ တက်နေသော အခန်းဟာ တစ်ချိန်က မေမေ တက်သွားခဲ့သော အခန်းပဲဖြစ်သည်။

"မင်းနဲ့ရော အဆင်ပြေရဲ့လား"

ဖင်နိုင်က သူ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်လျက် မေးလာလျှင် သူ့မှာ အဖြေစကား မရှိချေ။ ဖင်နိုင်က ဘာမဆိုင် ညာမဆိုင် သက်ပြင်းလေးလေးကြီးတစ်ခု ချလျက် ...

"မင်း ရင်ထဲမှာ ဘယ်လို မှန်းထားသလဲတော့ မသိဘူးပေါ့ကွာ။ ခုမှလောလောဆယ်မှာတော့ ဒေါ်ဓာတုကို မင်းရဲ့ ဇနီးအဖြစ် သဘောမထားနိုင်ရင်တောင်မှ မိတ်ဆွေတစ်ယောက်အဖြစ်တော့ မားမားမတ်မတ် ရှိနေပေးသင့်ပါတယ် ...

ဒီအချိန်မှာ သူနဲ့ မင်းဟာ ဘဝတူတွေပါ။ သူ့အမေလည်း ရှိတာမဟုတ်ဘူး။ နောက်ဆုံး မင်းတို့နှစ်ယောက်ကြားမှာ ဘယ်လိုသဘောထားတွေပဲရှိရှိ တစ်ချိန်က မင်းအမေပေါ် ရှိခဲ့တဲ့ ကျေးဇူးတွေကိုပဲ ထောက်ထားလိုက်ပါဦး ...





ပြီးတော့ သူဟာ မင်းအပေါ် ပက်ပက်စက်စက် ဆိုးခဲ့တဲ့သူတစ်ယောက်လည်း မဟုတ်ပါဘူး။ ငါ ထင်တာတော့ ဒီကိစ္စမှာ စီးကရက်သောက်တာအပြင် စိတ်လည်း ပါမယ်ထင်တယ်၊ တစ်သက်လုံး ဒီအတိုင်းနေနိုင်လာပြီး အခုမှ ရောဂါရှိမှန်းသိရတာ အကောင်းဘက်က တွေးရင်တော့လည်း မင်းကို ကျေးဇူးတင်စရာပါပဲလေ"

ဖင်နိုင်ရဲ့ အဆုံးသတ်စကားကြောင့် သူဟာ ဘာပြန်ပြောရမှန်း မသိစွာနှင့် ရင်ထဲမှာ နင်တင်တင်ကြီးပဲ ဖြစ်လို့သွားခဲ့လေသည်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

သူမဟာ ဆေးရုံမှာ ဆယ်ရက်တိတိ ဆေးကုသမှု ခံယူပြီးနောက် ဆယ့်တစ်ရက်မြောက်နေ့မှာ အိမ်သို့ ပြန်ရောက်လာခဲ့ပါသည်။ ထိုဆေးရုံတက်သော ဆယ်ရက်များမှာ သူဟာ ဆေးရုံကို ဆယ်ရက်လုံး မရောက်ဖြစ်ခဲ့ပါ။ စုစုပေါင်းမှ သုံးခါတည်းသာ ရောက်ဖြစ်ခဲ့သည်မှာလည်း သူမရဲ့ အေးစက်နိုင်လွန်းသော ဆက်ဆံရေးကြောင့်သာဖြစ်သည်။





ဒါဟာ သူနှင့်မှ မဟုတ်ဘဲ တခြားဘယ်သူ့ကိုမဆို ဧည့်တွေ့တောင်မခံဘူးဟု သိရသည့်အတွက်လည်း၊ သူဟာ စိတ်အနှောင့်အယှက် မပေးချင်တော့၍ တမင်မသွားခဲ့တာဖြစ်သည်။ ဒါပေမဲ့ သူမ ဆေးရုံက ဆင်းသောနေ့မှာတော့ သူက အိမ်သားများနှင့်အတူ သူမကို ကြိုနေခဲ့ပါသည်။

ဒေါ်လေးဖြူကဆိုလျှင် သူမ စိတ်ကြည်လန်းဆန်းစေရန်အတွက် တစ်အိမ်လုံးကို နှင်းဆီဝါဝါတွေ ဝေနေအောင် ဖန်တီးထားကာ ရနံ့ကုထုံးသဘောမျိုးဖြင့် အမွှေးဆီတွေတောင် ထွန်းထားပေးသေးသည်အထိ သည်းသည်းလှုပ် ဂရုစိုက်ရှာသည်။

ချည်သားအင်္ကျီ လက်ရှည်ပွပွနှင့် ချည်သားဘောင်းဘီ ရှည်ရှည်ပွပွတို့ကို လွတ်လပ်သက်သာသလို ဝတ်ဆင်ထားသော သူမသည် အနည်းငယ်ပိန်သွား၍ ခပ်နွမ်းနွမ်းဖြစ်နေသည်မှလွဲလို့ လန်းလန်းဆန်းဆန်းတော့ ရှိရှာသည်။ ကြိုနေသူ အားလုံးကို ပြုံးပြနှုတ်ဆက်ရင်း ...

"အားလုံးဝဲ ကျွန်မ နေကောင်းသွားပါပြီ။ တော်တော်လည်း အလုပ်ရှုပ်သွားကြပြီ"

ဟု နှုတ်ဆက်လေသည်။ ပျော်တတ်သော ကိုဝင်းမောင်က ...

"မတော့ ခံတွင်းမချဉ်ဘူးလား"

သူမက ဘာကို ဆိုလိုမှန်း သိစွာနှင့် လှစ်ခနဲပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ချဉ်တော့ အချဉ်သားရှင့်၊ ဒါပေမဲ့လည်း ကိုယ့်အသက်ထက် ဘယ်အရာမှ အရေးမကြီးပါဘူးလေ၊ ကျွန်မ စီးကရက် ပြတ်သွားပါပြီ"

"ဝမ်းသာပါတယ်ဗျာ၊ မဓာတု ကျန်းမာရေးကို ဂရုစိုက်ပါ"

"ကျွန်မလည်း မသေချင်သေးပါဘူးရှင်၊ ကျွန်မဘဝကို ရှေ့ဆက် အဓိပ္ပာယ်ရှိရှိ ဖြတ်ကျော်ဖို့ပဲ စဉ်းစားထားပါတော့တယ် ...

ကျွန်မဘဝကိုလည်း အေးအေးချမ်းချမ်းပဲ ရှိချင်နေပါပြီ"

ဒီစကားဟာ ဘာအဓိပ္ပာယ်နဲ့ ပြောသည်ဆိုတာ သူမကလွဲ၍ ဘယ်သူမှ မသိချေ။ သေချာတာတော့ အဲဒီစကားထဲတွင် သူ မပါဝင်ဘူး ဆိုတာပဲ ဖြစ်သည်။

သူက သူမထံ ဖျတ်ခနဲ ကြည့်လိုက်လျှင် သူ့ထံသို့ ရောက်လာသော သူမရဲ့ အကြည့်တစ်ခုနှင့် ဆုံစည်းသွားခဲ့သည်။ သူမ ကြည့်သော အကြည့်တွေရဲ့ အဓိပ္ပာယ်ကို အဲဒီညမှာပဲ သူ သိခွင့်ရခဲ့ပါသည်။

❤ + ❤







သူမက သူ့ကို စကားပြောဖို့ ဖိတ်ခေါ်သော နေရာမှာ သူမရဲ့ အိပ်ခန်းဖြစ်ပါသည်။ သူက အခန်းတံခါးဝမှာ ရပ်လျက် အခန်းထဲဝင်ဖို့ သတ္တိမွေးနေစဉ်မှာပဲ အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာကာ ...

"ဝင်ပါ ဝိုင်ချိုမြိန်၊ ကိုယ့်ရဲ့ အိပ်ခန်း ဆိုပေမယ့်လည်း ကိုယ့်ရဲ့ အိမ်လေးအဖြစ် ဖန်တီးထားတာပါ ...

ပြီးတော့ ဒီအိမ်မှာ မင်း တစ်ခါမှ မရောက်ဖူးတဲ့ နေရာဖြစ်လို့ အလည်ခေါ်တဲ့ သဘောပါ၊ လွတ်လွတ်လပ်လပ်ပဲ နေပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ သူဟာ ပြဿနာဖြစ် ပေါက်ကွဲပြီးကတည်းက တစ်လကျော်လောက် စကားပင် မပြောဖြစ်ခဲ့ကြပါ။ အခုပြောမယ့်ပြောတော့လည်း သူမက ဘာမှဖြစ်မထားတဲ့ စတိုင်လ်မျိုးပဲဖြစ်သည်။

ပို၍ သွယ်လျ မြင့်မားသွားသော သူမသည် အဖြူရောင် ကုတ်အင်္ကျီတစ်ထည်နှင့် ထုံးစံအတိုင်း ဂျင်းပန်တစ်ထည်ကို ပဲဝတ်ဆင်ထားကာ အိပ်ခန်းဟာလည်း တခြားတိုက်ခန်းတစ်ခုကို ရောက်သွားသလိုမျိုး ခံစားရတာမို့ သူ ပေါ့ပါးစွာပဲ ဝင်လိုက်သည်။

"ထိုင်ပါ ဝိုင်ချိုမြိန်"

သူက ဆိုဖာတစ်ခုပေါ်မှာ ထိုင်လိုက်လျှင် သူမက ရီမုတ်ဖြင့် ခန်းဆီးကို ဆွဲရွှေ့လိုက်သည်။ အဲဒီအခါမှာ ခန်းဆီးကြီးက ဘေးကပ်သွားလျက် ကြီးမားကျယ်ပြန့်သော မှန်ချပ်ကြီးကာရံထားသော သစ်ခွဥယျာဉ်ကို အထင်းသား တွေ့ရသည်မှာ ချက်ချင်းကို တောအုပ်ထဲ ရောက်သွားသလိုပင်။

ပြီးလျှင် သူမက လင်းထိန်နေသော မီးတွေကိုမှိတ်လျက် တခြားခလုတ်တွေကို ကစားလိုက်လျှင် တစ်ခန်းလုံးဟာ ပြာလဲ့လဲ့ အရိပ်တွေ လွှမ်းသွားသည်။ အပြာရောင်အရိပ်တွေဟာ လှိုင်းတွေလို ပြေးနေလျက်၊ သူ့နောက်မှ ရေတံခွန်အတုလေးထဲမှ လား၊ ကက်ဆက်ဖွင့်ထားတာလား ဘာမှန်း မခွဲခြားတတ်သော စမ်းရေစီးသံ၊ ကျေးငှက်လေးတွေ အော်သံတွေကို ကြားရလျှင် သူ့စိတ်ဟာ တစ်မုဟုတ်ချင်း အေးငြိမ်းလို့ သွားလေသည်။





ဒီမိန်းမဟာ စိတ်ကူးကို ငွေကြေးကြီးကြီးပေးပြီး ဝယ်ယူထားသူပေပဲ။ ဒါကြောင့် သူမဟာ ဒီအခန်းထဲက ဘယ်မှ မထွက်တာနေမှာ။

"ပင်လယ်ရေအောက်ထဲ ရောက်နေသလိုပဲနော်"

သူ့ပါးစပ်က မနေနိုင် မထိုင်နိုင် ထွက်သွားလျှင် သူမက လှဲစီခနဲပြုံးကာ သူ့ရှေ့က ဆိုဖာမှာ ဝင်ထိုင်သည်။

"ဒီအခန်းရဲ့ ဒက်ကရေးရှင်းက စိတ်ရဲ့ ခံစားမှုကို မြှင့်ပေးတဲ့သဘော ရှိတယ်၊ ပျော်တဲ့သူကို ပိုပျော်စေတယ် ...

ဝမ်းနည်းတဲ့သူကို ပိုဝမ်းနည်းစေတယ်လေ"

"ခင်ဗျားက စိတ်ကို သိပ်အလုပ်ပေးလို့ မရတော့ဘူး"

"မှန်တာပေါ့၊ ရယ်တော့ ရယ်ရတယ်နော်၊ ကိုယ်လို မိန်းမတစ်ယောက်က နှလုံးရောဂါ လာဖြစ်နေတာ ...

အင်း ... ထားပါတော့၊ ကိုယ် မင်းကို ခေါ်ရတာ မင်းအတွက် ဝမ်းသာစရာစကား ပြောမလို့ပါ ဝိုင်ချိုမြိန်"

သူက ဟိုဒီငေးငေးကြည့်နေရာမှ သူမ မျက်နှာထံ ကြည့်မိလျှင် ရေလှိုင်းတွေ ဖြတ်ပြေးနေသော သူမရဲ့ အပြာရောင် မျက်နှာသည် လေးနက်တည်ငြိမ်နေ၏။

"ကိုယ်က မင်းရဲ့ စကားတိုင်းကို အလေးအနက် ထားပါတယ် ဝိုင်ချိုမြိန်၊ မင်းကိုမှ မဟုတ်ပါဘူးလေ၊ ကိုယ့်သူ တိုင်းကို အလေးအနက် ထားပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ တောင်းဆိုချက်ကို ကိုယ် ချက်ချင်း အဖြေမပေးခဲ့တာဟာ စဉ်းစားဆုံးဖြတ်နေခဲ့ရလို့ပါ။ ကိုယ်စီကိုယ်စီ အချစ်ဦးတွေကို ဆုံးရှုံးအနစ်နာခံခဲ့ကြပြီးမှ ထပ်ပြီး ဆုံးရှုံးတာမျိုး ဖြစ်သင့်ပါ့မလားလို့ စဉ်းစားနေမိခဲ့တာပါ ...

ဒါပေမဲ့ မင်းနဲ့ ကိုယ်ဟာ မင်းတွေးထားသလိုပဲ ဘယ်လိုမှ ရှေ့ဆက်လို့ မဖြစ်နိုင်ကြတော့ဘူး ဆိုတာ သေချာသွားခဲ့ပြီ”

ဒီစကားကို ကြားရလျှင် သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းလို့ သွားလေသည်။ သူမကို အထိတ်တလန့် မော့ကြည့်လိုက်လျှင် သူမ အကြည့်တွေက စူးရှပြတ်သားလို့ နေသည်။

“ခင်ဗျား နေကောင်းရဲ့လား”

သူမက သူ့စကားကို ဟက်ခနဲ တစ်ချက်ရယ်ကာ_

“စိတ်ချပါ၊ ကိုယ် မသေနိုင်ပါဘူး၊ ဘဝမှာ ဆက်ပြီး ပျော်ရွှင်စွာ နေသွားဖို့အတွက် ကိုယ် အသက်ရှင်ချင်ပါသေးတယ် ...

မင်း ဆုံးဖြတ်တာ မှန်ပါတယ် ဝိုင်ချိုမြိန်၊ လောကမှာ တစ်ယောက်နဲ့ တစ်ယောက် ချစ်မြတ်နိုးခြင်းလည်း မရှိကြတဲ့အပြင် တစ်ယောက်နဲ့ တစ်ယောက် လိုလည်း မလိုအပ်တဲ့ လူနှစ်ယောက်ရဲ့ ပေါင်းစည်းမှုဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိကြပါဘူး ...





ဒီထက် ပိုတာကတော့ ကိုယ့်အပေါ်မှာ ကိုယ်ထင်ထားတာထက်တောင် ကိုယ့်ကို နာကြည်းမုန်းတီးနေတဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ် လက်မတွဲချင်တော့ပါဘူးလေ ...

မင်းကို ကိုယ် ကွာရှင်းပေးတော့မှာပါ”

သူမရဲ့ နောက်ဆုံးပိတ် စကားဟာ သူ့ရင်ကို ထိချက်ပြင်းထန်သွားပါသည်။ ချက်ချင်းပင် အခန်းထဲ၌ စမ်းရေစီးသံမှအပ တိတ်ဆိတ်မှုက ကြီးစိုးသွားသည်။ နောက်တော့မှ သူဟာ တိုးတိတ်စွာဖြင့် ...

“ခင်ဗျားကို ကျွန်တော် နာကြည်းမုန်းတီးမနေပါဘူး”

သူမရဲ့ မျက်နှာပေါ်တွင် ကြောက်စရာ အကောင်းဆုံး အပြုံးတစ်ခုက ထင်ဟပ်သွားခဲ့သည်မှာ သူတောင် လန့်ဖျပ်သွားခဲ့ရပါသည်။

“မင်း ကားမောင်းတတ်တာ ကိုယ်သိပါတယ် ဝိုင်ချိုမြိန်၊ ဒါနဲ့များတောင် ကိုယ်သေမလို ဖြစ်နေတဲ့ အချိန်မှာ ဆေးရုံလိုက်ပို့ဖို့အတွက် တွန့်ဆုတ်နေတဲ့ မင်းရဲ့အမုန်းတွေကို ကိုယ် တကယ်ပဲ အံ့သြမိခဲ့ပါတယ် ...

ကိုယ့်အဖြစ်ကိုယ် တရားလည်း ရပါတယ်၊ နှစ်ယောက်စလုံး အလိုမတူကြဘဲ လက်ထပ်ရတာခြင်း အတူတူ တစ်ယောက်က သိပ်ကို လာမုန်းနေတယ် ဆိုတဲ့ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကိုယ့်အတွက် ဝဋ်ကြွေးတစ်ခုလို့ပဲ သတ်မှတ်ရတော့မှာပါ”

“ဟာ … မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး”

မဟုတ်ပါဘူး ဒေါ်ခာတုရယ်၊ အဲဒီညက ကျွန်တော် shock ရနေခဲ့တာပါ၊ ပြီးတော့ ဒရိုင်ဘာလည်း ရှိနေတာမို့ ဒီလောက် လှုပ်လှုပ်ရှားရှား မရှိခဲ့တာပါ။

အဲဒီအခြေအနေမှာ ကျွန်တော့်စိတ်တွေ ယောက်ယက်ခတ်နေတာကလွဲလို့ ခင်ဗျားကို ကျွန်တော် မနာကြည်းဘူး၊ မုန်းမနေခဲ့ပါဘူး။

သူက အဲဒီစကားတွေကို ရင်ထဲမှာ ဟစ်ကြွေးနေသော်လည်း ပါးစပ်ကတော့ ထွက်မလာခဲ့ချေ။

“မင်းကို ကိုယ် စိတ်မဆိုးပါဘူး ဝိုင်ချိုမြိန်၊ ခွင့်လွှတ်ပါတယ်၊ မင်း ကိုယ့်ကို အဲဒီလောက် ခါးသီးမုန်း သိရတော့လည်း ကိုယ့်အတွက် တစ်မျိုး ကျေနပ်စရာ ကောင်းပါတယ်။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချနိုင်ပြီပေါ့ …

ကိုယ်လည်း အနှစ်သာရ မရှိတဲ့ အိမ်ထောင်ရေးကို အဆုံးသတ်ချင်ပါပြီ။ ဒီတော့ လာမယ့် ဆန်းဒေးမှာ ကိုယ်တို့ ကွာရှင်းဖို့ စီစဉ်ထားပါတယ် …

မင်းဘက်က ထပ်ပြီး တောင်းဆိုချင်တာ၊ ပြောချင်တာများ ရှိခဲ့ရင် အခု ဒီမှာပဲ တစ်ခါတည်း ပြောခဲ့ပါ”





အပြာရောင်လှိုင်းတွေကပဲ ပိုများလာသလား၊ မွေးနံ့တွေကပဲ ပိုထုံလာလို့လားတော့ မသိချေ။ သူသည် ရေမွှန်းနေသူလို အသက်ရှူမဝ ဖြစ်လာသည်။ ပြီးတော့ သူ့မှာ ဘာစကားမှ ပြောစရာမရှိ။ စားပွဲပေါ်မှာ တင်ထားသော ဖိုတိုစတန်းဒ်ထဲမှ သူမနှင့် ဖက်ရိုက်ထားသော အန်တီသူဇာသည် သူ့ကို နားလည်ခွင့်လွှတ်သလို ပြုံးကြည့်နေသည်။

“အန်တီသူဇာ …”

သူ့ပါးစပ်က ယောင်ယမ်း ထွက်သွားလျှင် သူမက ခေါင်းတစ်ချက်ညိတ်ကာ …

“ကိုယ် မေမေ့ကိုလည်း လှမ်းပြောပြထားပြီးပါပြီ၊ မေမေ သန်ဘက်ခါ ပြန်ရောက်မယ်၊ မေမေလည်း နားလည်သွားရှာပါပြီ …

မင်းကိုလည်း ခွင့်လွှတ်ပါတယ်တဲ့”

သူ့မှာ ဆက်ပြောစရာစကား မရှိတော့ချေ။ သူဟာ ငိုမူးနေသူ တစ်ယောက်လို မွန်းကျပ်မှုဒဏ်ကို မခံနိုင်တော့သည့် အဆုံးမှာ ထိုင်ရာမှ ထရပ်လိုက်သည်။

သူ့နားထဲတွင် အိပ်မက်လိုလို တကယ်လိုလိုနှင့် ပြောခဲ့သော စကားများက လှည့်ပတ်နေကြသည်။ သူတောင်းသော ကွာရှင်းခွင့်ကို သူမက တကယ်ပဲ တလေးတနက် ကြီးစားကာ လက်ခံခဲ့ပြီတဲ့။

ဒါပေမဲ့ သူ ဘာဖြစ်လို့ မပျော်ရွှင်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မပျော်ရွှင်တဲ့အပြင် လေးလံတင်းကျပ်မှုကြီးက ဘာ
ကြောင့်များ ထပ်ဖိစီးရတာလဲ ဆိုတာ သူ အဖြေမထုတ်တ
တော့ချေ။

သေချာတာတော့ မကြာမီ ရောက်လာတော့မ
တနင်္ဂနွေနေ့တွင် သူနှင့် သူမ တကယ်ပဲ ကွာရှင်းပြတ်စဲကြေ
မည်။

"ကိုယ်တို့ သားအမိက မင်းအပေါ်မှာ ဒုက္ခပေးခဲ့ကြတ
လို့ထင်ရင်၊ အထူးသဖြင့် ကိုယ်ဟာ မင်းအတွက် သော
ဝန်ထုပ်ကြီး ဖြစ်ခဲ့တယ်ဆိုရင် အထူးတောင်းပန်လိုက်
တယ် ဝိုင်ချိုမြိန် ...

ရှေ့ဆက်ပြီး မင်း သာယာချမ်းမြေ့ပါစေလား"

သူမ အသံက အခန်းတံခါးပိတ်ရင်းမှ သူ့နော
သို့ ကပ်ပါလာခဲ့လျှင် သူသည် ဘာ့အတွက် ငိုကြွေးချင်နေခဲ့
မသိပေ။

ဟင့်အင်း ဒေါ်ဓာတု၊ ခင်ဗျား အဲဒီလောက် သဘေ
မကောင်းနဲ့။

❤ + ❤







သူ့လုပ်ရပ်တွေကို သူ ထင်နေသလို အန်တီသူဇာ
က ဘာတစ်ခုမှ အပြစ်တင် ဝေဖန်တာမျိုး မပြုလုပ်ခဲ့ပါ။ အိမ်
ကိုတောင် ညှို့သည်အဖြစ်မျိုးနဲ့ လာတာဖြစ်လျက် တရားတွေ
အတော်ကြီးရကာ အေးချမ်းလွန်းသော အမူအရာနှင့် ဖြစ်သည်။

"ဓာတု ပြောပြလို့ သားတို့ကိစ္စ အားလုံးကို အန်တီ သိ
ပြီးပါပြီ၊ ဒီအတွက် ဘယ်သူမှားတယ် မှန်တယ် မပြော
ချင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီ ပြောနိုင်တာ တစ်ခုကတော့ အန်တီဟာ မင်းကို ကျေးဇူးသိမ်းတဲ့ သဘောမျိုးနဲ့ ခါတုန်ပေးစား ခဲ့တာ မဟုတ်ပါဘူးကွယ် ...

တကယ်ကို သားအရင်းလို ချစ်လို့၊ သမီးအတွက် လည်း စိတ်ချချင်လို့ ပေးစားခဲ့တာပါ ...

ဒါပေမဲ့ ဒါဟာ သားအတွက် ကြီးစွာသော ဒဏ် တစ်ခု ဖြစ်စေခဲ့တာ ခုချိန်မှာ တွေးကြည့်ရင် အန်တီ တကယ်ပဲ စိတ်မကောင်းပါဘူး ...

အားလုံးကောင်းဖို့ ဆိုတဲ့ ဆန္ဒတစ်ခုနဲ့ လုပ်ခဲ့ပေမဲ့ လည်း ကိုယ်မျှော်လင့်ထားသလို ဖြစ်မလာဘူး ဆိုတာ တကယ်သိခဲ့ရပါပြီ ...

လူ့ဘဝဆိုတာ တိုတိုလေးပါ၊ ရသခိုက်လေးမှာ စိတ်ဆင်းရဲနေကြရတယ် ဆိုတာ ဘယ်သူ့ အတွက်မှ မကောင်းပါဘူးကွယ်၊ သမီးဟာ အန်တီ့အတွက်နဲ့ သူ ချစ်တဲ့သူကို စွန့်လွှတ်ပြီး၊ သူ နေချင်တဲ့ နေရာကို စွန့် လွှတ်ပြီး မင်းကို လက်ထပ်ခဲ့တာပါ ...

မအေ့စကားကို နားထောင်ခဲ့တဲ့ သမီးတစ်ယောက် တစ်ခုလပ် ဖြစ်မှာကို အန်တီ စိတ်မကောင်းပေမဲ့ ဒါလည်း သူ့ဝဋ်ကြွေးတစ်ခုပဲပေါ့လေ၊ ဒါကြောင့် ကွာရှင်း ကြမယ် ဆိုတော့လည်း အန်တီ မတားတော့ပါဘူး





ဒါဟာ သမီးအတွက်ရော မင်းအတွက်ရော ပိုကောင်းမယ် နည်းပါ ...

လောကမှာ ကိုယ်ဖြစ်စေချင်တဲ့ အတိုင်း ဘယ်တော့ မှ မဖြစ်ဘူး၊ တချို့ကိစ္စတွေဟာ ဘယ်လိုမှ ညှိမရတာတ တာတွေ ရှိတတ်တယ် ...

ကွာရှင်းတဲ့ နေ့ကတော့ အန်တီ မလာတော့ဘူး ကွယ်၊ အပူများပါတယ်၊ မင်းနဲ့ ခါတုဟာ ဘာမှမဆိုင်တော့ ဘူး ဆိုပေမယ့်လည်း အကူအညီလိုတိုင်း သတိရပါ"

သူဟာ အန်တီသူဇာရဲ့ စကားမှာ ခေါင်းငိုက်စိုက် ကျလျက် ကျန်ခဲ့သည်။ အဲဒီလိုပဲ တစ်ဘဝလုံးမှာလည်း ခေါင်း ငိုက်စိုက် ကျရတော့မှာပဲ။

အဲဒီ တစ်ခဏတွင်းမှာ သူ့ရင်ဘတ် တစ်ခုလုံး ပူလောင်ကျွမ်းရှလျက် ငြိမ်းအေးသော အပြာရောင်တွေကို အသည်း အသန် လိုက်လံရှာဖွေနေခဲ့မိလေသည်။ ဒီလိုနှင့် ရက်တွေက တဖြုတ်ဖြုတ် ကုန်ဆုံးကာ တနင်္ဂနွေနေ့ မနက်သို့ ရောက်ရှိလာ သည်။

သူဟာ စနေနေ့ညကတည်းက တစ်ရေးမှ အိပ် ရသေးချေ။ အိပ်လို့လည်း မပျော်နိုင်သလို မကြာခင်မှာ ကိုယ့်ကိုယ် ကိုယ် အမှားကြီး လုပ်မိတော့မည့်သူလို ခံစားနေရသည်မှာလည်း ဘာကြောင့်မှန်း မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်လေး တစ်ချက် ထိုးပြီးတာနှင့် သူနဲ့ ဒေါ်ခတ္တဲ့ ဟာ အပြီးအစင် ဝေးလွင့်သွားကြတော့မည် ဆိုတာကို သိလျက် သူဟာ နည်းနည်းမှ တည်ငြိမ်ခြင်း မရှိတော့။ သူ ဘာလို့ မပျော်သလဲ။

သူ ဘာလို့ မကျေနပ်သလဲ။

သူ ဘာကို လိုချင်နေတာလဲ။

သျှမ်း ... သျှမ်းရော။ သူဟာ သျှမ်းကို အဲဒီတော့မှ အမှတ်ရတာ ဖြစ်သည်။ ကြည့်စမ်း ... သူမ ဆေးရုံတက်နေသည့် အချိန်မှစ၍ နှစ်လလောက် သူဟာ သျှမ်းကို လုံးဝမေ့နေခဲ့တော့ တာပါလား။

ဘုရားရေ ... အဲဒါ တော်တော်အံ့သြစရာ ကောင်းပါသည်။

သူသည် နံနက်စောစောမှာ ရင်တွေပူလာသဖြင့် ရေခဲရေတွေ တစ်ပုလင်းလုံး မော့ကာ ရေချိုး ခေါင်းလျှော်ပစ်သည်။ ပြီးလျှင် ဇင်နိုင့်ထံသို့ အပြေးသွားတော့သည်။ အိပ်ရာမှ နိုးစ ဇင်နိုင်သည် သူ့ရဲ့ ကြောင်တိ ကြောင်ကန်း အမူအရာကို မြင်လျှင် အံ့သြတကြီးဖြင့် ...

"ဟော့ကောင် ... ဘာဖြစ်လာတာလဲ"

"ဇင်နိုင် ...၊ ငါ့ကို ကူညီပါဦးကွာ"

"ဟာ ... ဘာဖြစ်တာလဲ၊ ဘာကူညီရမှာလဲ"





"ငါ့ကို ဆုံးဖြတ်ပေးပါကွာ၊ ငါ့ ဆုံးဖြတ်ချက်တွေ မှား မှာ စိုးလို့ပါ၊ ကူညီပါဦး သူငယ်ချင်းရာ"

"အေးပါကွာ၊ အေးပါ၊ ပြောပါ"

ဇင်နိုင်က သူ့ကို အရူးတစ်ယောက်ကို နှစ်သိမ့်ပုံမျိုးဖြင့် ပြုံးစိစိ ပြောသော်လည်း သူ့မှာ စိတ်မဆိုးနိုင်အားသေးချေ။

"ငါ ဒေါ်ခတ္တဲ့နဲ့ ဒီနေ့ ကွာရှင်းမယ်ကွာ"

"ဘာကွ ...၊ ဟော့ကောင် ... မင်း ရူးနေလား"

"အေး ... ရူးနေတယ် ထင်တာပဲ၊ ငါ ပြောပြမယ်၊ ငါ အစက သူ့ကို ကြည့်မရဘူး၊ အတူမနေချင်ဘူး၊ သျှမ်း အမေကို သွားပြောတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကွာ ရှင်းပေးလို့ ပြောခဲ့တယ် ...

အခု သူက ငါ့ကို ကွာရှင်းပေးမယ်တဲ့၊ အဲဒီမှာ ကွဲတာပဲ၊ ငါ မပျော်ဘူး ဟော့ကောင်၊ သူ့ကို ငါ မကွာ ရှင်းချင်တော့ဘူး ...

သူက ငါ့ကို ကွာရှင်းချင်နေပြီ၊ စိတ်နာနေတဲ့ပုံပဲ ...

ငါ သူနဲ့ ဝေးနေနိုင်မှာ မဟုတ်ဘူးနဲ့တူတယ်၊ ငါ ဘာလုပ်ရမလဲကွာ၊ ငါ့ကို အကြံပေးပါဦး"

ဇင်နိုင်က သူ့ကို ရူးစိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သျှမ်းက မင်းကို စောင့်နေတယ် မဟုတ်လား၊ သူက ကွာရှင်းပေးရင် မင်း ပျော်မှာပဲလေ၊ ဟုတ်သားပဲ၊ မင်း သူ့ကို ဆက်ပြီးဒုက္ခမပေးနဲ့တော့ ...

ကွာရှင် သူလည်း သေမှာပဲ"

"အာ ... အဲဒီလို မပြောနဲ့ကွာ၊ သျှမ်းနဲ့က ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူးကွာ ...

ပြီးတော့ ငါ သျှမ်းကို မေ့နေပြီကွ၊ မဖြစ်သင့်တော့လို့ ကြိုးစားမေ့ရင်း ငါ မေ့နေပြီ၊ ဒေါ်တာတုကို သနားတယ်"

"မင်း ချစ်မှ မချစ်ဘဲ"

"အချစ်ဆိုတာ ငါ အကြီးအကျယ် ခံစားဖူးခဲ့တယ်၊ ဒါပေမဲ့ နားမလည်ခဲ့ဘူး"

ဇင်နိုင်က သူ့ပခုံးကိုနားလည်သလို တစ်ချက်ပုတ်ကာ ...

"လူဆိုတာ စိတ်ရဲ့ခံစားမှုကို ဦးစားပေးလွန်းတာ မကောင်းပါဘူးကွာ၊ နှိုင်းယှဉ်ကြည့်ရင် လေးနက်တဲ့ မေတ္တာတွေကို မင်း မြင်လာမှာပါ ...

မင်းကို တန်ဖိုးထား ချီးမြှောက်တဲ့ နေရာတစ်ခုက နေ ထွက်မပြေးချင်စမ်းပါနဲ့"

သူက ရုတ်ခြည်းပင် နားထဲ၌ မေမေရဲ့ စကားတို့ကို ကြားယောင်လာသည်။ သူ့ကိုဆို အမြဲနှိမ်တတ်သော သျှမ်း





ရဲ့အမေနှင့် တန်ဖိုးထား နေရာပေးခဲ့သော အန်တီသူဇာ၏ ပုံရိပ်တွေ၊ ပြီးတော့ မေမေ့ အပေါ်မှာ တာဝန်ကျေခဲ့မှုများ၊ ကျေးဇူးတရားများ။

စားသောက်ဆိုင်မှာ လူသူမသိအောင် မူးခဲ့တုန်းက ကိုယ်တိုင် ကားနဲ့ လာခေါ်တတ်ခဲ့သော သူမ။

ပေလီမှာ ရင်ငွေ့ပေးခဲ့ဖူးသော ညတစ်ည။

သူ့မွေးနေ့မှာ သူ့မိတ်ဆွေတွေကြားထဲ တန်ဖိုးထား ချီးမြှောက်ခဲ့မှုများ။

အားလုံးဟာ သူ့မျက်စိထဲ၌ တရေးရေး ပြန်မြင်ယောင်လာပြီးသည့် နောက်တွင် သူ့ရင်တစ်ခုလုံး လင်းချင်းတောက်ပလျက် အမှန်တရားတစ်ခုကို ရှာဖွေတွေ့ရှိသွားခဲ့ပါသည်။

ခွင့်လွှတ်နားလည်ပေးလှည့်ပါဦး မ,ရယ်။

❤ + ❤



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း(၃)

## (ပုံးစာ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





သူဟာ သစ်ခွပန်းအိုးတွေကို တယုတယ ပြုပြင်နေသော သူမကို ကြည့်လျက် ရင်ထဲမှာ ဆွတ်ပျံ့၍ လာသည်။ ပြီးတော့ ဝမ်းနည်းလို့လာလေသည်။ သူမကတော့ ဘာမှမသိချေ။ သူ ရောက်နေတာကိုလည်း မသိပါ။

သိပ်မကြာခင်မှာ ယောကျ်ားတစ်ယောက်နှင့် ကွာရှင်းရတော့မည့် အဖြစ်ကို မေ့ပဲနေတာလား၊ တမင် မေ့ထားတာလား၊ ဘာခံစားချက်မှ မရှိတော့တာလားတော့ မပြောတတ်ချေ။



သိပ်ငြိမ်းအေးလွန်းစွာ ရှိနေသည်။ အဲဒီလို သွေးအေးတတ်မှုမျိုးကို နောက်ကျမှ သူ သင်ယူရပါဦးမည်။

"ဒေါ်ခာတု"

သူ့ခေါ်သံ ကြားလျှင် သူမက ပန်းပြင်နေရာမှ အသာငဲ့ကြည့်ကာ လာလေဟု ဖိတ်ခေါ်သည်။ သူမရဲ့ ပန်းတွေထံသို့တော့ အာရုံစိုက်ထားဆဲ။

ခင်ဗျားလို မိန်းမမျိုးမှာ အချစ်ဦး ရှိခဲ့တယ်ဆိုတာ သိပ်တော့ ယုံချင်စရာ မကောင်းဘူး ဒေါ်ခာတု။

"မောနင်း ...၊ ဒီနေ့ မင်း စောစော နိုးနေတယ်လား၊ ရှေ့နေကြီးက ဆယ့်နှစ်နာရီမှ ရောက်လာလိမ့်မယ်"

သူက ပန်းပွင့်လေးတွေကို ကိုင်နေသော သူမမျက်နှာကို ငေးကာ ရင်ထဲ၌ ကြေကွဲ၍ လာသည်။ အဲဒီနောက်မှာတော့ စီစဉ်ထားသည့် အတိုင်းပဲ ဒူးထောက်ချလိုက်သည်။

သူမက ပထမတော့ မသိသေး။ နောက်မှ တိတ်ဆိတ်တာ ကြာလျှင် သူ့ကို ငုံ့အကြည့်၌ ...

"အို ... အဲဒါက ဘာဖြစ်တာလဲ။ အဲဒါ ဘာလုပ်နေတာလဲ"

"ကျွန်တော် တောင်းပန်ပါတယ် ဒေါ်ခာတု၊ ခင်ဗျားအပေါ်မှာ ကျွန်တော် ရိုင်းခဲ့တာ၊ မှားခဲ့တာ၊ နာကျင်စေခဲ့တာ ...

ဘာပဲဖြစ်ဖြစ် အားလုံးအတွက် တောင်းပန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို အံ့သြနေသလို ခဏစိုက်ကြည့်ပြီး နောက်တော့မှ ဘယ်လိုအတွေးပေါက်သွားသလဲတော့ မသိချေ၊ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလျက် ...

"ကိုယ် မင်းကို ခွင့်လွှတ်ပါတယ် မောင်လေးရယ်"

မောင်လေးတဲ့။ သူသည် အဲဒီခေါ်သံကို ကြားရလျှင် ရင်ထဲမှာ ဘယ်လိုနွေးထွေးသွားမှန်း မသိချေ။ ချက်ချင်းပဲ မေမေ့ရင်ခွင်ထဲ ပြန်ရောက်သလိုကို နွေးထွေးသွားခဲ့ရသည်။

ဟင့်အင်း ... အဲဒီရင်ခွင်ကနေ၍ သူ ထွက်မသွားပါစေနဲ့။ သူမကတော့ သူ ရိုးရိုးပဲ လာတောင်းပန် နှုတ်ဆက်တယ်ဟု ထင်နေပုံရသည်။

"ကျွန်တော် ခင်ဗျားကို မကွာရှင်းပါရစေနဲ့"

"ဘယ် ... လို"

ဆက်ပြောလိုက်သော သူ့စကားကြောင့် သူမရဲ့ အပြုံးအစား အံ့သြမှုတွေ ဆက်တိုက်ရောက်လာသည်။ သူက ဒူးထောက်နေတာမှ မထသေးဘဲ ...

"ကျွန်တော် မဓာတုကို မကွာရှင်းပါရစေနဲ့၊ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

"ဘာကြောင့်လဲ၊ ဘာဖြစ်တာလဲ၊ ဒါ မင်း ဖြစ်စေချင်တဲ့ ဆန္ဒအရပဲလေ၊ အားလုံး စီစဉ်ပြီးပြီပဲ"

သူမ မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးသော အရိပ်များ တန်းစီ၍ ပေါ်လာသည်။





"စီစဉ်ပြီးပေမဲ့ လက်မှတ် မထိုးရသေးပါဘူး"

"အံ့သြစရာကြီးပါလား၊ ကဲ ... မင်းပဲ ရှင်းစမ်းပါဦး"

"တဒင်္ဂဒေါသနဲ့ ပြောမိခဲ့တဲ့ စကားတစ်ခွန်း အတွက် ဒေါ်ဓာတုက သိပ်အလေးနက်ထား စဉ်းစားပေးခဲ့တာ ကျွန်တော် စိတ်မကောင်းပါဘူး ...

အဲဒီအတွက် အနူးအညွတ် တောင်းပန်ပါတယ် ...

ကျွန်တော် ခင်ဗျားကို လိုအပ်ပါတယ် မဓာတု။ အဲဒီဟာတင် မကပါဘူး၊ ကျွန်တော် ခင်ဗျားကိုလည်း စောင့်ရှောက်ချင်ပါတယ် ...

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဖေးမလက်တွဲပြီး ဘဝခရီးလမ်းကို အတူလျှောက်သွားချင်ပါတယ် ...

အဲဒါ ကျွန်တော့်ဆန္ဒ အစစ်ပါ"

သူမရဲ့ မျက်နှာလေးက တဖြည်းဖြည်း ပြုံးယောင်သမ်း၍ လာခဲ့လေသည်။

"နှလုံးသားရဲ့ ဆန္ဒကိုတော့ ထည့်မစဉ်းစားတော့ဘူးလား"

သူမ ဘာကို ဆိုလိုမှန်းလည်း သိသည်။ ထို့အတူ သူမ သဝန်မတိုတတ်မှန်းလည်း သိပါသည်။

"အချစ်ဦး" ဆိုတာ လူတိုင်းမှာ ရှိကြတာပါပဲ မဓာတု ဒါပေမဲ့ အချစ်ဦးတိုင်း ညားဖို့တော့ ခက်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း စဉ်းစားကြည့်ရင် ရေစက်နည်းခဲ့တဲ့ သူထက် ရေစက်များလို့ လာဆုံစည်းရတဲ့ ဖူးစာရှင်က အချစ်ဆုံး ဖြစ်သင့်တာပဲ မဟုတ်လား”

“အလို့ … တယ်မိုက်ပါလား”

သူမက လက်နှစ်ဖက်ကို ခါးထောက်လျက် အားရပါးရ မော့်ရယ်လျှင် သူဟာ အဲဒီပုံစံကို တခဏ်မျှ ငေးစိုက်လို့ သွားရသည်။

သူမ အဲဒီလိုပဲ အမြဲရယ်နိုင်ပါစေ။

“ကဲ … မော်ဖူးမနေစမ်းပါနဲ့၊ ထပါ”

“ကျွန်တော့်ကို လက်ခံတယ်ပေါ့နော်၊ ခွင့်လွှတ်တယ်ပေါ့”

“သေချာလို့လားဟယ်၊ မင်း ကိုယ်နဲ့ ရှေ့ဆက်လက်တွဲဖို့ဆိုတာ သေချာရေရာလို့လား …

ဒီတစ်ခါ ဒီဗိုစ် တောင်းရင်တော့ ကိုယ် သေသွားလိမ့်မယ်”

သူမက ညည်းညည်းညူညူ ဟန်လေးဖြင့် ပြောလျှင် သူသည် အဲဒီခဏမှာပဲ အရောင်အဆင်း မရှိသော ထိုမိန်းမကို အဆုံးမရှိ ချစ်မိသွားခဲ့ပြီဆိုတာ သေချာသွားပြီ ဖြစ်သည်။

အဲဒီနောက်မှာတော့ ထိုင်ရာမှထရပ်ကာ သူ့ရဲ့ လက်ခလယ်မှာ ဝတ်ထားသော မေမေ့အမွေ လက်စွပ်မောင်းကွင်းလေးကိုချွတ်ကာ သူမရဲ့ လက်လေးကို ဆွဲယူလိုက်ရင်း …

“ဒါ ကျွန်တော့်ဘဝမှာ အမြတ်နိုးဆုံး ပစ္စည်းပါ၊ ကျွန်တော်





သိပ်ချစ်တဲ့ မိန်းမကို လက်ဆောင်ပေးဖို့ ရည်ရွယ်ခဲ့တာပေါ့ …

ကျွန်တော် မ,ကို ချစ်တယ်၊ အဲဒါ ယုံပါ”

သူက ပြောပြောဆိုဆိုနှင့် အနည်းငယ်ကြီးသော လက်စွပ်လေးကို သူမရဲ့ လက်မထက်မှာ ဝတ်ဆင်ပေးလိုက်လျှင် သူမထံမှ ပျော်စရာ အကောင်းဆုံး အဖြေကို တိုးတိုးလေး ကြားလိုက်ရလေသည်။

အဲဒါက …

“Thank you so much ယောကျ်ား”

တဲ့ …။

❤ + ❤

ဆုမြတ်မွန်မွန်
25th January, 2007.
1:00 (A:M)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမသိ ...
မြတ်မြတ်နိုးနိုး ချစ်ခဲ့ရဖူးသော
ငါ့ချစ်ဦး တစ်ယောက်တစ်လေ ရှိခဲ့ဖူးပါသည် ..."
ငါ့ကြောင့် ငါ့မျိုးမျိုးကြောင့်
ငါ့ချစ်ဦးနှင့် ကွဲခဲ့ရသော်လည်း ...
ဖူးစာက လက်ဆောင်ပေးသော
ငါ့ချစ်ဆုံး တစ်ယောက်နှင့်
ထပ်မံ ဆုံခဲ့လျှင်
ပို၍ မှန်ကန်စွာ ချစ်တတ်လာပါမည်။ ။



www.burmeseclassic.com